www.burmeseclassic.com





ချောင်းဆိုးနေလို
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
ရှာဖွေချင်ရင် .....

ရွှေမြန်မာ®
အမှတ်တံဆိပ်
SHWE MYANMAR

ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

Ph: 09501007, 0973082461, 097308246


www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

BURMESE CLASSIC .com

တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်သည် ပြည်သူလူထုအား မှုခင်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေ့အခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘဝ အတွေ့အကြုံများပြားသော နိုင်ငံ၀န်ထမ်းဟောင်း အငြိမ်းစားများ ပါ၀င်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါ၀င်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါ၀င်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါ၀င်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေးဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါ၀င်တာ၀န်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။



တကယ့်ဖြစ်ရပ် မဂ္ဂဇင်း

31 OCT 2013

# 2013 NOVEMBER

အတွဲ(၁)၊ အမှတ်(၂)


နာယက - လင်းထက်ကျော်

ညီမြမင်းလှိုင်

အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ရုံးအဖွဲ့ - အေးခိုင်စည်နှင့်အဖွဲ့


BURMESE CLASSIC .com




ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)


ဖြန့်ချိရေး - အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၁၉ လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉၄၂၀


တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# 2013 CONTENTS NOVEMBER



**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊ မြတ်နိုးဆု(တမာမြေ)၊ မောင်ငြိမ်းခိုင်(မကွေး)၊ မန်းစံရွှေ၊ မင်းသွေးနွယ်(ဖီးကုန်း)၊ နွယ်ရှင်(ရွှေကျင်မြို့)၊ လမင်းသစ္စာ၊ နန်းမျိုးဝင်း(စိတ်ပညာ)

**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊ မြေရိုင်း၊ ဟန်၊ ရဲဝင်းနိုင်(တွံတေး)၊ အောင်ချမ်းမြေ့(မင်းဘူး)၊ လေနီကြမ်း၊ လုထွင့်ဦး

**ဟာသဝတ္ထု**


**ချစ်ကိုကိုယု** ရှေ့နေကြီး ဦးနက်ကျော်နှင့် အကျိုးဆောင်ခပြဿနာ ၁၂၇






BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







## ဘာသာပြန်


**လျှမ်းထက်**

စောရမင်းသား ၈၆

**လှမိုး(ပညာရေး)**

ကမ္ဘာကို ကိုင်လှုပ်ခဲ့သော ၉၁
ပျောက်ဆုံးမှုကြီး


## ဆောင်းပါး


**အောင်ကျော်ဦး** အပေးအယူမျှပါလေမှ ၂၃

**မောင်မြင့်ဟန်(ဘိုကလေး)** ဟော ... ၂၇


## ရုပ်ရှင်မိတ်ဆက်


**ဦးဝင်းမြင့်(သရုပ်ဆောင်)** မီးမီးတို့ ဝတ္ထုရားရှိသည့်အတိုင်း ၉၆


## တစ်မျက်နှာဝတ္ထု


**အိမ့်(ရှုပဒေ)** ပေါ့ဆမှုအမှား ၆၆


## တစ်ခန်းရပ်ဟာသ


ထက်ထက်(ဟာသ) ၁၁၄


**သတင်း**


နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း


**ပေဒင်**


ဝေဒသုတေသီတစ်ဦး







www.burmeseclassic.com

www.burmeseclassic.com

## မှခင်းဝတ္ထုတို


**မောင်မောင်လွှင်(ညောင်လေးပင်)**

မျောက်ညိုနှင့် လူအကြီးလေးယောက် ၃၀

**ထက်ထက်ဦးဝေ**

မျက်ကွယ်အမှား ၃၆

**နှင်းဇက်(ထားရှို)**

ပန်းခင်းသောပြဇာတ် ၅၈

**နွေအလွန်**

အနှစ်မရှိ အကာမဲ့ ၆၈

**မောင်မွှင့်ဝေ(ပေါက်)**

ဆောင်းသုံးဆောင်း ၁၀၄

**ဇော်ချစ်**

အခန်းအမှတ် ၄/၀၀၁ ၁၁၈

**မောင်သာမန့်(ဇီးကုန်း)**

ဆန္ဒအလို လိုက်သည့်ခါတွင် ၁၂၇

**မောင်သိန်းနိုင်**

မေ့ဘဝ ခဏဘယ်သူယူပါ့မယ် ၁၃၅

**အောင်ကျော်ပြုံး**

ကံကြမ္မာရဲ့ ပစ်မှတ် ၁၄၀

**အောင်ခိုင်ကျော်(မှုခင်း)**


ဖွတ်မရ ဓားမဆုံး ၁၄၅

**မောင်ထွန်းညွန့်(ကွမ်းခြံကုန်း)**

ရုပ်ကိုခေါ်ဆောင်သွားသော စိတ် ၁၄၉

**အောင်ကျော်ဇော**

မိုးမခလိုလူ ၁၅၄







www.burmeseclassic.com

www.burmeseclassic.com





စိုးကိုကို (လေးမျက်နှာ)

## ချိုးငှက်ကလေး ကူစေချင်

မြတ်သာသနာ ရောင်ဝါလင်း
ရွှေအဆင်းနဲ့ တို့မြန်ပြည်။
ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့်
ညီနောင်ရင်း ဗမာ၊ မွန်၊ ရခိုင်ရှမ်းရယ်တို့
အလှကြွယ် တိုင်းပြည်နယ် (၁၄)ခုမှာ
ပေါင်းစုစုံညီ။
သူ့ကျွန်ဘဝမှာ
ကျရာဝန် ကိုယ်စီရွက်ပါလို့
အသက်သွေးချွေး ပေးဆပ်ကာ
သွေးစည်းညီညာ စိတ်တစ်ဝမ်းရယ်ကြောင့်
လွတ်လပ်ပန်း ဆွတ်လှမ်းယူနိုင်ခဲ့တယ်
သမိုင်းဝယ် ထင်အရှား။
သွေးထိုးနေ ပယောဂစကားတွေကြောင့်
အမြင်မှား ယူဆလွဲခဲ့ကြပေ
တိုက်ပွဲတွေနဲ့ ယမ်းခိုးဝေ
တို့တစ်တွေ ညီနောင်ချင်းလေမို့
မြင်မတူနေ အတွေးသံသယများကိုလ
မိသားစုအသွင် ပွင့်လင်းမြင်သာစွာနဲ့
ညှိနှိုင်းကာ အေးချမ်းသာစေဖို့ရယ်
ဆွေးနွေးမယ် လက်တွဲကြစို့ကွယ်
ချိုးငှက်ငယ် ကူခွဲသံအား
ကြားနိုင်စေသား။ ။

(ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ဆွေးနွေးပွဲများအား ဂုဏ်ပြုလျက်)

www.burmeseclassic.com

www.burmeseclassic.com



## ပြောင်းလဲခြင်း

* ''လှိုက်လှဲစွာ ကြိုဆိုပါ၏''.....တဲ့
မြို့အဝင်က ဆိုင်းဘုတ်လေး
အပြုံးလေးတွေပေးလို့
အဝေးခရီးမှလာ
မောပန်းလာသူများအား
နွေးထွေးစွာ လက်ကမ်း
ပန်းသမျှတွေ လန်းစေ
မောသမျှတွေ လွင့်ပြေ
မေတ္တာတွေ ပေးဝေခဲ့၏။

* ပျော်လို့မဝ
ချိန်တန်တော့ ပြန်ကြရမည်
ရင်နင့်အောင်လွမ်း
နွမ်းလျသော ခြေလှမ်းများဖြင့်
မြို့အဝင်မှ ဆိုင်းဘုတ်လေးအား
မခွဲနိုင်စွာ မော့ကြည့်
ဩော် ခုတော့လည်း
''နှုတ်ဆက်ပါ၏''.....တဲ့။




မြတ်နိုးသု (တမာမြေ)


www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပြဋ္ဌာန်းတဲ့ ကိုယ့်ကြမ္မာ

() ဘယ်သူမဆို.....
ပန်းခင်းလမ်းကိုပဲ
ခရီးဖွင့်လိုတဲ့ ဆန္ဒနဲ့
ခြေလှမ်းသွက်ချင်ကြမှာ အမှန်။
() ဘယ်သူမဆို.....
ဆူးပြွမ်းလမ်းကိုတော့
မလိုလား မတောင့်တ
ခြေလှမ်းရှို့မိကြမှာအမှန်။
() 'လောကဓံ'တဲ့.....
ဖန်လာမယ့် ဇာတ်ဝင်ခန်း
ပန်းခင်းလမ်းပဲ ကြုံကြုံ
ဆူးပြွမ်းလမ်းပဲ ဆုံဆုံ
တုန်လှုပ်နေလို့ မရ
ရှေ့ဆက်ရမယ့် လမ်းခုလတ်မှာ
အနေဟတ် ကျေနပ်စွာ ဖြတ်သန်း
အန်တုကာ ခြေရာတွေထပ်လို့
ကိုယ့်ပြဇာတ် အနားမသတ်ခင်အချိန်အထိ
ဘဝနဲ့ဆန္ဒ ထပ်တူကျ၊ မကျ
စမ်းသပ်ခံနေကြရမှာ
ကိုယ်ပြဋ္ဌာန်းတဲ့ ကိုယ့်ကြမ္မာ
ကိုယ်ချန်ရစ်မယ့် ကိုယ့်ခြေရာ။ ။




မင်းသွေးနွယ် (ဗိုးကုန်း)

www.burmeseclassic.com

www.burmeseclassic.com





## လွှန်ဆန်မရခြင်းဒုက္ခ

✦ အသိုင်းအဝိုင်းရဲ့
နှိမ့်ချမှုတွေကြား
ဝဋ်ကြွေးရှိသလောက်
ခံလာခဲ့တာ နှစ်ချီကြာပေါ့။
✦ အသိုင်းအဝိုင်းရဲ့
အပယ်ခံဘဝကြား
လူကုံထံတွေရဲ့
ပဋိပက္ခကြား
ငါ ကြောက်လန့်စွာ
အနေအထိုင်တွေ
ကျဉ်းကျပ်ခဲ့တယ်။
✦ ငါ့ဘဝက
မလှမပနဲ့
ငါ့နေ့သစ်ရဲ့ ရောင်နီက
ညစ်ထေးခဲ့တာကြာပေါ့
ငါ့လတွေဟာ
ကန္တာရသဖွယ်
ငါ့နှစ်တွေဟာ
လွှန်ဆန်ခြင်းမရတဲ့
ဒုက္ခကြား ဝေခွဲမရစွာ
ကမ္ဘည်းတင်လို့ရတဲ့
ဒုက္ခများစွာနဲ့
.....ငါ.....
..... ..... .....॥ ॥


နွယ်ရှင် (ရွှေကျင်မြို့)

www.burmeseclassic.com

www.burmeseclassic.com



# လမ်းပြောင်



၄ ဆင်သေကို
ဆိတ်ရေနဲ့ ဖုံးမရဘူးတဲ့။
၄ ဆိတ်သေကိုရော
ဆင်ရေနဲ့ခြုံ
လုံပါ့မလား။
၄ မကောင်းမှုဟူသည်
ဆိတ်ကွယ်ရာမရှိတဲ့
ဘယ်သူသိသိ မသိသိ
ကိုယ့်လိပ်ပြာ ကိုယ်သိရင်တော့
သတိနဲ့ တွေးကြံပြုမူ
အမှန်ပင် မြူတိမ်ကင်းလို့
လမ်းအရှင်းသာစေပေါ့ကွယ်။ ။

လမင်းသစ္စာ


www.burmeseclassic.com

www.burmeseclassic.com



## ဒုက္ခဆိုတာ ချိန်နဲ့လား

ဘဝ.....
အဆစ်အပြောင်း
အတုံ့အလှည့်
ဝုန်းခနဲ ခြေချော်ကျ
မြေပေါ်ခ လဲလျောင်း။
လဲရင်ပြန်ထ
ငါကွမအော်နိုင်
သရဲခြောက်သည့်အလား
ခေတ္တမေ့မြောသွား
တကယ်လား.....။
အဟုတ်လား.....။
အိပ်မက်လား.....။
ဘဝလား.....။ ။



နန်းမျိုးဝင်း (စိတ်ပညာ)

www.burmeseclassic.com

# Cartoon



www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon





www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# အောင်ကျော်ဦး

# အပေးအယူမျှပါလေမှ

အပေးအယူမျှမှ ဒီမိုကရေစီ ခံစားခွင့် ရရှိနိုင်ပါသည်။ ထိုသို့ပြောလိုက်၍ မကောင်းမှုအမြင်ဖြင့် အမြဲတမ်းကြည့်တတ်၊ ဝေဖန်တတ်သူများက လာဘ်ပေးလာဘ်ယူမြင်ကွင်းဖြင့် ဝေဖန်ကြမှာ သေချာပါသည်။ အကောင်းဆုံးဖြစ်အောင် ပြောသောစကားကို အဆိုးဆုံးဖြစ်အောင် ဖျက်ဆီးတတ်သူတွေက ရှိပြီးဖြစ်သည်။

ဥပမာဖြင့် တင်ပြလိုပါသည်။ ဗုဒ္ဓဘာသာဝင်များသည် သီလကံကို ထိန်းသိမ်းရာ၌ သေရည်သေရက်သောက်ခြင်းကို ရှောင်ကြဉ်ရပါသည်။ အခြားသောဘာသာများတွင်လည်း သေရည်သေရက်သောက်သုံးခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ထားကြောင်း လေ့လာသိရှိရပါသည်။ လူကိုမူးဝေစေသော သေရည်သေရက်ကို သောက်သုံးမိလျှင် အသိစိတ်ကွယ်ပျောက်မှုကြောင့် မကောင်းမှုမှန်သမျှကို လုပ်ဆောင်ကျူးလွန်တတ်ပါသည်။

ထို့ကြောင့် မကောင်းမှုမှန်သမျှကို ပြုလုပ်ကျူးလွန်စေတတ်သည့် အရက်ကို အဓိပ္ပာယ်တိုတိုဖြင့် သိရှိနားလည်လိုက်နာစေရန်အတွက် **“မကောင်းသောအရက်ကိုမသောက်နှင့်”**ဟု သတိပေးဆုံးမကြပါသည်။ ထိုသို့ဆုံးမမှုကို ပြက်ရယ်ပြု၍ မလိုက်နာလိုဘဲ ဆန့်ကျင်ဘက်ပြုလိုသူများက **“ကျွန်တော်တို့က ဆုံးမပြောဆိုတဲ့အတိုင်း မကောင်းတဲ့အရက်ကို မသောက်ပါဘူး၊ ကောင်းတဲ့အရက်ပဲ သောက်ပါတယ်”**ဟုဆင်ခြေပေးကြသည်။ ကောင်းမြတ်သောစကားကို တန်ဖိုးနိမ့်ကျစေရန် ပြောဆို၍ မကောင်းသောလမ်းသို့ ဆက်လျှောက်ရန် အားယူမှုပြုတတ်ပါသည်။ အမြဲတစေ ဆန့်ကျင်ဘက်ပြုရမှ ကျေနပ်တတ်သူများအတွက် ကောင်းကျိုးလိုလားသူမှန်သမျှကို ဆိုးကျိုးဖြစ်စေရန် သွင်ပြင်ပြောင်းလဲလေ့ရှိသည်ကို သတိမူမိစေရန် ဥပမာဖြင့် ကြိုတင်ရှင်းပြရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**မကြာမီက တာဝန်အရ အရေးယူဆောင်ရွက်သော ရဲတပ်ဖွဲ့ဝင်များကို လူအုပ်စုအားကိုးဖြင့် မတရားတားဆီး၍ ချုပ်နှောင်ကာ အနိုင်အထက်ပြုမှုတွေထိ ဖြစ်လာကြသည်။ ကမ္ဘာ့သက်တော်ရှည် ဒီမိုကရေစီနိုင်ငံကြီးများတွင်ပင် မြင်ဖူးခြင်းမရှိသော ဖြစ်ရပ်မျိုး လုပ်ပြနေကြ၍ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းပြောသလို တလွဲဆံပင်ကောင်းနေကြပြီလားဟု...**

ယခု.....စာရေးသူ တင်ပြအသိပေးလိုသော သတိပေးစကားမှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုရှိကြမည်ဆိုလျှင် ယနေ့ခေတ်ကာလ၌ လူအများပြောဆိုနေသော ဒီမိုကရေစီအခွင့်အရေးသည် အော်ဟစ်တောင်းခံနေစရာမလိုဘဲ အလိုလိုရရှိနိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ စည်းကမ်းရှိရှိ နေလိုသူသည် ကိုယ်တိုင် စည်းကမ်းလိုက်နာသူ ဖြစ်ရပါမည်။ စည်းကမ်းဆိုသည်ကို နေရာ၊ ဒေသ၊ အချိန်နှင့်ကိုက်ညီ၍ လိုက်နာခြင်းမျိုးမဟုတ်ဘဲ မျက်မှောက်၊ မျက်ကွယ် နှစ်ရပ်စလုံး၌ တူညီသော စည်းကမ်းလိုက်နာမှု ရှိနေစေရမည်ဖြစ်ပါသည်။

အထူးသတိထားသင့်သည့် တကယ့်ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ ကျွန်တော်နှင့် ထိတွေ့ဆက်ဆံမှုရှိနေသော အဆင့်မြင့်ရဲအရာရှိကြီးတစ်ဦး၏ ပြောပြချက်ဖြစ်ပါသည်။ ထိုအရာရှိကြီးသည် စင်ကာပူနိုင်ငံသို့မကြာခဏရောက်ဖူးသူဖြစ်သည်။စင်ကာပူတွင်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံသားတစ်ဦးနှင့် ဆုံခဲ့သည်ဆို၏။ ထိုမြန်မာနိုင်ငံသားသည် စင်ကာပူတွင် ရှိနေစဉ်ကာလအတွင်း ချောကလက်ဝယ်စားသောအခါ ချောကလက်ကို ထုပ်ပိုးထားသည့် စက္ကူပတ်အား အမှိုက်ပုံးရှိရာသို့ တကူးတက သွားရောက်စွန့်ပစ်ရင်း စင်ကာပူနိုင်ငံက ပြဋ္ဌာန်းထားသော ဥပဒေကို တိကျစွာလိုက်နာခဲ့ကြောင်း တွေ့ရသည်ဆို၏။

ထိုရဲအရာရှိကြီးသည် မြန်မာနိုင်ငံသို့ လေယာဉ်ခရီးဖြင့် ပြန်လာသောအခါ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ပြီး မြန်မာနိုင်ငံသို့ ခေတ္တပြန်လာသည့် ထိုသူနှင့် လေယာဉ်တစ်စီးတည်း အတူစီးခဲ့ရသည်ဆို၏။ စင်ကာပူနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေကို လေးစားလိုက်နာလျက် ချောကလက်စက္ကူထုပ်အား သတ်မှတ်အမှိုက်ပုံးသို့ သွားပစ်ခဲ့သည့် ထိုသူကို အမှန်တကယ်ပင် အထင်ကြီးလျက် လေးစားမိခဲ့သည်ဆို၏။ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်ပြီး ကြိုဆိုသူမိသားစုနှင့်အတူ နေအိမ်ရှိရာသို့ပြန်ချိန်ဝယ် ထိုမြန်မာနိုင်ငံသားသည် လေဆိပ်မှအထွက် ကားပေါ်သို့ တက်ရောက်ချိန်တွင် ငုံစားသော ချောကလက်အား ထုပ်ပိုးထားသည့်စက္ကူကို အမှိုက်ပုံးသို့ သွားမစွန့်တော့ဘဲ လာကြိုသောယာဉ်အတွင်းထိုင်ရင်း ယာဉ်၏တံခါးပေါက်မှ လမ်းပေါ်သို့ ပစ်ချလိုက်သည်ကို တအံ့တဩဖြစ်ဖွယ် တွေ့လိုက်ရသည်ဆို၏။ စည်းကမ်းဥပဒေအရ တင်းကျပ်စွာ အရေးယူသော စင်ကာပူနိုင်ငံတွင် စည်းကမ်းလိုက်နာခဲ့လျက် ကိုယ်စီအသိတရားဖြင့် စည်းကမ်းလိုက်နာကြစေရန် အခွင့်အရေးပေးထားသော မြန်မာ့မြေပေါ်သို့ရောက်သည်နှင့် ချက်ချင်း စည်းမဲ့ကမ်းမဲ့ပြု

www.burmeseclassic.com



သွားသည်မှာ စာရိတ္တနှင့်ဆိုင်သည်ဟုဆိုရပါမည်။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးလူစားမျိုးဟု ဆိုရပေလိမ့်မည်။ ဤမျှပြောပြရုံဖြင့် လူ၏စာရိတ္တနှင့် စည်းကမ်းဥပဒေလေးစားလိုက်နာမှုသည် သက်ဆိုင်ကြောင်း သိသာနိုင်ပေပြီဟု ဆိုနိုင်ပါသည်။

ယခု စာရေးသူ တင်ပြလိုသည်မှာ ချစ်သူရည်းစားဖြစ်စေလိုလျှင် မေတ္တာကို ကမ်းလှမ်းမှ တစ်ဖက်လူကမေတ္တာဖြင့် လက်လှမ်းကြိုဆိုလျှင် မေတ္တာသက်ဝင်မှုသည် အလိုလိုအောင်မြင်ပြည့်စုံပြီဟု မှတ်ယူနိုင်သကဲ့သို့ ဒီမိုကရေစီအခွင့်အရေးလိုချင်လျှင် မိမိကိုယ်တိုင်ကလည်း ဒီမိုကရေစီကျင့်စဉ်များကို လေးစားလိုက်နာ၍ တစ်ပါးသူကို တန်းတူညီတူ အခွင့်အရေးခံစားနိုင်စေရန် မိမိဘက်က မျှတသော အပေးအယူရှိရမည်ဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်တွင် လေးစားလိုက်နာရမည့် တာဝန်ပိုင်းနှင့် အပြည့်အဝ ခံစားပိုင်ခွင့်ဟူသော စံနှုန်းနှစ်ရပ်သည် ရှိပြီးဖြစ်၍ လိုချင်လျှင် ပေးရမည်၊ ပေးအပ်သည့်တန်ဖိုးနှင့် ညီမျှသော ရပိုင်ခွင့်ကို အပြည့်အဝ ပြန်လည်ရရှိနိုင်သည်လည်းဖြစ်သည်။

ဆိုလိုသည်မှာ လူတိုင်း လွတ်လပ်စွာနေထိုင်ခွင့်ပိုင်ဆိုင်ရမည်၊ လွတ်လပ်စွာကုန်သွယ်စီးပွားလုပ်ဆောင်နိုင်ခွင့် ရှိရမည်၊ ပစ္စည်းလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေးအတွက် လုံခြုံစိတ်ချမှု ရှိစေရမည်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် တည်တံ့ခိုင်မြဲနေရမည်။ ထိုအရာများ ပြည့်စုံစေရန် ဒုစရိုက်မှုကင်းရှင်းစေရမည်၊ ဒုစရိုက်သမားများကင်းဝေးပပျောက်စေရမည်၊ နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူ့ဘဝလုံခြုံမှုအတွက် ကာကွယ်စောင့်ရှောက်မည့် တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့သည် မရှိမဖြစ် ရှိနေရမည်၊ တရားဥပဒေကိုအကောင်အထည်ဖော်မည့် တရားစီရင်ရေးအဖွဲ့ရှိရမည်၊ ကောင်းမှု၌ ပျော်မွေ့တတ်သူများ၏ သဘာဝကို ပြုပြင်ပြောင်းလဲပေး၍ နောင်တတရားဖြင့် ဘဝသစ်ထူထောင်ခြင်းကို အားပေးမြှင့်တင်မည့် အကျဉ်းဦးစီးဌာနရှိရမည်၊ ထို့အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းအကောင်အထည်ဖော်ပေးမည့် နိုင်ငံတော်အစိုးရ၏ ကိုယ်ပွားဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိရမည်။

ဆိုလိုသည်မှာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးမည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဝန်ကြီးဌာန အသီးသီးရှိရမည့်အပြင် ဝန်ထမ်းယန္တရား လည်ပတ်မှု မှန်ကန်စေရမည်။ နိုင်ငံတိုင်း၏ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်သော နိုင်ငံတော်၏ အင်္ဂါစဉ်များ ပြည့်စုံစေရမည်။ နိုင်ငံတော်အပိုင်းက နိုင်ငံအကျိုးကို အကောင်အထည်ဖော်နေသကဲ့သို့ နိုင်ငံတော်အတွင်း မှီခိုနေထိုင်သူ နိုင်ငံသူ၊ နိုင်ငံသားတိုင်းကလည်း နိုင်ငံကြီးသားတာဝန် ကျေပွန်ကြရမည်။ တရားဥပဒေစိုးမိုးမှုကို လိုချင်လျှင် မိမိကိုယ်တိုင်ကလည်း တရားဥပဒေကို လေးစားလိုက်နာသူ ဖြစ်ကြရမည်။

**မိမိဘက်က နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကိုရရှိလိုလျှင် မိမိကိုယ်တိုင် ပြည်သူ့နှောင့်ယှက်မှုကို ပြုလုပ်မိသူမဖြစ်စေရန် လိုအပ်သည်။ပြစ်မှုဆိုင်ရာဥပဒေ အခန်း(၁၀)တွင် ပြည်သူ့ဝန်ထမ်းများ၏ ဥပဒေအရ အာဏာကို မထီလေးစားပြုခြင်းနှင့်ပတ်သက်လျှင် ပြည်သူများဘက်မှ သိရှိလိုက်နာအပ်သည်များကို ဥပဒေဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့အတူ ပြစ်မှုဆိုင်ရာဥပဒေ အခန်း (၁၄) တွင် ပြည်သူအချင်းချင်း ထိန်းသိမ်းလိုက်နာအပ်သော ပြည်သူ့ကျန်းမာမှု၊ လုံခြုံမှု၊ သက်သာမှု၊ သိက္ခာစောင့်စည်းမှုနှင့် ကိုယ်ကျင့်တရားရှိမှုကိုထိခိုက်စေသော ပြစ်မှုများကို တိတိကျကျ ဖော်ပြ ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။**

ယနေ့ကာလတွင် ဆန္ဒအလိုကို လွတ်လပ်စွာ ဖော်ထုတ်တင်ပြမှု ပေးထားချိန်၌ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များအား တမင်စော်ကား ထိခိုက်ပုတ်ခတ်မှုများ ရန် ရှာမှုများကို မကြာခဏ ကြားသိနေရသည်၊ ပညာရေး ဌာန၊ ကျန်းမာရေးဌာနမှအစ ဝန်ကြီးဌာန အသီးသီး တွင် ပိုမိုလွန်ကဲသော အခွင့်အရေးတောင်းခံ

www.burmeseclassic.com

www.burmeseclassic.com

တိုက်နိုက် မှုသတင်းတွေကို ကြားသိနေရသည်။ နို့ချိုတိုက်သော မိခင်၏ နို့သီးခေါင်းကို မိုက်မဲစွာ ကိုက်ဖြတ်သည့် သား၊ သမီးများကဲ့သို့ ဖြစ်နေကြသည်။

ရှိပါသေးသည်။ ရဲတပ်ဖွဲ့ဝင်များက တရားလို၏ တိုင်ကြားမှုရှိ၍ စွပ်စွဲခံရသူရှိရာသို့ တာဝန်အရ သွားရောက်တွေ့ဆုံ စစ်မေးသောအခါ လူအုပ်စုဖြင့် ဝိုင်းထားပြီး ထိုအမှုကို ရွာတွင်ပင် အပြီးတိုင် အဆုံးအဖြတ်ပေးရမည်ဟု တောင်းဆိုမှုတွေ လွန်ခဲ့သော နှစ်လကျော်ခန့်က ဖြစ်ပွားခဲ့သည်။ မကြာမီက တာဝန်အရ အရေးယူဆောင်ရွက်သော ရဲတပ်ဖွဲ့ဝင်များကို လူအုပ်စုအားကိုးဖြင့် မတရားတားဆီး၍ ချုပ်နှောင်ကာ အနိုင်အထက်ပြုမှုတွေထိ ဖြစ်လာကြသည်။ ကမ္ဘာ့သက်တော်ရှည် ဒီမိုကရေစီနိုင်ငံကြီးများတွင်ပင် မြင်ဖူးခြင်းမရှိသော ဖြစ် ရပ်မျိုး လုပ်ပြနေကြ၍ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းပြောသလို တလွဲ ဆံပင်ကောင်းနေကြပြီလားဟု တွေးမိသည်။

ရဲတပ်ဖွဲ့သည် တရားစွဲအဖွဲ့အစည်းဖြစ်သည်။ တရားစီရင်ပိုင်ခွင့်အာဏာ ရရှိထားသည်မဟုတ်။ အမှုဖွင့်တိုင်ကြားလျှင် ကွင်းဆင်းစစ်ဆေးမည်၊ အထောက်အထားရှာမည်၊ လူသက်သေ၊ သက်မဲ့သက်သေ ရှာဖွေ၍ အမှုတည်ဆောက်ကာ တရားရုံးသို့ တရားစွဲဆိုတင်ပို့ပေးရမည့် တာဝန်ရှိသည်။ နိုင်ငံရေးပါတီတစ်ခု၏ အထင်ကရ ခေါင်းဆောင်ကြီးတစ်ဦးက နိုင်ငံတိုင်းတွင် ရဲတပ်ဖွဲ့သည် မရှိမဖြစ်လိုအပ်ကြောင်း အသိပေးပြောကြားပြီးဖြစ်သည်။ တာဝန်ရှိသူကို ကြောင်းကျိုးညီညွတ်စွာ ရှင်းပြ ချေပပိုင်ခွင့်ရှိပါသည်။ ဓမ္မနည်းကို ချစ်ခင်မြတ်နိုးလျှင် အဓမ္မဝါဒီနည်းကို စွန့်ပယ်ထားကြရပါမည်။ သွေးဆူချိန်တွင် မှားတတ်ပါသည်။

သို့ဖြစ်၍ ဒီမိုကရေစီကျင့်စဉ်ကို လေးစားမြတ်နိုးပါက ကိုယ်တိုင် ဥပဒေကို လေးစားလိုက်နာ၍ ဥပဒေနှင့်အညီ မိမိ၏ပိုင်ခွင့်ကို နည်းလမ်းမှန်ကန်စွာ တောင်းဆိုတတ်သူများ ဖြစ်ပါစေဟု အကြံပြုလိုပါသည်။

အောင်ကျော်ဦး

ရဲတပ်ဖွဲ့သည်
တရားစွဲအဖွဲ့အစည်းဖြစ်သည်။
တရားစီရင်ပိုင်ခွင့်အာဏာ
ရရှိထားသည်မဟုတ်။
အမှုဖွင့်တိုင်ကြားလျှင်
ကွင်းဆင်းစစ်ဆေးမည်၊
အထောက်အထားရှာမည်၊
လူသက်သေ၊ သက်မဲ့သက်သေရှာဖွေ၍
အမှုတည်ဆောက်ကာ တရားရုံးသို့
တရားစွဲဆိုတင်ပို့ပေးရမည့်တာဝန်ရှိသည်။
နိုင်ငံရေးပါတီတစ်ခု၏
အထင်ကရခေါင်းဆောင်ကြီးတစ်ဦးက
နိုင်ငံတိုင်းတွင် ရဲတပ်ဖွဲ့သည်
မရှိမဖြစ်လိုအပ်ကြောင်း
အသိပေးပြောကြားပြီးဖြစ်သည် . . .

www.burmeseclassic.com

www.burmeseclassic.com




# မောင်မြင့်မား (ဘိုကလေး)

## ဟော...

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် လက်ရှိရေးနေသော လူသိများသည့် ကလောင်အပြင် အခြားကလောင်ခွဲတစ်ခုဖြင့် ဘာသာရေးဆောင်းပါးများကို အလျဉ်းသင့်သလိုရေးတတ်ပါသည်။ အမြဲတမ်းလိုလိုတော့မဟုတ်ပါ။ ကျွန်တော်၏အဖေနှင့်အမေသည် မောင်မြင့်မား(ဘိုကလေး) နာမည်မှလွဲ၍ ကျွန်သောကလောင်နာမည်များကို သူတို့မသိပါ။

ကျွန်တော်သည် သောကြာနေ့တိုင်း ရန်ကုန်မြို့ထဲသို့ ရောက်ရှိကာ မဂ္ဂဇင်း၊ ဂျာနယ်တိုက်များသို့ လှည့်လည်၍ စာမူပို့၊ စာပေမိတ်ဆွေအပေါင်းအသင်းများနှင့် တွေ့ဆုံ စကားပြောကာ ညနေချမ်း နေညိုချိန်တွင် မိတ် ဆွေရေးဖော်များနှင့် ယမကာဝိုင်းဖွဲ့တတ်ပါသည်။ ထို့ကြောင့် တစ်ပတ်တစ်ခါတော့ အိမ်အပြန်နောက်ကျတတ်ပါသည်။

ထိုကဲ့သို့ ခပ်ထွေထွေကလေးနှင့် အပြန်နောက်ကျတတ်သည်ကို အမေက ကြိုက်ဟန်မတူပါ။ ထို့ကြောင့် ကျွန်တော့်ကို တိုက်ရိုက်မပြောသော်လည်း ဖနီးသည်ကို ပြောတတ်သည်။ တချို့မိတ်ဆွေအပေါင်းအသင်းများကလည်း သောကြာနေ့ အပြန်နောက်ကျနေကြောင်း စကားစပ်မိလျှင် အမေ့ကို ပြန်ပြောပြကြသောကြောင့် အမေက သောကြာနေ့ကိစ္စကို မကြည်ဖြူ။

သားသမီးသုံးဦးနှင့် သားသမီးများပင် အိမ်ထောင်ကျကာ မြေးများပင်ရနေပြီဖြစ်သော ကျွန်တော့်အား မပြောချင်သော်လည်း သားသမီးသည် အသက်ဘယ်လောက်ကြီးကြီး သားသမီးပင်ဖြစ်သောကြောင့် အမေသည် ကျွန်တော့်အား တစ်နည်းတစ်ဖုံ ဆုံးမရန် ရည်ရွယ်ထားဟန်တူ၏။ ကျွန်တော်ကလည်း အိမ်မှရုံး၊ ရုံးမှရန်ကုန်၊ ရန်ကုန်မှရုံးဆိုသလို ဖြစ်နေသောကြောင့် အိမ်မှာသိပ်မရှိ။ ကျွန်တော့်ရုံးအလုပ်နှင့် စာပေအလုပ်သာ အလုပ်ရှုပ်နေသည်။

တစ်ရက်တွင် နံနက်စောစော အဖေ အိမ်ကိုရောက်လာသည်။ ကျွန်တော့်အား.....

"လာကွာ၊ လက်ဖက်ရည်ဆိုင်သွားရအောင်"

"အဖေ စောစောစီးစီး ဘာစိတ်ကူးပေါက်လို့လဲ"

"လာပါကွာ၊ လက်ဖက်ရည်သွားသောက်ရအောင်၊ မင်းကိုလည်း ပြောစရာရှိလို့၊ နောက်ပြီး မင်းအမေက မင်းကိုမှာထားတာလေးလည်းရှိလို့"

"ဪ.....ဟုတ်ကဲ့"

ကျွန်တော် အဖေနှင့်အတူ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။ ဆိုင်ရောက်တော့ ကျွန်တော့်ကိုအဖေက ဘာသာရေးစာစောင်တစ်ခု ထုတ်ပြသည်။ စာစောင် ထဲက ဆောင်းပါးတစ်ခုကို လှမ်းပြကာ ကျွန်တော့်အား ပေးခဲ့သည်။

"ရော့.....မင်းအမေက မင်းကို အဲဒါဖတ်ခိုင်းလိုက်တဲ့"

စာစောင်ထဲက ဆောင်းပါးခေါင်းစီးနှင့် စာရေးသူနာမည်တွေ့ကတည်းက ကျွန်တော်သဘောပေါက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆောင်းပါးက အရက်နှင့်ပတ်သက်သော အကြောင်းကို ရေးထားသည့်ဆောင်းပါးဖြစ်သည်။ အရက်သည် သိပ္ပံနည်းအရရော၊ ဝိဇ္ဇာနည်းအရပါ မည်သို့မျှကောင်းသောအရာမဟုတ်။ သိပ္ပံနည်းနှင့်ပတ်သက်၍ အရက်တွင်ပါဝင်သော အယ်လ်ကိုဟောအကြောင်းများ၊ အယ်လ်ကိုဟောကြောင့် သောက်သုံးသောလူတွင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ၊ အယ်လ်ကိုဟောကြောင့်ဖြစ်ပေါ်လာနိုင်သည့်ရောဂါဝေဒနာများ၊ အယ်လ်ကိုဟောကြောင့် ရလာမည့် ဆိုးကျိုးများ၊ ဗုဒ္ဓ၏ တရားတော်အရလည်း ဘုရားရှင်လက်ထက်မှစ၍ အရက်ကြောင့် လောကုတ္တရာရေးရာတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များအကြောင်း ရေးထားသည်။

ထို့အတူ အရက်ကြောင့် ပစ္စုပ္ပန်လူသားများလက်ထက်တွင်လည်း ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးတို့တွင်ပျက်စီးယိုယွင်းကြသောအကြောင်းအရာများကို ဥပမာ၊ သာဓကများဖြင့် ရေးသားထားသော ဆောင်းပါးဖြစ်သည်။

အမေကဖတ်နိုင်းသောကြောင့် အဖေက ကျွန်တော့် ကို လိုက်လိုက်လှဲလှဲ အတင်းဖတ်ခိုင်းသည်။ ကျွန်တော် က.....

"အဖေ အဲဒါ ဘာဖြစ်လဲ"

"မင်းအမေက နင့်သားကို အဲဒါဖတ်ခိုင်းတဲ့၊ ဒါမှ အဲဒီကောင် အသိတရားတွေရလာမှာလို့ ငါ့ကိုပြောလို့ ငါက မင်းကို ဖတ်ခိုင်းရတာ၊ ဖတ်လိုက်ပါကွာ"

ကျွန်တော်က စာစောင်လေးကိုကိုင်ရင်း.....

"ကျွန်တော် ဖတ်စရာမလိုတော့ဘူး အဖေရ"

"ဟေ.....ဘာဖြစ်လို့လဲကွ"

"အဲဒီဆောင်းပါးက ကျွန်တော်ရေးတာ အဖေရ"

"ဟေ....."

မောင်မြင့်မား (ဗိုလ်ကလေး)


# အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၄၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ ဆရာကြီးဆရာလှ အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား ဆရာဦးရဲဝင်း

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊

ခြေသေလက်ကပ် ၊ လေငန်းရောဂါ ၊ အရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**

၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

အမှတ် (၄၃) ဝေဘာဂီကားစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။

ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ။ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး

၄င်းဆေးခန်းတွင် ရနိုင်ပါသည်။

www.burmeseclassic.com



မောင်မောင်လွင်
(ညောင်လေးပင်)

# မျောက်ညှို့နှင့် လူအကြီးလေးယောက်

www.burmeseclassic.com

www.burmeseclassic.com


ဗန်းမော်ချောင်းဖျားမှ ညောင်မှတ်ဆိတ်စခန်း၌ ကျွန်ုပ်၊ ပေတိုး၊ ဆိတ်သိုး၊ တွတ်နီတို့ လွှဆိုင်းနှစ်ဆိုင်းခွဲပြီး လွှဆွဲလျက်ရှိသည်။ တစ်နေ့တွင် ခိုင်းကျွဲနှစ်ကောင်ကို လွှတ်ကျောင်းထားရာ ညနေ နေညိုချိန် ကျွဲများမတွေ့သဖြင့် ကျွဲလိုက်ရင်းနားငတ်ရေချသို့အရောက် လူးအိုင်က ကျွဲနှစ်ကောင်တွေ့၍ စခန်းဆီကို ပြန်မောင်းခဲ့သည်။ ကျွန်ုပ်မှာ အသက်ရလာပြီမို့ မောမောနှင့် အစီအရီခင်းထားသော ပကာသားတုံး အိပ်ရာပေါ် ခဏအပန်းဖြေလှဲခိုက် မိမိ၏ လွှသမားဘဝအား ပြန်တွေးနေမိသည်။

အသက်နှစ်ဆယ်အရွယ်ကပင် လွှဆွဲခဲ့၏။ လွှဆွဲသက်မှာ အနှစ်လေးဆယ်ကျော်ခဲ့သည်။ လွှတစ်ချောင်း ပခုံးပေါ်ထမ်းကာ ရိုးမတစ်ကြော တောအနှံ့ရောက်သည်။ အစားဆင်းရဲ၊ အနေဆင်းရဲဖြင့် တစ်ဝမ်းတစ်ခါးအတွက် လွှဆွဲခဲ့သော်လည်း ဝမ်းဝသည်မရှိ။ ဒုက္ခတောမှာ မျောခဲ့၏။ လုပ်ဖော်ကိုင်ဖက်တချို့ သစ်လှဲရာမှ သစ်ပိ၍ အသေဆိုးနှင့်သေကြသည်။ အစာအိမ်၊ အူရောင်ငန်းဖျားဖြစ် သည်ကို မကောင်းဆိုးဝါးဖမ်းစားသည်ထင်ပြီး သားစိမ်း၊ငါးစိမ်းဖြင့် သရဲကြီးတင်မြှောက်သော်လည်း အကြောင်းမထူးလှ။ ဆေးမြီးတိုနှင့် ကုရင်း အသက်ပါသွားသူများ ကိုတွေ့ဘူးသည်။ ငှက်ဖျားက ဖြစ်ဖန်များနေသဖြင့် ရိုးနေပြီ။

လွှဆွဲအလုပ်မှာ ပင်ပန်းသည်။ လူတန်းစေ့မနေနိုင်။ ဆင်းရဲသည့် လွှဆွဲသမားဘဝကို "သစ်သမားကို လွှသမားကပတ်၊ လွှသမားကို လွှကပတ်၊ လွှကို သစ်ကပတ်"ဟု မဖွယ်မရာစကားကြားရတိုင်း လွှသမားကြီးဖြစ်သော ကျွန်ုပ်အဖို့ ခံပြင်းဒေါသထွက်ခဲ့သည်ကအမှန်။ သို့ သော် လူတို့၏ အကောင်းအဆိုးဒွန်တွဲသည့် စရိုက်သဘောအား ဆင်ခြင်မိသည်တွင် ခွင့်လွှတ်ရပြန်သည်။

တောတောင်အလုပ်က ဆူးခင်းလမ်းနှယ် ကြမ်းတမ်း၏။ တော်ရုံလူ မလုပ်နိုင်သော အလုပ်ကို အသက်အရွယ်ငယ်စဉ် 'ဝေ'နေ

တုန်းအချိန်မှာ အကြောင်းမဟုတ်။ ကိုယ်က 'ကြွေ'ရတော့မည့်အရွယ်။ ရှေ့ဆက်ရမည့်ခရီးအတွက် ရင်လေးစရာကိုတွေးရင်း တစ်ရေးတစ်မော အိပ်ပျော်သွားတော့သည်။

"ဘကြီးဖြိုး"

"ဘာလဲ ဆိတ်သိုးရ၊ မင်းကလည်း အလန့်တကြားကွာ"

ဆိတ်သိုး၏ ရုတ်တရက်ခေါ်သံကြောင့် ကျွန်ုပ်မှာ အိပ်ရာမှ နိုးသွားသည်။

"ဒီနေ့ ကျုပ် ဘန့်ဘွေးမြောင်လျှိုထဲ ရောက်ခဲ့တယ်ဗျ"

"အဲဒါဘာဖြစ်လဲ၊ ပြောစမ်းပါဦး"

ကျွန်ုပ်က မကျေမနပ်ဖြင့်ပြောသည့်အခါ.....

"တမလန်းတစ်ပင်တွေ့ခဲ့တယ် ဘကြီး"

"ဟေ....တမလန်းဟုတ်လား၊ သစ်အနေအထားက ဘယ်လိုရှိလဲ ဆိတ်သိုး"

တမလန်းသစ်မှာ တစ်တောလုံးကုန်၊ တစ်တောင်လုံးနှံ့အောင်ရှာသော်လည်း ရှားပါးသစ်ဖြစ်၍ တွေ့ရခဲသည်။ ကျွန်ုပ်မှာ ဆိတ်သိုးစကားကြောင့် သစ်အကြောင်း သိလိုသဖြင့် အိပ်ရာမှထကာ ဆိတ်သိုးတို့ ရေနွေးကြမ်းဝိုင်းတွင် ဝင်ထိုင်ရာမှ တစ်ဆက်တည်းမေးလိုက်သည်။

"ပင်ခြေလုံးပတ်လက်နှစ်ဖက်စာနီးနီးရှိတယ်၊ သစ်ချောတယ် ဘကြီး၊ ကျုပ်အထင်တော့ တန်ခွဲလောက် ထွက်လိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိတ်သိုးက ဟင်းစားရရန် အချိန်ရသည်နှင့် သားကောင်ခြေရာ ကောက်ပြီး ခြေနင်းကိုင်းထောင် တတ်၏။ သားကောင်ထောင်ရာမှ တွေ့လာသော တမလန်းသစ် အကြောင်း ရှင်းပြသည်တွင်.....

"အေးကွာ၊ ကိုကျားမောင်မှာ တာနဲ့ အတော်ပဲ၊ ဒါဆို မနက်ကျ မှ သွားလှဲ့ကြတာပေ့ါ၊ တွတ်နီ..မင်း က လှံ၊ ရဲတင်း၊ ဓားနဲ့ လိုတာတွေ ပြင်ထားဦး၊ မနက်ပိုင်း အဆာခံနဲ့ ထမင်းကြီးထုပ်ဖို့ပါ အချိန်မီထချက် ဟော့၊ စခန်းက စောစောထွက်ကြ မယ်"

စခန်းနှင့် ဘန့်ဘွေးမြောင်မှာ ခရီးဝေးသည်။ လမ်းမသာသဖြင့် ကျွန်ုပ်က သတိပေးလိုက်ရာ.....

"စိတ်ချပါ ဘကြီး"

"ကဲ.....ကဲ အချိန်ရှိတုန်း ထမင်းစားရအောင် ပြင်ကြကွာ"

ဤသို့ဖြင့် နေဝင်မိုးချုပ်စ အချိန်တွင် ညနေစာထမင်းကို ငါး ရွှေခြောက်ဖုတ်၊ ဇရစ်ရိုးပြုတ်၊ ငါးပိ စိမ်းစားသုပ်ဖြင့်စားကြသည်။ တော တောင်အကြောင်း၊ သစ်အကြောင်း၊ အိမ်အကြောင်း ရောက်တတ်ရာရာ ရေနွေးကြမ်းသောက်ရင်း ပြောရာမှ စကားဝိုင်းသိမ်းကာ စောစောအိပ် ရာဝင်ကြသည်။

ထိုအချိန်၌ အရှေ့ဆီမှ အလင်း တန်းများ ပေါ်လာ၏။ မကြာမီ မြင့် တက်လာသည့် ဝိုင်းဝိုင်းစက်စက်လ ကို သစ်ရွက်ကြို၊ သစ်ရွက်ကြားက မြင်ရသည်။ လရောင်ကြောင့် ည အမှောင်မှာ တဖြည်းဖြည်း ပြယ် လာသည်။ လပြည့်ညကား သာယာ ၏။ ဗန်းမော်ချောင်းထဲမှ အစာရှာ ရင်း "ခွေးဝက်ဝံ" နှစ်ကောင်၏ တစ် ကောင်နှင့်တစ်ကောင် တဂူးဂူး တဂဲဂဲ ကိုက်ခဲသံများ အိပ်ရာထဲက ကြားရသော်လည်း ကျွန်ုပ်မှာ ပင်ပန်းခြင်းကြောင့် ခဏနှင့် အိပ် ပျော်သွားတော့သည်။

မိုးမလင်းမီ ပေတိုးနှင့်ဆိတ် သိုးက ထမင်းထချက်၏။ ကျွန်ုပ် မျက်နှာသစ်ခိုက် တွတ်နီတစ် ယောက် လှံ၊ ရဲတင်း၊ ဓား၊ ရေဘူး ကိုပြင်သည်။ ခုနစ်အိမ်တန်း အေး မောင်တို့စခန်းမှ ဆိတ်သိုးဝယ်လာ သော ဆန်နှင့်ချက်သည့် 'တော အရက်' ပုံးလည်းပါသည်။ ထမင်း ကျက်လျှင် အဆာခံစားပြီး ထမင်း ကြီးထုပ်၍ ရောင်နီပျို့ချိန်တွင် စခန်း တဲမှ လေးဦးသားထွက်ခဲ့ကြသည်။

တောင်ပေါ်လမ်းအတိုင်း လျှောက်ခဲ့ရာ ဝေလီဝေလင်းအချိန် ၌ တောင်ကြောပေါ်က တောတောင် တစ်ပိုက် မြူများဆိုင်းသည့်ကြားမှ မြစိမ်းရောင်လွှမ်းသော နံနက်ခင်း အလှကို မြင်ရသည်။ ရိုးမတောက မျောက်အူသံ၊ ဆတ်တစ်သံ၊ ဒေါင်း တွန်သံနှင့် ကျေးငှက်တို့၏ ဆူဆူ ညံညံအသံများဖြင့် အိပ်ပျော်ရာမှ နိုးခဲ့ပြီ။

ကျွန်ုပ်တို့လှံသမားအဖွဲ့ တစ် တောဝင်၊ တစ်တောင်တက်၊ လျှို ကိုဖြတ်၊ တောကိုတိုး၍ ခက်ခက် ခဲခဲ ခရီးဆက်သည်။ ခရီးကြမ်းကို အချိန်အတော်ကြာလျှောက်ပြီး နောက် ဘန့်ဘွေးမြောင်လျှိုဝသို့ ရောက်သည်။

"ဆိတ်သိုး"

"ဗျာ.....ဘကြီးဖြိုး"

"ရောက်ဖို့ဘယ်လောက်လို သေးလဲ"

"သိပ်မလိုတော့ပါဘူး၊ ကွမ်း တစ်ယာညက်ဆို ရောက်ပါပြီ"

"ဩော်.....အေး.....အေး"

+++

ကျွန်ုပ်က ဆိတ်သိုးကိုမေးရင်း လျှိုထဲသို့ဝင်လိုက်သည်။ ဘန့်ဘွေး မြောင်လျှိုကြီးကား ဝါးနှစ်ပြန်နီးနီး ကျယ်၏။ လမ်းနှစ်ဖက်၌ ချုံ၊ ဝါး နွယ်၊ ကိုင်းနှင့် သစ်ပင်မျိုးစုံပေါက် နေသည်။ ရှေ့မှ ခပ်သွက်သွက် လျှောက်ခိုက်.....

"ဘကြီးဖြိုး နေပါဦးဗျ"

"ဟေ့ကောင်ပေတိုး၊ ဘာပြော မလို့လဲ"

ကျွန်ုပ်က ခြေလှမ်းရပ်၍ နောက်ပြန်ကြည့်ပြီးမေးသည်။

"ဟိုမှာကြည့်ပါဦး၊ မျောက် ကြီးတစ်ကောင်"

"ဘယ်မှာလဲ မင်းမျောက်"

ပေတိုးက မြောက်ဘက်လျှို စောင်းမှာ ပေါက်နေသည့် လင်း ယောပင်ကြီး၏ အရှေ့ဘက်ကိုင်း တွင် ထိုင်နေသော ပြာနှမ်းနှမ်း အရောင်ဖြင့် မျောက်ကြီးကို လက် ညှိုးထိုးပြသည်။

"ဟာ.....ဟုတ်တယ်ဟ၊ မျောက်ညိုကြီးကွ"

"ကြီးလိုက်တဲ့မျောက်ကြီးကွာ

www.burmeseclassic.com

www.burmeseclassic.com





“ တောထဲက
အရိုင်းအစိုင်း သတ္တဝါဆိုပြီး
မျောက်ကြီးကို ငါတို့က
အထင်သေးတာကိုးကွ၊
ခံရတာတောင်နည်းသေးတယ်၊ ”

ကျုံတောင့်ကြုံခဲ လာတွေ့တာပဲကွ”

“သစ်ဆက်မရှိလို့ ဒီမျောက် မပြေးနိုင်ဘူး”

ကျွန်ုပ်တို့အဖွဲ့ ရှေ့ဆက်မသွားဘဲ လင်းယောပင်ကြီးပေါ်မှမျောက်ကြီးကိုကြည့်၍ တစ်ယောက်တစ်ပေါက် ဝမ်းသာအားရပြောစဉ် မျောက်ကြီးမှာ မသိမသာ လှမ်းကြည့်နေသည်။

“ဘကြီးဖြိုး”

“ဟေ.....လကွာ”

“ဘာလုပ်ကြမလဲ”

ပေတိုးကမေးသည်။

“ပေတိုးရာ အရန်ကော၊ စားရကံကြုံလို့ မုတ်ဆိတ်ပျားစွဲတာကို ပျားမဖွပ်ရင် တို့လောက်မိုက်တဲ့သူ ရှိပါ့မလား၊ မျောက်ကြီးမြင်မှ ဘာလုပ်ရမလဲ၊ ဟင်းငတ်တာကြာပြီ၊ ဒီ အပင်အရင်လှဲမယ်၊ မဟုတ်လား ငါ့ လူတို့”

“ဟုတ်ပါ့”

“ဟား....ဟား....ဟား.....”

ကျွန်ုပ်၏အပြောကို အားလုံး သဘောကျကာ ဝိုင်းရယ်ကြသည်။ ထိုအခိုက် မျောက်ကြီးက မသိလေဟန်ဖြင့် မလှုပ်မယှက်ထိုင်နေသည်။

“ကဲ....ပြောနေကြာတယ်၊ အချိန်မဆိုင်းဘဲလုပ်ငန်းစရအောင်”

ကျွန်ုပ်က ပြောပြောဆိုဆို လင်း ယောပင်ကြီးအောက်သို့သွား၍ လွှသမားထုံးစံအတိုင်း သစ်ပင်၏ အခြေသုံးတောင်ခန့်နေရာတွင် ရဲတင်းအရာပေးပြီးနောက်.....

“ပေတိုးနဲ့တွတ်နီ ဆွဲပေတော့ ဟေ့”

ဤတွင် တွတ်နီနှင့်ပေတိုးမှာ လွှရာပေါ် လွှတင်ဆွဲတော့သည်။

“မျောက်သားစားချင်၊ မျောက်မျက်နှာမကြည့်နဲ့”ဟူသော စကားရှိသည်။ မျောက်က လူမျက်နှာနှင့် ဆင်ဆင်တူ၏။ မျောက်မျက်နှာကြည့်လျှင် သနားစိတ်ဝင်လျက် စားချင်စိတ်မရှိတော့သည်ကို ဆိုလိုဟန်ရှိသည်။ ကျွန်ုပ်တို့ကား ထိုသို့မဟုတ်။ မျောက်သားစားချင်သောကြောင့် မျောက်မျက်နှာကိုမကြည့်ဘဲ လွှဆိုင်းနှစ်ဆိုင်းခွဲ၍ လွှကိုအားစိုက်ဖိဆွဲကြတော့သည်။

နွေအချိန်ဖြစ်သည်။ နေထန်းတစ်ဖျားရောက်သည်နှင့် အပူရှိန်ပြင်းလာ၏။ ချွေးဒီးဒီးကျနေသည်။ လေးဦးသား လင်းယောပင်ကြီးအောက်၌ တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသော်လည်း အပင်ပေါ်က မျောက်ကြီးမှာ တုတ်တုတ်မလှုပ်

လင်းယောပင်က သစ်ချုပ်၊ လွှညှပ်သစ်မျိုးမို့ အခိုင်အကျန် လု

www.burmeseclassic.com

ပန်းသဖြင့် လွှသမားတိုင်း ရှောင်ကြ၏။ ကျွန်ုပ်တို့မှာ နှစ်ပေါင်းများစွာ သစ်ပေါင်းစုံကို ဆွဲလာသော လွှသမားများဖြစ်သဖြင့် သစ်အကြောင်း မသိ၍မဟုတ်။ အပင်ပန်းခံ လွှဆွဲသည်မှာ မျောက်သားစားချင်သောကြောင့်ဖြစ်သည်။

လွှကို တစ်ဆိုင်းနားလျှင် တစ်ဆိုင်းဝင်ဖြင့် မနားတမ်းဆွဲခဲ့ရာ ကြာသော် လက်ပန်းများကျလာသည်။ ကျွန်ုပ်တို့အဖွဲ့ မောမောနှင့် ဆိတ်သိုးဝယ်လာသည့် တောအရက်ပုံးကို အဖုံးဖွင့်ပြီး တစ်ယောက်တစ်လှည့်စီ မော့သည်။ အရက်ပြင်းပြင်းက လည်ချောင်းထဲဆင်းသွား၏။ ဆေးလေးဝင်မှ သွေးပူလာ၍ လွှကို သွက်သွက်ဆက်ဆွဲနိုင်ကြသည်။ ဆွဲလို့ဆွဲမှန်းမသိ၊ မောလို့မောမှန်းမသိ။

နေ့ဝက်ကျိုးခဲ့ပြီ၊ လက်နှစ်ဖက်စာ သစ်ပင်ကြီး၏ အပေါ်လွှကြောင်းနှင့် အောက်လွှကြောင်းဆက်ဖို့ ပြတ်လုနီးနီးအချိန်၊ ကျွန်ုပ်တို့အလှည့်၌.....

''တွတ်နီရေ အပေါ်လွှကြောင်းထဲ သပ်ရိုက်ထည့်ကွာ၊ လွှကျပ်နေပြီ၊ ပေတိုးက တစ်ဖက်အောက်လွှ ကြောင်းကို ရဲတင်းနဲ့ နာနာဖွဲ့ပေး၊ သစ်ပင်ကြီး မကြာခင်လဲတော့မယ်၊ ဆိတ်သိုး အားစိုက်ဟေ့''

''ဟုတ်ကဲ့ ဘကြီးဖြိုး''

လွှကို အတိုင်အဖောက်ညီညီ အပြန်အလှန် ဆွဲသူဆွဲ၊ သစ်သားသပ်လုပ်၍ အပေါ်လွှကြောင်းထဲ ရိုက်သူရိုက်၊ အောက်လွှကြောင်းကို ရဲတင်းနှင့်ဖွဲ့သူဖွဲ့ဖြင့် လွှကြောင်း ဆက်သွားသည့်အခါ သစ်ပင်ကြီး၏ ကိုင်းဖျားကိုင်းနားများ လှုပ်လာသည်။



''သစ်ပင်ကြီး လဲတော့မယ်၊ ဆွဲထားကွ ဆိတ်သိုး၊ ပေတိုးနဲ့ တွတ်နီ မျောက်ကြီးကို ကြည့်ထား၊ သစ်ပင်လဲရင် သင်းမျောက် ခံနိုင်ရိုးလားကွာ''

ကျွန်ုပ်က လူငယ်ဟန်နှင့် လွှကို မာန်ထည့်ဆွဲရင်းမှ အားရပါးရ ပြောလိုက်သည်။

''ဟုတ်တယ်ဗျို့၊ ညနေအား ရှိအောင် မီးတောက်အရက်နဲ့ မျောက်သွေး ရောသောက်မယ်ဟေ့''

''မျောက်ညိုက မျောက်ချေးခါး အကောင်းဆုံးကွ၊ ချေးခါးနဲ့ မျောက်သား တစ်ဝစားကြသေးတာပေါ့''

''ဟေး.....ဟေး.....ဟေး''

မျောက်ရရေးအတွက် ကျွန်ုပ်တို့အားလုံး ညာသံပေး၍ လွှကို တစ်အားဆွဲသည်တွင် လွှကြောင်း ကျယ်လာပြီး လင်းယောပင်ကြီး သွက်သွက်ခါအောင် လှုပ်လာသည်။ မျောက်ညိုကြီးက ကိုင်းဖျားပေါ်သို့ တက်သွားသည်။

''ဟိုမှာတွေ့လား ပေတိုး၊ မျောက်ကြီး ကိုင်းဖျားကို တက်သွားပြီ''

''တွေ့တယ်၊ တွေ့တယ်''

''သစ်ပင်ကြီးလဲတော့မယ်၊ ဝေးဝေးရှောင်ဟေ့''

ကျွန်ုပ်က သတိပေးကာ ဆိတ်သိုးက လွှကိုလွှတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



**စကားအဆုံး**
**မျောက်မရသော်လည်း**
**ကိုယ့်အဖြစ်ကို**
**ကိုယ်သဘောကျလျက်**
**လူနုံ၊ လူအကြီးလေးယောက်၏**
**အားပါးတရ**
**ရယ်သံကြီးမှာ**
**•••**

သစ်ပင်ကြီး၏ လွကြောင်းထဲမှ အမြန်ဆုံးဆွဲ ထုတ်လိုက်သည်။ လေးဦးသား ကုန်းပေါ်သို့ပြေး အတက် လင်းယောပင်ကြီးမှာ တဖျစ်ဖျစ်မြည်လျက် တောင်စောင်းမှ လျှိုထဲသို့ ဦးစိုက်၍ တဖြည်းဖြည်းလဲရာမှ အရှိန်ပြင်းပြင်းဖြင့် ထိုးဆင်းကျလာသည်။

"ဝေါ....."

"သစ်ပင်လဲပြီကွ"

"မျောက်ကို မျက်ခြည်မပြတ်စေနဲ့"

"ကြည့်ထားဟေ့"

+++

ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ဝမ်းသာအားရ အပြန်အလှန် အော်ဟစ်ပြောနေစဉ် လဲကျလာသည့် လင်းယောပင်ကြီး မြေပြင်မှ ဝါးတစ်ပြန်အကွာအရောက်တွင် မျောက်ညိုကြီးမှာ သစ်ပင်ကိုင်းဖျားဆီက မြေပြင်ပေါ်သို့ ပေါ့ပါးစွာ လွှားခနဲခုန်ဆင်းပြီး တစ်ဖက်တောင်စောင်းရှိ တောကြီးထဲသို့ ပြေးဝင်သွားတော့သည်။

"ဝေါ....."

"ဝုန်း....."

"အုံး.....ဘုံး"

သစ်ပင်နှင့်မြေပြင် ပြင်းပြင်းထန်ထန် ထိရိုက်ရာက ကျယ်လောင်သောအသံကြီးနှင့်အတူ ဘန့်ဘွေးမြောင်လျှိုကြီးထဲ၌ မြေတုန်ဟည်းလျက် တောပြိုသည့်အလား တစ်တောလုံး ဆူညံသွား၏။

"ဟေး.....ဟိုမှာ မျောက်ကြီးပြေးပြီ၊ ပြေးပြီဟေ့"

"ဟာ.....ဟုတ်တယ်၊ ခွေးမသားမျောက်၊ လိုက်ဟ..လိုက်ကြ"

ကျွန်ုပ်တို့ လွှသမားတစ်သိုက် မျောက်ညိုကြီး ခုန်ဆင်းသွားသည်ကိုကြည့်၍ မှင်တက်အံ့ဩနေရာမှ သတိရသည်နှင့် နီးရာတုတ်၊ ဓားဆွဲကာ ညာသံပေး၍ လိုက်ကြပါသော်လည်း မီဖို့ဝေးစွ။ မျောက်ကြီးမှာ ခဏလေးနှင့် မြင်ကွင်းက ပျောက်ကွယ်သွားတော့သည်။

ကျွန်ုပ်တို့လေးယောက် ခြေကုန်လက်ပန်းကျပြီး ပြန်အလာတွင် စိတ်ပျက်ဟန်ဖြင့် လင်းယောပင်ကြီး၏ ပင်စည်ပေါ်၌ ခြေပစ်လက်ပစ်ထိုင်ရင်း.....

"ဟင်းကောင်းလေးများကြိတ်ရမလားလို့ တစ်နေ့လုံး ဆွဲလိုက်ရတဲ့လွှ၊ သေမတတ်ဘဲ"

ဆိတ်သိုးက မကျေမနပ်နှင့် ပြောသည်။

"အေးကွာ ပါးစပ်နားရောက်မှ၊ လမ္ဘီး လေထီးနဲ့ခုန်ဆင်းသွားသလားမှတ်တယ်၊ တယ်လည်တဲ့မျောက်ကြီးပဲဟေ့"

"ဟုတ်ပါ့ကွာ၊ ငါက ကျိန်းသေစားရပြီမှတ်နေတာ၊ တောက်.. ဒီလိုမှန်းသိရင် လွှကို အပင်ပန်းခံဆွဲမနေပါဘူး"

ဆိတ်သိုး၊ ပေတိုး၊ တွတ်နီတို့က ကြိတ်မနိုင်ခဲမရနှင့် ပြောကြသည်တွင်.....

"မောရတဲ့အထဲ တော်ကြပါတော့ကွာ၊ တောထဲကအရိုင်းအစိုင်းသတ္တဝါဆိုပြီး မျောက်ကြီးကို ငါတို့က အထင်သေးတာကိုးကွ၊ ခံရတာတောင်နည်းသေးတယ်၊ ဘာကောင်ဖြစ်ဖြစ် ကိုယ့်ထက်လည်တဲ့ကောင်နဲ့တွေ့ရင် အတဲ့ကောင် ခံရပြီသာမှတ်၊ မတတ်နိုင်ဘူးဟေ့၊ ဒါသင်ခန်းစာပဲ"

"ဟုတ်ပါ့ဗျာ"

"ဟား.....ဟား.....ဟား"

ကျွန်ုပ်၏ စကားအဆုံး၌ မျောက်မရသော်လည်း ကိုယ့်အဖြစ်ကို ကိုယ်သဘောကျလျက် လူနုံ၊ လူအကြီးလေးယောက်၏ အားပါးတရ ရယ်သံကြီးမှာ ဘန့်ဘွေးမြောင်လျှိုထဲက လျှံထွက်လာချေတော့သည်။

မောင်မောင်လွင်(ညောင်[illegible])

www.burmeseclassic.com

www.burmeseclassic.com



# ထက်ထက်ဦး၏
## မျက်ကွယ်အမှား

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထွေးမြက မုဆိုးမ အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။ သားသမီးနှစ်ယောက်ရှိရာ သမီးကြီး အေးမြိုင်က အိမ်ထောင်ကျသွားပြီး သီးခြားနေ၏။ ဒေါ်ထွေးမြမှာ သားငယ် ဝင်းကြိုင်နှင့် အတူနေသည်။ ဝင်းကြိုင်က လုပ်ကျွေးသော်လည်း အရက်မူးလာလျှင်သွေးဆိုး၏။ မိဘကို မိဘမှန်းမသိဘဲ နင်ပဲငဆ ပြောဆိုတတ်သည်။ မမူးသည့်အချိန်တွင်တော့ မိခင်ဖြစ်သူကို စနောက်နေတတ်၏။

"အမေ.....အမေ့၊ ဘယ်မလဲဗျ ဒီအဘွားကြီး"

အခုလည်းကြည့်လေ။ ပြန်လာသည်နှင့် တကြော်ကြော်ခေါ်နေပြန်ပြီ။ ဒေါ်ထွေးမြမှာ ငါးကိုင်နေရင်းလက်ပင်မဆေးနိုင်ဘဲ ထွက်လာရတော့၏။

"ဘာလဲ ဝင်းကြိုင်၊ ဘာပြောဦးမလို့လဲ"

"ကျုပ်ကို ဒီည အမြည်းလုပ်ပေးဦး၊ ရော့....."

မိခင်ကို ဘယ်ကယူလာမှန်းမသိသည့် ကြက်တစ်ကောင်ကိုပစ်ပေးလိုက်၏။ ကြက်မှာ လည်တဆန့်ဆန့်နှင့်ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။

"ဘယ်ကကြက် ယူလာပြန်ပြီလဲ ဝင်းကြိုင်၊ ပြဿနာမရှာနဲ့ဦးနော်၊ ဦးလူဝကြက်ကိုသွားမခိုးနဲ့ဦး"

"ဒီအဘွားကြီး တယ်စကားများတာပဲ၊ ကျုပ်ဘာသာကျုပ် ဘယ်နေရာကယူယူ ခင်ဗျားကြီးအပူပါသလား"

"ဟဲ့.....ဖြစ်လာရင် ပြန်ရှင်းရမှာနော်၊ ငါလိုက်မရှင်းနိုင်ဘူး"

"ဒီတစ်ခါ ဒီခွေးနဲ့ကို ခုတ်သတ်မှာ၊ ဒါမှမဟုတ်ရင် ရဲတင်းစာမိသွားမယ်"

ဝင်းကြိုင်က သူ့လက်ထဲတွင်ရှိသောဓားအား ကိုင်မြှောက်ပြ၏။ ခါးကြားထဲညှပ်ထားသော ရဲတင်းကိုလည်း ထုတ်ပြနေပြန်သည်။ သည်လိုရမ်းကားလွန်းသူဖြစ်၍လည်း တစ်ရွာလုံးက အောကြောလန်ကြခြင်းဖြစ်၏။ ဒေါ်ထွေးမြမှာ ဝင်းကြိုင်ကို မည်သည့်စကားမျှ မဆိုတော့ဘဲ ကြက်မသေတသေကိုယူပြီး မီးဖိုထဲဝင်သွားသည်။ ဝင်းကြိုင်မှာတော့ ကွပ်ပျစ်ပေါ် ပက်လက်အိပ်၍ မကျေနပ်သမျှအား မြည်တွန်တောက်တီးနေလေ၏။

ဝင်းကြိုင်မှာ ညဘက် စားသောက်ပြီးပြီဆိုလျှင် အိမ်ရှေ့တွင် အရက်ဝိုင်းဖွဲ့တတ်၏။ ပြီးလျှင် သူမနေတတ်သမျှအား ဖိုးမောင်ကို ရင်ဖွင့်၍ ပြောဆိုနေကြသည်မှာ လူကြား၍ပင် မကောင်းပေ။ စကားပြောလျှင် အဆဲအဆိုက ပါတတ်သေး၏။ ဒေါ်ထွေးမြအဖို့ ဝင်းကြိုင်နှင့်ပတ်သက်၍ စိတ်ဆင်းရဲရသည်မှာ မကြာခဏပါ။ ရန်ဖြစ်လာ၍ လိုက်ရှင်းရသည်မှာလည်း အကြိမ်ကြိမ်ပင်။

ဝင်းကြိုင်သည် သူစိမ်းမပြောနှင့်။ အစ်မဖြစ်သူကိုပင် မိုက်မဲရိုင်းပျတတ်၏။ မောင်နှမနှစ်ယောက်က တည့်သည်ဟူ၍ မရှိတတ်ပေ။ ဝင်းကြိုင်က အေးမြိုင်သိမ်းဆည်းထားသည့် ပစ္စည်းများနှင့် စုထားသည့် ငွေများကို ခိုးယူတတ်ရာ အမြဲတမ်းပြဿနာဖြစ်၏။ ထို့ကြောင့်လည်း အေးမြိုင်က သူ့အိမ်ပေါ်သို့မတက်ရန် နှင်ထုတ်ထားခဲ့၏။

"အမေ့သားကို အေးမြိုင်မိမ မလာပါစေနဲ့နော်၊ သူ့ကို သောက်ဖ လုပ်သူကကြည့်လို့ရှုမယုတ်တုး

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်မိုက်ရိုင်းနေမှ သူ့ကိုဘယ်သူမှကြည်ဖြူမှာမဟုတ်ဘူး အမေ"

"သမီးကလည်းကွယ် အဲဒီလို ဖယ်ကြဉ်ထားရင် ပိုဆိုးတော့မှာပေါ့၊ ညည်းမောင်ကို ချော့ပြောစည်းရုံးမှပေါ့ကွယ်"

"ချော့ရအောင် သူကကလေးမဟုတ်ဘူး အမေ၊ အသက်ပဲ နှစ်ဆယ်ပြည့်နေပြီ၊ ရွာထဲမှာ သူ့ကို ဘယ်သူမှ ကြည်ဖြူကြတာမဟုတ်ဘူး၊ မိန်းကလေးတွေဆို ဝေးဝေးက ရှောင်ကြတာအမေ"

"အင်း ရည်းစားရှိနေရင်အမေ ပေးစားပါတယ်တော်၊ သူ့အိမ်ထောင်နဲ့သူဖြစ်သွားမှ ပြုပြင်သွားမှာပဲ"

"အေးမြိုင်တော့ မထင်ပါဘူး အမေရာ"

သားအမိနှစ်ဦးက တိုင်ပင်နေကြ၏။ သို့ပေမယ့် ဝင်းကြိုင်ကို အိမ်ထောင်ချပေးလျှင်လည်း သူသဘောမတူလျှင် ဖွတ်မလုပ်ရဲပေ။ဝင်းကြိုင်အား သားအမိနှစ်ယောက်လုံးက လက်လန်ကြ၏။ အတင်းအကျပ်မလုပ်ရဲကြပေ။ အစ်မအိမ်သို့ရောက်ပြန်လျှင်လည်း ယောက်ဖဖြစ်သူက ကြည့်မရပေ။ စကားပြောမတတ်သည့်အပြင် အိုးလုန်ခွက်လုန်ပြီး ထည့်စားတတ်သေး၏။ သည်တော့ ဝင်းကြိုင်လုပ်ရပ်အား အေးမြိုင်က မကြိုက်၍ပြောသော်လည်း မနာခံသည့်အပြင် ပိုလုပ်ပြတတ်သည်။

"ငါလည်း ဒီလူဆိုးကောင်ကြောင့် ဒုက္ခပဲအေ၊ ဘယ်တော့များမှ သူ့ဝဋ်က ကျွတ်ပါ့မလဲနော်"

ညတိုင်း သောက်သောက်စားစားနှင့် နေတတ်၏။ အမြည်းကုန်လျှင် အသံပြဲဖြင့်အော်ကာ မိခင်ကြီးကို ခိုင်းတတ်သေးသည်။ ဘေးအိမ်မှ ဒေါ်ဘုတ်ဆုံက ဒေါ်ထွေးမြကို ပြောယူရ၏။

"ရှင့်မလည်းနော် ဒီသားတစ်ကောင်ကြောင့် ဒုက္ခပဲ၊ မိဘကိုစော်ကားရင်ငရဲကျတတ်တယ်၊ ဘာဖြစ်လို့ ခိုင်းတာလုပ်နေရသလဲ၊ နည်းနည်းပါးပါး ပြောဦး"

"တစ်နေ့နေ့တော့ နားလည်လာပါလိမ့်မယ်တော်၊ ကျုပ်သားက လူရိုင်းတစ်ယောက်ဖြစ်ပေမယ့် မိဘကို လုပ်ကျွေးနေတာပါ၊ သူကြိုက်တတ်တာလေးတော့ လုပ်ပေးရမှာပေါ့ရှင်"

"အင်း.....ရှင်ကချစ်လေ ရှင့်သားက မိုက်လေပေါ့နော်၊ သားသမီးမကောင်း မိဘခေါင်းတဲ့၊ အေးမြိုင်နဲ့ ဒါကြောင့်မို့ မတည့်တာ၊ အေး မြိုင်ပြောတာ မှန်တယ်တော်"

ဒေါ်ဘုတ်ဆုံစကားကို ဒေါ်ထွေးမြက သိသော်လည်း ငြိမ်နေလိုက်၏။ သိပ်မကြာသေးခင်က မောင်နှမနှစ်ယောက် ရန်ဖြစ်သည့်ကိစ္စတွင် အေးမြိုင်ဘက်က မှန်ပေမယ့် ဒေါ်ထွေးမြက သားဘက်တွင် ရပ်တည်ခဲ့ခြင်းကို ဆိုလိုခြင်းဖြစ်၏။

"အေးမြိုင်က သူ့လင်ဘက်က လိုက်ပြောတာပါတော်၊ ကိုယ့်မောင်ပဲ၊ ယောက်ျားမသိအောင် နေလိုက်ပါလား၊ ကြားကဖျန်ဖြေလိုက်ရင် ပြီးတာပဲ၊ သက်သက် ပြဿနာကြီးမားအောင်လုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ရှင် သူလည်း သူ့ယောက်ျားက မှန်နေတော့ ပြောရမှာပေါ့၊ ဝင်းကြိုင်ကိုက အနေမတတ်၊ အထိုင်မတတ်၊ အသွားမတတ်၊ အလာမတတ်နဲ့၊ တစ်ရွာလုံးက ကြည့်ရသူမျှမဟုတ်တာ"

ဝင်းကြိုင်သည်လည်း ဒေါ်ဘုတ်ဆုံကို ကြည့်မရပေ။ အိမ်သို့ရောက်လာလျှင် သူ့အမေကို မြှောက်ပေးသေး၏။ အမေဆူသည်နှင့် ဒေါ်ဘုတ်ဆုံစနက်မှန်း သိနေသည်။

"ဒီအဘွားကြီး အိမ်မလာပါစေနဲ့ဗျာ၊ သူလာရင် စကားများရတယ်၊ အမေနဲ့ကျုပ်ကို ရန်တိုက်ပေးနေတာ၊ ကျုပ် သည်းမခံနိုင်တော့ဘူး၊ ဆွဲထိုးပစ်လိုက်မှာပဲ"

"မလုပ်ပါနဲ့ သားရာ၊ အရေးအကြောင်းဆို ဒေါ်ဘုတ်ဆုံပဲ အားကိုးရတာကွဲ့၊ မင်းက အနားမှာတစ်ချိန်လုံးရှိနေတာမှမဟုတ်တာ၊ အေးမြိုင်ဆို သူ့ယောက်ျားနဲ့ သူ့ကလေးအလုပ်တွေနဲ့ပဲ အချိန်ကုန်နေတာလေ"

ဝင်းကြိုင်မကျေနပ်သည်ကို ဒေါ်ဘုတ်ဆုံလည်းသိ၏။ ဒါကြောင့်လည်း ဝင်းကြိုင်ရှိနေလျှင် ဒေါ်ဘုတ်ဆုံက အိမ်မလာရဲပေ။ သို့သော်လည်း ဒေါ်ဘုတ်ဆုံသမီး ပူတူးမက ဝင်းကြိုင်နှင့် အဆင်ပြေသည်။

+++

"ဦးဝင်းကြိုင်ကြီး ပြန်လာပြီလား"

"အေး၊ နင် ထမင်းစားပြီးပြီလား ပူတူးမ"

"စားပြီးပြီ၊ အပြင်ထွက်ကစားဖို့ သူငယ်ချင်းတွေကို စောင့်နေတာ"

ပူတူးမက ကလေးတစ်ဦးဖြစ်ရာ အသက် ၉ နှစ်သာသာခန့်သာရှိသေး၏။ သို့ပေမယ့် ထွားကျိုင်းပြီး ဝဝတုတ်တုတ်လေးဖြစ်နေ၍ အပျိုပေါက်ဟု ထင်မှတ်မှားလောက်၏။

"ရော့.....မုန့်ဖိုး"

"ဟေး...ဒါမှ တို့ဦးဝင်းကြိုင်ကြီး၊ အဲဒါကြောင့် ခင်နေရတာပေါ့၊ သွားပြီနော်၊ ဟီး.....ဟိ"

ကလေးသဘာဝ ပျော်မြူးပြီး မုန့်ဆိုင်သို့ထွက်သွား၏။ ပြီးလျှင် ငရုတ်သီးစပ်စပ်နှင့် အချဉ်ထုပ်မျိုးကို အားပါးတရ စားပေဦးမည်။ တစ်ခါတလေ ငံပြာရည်ထည့်ပြီး ရှူး ရှူးရှဲရှဲနှင့် စားနေတတ်သည်။ ရန် ကုန်မြို့စွန်ရှိ မြို့နယ်တစ်ခုမှ ရွာကျောင်းလေးတွင် တက်ရောက်၍ ပညာသင်ကြားနေသော်လည်း ပူတူးမတို့က ကျောင်းတွင် အမြဲတမ်းပထမဆုရသူဖြစ်၏။

ဝင်းကြိုင်က အိမ်ပြန်တိုင်း ပူတူးမကို မုန့်ဖိုးပေးနေကျဖြစ်ရာ ပူတူးမနှင့် ဘော်ဒါလိုဖြစ်နေကြသည်။ ခေါင်းပုတ်၊ ဖင်ပုတ်နှင့် ဝင်းကြိုင်သည် ပူတူးမ၏ သူငယ်ချင်းဟုဆိုက မမှားပေ။ သို့ပေမယ့် ပူတူးမက ဒေါ်ဘုတ်ဆုံရှိနေလျှင် ဝင်းကြိုင်နှင့် စကားမပြောရဲပေ။ ဤသည်ကိုလည်း ဝင်းကြိုင်က မကျေမနပ်ဖြစ်နေ၏။

"ဝင်းကြိုင်တို့က ဘယ်သူ့မှ သောက်ဂရုမစိုက်ဘူး၊ တောက်..."

ဤသို့ ဒေါ်ဘုတ်ဆုံအား စောင်းမြောင်းပြောနေတတ်သည်။ ဒေါ်ဘုတ်ဆုံက ဝင်းကြိုင်နှင့် အကြောမတည့်သူဖြစ်၍ ပူတူးမနှင့် မဆက်ဆံစေချင်ပေ။ ပြီးတော့ အရက်သမား၊ ငမူးကောင်အဖြစ် သိထား၍ စိတ်မချသည်လည်းပါ၏။ ပူတူးမက ဖွံ့ဖွံ့ထွားထွားနှင့် ကလေးစိတ်ပျောက်သေးသူမျိုးမဟုတ်ပေ။ သည်တော့ စကားမပြောရန် မှာထား ခဲ့၏။

"ညည်းအမေက ငါနဲ့မခေါ်ရဘူးလို့ပြောထားတယ်မဟုတ်လား"

"မဟုတ်ပါဘူး၊ ဟီး.....ဟီး"

"ငါသိပါတယ်၊ မခေါ်နဲ့ဆိုလို့ ညည်းအမေရှေ့မှာ စကားမပြောရဲတာပေါ့၊ ဟုတ်လား"

"ဦးဝင်းကြိုင်ကြီးက အမေပြောလည်း ပြောစရာပဲ၊ လိမ်လိမ်မာမာ နေပါလား"

"ဩော်....ညည်းကပါ ငါ့ကို ဆုံးမနေတာပေါ့၊ ဟုတ်ကဲ့ပါ အမေလေးရာ.....နော်"

ဝင်းကြိုင်က ခနဲ့လိုက်သည်။ ပူတူးမသည် ဖန်ခုန်တမ်းဆော့လိုက်၊ ကုလားမစည်းနင်းလိုက်၊ ထုပ်ဆီးတိုးတမ်းကစားလိုက်နှင့် ညနေတိုင်းတွင် ကလေးကစားဝိုင်းက အိမ်ရှေ့တွင် ငြင်းသံခုံသံများဖြင့် ဆူညံနေကြ၏။ ဝင်းကြိုင်ပြန်ရောက်လာသည်နှင့် ရှဲသွားကြတော့၏။

"ဦးဝင်းကြိုင်ကြီးကို ပူတူးမက ပေါင်းထားတာနော် ... ဆို အဲ့ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ကြီးက မပြောဘူး၊ လာ...သူတို့ပြန်သွားလည်း တို့နှစ်ယောက် ဆက်ကစားကြမယ်''

''ဟုတ်ရဲ့လား ပူတူးမရာ၊ အဲဒီလူကြီးက ကြောက်စရာကြီး၊ ထွက် ရိုက်ရင် ဒုက္ခပဲ''

''မရိုက်ရဲပါဘူးဟာ၊ စိတ်ချစမ်းပါ''

ဖယ်ဆက်တောက်နေကြပြန်သည်။ ဆယ်မိနစ်ခန့်အကြာတွင် ကစားဖော် စူးမာကပြန်သွားမှ ပူတူးမလည်း အိမ်ပေါ်တက်နိုင်တော့၏။

''စားခါနီးဆို ပြန်လာပြီလား၊ ညည်းလည်း ဟိုငပျင်းကောင်အတိုင်းပဲ၊ အိမ်မှာ တံမြက်စည်းတစ်ချက် လှည်းဖော်မရဘူး၊ မိဘနဲ့ ဝိုင်းမလုပ်ချင်ဘူး၊ ခိုင်းလိုက်ရင် အောက်ပြေးဆင်းရော၊ သွား... အောက်မှာပဲနေ၊ အိမ်ပေါ်မတက်နဲ့''

ဒေါ်ဘုတ်ဆုံက စိတ်မရှည်ဘဲ မောင်းထုတ်လိုက်တော့သည်။ ပူတူးမက ဆတ်ဆတ်ကြဲပင်။

''သမီးက ကလေးပဲရှိသေးတဲ့ ဥစ္စာ၊ မမကြီးတစ်ယောက်လုံး ရှိနေတာပဲ''

''တိတ်စမ်း ပူတူးမ၊ သွားလို့ ပြောနေတယ်နော်၊ ငါဒေါသမဖြစ်ခင် ဆင်းသွားတာ ကောင်းလိမ့်မယ်''

''ဟဲ့.....ပူတူးမ၊ အမေဒေါသဖြစ်နေတာနော်၊ နင်သွားလိုက်''

''ဟင်း.....ဘာဖြစ်မှန်းမသိဘူး''

ပူတူးမက အိမ်ရှေ့ရှိ သရက်ပင်ကြီးခြေရင်းတွင်ထိုင်ချပြီး ထောင်ထားသောဒူးပေါ် ခေါင်းတင်၍ မှေးနေလိုက်သည်။ထိုသွင်ပြင်လေးအား ဝင်းကြိုင်ကကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။ သည်တော့ ဒေါ်ဘုတ်ဆုံကို ပို၍အမြင်ကတ်သွားတော့သည်။

''အမေ.....ဟိုအဘွားကြီး လုပ်တာကို တွေ့လား၊ ကောင်မလေးကို အိမ်ပေါ်က နှင်ချထားတယ်၊ ဗိုက်ဆာမှာပေါ့၊ သနားပါတယ်ဗျာ''

''အဲဒါ သားကိစ္စမဟုတ်ဘူး၊ ဒေါ်ဘုတ်ဆုံ နေ့လယ်က အကြွေးတောင်းတာ မရတဲ့အပြင် ရန်ဖြစ်လာတယ်လေ၊ အဲဒါကြောင့် စိတ်တိုနေမှာပေါ့''

''မဆိုင်လိုက်တာဗျာ၊ အဲဒါနဲ့ပဲ ဟိုကောင်မလေးက အပြင်မောင်းထုတ်ခံလိုက်ရတာပဲလား၊ အဲဒါကြောင့် အဲဒီမိန်းမကြီးကို ကြည့်မရတာ၊ သူ့သမီး အေးဘုံမကိုယူပြီး နှိပ်စက်ပြလိုက်ချင်တယ်၊ ဟင်း...''

''သွားမလုပ်ပါနဲ့ကွယ်၊ အေးဘုံမက သားဆိုရင် ကြည့်ရတာ မဟုတ်ဘူး၊ ပြီးတော့ သူ့ကို လာမယ့်နွေရာသီကျရင် ယောကျ်ားပေးစားတော့မှာကွဲ့''

''အဲဒါလည်းကောင်းတာပဲ၊ ဒါမှ သူ့သမက်ဆိုးနဲ့တွေ့မှာ''

ဝင်းကြိုင်က ကြားထဲမှ ဒေါ်မနသဖြစ်နေ၏။ ပူတူးမလေးကို ကြည့်ပြီး သနားနေပြန်သည်။

တဖြည်းဖြည်းနှင့် မှောင်လာ၍ ပူတူးမအား စိတ်မကောင်းစွာဖြင့် စောင့်ကြည့်နေသေးသည်။ ဒေါ်ဘုတ်ဆုံက ထိုသို့ မကြာမခဏ အပြစ်ပေးတတ်ရာ မိန်းကလေးငယ်တစ်ယောက်အဖို့ အန္တရာယ်ရှိမှန်း စဉ်းစားမိပုံ ပေါ်မည်မဟုတ်ပေ။

''ဟင်.....ပူတူးမလေး မြေကြီးပေါ် အိပ်ချလိုက်ပြီ အမေ''

''အဲဒါ ဘာဖြစ်သလဲကွယ်၊ သူ့မိဘတောင် ရက်စက်သေးတာပဲ၊ မင်းက အနေသာကြီး၊ အင်း...

**ဝင်းကြိုင် မဟုတ်တာ မလုပ်ပါစေနဲ့၊ သူက ပူတူးမကို သနားနေတဲ့သူ၊**
**ဒီတော့ တစ်နေရာမျှား သွားပို့ထားသလား၊**
**ပြီးတော့ သူ့ပုဆိုးနောက်မှာလည်း အကွက်တွေနဲ့ . . .**

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘုတ်ဆုံကိုတော့ ပြောပြရဦး မယ်''

သားအမိနှစ်ယောက်က မနေ တတ်၊ မထိုင်တတ် ဖြစ်နေကြသည်။ နောက်ကြာတော့ ဝင်းကြိုင်က ဖိုက် ခါလာ၍ အိမ်ထဲဝင်သွားရာ ဒေါ် ထွေးမြလည်း ဘုရားစင်ရှေ့တွင် ထိုင်ချလိုက်တော့၏။

+++

''အမေ အမြည်းလုပ်ပေးပါဦး၊ ဝဲလှော်ရှိလည်းရတယ်''

''အေး.....အေး''

အရက်ဝိုင်းက ထုံးစံအတိုင်း မိုးချုပ်သည်နှင့် စတော့၏။ ပုလင်း သံ၊ ခွက်သံ၊ စကားသံများဖြင့် ဒေါ် ထွေးမြလည်း အိပ်မရချေ။ သည် တော့ ငုတ်တုတ်ထိုင်ရင်း ဆန်ရွေး၊ ဆန်ပြာ လုပ်နေလိုက်သည်။ ည ၉ နာရီခန့်အချိန်တွင် ဒေါ်ဘုတ်ဆုံ တို့အိမ်မှ ငိုယိုသံများ ကြားရတော့ ၏။ ဒေါ်ထွေးမြလည်း စိတ်ပူသွားရာ ချက်ချင်းသွားမေးလိုက်ရသည်။

''ပူတူးမ ပျောက်နေတယ် ဒေါ် ထွေးမြ၊ လိုက်ရှာတာလည်း နှံ့နေ ပြီ ဘယ်မှာမှ ရှာမတွေ့ဘူး''

''ညနေက ရှင်ပဲ ကလေးကို မောင်းချထားတာမဟုတ်လား၊ အိမ် ပေါ်ပြန်တက်မလာဘူးလား''

''ဟင့်အင်း၊ ကျွန်မလည်းပြန် ခေါ်ဖို့ မေ့သွားတယ်၊ သူ့ကို အပြင် မှာမတွေ့တော့ အိပ်ခန်းထဲမှာ ဝင် အိပ်နေတယ်ထင်နေတာပါ၊ လုပ် ကြပါဦး၊ ကျွန်မသမီးလေးကို ရှာပေး



ကြပါဦးတော်''

''အဲဒါ ရပ်ကွက်အုပ်ချုပ်ရေး မှူးအိမ်ကို သွားအကြောင်းကြားပါ လား၊ ရှင့်အတွက် သင်ခန်းစာပဲ၊ ကလေးအန္တရာယ်မဖြစ်ခင် မြန်မြန် ရှာမှဖြစ်မှာ၊ အိမ်ကို ကျုပ်ကြည့် ထားပေးပါ့မယ်တော်''

ဒေါ်ဘုတ်ဆုံနှင့် အေးဘုံမတို့ လည်း အပြေးအလွှား ထွက်သွား ကြတော့သည်။ မုဆိုးမတစ်ယောက် အဖို့ အားကိုးအားထားပြုစရာ ယောက်ျားသားမရှိ၍ အရေးကြုံလာ လျှင် သူပဲဦးဆောင်နေရ၏။ သည် တော့မှ ပူတူးမအား မောင်းချမိ သည်မှာ မှားသွားကြောင်း သိလာ ရသည်။

''အမေ့ကို စိတ်ဆိုးပြီး ထွက် သွားတာလား ပူတူးမရယ်၊ နောင် ကြဉ်အောင် လုပ်လိုက်တာ အမေ့ အတွက် နောင်တရဖို့ ဖြစ်လာရပါ လားနော်၊ အုပ်ချုပ်ရေးမှူးအိမ်ကို အရင်ဝင်ကြည့်ရမယ်အေ''

မျက်ရည်စက်လက်ဖြင့် ပူတူးမ ပျောက်ဆုံးကြောင်း သွားတိုင်ရ တော့သည်။ အုပ်ချုပ်ရေးမှူးက ပူ တူးမ သွားလာတတ်သည့် နေရာ မျိုးနှင့် သူငယ်ချင်းအိမ်များအား စုံ စမ်းခိုင်း၏။ တစ်ဖက်မှလည်း သက် ဆိုင်ရာသို့ လူပျောက်မှုဖြင့် တိုင် ကြားထားလိုက်သည်။ ည ၁၁ နာရီ အချိန်တွင် ဒေါ်ဘုတ်ဆုံတို့သားအမိ ပြန်ရောက်လာကြ၏။

''ကလေးကိုတွေ့ခဲ့လားဟင်''

''မတွေ့သေးဘူး ဒေါ်ထွေးမြ၊ ကျွန်မသမီးလေးတော့ ရေတိမ်နစ် ပြီလား မပြောတတ်ဘူး၊ ကျွန်မ အများပါ ဒေါ်ထွေးမြရယ်၊ ကျွန်မ အများပါရှင်၊ အီး.....ဟီး.....ဟီး''

''ခုချိန်မှာ ဒါတွေပြောမနေပါနဲ့ တော့၊ ပူတူးမကို ရှာတွေ့ဖို့သာ အရေးကြီးပါတယ်၊ ပူတူးမက စိတ် ဆတ်တယ်၊ မိဘကို စိတ်နာပြီး အိမ်ကထွက်ပြေးသွားတာများလား''

''ဟုတ်မှာပါရှင်၊ ကျွန်မကြောင့် ကျွန်မသမီးငယ်လေး ဒုက္ခဖြစ်ပါပြီ''

ဒေါ်ဘုတ်ဆုံတို့သားအမိလည်း ငိုနေတော့သည်။ ဒေါ်ထွေးမြလည်း စိတ်မကောင်းစွာဖြင့် အိမ်ဘက်သို့ ပြန်လာရတော့၏။

''ဩော်.....မှူးတွေတောင် မွဲ စောစောသိမ်းသွားကြပါလား ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပါဦး၊ ဝင်းကြိုင်တစ်ယောက်အအေး ပတ်ပြီး သေနေရင်အခက်၊ ဟဲ့..... ဝင်းကြိုင်၊ ထ.....ထ၊ အိမ်ထဲသွား အိပ်ချေတော့''

''အင်...ဘာလဲ၊ အိပ်နေတယ်ဗျ''

''နင် အအေးပတ်ပြီး သေမှာစိုးလို့ ပြောနေတာ၊ သွား.....အိမ်ထဲဝင်အိပ်တော့''

''တော်တော်ရှုပ်တဲ့ အဘွားကြီး၊ ကောင်းကောင်းကို မအိပ်ရဘူးဗျာ''

ဝင်းကြိုင်က ကမူးရှူးထိုးနှင့် ထသွားမှ သူ့ပုဆိုးနောက်ရှိအကွက်ကြီးထံ အကြည့်ကရောက်သွား၏။ ဒေါ်ထွေးမြရင်မှာ ထိတ်ခနဲဖြစ်သွားရသည်။ ညနေက ဝင်းကြိုင်နောက်ဖေးဘက်ဝင်သွား၏။ သူက ဘုရားရှိခိုးနေ၍ ဘယ်ကိုထွက်သွားမှန်း မသိပေ။ တစ်နာရီနီးပါး ပုတီးစိပ်၊ တရားထိုင်ပြီးချိန်ကျမှ ဝင်းကြိုင်က အရက်ဝယ်ပြီး ပြန်လာ၏။ အဖော်များလည်း ပါလာသည်။

''ဘုရား....ဘုရား၊ ဝင်းကြိုင်မဟုတ်တာ မလုပ်ပါစေနဲ့၊ သူက ပူ တူးမကို သနားနေတဲ့သူ၊ ဒီတော့ တစ်နေရာများ သွားပို့ထားသလား၊ ပြီးတော့ သူ့ပုဆိုးနောက်မှာလည်း အကွက်တွေနဲ့၊ ဧကန္တ.....''

ဒေါ်ထွေးမြမှာ မတွေးရဲတော့ပေ။ ဝင်းကြိုင်က မူးရူးနေသည့်သူ၊ စိတ်ချ၍မဖြစ်ပေ။ တကယ်လို့များ သူထင်သလို ဖြစ်လာလျှင် ရပ်ကွက်ထဲတွင် အရှက်ရပေတော့မည်။

''မိုက်လိုက်တဲ့ ဝင်းကြိုင်ရယ်၊ အဲဒါကြောင့် ဒီအရက်ကို မသောက်ပါနဲ့လို့ ပြောတာပေါ့၊ ဟင်း.....ငါဘယ်လို လုပ်ရပါ့''

အခက်တွေ့နေရတော့သည်။ ထိုကိစ္စအား ပေါ့ပေါ့တန်တန် သဘောထား၍ မဖြစ်ပေ။ စဉ်းစားကြည့်ပြန်တော့ ပူတူးမက အရွယ်ရောက်သေးသူမဟုတ်ပါ။ စိတ်ဆင်းရဲစရာများက ဒေါ်ထွေးမြကို ကြိုဆိုနေကြ၏။

သံသယစိတ်ဖြင့် ဝင်းကြိုင် အိပ်နေရာဆီသို့ သွားရောက်အကဲခတ်မိပြန်သည်။

''ကုတ်ခြစ်ရာတွေတော့မတွေ့ဘူး၊ ဒါပေမဲ့ ဝင်းကြိုင်က ပူတူးမနဲ့ အဆင်ပြေတဲ့သူဆိုတော့ တစ်နေရာမှာထားပြီးများ ပေါင်းသင်းနေချင်တာလား၊ ဟင်း.....စိတ်ညစ်ပါတယ်''

ဒေါ်ထွေးမြမှာ တစ်ညလုံးအိပ်မပျော်ပေ။ တောင်တွေး၊ မြောက်တွေးနှင့် မိုးလင်းသွားတော့၏။

+++

နံနက်လင်းချိန်တွင် စိတ်မကောင်းစရာ သတင်းဆိုးတစ်ခုကို ကြားရတော့သည်။ အဖြစ်က ဒေါ်ထွေးမြထင်တာထက် ပိုဆိုးနေ၏။ ဒေါ်ဘုတ်ဆုံ၏ငိုသံက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်။

''အောင်မယ်လေး...လုပ်ရက်လိုက်ကြတာတော်၊ ကလေးငယ်လေးကို မုဒိမ်းကျင့်ပြီး ရက်ရက်စက်စက် သတ်ပစ်လိုက်တယ်တဲ့၊ အီး..ဟီး...ဟီး...အီး၊ ကျွန်မသမီးလေး မရှိတော့ဘူး၊ သေသွားရှာပါပြီတော်၊ လူမဆန်တဲ့ကောင်၊ ငါ့သမီးသေသလို သေပါစေ''

ဒေါ်ထွေးမြလည်း ထိတ်လန့်သွားမိ၏။ ထို့နောက် သားဖြစ်သူကို အကဲခတ်လိုက်ရာ ဝင်းကြိုင်မှာ ငေးငိုင်ပြီး မှိုင်တွေနေသည်ကို တွေ့ရသည်။ သူ့အပြစ်များကို သိမြင်ပြီး နောင်တရနေမည်ဟု တွေးထင်ရင်း သား၏အနားသို့ တိုးကပ်သွားလိုက်၏။

''သား.....အမေ့ကို အမှန်အတိုင်း ဖွင့်ပြောပါလားကွယ်၊ ပူတူးမလေးကို ငါ့သား သတ်မိတာလား၊ အမေ့ကို မလိမ်ချင်ပါနဲ့ သားရယ်''

''ဗျာ.....အမေ ဘာတွေလာပြောနေတာလဲ၊ မနေ့ကတောင် ပူတူးမ အိမ်ရှေ့မှာရှိနေလို့ အမေနဲ့အတူ သနားနေတာပဲ၊ ကျန်တာကျုပ် မသိဘူး အမေ''

''ဒါဆို မင်းပုဆိုးနောက်က သွေးကွက်တွေက ဘာဖြစ်တာလဲ၊ ဘယ်လိုပေကျံလာရတာလဲ၊ ကလေးငယ်ကို မဟုတ်တာလုပ်ပြီး.....''

''အမေ တော်တော့ဗျာ၊ အမေဖြစ်နေလို့ ကြည့်နေတာနော်၊ တခြားလူဆို ကျုပ်သတ်မိလိမ့်မယ်၊ ဒီကိစ္စက ကျုပ်နဲ့မဆိုင်ဘူး''

ဝင်းကြိုင်က ပြောရင်း ပုဆိုးကိုဖြန့်ရင်းကြည့်လိုက်၏။ ပုဆိုးတွင် ဒေါ်ထွေးမြပြောသလို အကွက်များဖြင့် ပေကျံနေသည်။

''တောက်...ဘာတွေမှန်းလဲ

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ သက်သက် အမှုလာပတ်နေတယ်၊ ကဲကွာ.....''

ပုဆိုးကို ဆွဲယူလွှင့်ပစ်ပြီးနောက် အသင့်တွေ့သော ပုဆိုးတစ်ထည်ကို ကောက်ယူဝတ်လိုက်၏။ ဒေါ်ထွေးမြက ထိုပုဆိုးအား စက္ကူပုံးထဲ ခဏထည့်ထားလိုက်ရသည်။ ဝင်းကြိုင်ကတော့ မျက်နှာသစ်ပြီးသည်နှင့် လယ်ထဲသို့ စောစောဆင်းသွားတော့၏။ သည်တော့မှ ဒေါ်ထွေးမြလည်း သက်ပြင်းမောကိုချ၍ ဒေါ်ဘုတ်ဆုံရှိရာသို့ ထွက်လာရတော့သည်။

''ဒေါ်ထွေးမြ အိမ်ကိုကြည့်ထားပေးပါနော်၊ အခုပဲ ပူတူးမအလောင်းကို ဆေးရုံမှာသွားကြည့်မလို့ပါ၊ ညက အလောင်းပဲတွေ့တာတဲ့၊ စစ်ဆေးဖို့ မနက်မှ လာကြည့်ပါဆိုလို့ သွားမလို့ပါရှင်''

''အိမ်အတွက် စိတ်ချပါတော်၊ ဒါနဲ့ တရားခံတွေကို မိထားပြီလားဟင်''

စိုးရိမ်စိတ်ဖြင့် မေးလိုက်ရာ ဒေါ်ဘုတ်ဆုံက ခေါင်းခါပြသည်။ ဆေးရုံရောက်မှ အကျိုးအကြောင်းသိရမည်ဆို၏။ ဒေါ်ဘုတ်ဆုံတို့သားအမိ ထွက်သွားမှ ဒေါ်ထွေးမြလည်း ခြံတံခါးကို သေသေချာချာပိတ်၍ အိမ်ဘက်သို့ ပြန်သွားလိုက်တော့သည်။

''ပူတူးမရေ သမီးကိုသတ်တဲ့ တရားခံကို ကုပ်ဆွဲပြီးသာ ခေါ်လာခဲ့ပေတော့ကွယ်''

ဘာရယ်မဟုတ် စိတ်ထဲမှပြောလိုက်မိ၏။ ခြံဝအရောက်တွင်အပြင်မှခွေးဟောင်သံကိုကြား၍ အနည်းငယ်တုန်လှုပ်သွားရ၏။ ကေဒ္ဒ ပူတူးမများ သူ့အနားတွင် ရှိနေလေမလားဟု ကြောက်စိတ်ဖြင့် တွေးမိပြန်သည်။ အဝတ်လှန်းသည့် ကြိုးတန်းနားအရောက်တွင် လှန်းထားသော ပုဆိုးတစ်ထည်က အောက်သို့ အလိုလိုပြုတ်ကျသွား၏။ ပြီးနောက် ဒေါ်ထွေးမြခြေထောက်နားသို့ ရောက်လာရာ ကောက်ယူကြည့်လိုက်သည်။

''ဒါက ဘယ်သူ့ပုဆိုးလဲ၊ ငါ့သားဥစ္စာလည်း မဟုတ်ပါလား၊ ဟင်.....ဒီမှာလည်း သွေးကွက်တွေနဲ့''

လန့်ပြီးလွှတ်ချလိုက်မိ၏။ ထိုသွေးကွက်များမှာ ပူတူးမ၏သွေးများသာ ဖြစ်ရပေမည်။ သည်လိုဆိုလျှင် သွေးစွန်းနေသောပုဆိုးနှစ်ထည်ဖြစ်နေ၍ လူသတ်တရားခံမှာ နှစ်ဦးဖြစ်နိုင်၏။

''တစ်ယောက်က ဝင်းကြိုင်၊ နောက်တစ်ယောက်က ဘယ်သူဖြစ်မလဲ၊ သူ့လူငမူးတွေပဲ ဖြစ်ဖို့များတယ်၊ ဒါပေမဲ့ သေချာတာက ဝင်းကြိုင်ပါနေတာပဲ၊ ဟင်း.....ဒီကိစ္စကို သမီးကြီးအေးမြိုင်ကို သွား ပြောပြရရင် ကောင်းမလား၊ မလွတ်နိုင်မှန်းသိပေမယ့် သားသမီးဖြစ်နေတော့ ငါ ဘယ်လိုလုပ်ရပါ့''

နောက်ဆုံးတော့ အေးမြိုင်အိမ်သို့ ရောက်သွားတော့သည်။ သမီးကို ထိုကိစ္စကို တိုးတိုးတိတ်တိတ်ပြောပြလိုက်မိ၏။

''အဲဒါဆို သက်ဆိုင်ရာကို အကြောင်းကြားရမှာပဲ အမေ၊ အမေ့သားက ငြင်းနေတော့ သေချာအောင် စစ်ဆေးဖို့ သက်ဆိုင်ရာကို အဲဒီပုဆိုးနှစ်ထည် သွားပို့လိုက်အမေ''

''ဒီကိစ္စကို ဝင်းကြိုင်သိရင် မိုးမီးလောင်လိမ့်မယ်နော်''

''အဲဒါဆို သမီးသွားပို့လိုက်မယ် အမေ၊ အဲဒီပုဆိုးတွေကိုသာ လုံလုံခြုံခြုံ ထုပ်ယူခဲ့နော်''

''အေးပါကွယ်၊ ဒီအကြောင်းကို ညည်းလင်မသိစေနဲ့ဦးနော်၊ ပတ်ဝန်းကျင်မှာ ပျံ့သွားလို့မဖြစ်သေးဘူး''

''မပြောပါဘူး အမေရယ်၊ မြန်မြန်သာ ယူလာခဲ့တော့နော်''

''အေးပါအေ''

အေးမြိုင်လည်း ဒေါ်ထွေးမြ ထွက်သွားရာဆီသို့ ကြည့်ပြီးနောက် ပင့်သက်မောကို ချမိတော့၏။

''ကောင်းတယ်၊ ဒါမှ ဒီငမိုက်သား ထောင်ထဲရောက်ပြီး လိမ္မာသွားလိမ့်မယ်''

အဆိုးထဲကအကောင်းဟုသာ နားလည်လိုက်မိ၏။

+++

သမီးဖြစ်သူ အေးမြိုင်ထံသို့ ပုဆိုးနှစ်ထည်ကို သွားပို့ပြီး နှစ်ရက်ကြာသည့်နေ့တွင်တော့ အေးမြိုင်အိမ်သို့ ဒေါ်ထွေးမြ ရောက်သွား၏။ အိမ်ထဲတွင် တိတ်နေပြီး ကလေးနှစ်ယောက်က ကျောင်းသွားကြပေမည်။ သမက်ဖြစ်သူက

www.burmeseclassic.com



လယ်ထဲရောက်နေပါလိမ့်မည်။

"သမီးရေ.....အေးမြိုင်၊ အေးမြိုင်ရေ"

အိမ်ပေါ်သို့တက်လာပြီး အိမ်ရှေ့ခန်းတွင်မတွေ့၍ အိမ်ထဲသို့ဝင်လာလိုက်သည်။

"မီးဖိုထဲမှာ အလုပ်ရှုပ်နေပြီထင်တယ်"

မီးဖိုထဲတွင်လည်း မတွေ့ရပေ။ သည်တော့ အိပ်ခန်းရှိရာသို့ အပြင်မှရပ်၍ အသံပေးလိုက်ရသည်။ အထဲမှ မည်သည့်အသံမျှ မကြားရသဖြင့် ခန်းဆီးကို ဖယ်လိုက်သည့်အခါတွင်တော့.....

"ဟင်.....အေးမြိုင်၊ သမီးဘာဖြစ်တာလဲ"

အေးမြိုင်သည် ခေါင်းကွဲဒဏ်ရာဖြင့်သေဆုံးနေတော့သည်။ သွေးများမှာ ခြောက်နေချေပြီ။ အနားတွင် သွေးစွန်းနေသော ရဲတင်းတစ်လက်ကို တွေ့ရ၏။

"လာကြပါဦး.....အေးမြိုင်အသတ်ခံရလို့ပါ၊ လာကြပါဦး"

အနီးအနားအိမ်များမှ လူများရောက်လာကြသည်။ အေးမြိုင်သေဆုံးသွားသည်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာသို့ သတင်းပေးလိုက်ကြ၏။

"သူ့ယောက်ျား မသိသေးဘူး မဟုတ်လား၊ ဟေ့....တစ်ယောက်သွားခေါ်ပေးလိုက်ကွာ၊ ခြေရာလက်ရာတွေ မပျက်ပါစေနဲ့၊ ဒါက လူသတ်မှုနော်၊ အရေးကြီးတယ်"

အနားမကပ်ရဲကြတော့ပေ။ အပြင်မှ ရပ်ကြည့်ကြပြီး အေးမြိုင်



အတွက် စိတ်တသပ်သပ်ဖြစ်နေကြ တော့သည်။

"သနားပါတယ်ကွာ၊ ဘယ်သူ မှမရှိမုန်းသိလို့ သတ်သွားတာပဲဖြ ရမယ်"

"အေးမြိုင်က အေးပါတယ် ဘယ်သူနဲ့မှ အမုန်းမရှိပါဘူး"

သက်ဆိုင်ရာက လာရောက် စစ်ဆေးကြပြီးနောက် အေးမြို အလောင်းအား ဆေးရုံသို့ သယ် သွားကြတော့သည်။

"အမေ.....ကျွန်တော့်မိန်းမ ဘယ်သူတွေသတ်သွားကြတာလ မိန်းမကိုမှသတ်ရတယ်လို့ဗျာ၊ ကျွ ကိုသာ သတ်လိုက်ကြပါလာ မိန်းမရေ.....မင်းကိုသနားလိုက်တ ကွာ"

ကျန်ရစ်ခဲ့သူ အေးမင်းအ သနားနေကြတော့သည်။ ဒေါ်ဒေ မြလည်း တစ်ပူပေါ် နှစ်ပူဆင့် ထိုင်ငိုနေမိ၏။ သူ့ဒုက္ခအား သူသ လျှင် အသိဆုံးပင်။ ပုဆိုးအပ် မပြီး မေးရန်ရောက်လာစဉ် သ ဖြစ်သူ၏အလောင်းကို တွေ့ခဲ့ရ ဖြစ်သည်။ သိချင်သည့်ကိစ္စပင် မ လိုက်ရတော့ပေ။ သက်ဆိုင်ရာ မေးသမျှကို ဖြေပြီးနောက် ဒေါ်ဒေ မြတစ်ယောက် အိမ်သို့ပြန်လာရ အိမ်တွင် မှောင်မိုက်နေပြန်သ မီးမထွန်းထားသည်ကိုကြည့် ဝင်းကြိုင် ပြန်မလာသေးမှန်း သ ၏။

"ဟင်း.....ငါ့မှာလည်း တောက မထွက်နိုင်ပါလားနေ

အိမ်ထဲရောက်မှ မီးများဖွ

www.burmeseclassic.com

www.burmeseclassic.com


ချက်ပြုတ်ရန် ပြင်ဆင်နေစဉ် ဝင်းကြိုင် အိမ်ပေါ်သို့တက်လာ၏။ သူ့မျက်နှာက မကောင်းပေ။ သည်တော့မှ ဒေါ်ထွေးမြက အေးမြိုင်အလောင်းဘေးတွင် တွေ့ရသောရဲတင်းကို သတိရသွားသည်။ ထိုရဲတင်းအား မြင်ဖူးနေကျဖြစ်၍ ဝင်းကြိုင်၏ပစ္စည်းမှန်း သိနေ၏။

"အမေ.....အစ်မ အသတ်ခံရတယ်ဆို"

ဝင်းကြိုင်မျက်နှာအား အကဲခတ်လိုက်သော်လည်း တကယ်ပင်စိတ်မကောင်းသည့် အမူအရာမျိုးပါ။ သူသာ လူသတ်သမားဖြစ်ပါက ဟန်ဆောင်ကောင်းသူတစ်ယောက်သာဖြစ်ပေမည်။

"အေး.....ဟုတ်တယ်၊ ဒီသတင်းကို မင်းဘယ်က ကြားလာတာလဲ"

"ဖိုးမောင်လာပြောတာအမေ၊ ကျုပ်လည်း ကြားကြားချင်း အမေ့ကို လာမေးတာပဲ၊ အစ်မကို ဘယ်ကောင်ကများ သတ်သွားပါလိမ့်၊ ဒါ ကျုပ်ကို စိန်ခေါ်တာပဲ"

"မင်းရဲ့ရဲတင်းရော မမြင်ပါလား"

"မနေ့ကတည်းက လယ်ထဲမှာထားရင်း ပျောက်သွားတယ်အမေ၊ တစ်ခါမှ မပျောက်ဖူးပါဘူး"

"အေး.....မင်းရဲ့ရဲတင်းနဲ့ပဲ ခေါင်းကိုထုသတ်သွားတာကွဲ့"

"ဗျာ....."

ဝင်းကြိုင်တစ်ယောက် အကြီးအကျယ် အံ့ဩရင်း မျက်လုံးပြူးသွားတော့၏။ ဝင်းကြိုင်ကို အကဲခတ်နေသည့် ဒေါ်ထွေးမြက တောင်းပန်တိုးလျှိုးသံဖြင့်.....

"သား.....မင်းဟာ အပြစ်တွေကို တစ်ခုပြီးတစ်ခု ကျူးလွန်နေပါလား၊ မင်းကို အမေ စောင့်ကြည့်နေတာပါကွယ်၊ အမေ့ကိုရော သတ်ဖို့စိတ်ကူးထားပြီလား"

ဝင်းကြိုင်သည် စိတ်မကောင်းသည့်ဟန်ဖြင့်

"အမေ ကျုပ်ကို ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲဗျာ၊ ကျုပ် မသိဘူး၊ ကျုပ် အမေပြောနေတာတွေ နားမလည်ဘူး"

"အိပ်ချင်ယောင်ဆောင်မနေပါနဲ့ကွယ်၊ မင်းဟာ ပထမဆုံး ပုတူးမကို မုဒိမ်းကျင့်ပြီးသတ်တယ်၊ နောက်တော့ အဲဒီကိစ္စကိုမင်းအစ်မသိသွားလို့ မောင်နှမ စကားများကြရင်း မင်းရဲ့ရဲတင်းနဲ့ ထုသတ်လိုက်တာမဟုတ်လား၊ ရဲတင်းက သက်သေပြနေတယ်နော်၊ လိမ်ဖို့မကြိုးစားနဲ့"

"မဟုတ်ဘူး...မဟုတ်ဘူး၊ အမေ မှားနေပြီ၊ ကျုပ် အဲဒီလောက် ရက်စက်ပြီး အကြင်နာတရားမရှိတဲ့ကောင်မဟုတ်ဘူး၊ ကျိန်ပြောရဲပါတယ်ဗျာ"

"မင်းကို အမေ တစ်ခုပြောမယ်နော်၊ အမေ့ကို မင်း လိမ်လို့ရချင်ရမယ်၊ တရားဥပဒေကိုတော့ မင်း လိမ်ညာလို့မရဘူးကွယ်၊ ရဲတင်းဟာ မင်းကိုင်နေတဲ့ ပစ္စည်းမှန်း သိရင် မင်းကို စစ်ဆေးလာကြမှာပဲ၊ အဲဒီအချိန်မှာ မင်းငြင်းလို့မရဘူးနော်၊ တရားခံမပေါ်ခင်တော့ မင်းက ထောင်ထဲသွားနေရလိမ့်မယ်"

"နေလိုက်မယ်ဗျာ၊ ကျုပ်မှ မလုပ်တာ၊ ကျုပ်ပစ္စည်းကို တစ်ယောက်ယောက်က ခိုးသွားတာပဲဖြစ်ရမယ်၊ ဒါမှ အဲဒီသူခိုးကိုမိမှာ၊ တောက်....."

ဒေါ်ထွေးမြတစ်ယောက်သက်ပြင်းချမိ၏။ ဝင်းကြိုင်သည် ဖွတ်တရွတ်စိတ်ဓာတ်ရှိသူပီပီ သူမှန်လျှင်အလျှော့ပေးမည့်သူမဟုတ်ပေ။ အခုလည်း အကျောက်အကန်ငြင်းဆန်ရင်း အဖမ်းခံမည့်ပုံပါ။ သည်တော့ ဒေါ်ထွေးမြ၏ သံသယစိတ်

> " မိုက်မဲတဲ့သူအဖို့ ပြစ်မှုတွေကို ထပ်တလဲလဲ ကျူးလွန်နေမှာပဲ၊ အေးမင်းလိုကောင်နဲ့ ငါ့ အစ်မညားတာ ရင်နာတယ်ကွာ၊ ဒီကောင့်အကြောင်းကိုသိလို့ မယူဖို့ တားချိန်မှာ အစ်မမှာ ကိုယ်ဝန်ရှိနေပြီ ... "

www.burmeseclassic.com


က ဝင်းကြိုင်အပေါ် ပျောက်လုလု ဖြစ်သွား၏။

"သား မလုပ်တာ သေချာတယ်နော်"

"ကျုပ်က စကားကို နှစ်ခါ မပြောတတ်ဘူး အမေ"

"အေးလေ၊ ဒါဆိုလည်း ပြီးတာပါပဲ၊ တို့ရွာမှာ လူသတ်မှုက ဆက်တိုက်ဖြစ်နေတယ်၊ အင်း...လူတွေ.....လူတွေ၊ ဒေါသ၊ မောဟ၊ လောဘတွေကြောင့် အများများစွာကို အကြိမ်ကြိမ်ကျူးလွန်ရဲကြပါလားနော်"

"ကျုပ် ရဲတင်းပျောက်နေတာ အဘကျော်နဲ့ ဖိုးမောင်တို့ သိကြပါတယ်၊ သူတို့ကို ကျုပ်ပြောပြထားတယ် အမေ"

"မင်းကို လာစစ်မှာ သေချာတယ်ကွယ်၊ မင်းပစ္စည်းမှန်း အားလုံးက သိနေကြတာမဟုတ်လား"

ဝင်းကြိုင်လည်း ဒေါ်ထွေးမြ ပြောလိုက်မှ ငေးမှိုင်သွားတော့၏။

+++

ဒေါ်ထွေးမြပြောသလိုပင် မကြာမီတွင် ဝင်းကြိုင်အား ရဲတပ်ဖွဲ့ဝင်များက လာရောက်ဖမ်းဆီးသွားကြသည်။ ဖမ်းဆီးခြင်းအားဝင်းကြိုင်က မငြင်းဆန်နိုင်ပေ။ လူသတ်မှုတွင် ကျူးလွန်ခဲ့သော ရဲတင်းက ဝင်းကြိုင်ဖြစ်ကြောင်းအမှတ်အသားများက သက်သေပြနေ၏။ ပြီးတော့လည်း ဝင်းကြိုင်နှင့် အေးမြိုင်တို့ မောင်နှမက အမြဲတမ်း ရန်ဖြစ်တတ်ကြောင်း ပတ်ဝန်းကျင်က သက်သေခံနေပြန်၏။

"ကျွန်မသားလေးက သူ မသတ်ဘူးလို့ ပြောပါတယ်တော်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က စစ်ဆေးရုံသက်သက်ပါ၊ မှန်ကန်ရင်တော့ ပြန်လွှတ်မှာပါဗျာ"

"ရပါတယ်၊ ကျုပ်က ပစ္စည်းပိုင်ရှင်ဆိုတော့ ငြင်းမရဘူးပေါ့ဗျာ၊ အမေ.....ကျုပ်လိုက်သွားမယ်"

"ဟိုရောက်ရင် ကောင်းကောင်းမွန်မွန်ဖြေနော် သား၊ စိတ်ကို ရှည်ရှည်ထားကွယ်"

"ဟုတ်ကဲ့၊ သား နားလည်ပါတယ် အမေ၊ အမေနေကောင်းအောင်နေနော်၊ သားအတွက် ဘာမှမစိုးရိမ်နဲ့"

"အေးပါ သားရယ်"

ဒေါ်ထွေးမြသည် ဝင်းကြိုင်ကို ခေါ်သွားရာနောက်သို့ မျက်တောင်မခတ်ဘဲ လိုက်ကြည့်နေမိ၏။ သားဖြစ်သူ၏ နောက်ဆုံးပြောသွားသည့် မိခင်ကြီးအတွက် သံယောဇဉ်စကားလေးက ဒေါ်ထွေးမြဘဝတွင် အချိုသာဆုံးနှင့် အသာယာဆုံးဖြစ်သည်။ လိမ္မာရန် အသိတရားက ဝင်းကြိုင်ကို ပေးအပ်သွားပြီထင့်။ ဝင်းကြိုင်၏မျက်နှာမှာ အရင်လို မာမာထန်ထန်မရှိတော့ပေ။ မိခင်ကြီးအပေါ်တွင် သနားသွားပုံရ၏။

"ဒီမှာ ဒေါ်ထွေးမြ၊ ရှင့်သားကို နဂိုကတည်းက တရားခံဖြစ်မှန်း ကျုပ်သိတယ်တော့်၊ ရှင့်သား သိပ်ကိုဟန်ဆောင်ကောင်းတာပဲနော်၊ ကျွန်မသမီးလေးနဲ့ ရှင့်သားက အဆက်အဆံရှိနေတာ အားလုံးအသိပဲ၊ အဲဒီနေ့က ရှင့်သားပဲ ပူတူးမကို သွေးဆောင်သွားမှာ"

ဒေါ်ဘုတ်ဆုံက ဝမ်းသာအားရဖြင့် ရန်လာတွေ့၏။

"အကြောင်းအကျိုးမသိဘဲနဲ့ ရမ်းမပြောပါနဲ့ရှင်၊ ဝင်းကြိုင်က တရားခံမဟုတ်သေးပါဘူး၊ အခုဟာက သူ့အစ်မကိုသတ်ရာမှာ သူ့ရဲတင်းကိုတွေ့လို့ မသင်္ကာမှုနဲ့ စစ်မှာပါရှင်"

"အို.....သူပဲသတ်မှာပါ၊ ရှင့်သားက အရည်ဝင်သွားရင် မိဘလည်းမသိ၊ အစ်မလည်းမသိတဲ့လူမိုက်၊ သူ့ကိုယ်သူသတ်လို့သတ်မှန်းတောင် သိမှာမဟုတ်ဘူး"

ဒေါ်ထွေးမြ စိတ်မကောင်းဖြစ်သွားရ၏။ ဒေါ်ဘုတ်ဆုံက သူ့သမီးသောကနှင့်ဖြစ်၍ မရှင်းပြချင်တော့ပါ။ အခုအချိန်တွင်လည်း ဘာပြောပြော လက်ခံကြဦးမည်မဟုတ်ပေ။ အချိန်က စကားပြောလာလိမ့်မည်သာဖြစ်၏။

"ဟဲ့...ဝင်းကြိုင်ကို ဖမ်းသွားကြပါလား၊ ဒီကောင်သတ်လိုက်တာနဲ့တူတယ်"

"တောက်.....မိုက်ရိုင်းလိုက်တာကွာ၊ ဒီကောင်လို့တော့ ထင်သားပဲ"

"အေးလေ၊ ရွာနာတယ်၊ ဒီလိုကောင်မျိုးကို ထောင်ချပစ်မှကောင်းတာ"

တစ်ယောက်တစ်ပေါက်နှင့် ဝင်းကြိုင်အား ပုပ်ပုပ်နှစ်နှစ် ပြောဆိုနေကြတော့သည်။ ဒေါ်ထွေးမြ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ မကောင်းတော့ပေ။ တစ်ချိန်က သူမအား တလေးတစား ဆက်ဆံကြသူများမှာ ယခုတော့ မျက်စောင်းတခဲခဲနှင့် ရှောင်သွားကြ၏။ ဖိုးမောင်နှင့် အဘကျော်တို့သာလျှင် ဒေါ်ထွေးမြအား သတင်းမေးကြ၊ ဟင်းစားလာပေးကြနှင့် လိုအပ်သည့် အကူအညီကိုပေးကြ၏။

အေးမြိုင်၏ နာရေးတွင်လည်း ဒေါ်ထွေးမြမှာ ဝင်းကြိုင်သတင်းအား မကြားချင်မှအဆုံးပါ။ ကဲ့ရဲ့ရှုတ်ချတတ်သူတို့မှာ တစ်ဖက်သားနစ်နာမည်ကို မတွေးကြပေ။ ရမ်းသန်းပြောနေကြတော့သည်။ မခံနိုင်သူက တားယူရ၏။

"နင်တို့က အရီးလေးကို အားနာကြပါဦးဟာ၊ အရီးလေးခမျာသမီးကသေ၊ သားကထောင်ကျနဲ့ စိတ်သောကရောက်နေရှာတာပါ၊ စာ နာကြဦးမှပေါ့"

သည်တော့မှ တိတ်သွားကြ၏။ နာရေးပို့ရင်း အတင်းအဖျင်းပေါင်းစုံ ကြားရသည်။ ရပ်ကွက်သတင်း၊ ရပ်ရှင်သတင်း၊ ဂျာနယ်သတင်း၊ အင်တာနက်သတင်းသည်ဖြင့် မေးမြန်း၊ စုံစမ်းနေစရာမလိုပေ။ နာရေးတစ်ခါပို့သည်နှင့် သတင်းစုံသိရ၏။ အားလုံးက ပူဆူးမနှင့် အေးမြိုင်အားသတ်သူမှာ လူသတ်သမားတစ်ယောက်တည်းသာ ဖြစ်ရမည်ဟု ထင်ကြေးပေးကြသည်။ ဒေါ်ထွေးမြလည်း မြေးနှစ်ယောက်နှင့်အတူ သမက်အိမ်တွင် သွားနေပေးရ၏။ အေးမြိုင်နာရေး မပြီးမချင်း ရှိနေမှဖြစ်ပေမည်။ ကြားမှ သနားစရာကောင်းသူလေးများက မြေးနှစ်ယောက်ပဲဖြစ်၏။

"ဘွားဘွား၊ သမီးတို့မောင်နှမနဲ့ လာနေပါလားဟင်"

မြေးအကြီးမလေးက စတုတ္ထတန်း တက်နေပြီဖြစ်၏။ မြေးအငယ်ကောင်လေးက ဒုတိယတန်းတက်နေသည်။

"သမီးဖေဖေ ရှိနေတာပဲ မြေးရယ်"

"ဖေဖေရှိပေမယ့် အလကားပဲ ဘွားဘွား၊ သူက လယ်ထဲဆင်းပြီး အပျော်ရှာနေတာ"

"ဟဲ့.....ဟဲ့ ကိုယ့်အဖေကို ဒီလိုမပြောရဘူးလေ မြေးရယ်"

"မေမေနဲ့ရန်ဖြစ်တိုင်း မေမေက အဲဒီလိုပြောတာပဲ ဘွားဘွားရဲ့"

"လင်နဲ့မယားဆိုတာ ဒီလိုပဲပေါ့ မြေးရယ်"

သမက်ဖြစ်သူကို ကြည့်ပြန်တော့ တမှိုင်မှိုင်တတွေတွေနှင့် ဇနီးအတွက် ပူဆွေးသောကရောက်နေပုံပါ။ ဒေါ်ထွေးမြက ချက်ပြုတ်ကျွေးမွေး ပြုစုစောင့်ရှောက်နေရ၏။ အေးမင်းကို ဝိုင်း၍သနားကြ၊ ကူညီကြနှင့် နာရေးအိမ်တွင် စည်ကားနေသော်လည်း ဒေါ်ထွေးမြကိုမြင်သည်နှင့် မခေါ်မပြော ထွက်သွားကြတော့သည်။

+++

"သား ထမင်းစားကောင်းရဲ့လားကွယ်"

ဝင်းကြိုင်အတွက် ဒေါ်ထွေးမြက ထမင်းချိုင့်သွားပို့ပေးရ၏။ စစ်ဆေးနေချိန်အတွင်း အိမ်မပြန်ရပေ။ မှုခင်းဆရာဝန်၏ ဆေးစစ်ချက်မရသေးသည့်အတွက် ဝင်းကြိုင်အား အချိန်ယူစစ်ဆေးနေပုံရသည်။ ထမင်းကို အားပါးတရ စားနေပုံကို ကြည့်ပြီး ဒေါ်ထွေးမြက မေးမိ၏။

"စားကောင်းပါတယ် အမေ၊ ကျွန်တော့်ကိုလည်း မြို့နယ်မှူးနဲ့ စခန်းမှူးတို့က ကျွေးကြပါတယ်"

ဝင်းကြိုင်ထံမှ ကျူပ်ဆိုသည့် အသုံးအနှုန်းမျိုး မကြားရတော့ပေ။ ရဲစခန်းမှ ပြုပြင်ပေးလိုက်သည့် အသိတရားက ဝင်းကြိုင်ကို ပြောင်းလဲသွားစေ၏။ ဒေါ်ထွေးမြ ကျေနပ်လိုက်သည့်ဖြစ်ခြင်းပါ။

"ငါ့သား လိမ္မာလာပြီနော်၊ အမေ ဝမ်းသာလိုက်တာ သားရယ်၊ အမေမြင်ချင်တာ အဲဒါပဲ သား၊ ဟိုတုန်းကသာ ငါ့သား အဲဒီလိုနေရင် ပတ်ဝန်းကျင်ရဲ့ အပြောအဆိုတွေ လွတ်တာပေါ့ကွယ်"

"ဟုတ်တယ် အမေ၊ သားကိုယ်သားမှားမှန်းသိသွားပါပြီ၊ သားလိမ္မာပါတော့မယ် အမေရယ်"

"သာဓုပါ သားရယ်၊ သာဓုပါတော်၊ အမေ့သားလေး လူကဲ့ရဲ့ခံဘဝက လွတ်ကင်းပါစေ၊ အချုပ်အနှောင်ဘဝက လွတ်မြောက်ပါစေကွယ်"

မျက်ရည်များဖြင့် ဆုပေးလိုက်၏။ သားအမိနှစ်ဦး၏ စိတ်ချမ်းသာခြင်းအစစ်ကို ရလိုက်သော်လည်း သားဖြစ်သူအား တရားခံဖြစ်မမြင်လိုပေ။ ပြန်ခါနီးတွင်___

www.burmeseclassic.com



"ဒေါ်လေး ဝမ်းသာရတော့မှာပါဗျာ၊ တရားခံအစစ် ပေါ်တော့မှာပါ"

"ရှင်.....ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်"

"မောင်ဝင်းကြိုင်ကို ခေါ်ထားရတာလည်း လိုအပ်လို့ခေါ်ထားတာပါ၊ နောက်တော့ သိပါလိမ့်မယ်ဗျာ"

ဘာပဲပြောပြော ဒေါ်ထွေးမြအတွက် တစ်ဝက်ဝမ်းသာသွားရ၏။ ဝင်းကြိုင်အား မယုံရဲရဲဖြင့် မဟုတ်ပါစေနှင့်ဟုသာ ဆုတောင်းနေမိသည်။ ဒေါ်ထွေးမြ၏ အပြန်လမ်းက သွက်လက်နေ၏။ သူတို့သားအမိဘဝက အပစ်ပယ်ခံဘဝမှ မြန်မြန်လွတ်မြောက်ချင်လှပါပြီ။ သည့်နောက်တွင်တော့ စိတ်ချမ်းသာစွာဖြင့် အိမ်ပြန်လာခဲ့ရ၏။

"ဒေါ်လေး...ဒေါ်လေး၊ ခဏနေပါဦး"

"ဪ.....ဘယ်သူများလဲလို့၊ ဖိုးမောင်ကိုး"

"ပြောစရာရှိလို့ပါ ဒေါ်လေးရာ"

"ဘာပြောမလို့လဲ ဖိုးမောင်၊ ပြောလေ"

ဖိုးမောင်သည် လယ်ထဲမှပြန်လာခြင်းဖြစ်၏။ ဝင်းကြိုင်လုပ်နေသောလယ်အား သူက ဝိုင်းလုပ်ပေးနေရသည်။ လယ်ကိစ္စပဲ ဖြစ်မည်ထင်ပါ၏။

"ဟိုလေ.....ဟို.....ဟို"

"ပြောစမ်းပါ ဖိုးမောင်ရယ်၊ ဘာပြောမလို့လဲကွဲ့"

"ဒေါ်လေးသမက်အကြောင်းပါ၊ မိန်းမသေတာ ရက်မလည်ရသေးဘူး၊ သူက လယ်ထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေတာဗျ၊ မမြင်ချင်မှအဆုံး"

ဖိုးမောင်က ပြောရင်းနှင့် ဒေါသ သံပါလာ၏။

"ဒေါ်လေးကိုပွင့်ပွင့်လင်းလင်း ပြောပြပါကွယ်၊ အေးမင်းက ဘာတွေလုပ်နေလို့လဲ"

"သူရင်းငှား ထေိန့်မိန်းမနဲ့ ပျော်ပါးနေတာဗျ၊ ဟိုနွား ထေိန်ကလည်း ရွှေမိပြောသမျှ ယုံနေတာ၊ ဘယ်လိုလုပ်မလဲ"

"သေချာလို့လားဟယ်၊ ရွှေမိက ဟိုလူနဲ့တန်းခနဲ၊ ဒီလူနဲ့တန်းခနဲဖြစ်နေတဲ့ဟာ၊ ငါ့သမက်က ရိုးပါတယ်၊ မိန်းမကို သိပ်ချစ်တာပါ"

ဒေါ်ထွေးမြက နာရေးကိစ္စဖြစ်နေချိန်အတွင်း အေးမင်း၏ဝမ်းနည်းပုံကို မြင်တွေ့ပြီး စိတ်မကောင်းဖြစ်နေခဲ့၏။ ဖိုးမောင်စကားအား မယုံကြည်ချင်သေးပေ။

"လူရိုးအစစ်က သုသာန်မှာပဲရှိတယ် ဒေါ်လေးရေ့၊ အရင်တစ်ခါကလည်း ဦးချစ်သမီးနဲ့ဖြစ်လို့ အစ်မအေးမြိုင် ပွဲလာကြမ်းရသေးတယ်၊ ဒေါ်လေးမှ မသိတာပဲဗျာ"

"ဟုတ်လား၊ အေးမြိုင်က ပြော မပြပါလား"

"ဘယ်ပြောမလဲ၊ ကိုဝင်းကြိုင်ကို မကြည်တာလည်း အဲဒါပဲ၊ အေး မင်းက သူ့ဇာတ်လမ်းကို အစ်မအေးမြိုင်ကို သွားပြောတယ်ဆိုပြီး သမီးယောက်ဖချင်း စကားများကြတာလေ"

"ဪ....ဪ၊ ဒါကြောင့်မို့ အေးမြိုင်က သူ့မောင်ကို အိမ်မလာခိုင်းတာဘဲကိုး၊ ဒေါ်လေးကိုပြောတော့ ဝင်းကြိုင်အပြစ်တွေချည်းပဲ၊ ငါ့သားလေးက သက်သက်နာမည်ပျက်ရတယ်လို့ကွယ်"

မြေးအကြီးမလေး ပြောသည့်စကားအား သွားသတိရမိပြီး ဒေါ်ထွေးမြလည်း ကလေးများ၏အနာဂတ်ကို ကြိုတင်စဉ်းစားလိုက်ရ၏။ သည်အတိုင်းဆိုလျှင် အေးမင်းက တစ်ချိန်ချိန်တွင် အိမ်ထောင်သစ်ထူပေဦးမည်။ ကလေးနှစ်ယောက်အတွက် စိုးရိမ်သွားမိ၏။

"မြေးတွေကို ခေါ်ထားရရင်ကောင်းမလား"

"အဲဒါမှ သူ့အကြိုက်ဖြစ်မှာပေါ့ ဒေါ်လေးရာ၊ တစ်ခုခုတော့စဉ်း စားပါဦး"

"လုပ်ရကိုင်ရခက်တယ်ကွယ်၊ သားအဖကိစ္စဆိုတော့ ဒေါ်လေးကဘွားအေလေ၊ ကလေးတွေဆန္ဒကရှိသေးတယ်၊ သူလည်း တစ်ပင်လဲတစ်ပင်ထူချင်မှာပဲ၊ သူထူတဲ့အပင်က အထဲမှာဆွေးပြီး ခေါင်းပွတဲ့အပင်မျိုးမဖြစ်ဖို့ပဲ အရေးကြီးတယ်၊ သမက်ဖြစ်နေတော့လည်း တားလို့ရတာမှ မဟုတ်တာ ဖိုးမောင်ရယ်"

ပြောရင်းနှင့် ဒေါ်ထွေးမြမှာ သက်ပြင်းနွေးလေးကို ချလိုက်တော့သည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



"အေးမင်းကို မနက်က ရဲတွေလာဖမ်းသွားတယ် ဒေါ်လေးရေ့"

ဖိုးမောင်သည် ဒေါ်ထွေးမြနောက်သို့ ပြေးလိုက်ရင်း ပြောပြ၏။ ဒေါ်ထွေးမြက အေးမင်းအကြောင်းကို သိထားပြီးဖြစ်သည်။ ဝင်းကြိုင်ကို အိမ်သို့ပြန်ခေါ်လာစဉ် ဖိုးမောင်က ဝမ်းသာအားရပြောပြနေ၏။

"ဒေါ်လေးတို့ သိပြီးသားပါ ဖိုးမောင်ရာ၊ ဟိုမှာလေ မင်းအစ်ကို၊ သူ့ကို သွားခေါ်လာခဲ့တာပဲ"

"ဟာ...ကိုဝင်းကြိုင်ကြီး ပြန်လာပြီ၊ ဝမ်းသာလိုက်တာဗျာ"

"အေး၊ မင်းက ငါ့ကိုမတွေ့ပေမယ့် ငါက မင်းကိုတွေ့လို့ အမေနဲ့ ခပ်လှမ်းလှမ်းလျှောက်ခဲ့တာပဲ"

"အဲဒါဆို တရားခံအစစ်က အေးမင်းသေချာပြီပေါ့နော်"

"ဒါပေါ့ကွ၊ ကဲ.....အိမ်လည်းရောက်တော့မယ်၊ အိမ်ထဲရောက်မှ ပြောကြတာပေါ့ကွာ"

ဒေါ်ထွေးမြတို့သားအမိနှင့်အတူ အေးမင်းလည်းပါလာ၏။ အိမ် ပေါ်ရောက်သည်နှင့်.....

"ဒီလိုကွ၊ အေးမင်းက ပုတူးမလေးကို လယ်ကွင်းထဲခေါ်သွားပြီး ယုတ်မာခဲ့တယ်၊ နောက်တော့ သတ် ပစ်ခဲ့တာပေါ့ကွာ"

"ဟာဗျာ.....ရက်စက်ယုတ်မာလိုက်တာ၊ ပုတူးမက သူ့သမီးနဲ့မှ ရွယ်တူဥစ္စာ"

"အေး၊ အဲဒါ ဒေါ်ဘုတ်ဆုံ အသုံးမကျတာပဲ၊ ကလေးကိုအပြင်ထွက်ခိုင်းပြီး အပြစ်ပေးတတ်တာ မိဘတွေရဲ့အမှားပဲ၊ ပုတူးမဟာမှောင်လာတော့ ကြောက်ပြီး သူ့သူငယ်ချင်းဖြစ်တဲ့ အေးမင်းသမီးအိမ်ကို ရောက်သွားတယ်၊ အဲဒီမှာပဲ အေးမင်းက ကလေးကို ဖြားယောင်းခေါ်သွားပြီး သတ်ခဲ့တာပဲ၊ ပြီးတော့ မင်းတို့အိမ်ရှေ့ကို ရောက်လာပြီး ဒေါ်ဘုတ်ဆုံအခြေအနေကို လာကြည့်ခဲ့တယ်တဲ့"

"ဒါဆို ပုတူးမကိုသူသတ်တာ သေချာသွားပြီပေါ့နော်"

"ဒါပေါ့ကွ၊ အဲဒီကိစ္စနဲ့ အစ်မက သူ့ယောက်ျားကို မသင်္ကာဖြစ်ခဲ့တယ်၊ သူတို့လင်မယား တစ်ညလုံး ရန်ဖြစ်ခဲ့ကြတယ်တဲ့"

ဖိုးမောင်က အေးမြိုင်သိထားသည်ကို အံ့ဩသွား၏။

"အစ်မအေးမြိုင်က ဘယ်လိုသိတာလဲ မသိဘူးနော်"



တကျော့ဆိုတဲ့
ကိုလေသာမှာ
ရာဂကြီးလာရင်
အမှားနဲ့အမှန်ကို
မခွဲခြားနိုင်တော့ဘူးပေါ့ကွယ်၊
မလုပ်သင့်၊
မလုပ်ထိုက်တဲ့အမှားကို
ကျူးလွန်နိုင်ကြတယ်၊
ဥပဒေမျက်ကွယ်မှာ
အမှားအကြိမ်ကြိမ်
ကျူးလွန်ဖို့
ဝန်မလေးတော့ဘူး
...

www.burmeseclassic.com

www.burmeseclassic.com





"ပုဆိုးနှစ်ထည်ကိစ္စလို့ ပြောတာပဲ၊ အဲဒီပုဆိုးတွေမှာ သွေးစွန်းနေလို့ အစ်မက သူ့ယောက်ျားကို မေးရင်း စကားများကြတာပဲ"

ထိုကိစ္စက ဒေါ်ထွေးမြနှင့် ဝင်းကြိုင်တို့သာ သိနေ၏။ တကယ်တော့ အေးမင်းသည် ပူတူးမကို သတ်ပြီး သူ့ပုဆိုးတွင် ပေကျံလာသော သွေးကွက်များကြောင့် ဒေါ်ထွေးမြတို့အိမ်မှ အဝတ်တန်းတွင် လှန်းထားသော ဝင်းကြိုင်၏ပုဆိုးများနှင့် လဲလှယ်ဝတ်သွားခဲ့ခြင်းဖြစ်၏။ ဝင်းကြိုင်ကလည်း ဖြစ်ချင်တော့ ဘောင်းဘီတိုနှင့် အရက်သောက်ခဲ့ရာက ချမ်းလာပြီး ပုဆိုးကောက်ဝတ်ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းများအား ပြောမပြတော့ပေ။

"အေးမင်းထပ်ယုတ်ပုံက ငါ့ရဲ့ရဲတင်းကို ခိုးယူပြီး ငါ့အစ်မကို ကလေးတွေကျောင်းသွားချိန်မှာ ထုရိုက်သတ်ခဲ့တယ်၊ ပြီးတော့ ငါသတ်တဲ့ပုံနဲ့ လုပ်ဖာတ်ထွင်ခဲ့တာပဲ"

"ဒေါ်လေးတွေ့လို့ တော်သေးတာပေါ့နော်၊ ဘယ်သူမှမတွေ့ရင် အလောင်းကို ဖျောက်ဖျက်ပစ်မှာပဲ"

"ဒါပေါ့ကွ၊ မိုက်မဲတဲ့သူ့အဖို့ ပြစ်မှုတွေကို ထပ်တလဲလဲ ကျူးလွန်နေမှာပဲ၊ အေးမင်းလိုကောင်နဲ့ ငါ့အစ်မညားတာ ရင်နာတယ်ကွာ၊ ဒီကောင့်အကြောင်းကိုသိလို့ မယူဖို့ တားချိန်မှာ အစ်မမှာ ကိုယ်ဝန်ရှိနေပြီ၊ ကဲ.....ဒီကောင်က သွက်ပါ့"

"ဒါတောင်အစ်ကိုကိုကြောက်လို့ ယူတာနော်"

"မယူကြည့်ပါလား၊ သေတောင်သွားဦးမယ်"

ဒေါ်ထွေးမြက ပင့်သက်ရှည်ကို ချလိုက်ပြီး သူတို့ကို ဆုံးမစကားပြောလိုက်တော့၏။

"တဏှာဆိုတဲ့ ကိလေသာမှာ ရာဂကြီးလာရင် အမှားနဲ့အမှန်ကို မခွဲခြားနိုင်တော့ဘူးပေါ့ကွယ်၊ မလုပ်သင့်၊ မလုပ်ထိုက်တဲ့အမှားကို ကျူးလွန်နိုင်ကြတယ်၊ ဥပဒေမျက်ကွယ်မှာ အမှားအကြိမ်ကြိမ် ကျူးလွန်ဖို့ဝန်မလေးတော့ဘူးပေါ့ သားတို့ရယ်၊ ဒါကြောင့်မို့ အရက်သေစာ သောက်စားမူးယစ်ရင် ကိလေသာအစွဲဖြစ်ကြမယ်၊ ဒီတော့ အမှားအမှန် မခွဲခြားနိုင်တော့ဘူးပေါ့ကွယ်"

"ဟုတ်တယ် ကိုဝင်းကြိုင်၊ ညဘက် အရက်ဝိုင်းဖွဲ့ပြီး မသောက်ပါ

အမေ သားကိုယ်သား
မှားမှန်းသိသွားပါပြီဗျာ၊
အမေ့ကို
စိတ်ချမ်းသာအောင်
မထားခဲ့မိလို့
ပတ်ဝန်းကျင်ရဲ့
ကဲ့ရဲ့ရှုတ်ချမှုတွေကို
သားခံခဲ့ရတာပါ၊
ဒီနေ့ကစပြီး
ကျွန်တော်
လိမ္မာပါတော့မယ် အမေ
...

www.burmeseclassic.com

www.burmeseclassic.com


ဲ့တော့ဗျာ၊ အစ်ကို့ကို ညာသောက်နေကြတာဗျ။ အစ်ကိုပဲ ကုန်နေရဘာမဟုတ်လား''

''ကုန်တာထက်အရက်သမားသုံးလုံးဖြစ်မှာကို အမေစိုးရိမ်တယ်သား၊ အရက်သမား အမှားကုဋ္ဌေကုဋ္ဌာတွဲ၊ မင်းလီမွှာတာကို အမေမြင်ချင်တယ်၊ အမေ့မှာ သားသမီးဆိုလို့ တစ်ယောက်ပဲရှိပါတော့တယ်ကွယ်၊ အမေ့ကိုသနားပါသားရယ်''

သေဆုံးသွားသူ သမီး အေးမြိုင်၏ မျက်နှာအား ပြန်မြင်ရင်းဒေါ်ထွေးမြမှာ မျက်ရည်ဖြိုင်ဖြိုင်ကျလာ၏။ မိခင်ကြီး၏မျက်ရည်များကိုမြင်တွေ့ရသည့်နောက် ဝင်းကြိုင်တစ်ယောက် နောင်တရသွားတော့သည်။ မိဘအပေါ် ရိုင်းပျစွာပြောဆိုမှုများဖြင့် သူ့အတွက် သံသရာတွင် ဝဋ်ကြွေးမယူသွားလိုတော့ပေ။

''အမေ သားကိုယ်သား မှားမှန်းသိသွားပါပြီဗျာ၊ အမေ့ကို စိတ်ချမ်းသာအောင် မထားခဲ့မိလို့ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှောင်ကြဉ်မှုတွေကိုသားခံခဲ့ရတာပါ၊ ဒီနေ့ကစပြီး ကျွန်တော်လီမွှာပါတော့မယ် အမေ၊ မမိုက်တော့ပါဘူးဗျာ''

''သာဓုပါကွယ်၊သာဓု..သာဓု၊ အမေဝမ်းသာလိုက်တာ၊ သားအစ်မရော၊ ယောက်ဖရော မရှိကြတော့မင်းရဲ့တူ၊တူမ၊ အမေ့မြေးလေးတွေ အားငယ်နေရှာရော့မယ်၊ အမေမြေးတွေကို အိမ်ခေါ်လာတော့မယ်နော် သား''

''ခေါ်ရမှာပေါ့ အမေရာ၊ ကျွန်တော့်တူ၊ တူမလေးတွေအတွက်ကျွန်တော်က မြေတောင်မြှောက်ပေးရတော့မှာပေါ့၊ သူတို့လေးတွေကို စောင့်ရှောက်တဲ့အတွက် အစ်မလည်း ကျေနပ်မှာပါဗျာ''

ဒေါ်ထွေးမြလည်း မြေးများကိုသွားခေါ်ရန် သွက်လက်သောခြေလှမ်းများဖြင့် ထွက်သွားတော့၏။ ဝင်းကြိုင်သည်လည်း အစ်မဖြစ်သူ၏ မျိုးဆက်များကို ပြုစုပျိုးထောင်ပေးရန် ခံယူချက်အပြည့်ဖြင့် ကြိုးဆိုနေမိတော့သည်။

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။


**ဆက်သွယ်ရန်လိပ်စာ**
ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်
- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com

# ရှေ့ကိုဘာမထိခင်အောင်

## ဓားပြခေါင်းဆောင် ပေါဒိကို ပစ်သတ်၍ ဖမ်းဆီးခဲ့စဉ်က



www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးဦးနက်ကျော်၏ သီချင်းညည်းသံသဲ့သဲ့ကြောင့် တပည့်ကျော်သံချောင်း ခြေလှမ်းများ ရွှေ့မတိုးတော့။

"ဆောင်းနှင်းသဇင်တော့..... ပြောင်းယွင်းချင်တော့ပြီ.....သီဝေသွယ်နှင်း....မင်းလွင်ကျင်းပြန်တော့ ပင်မြင့်စံတဲ့...ငွေသဇင်...ခင်မင်ခိုလှုံ ဆောင်းရိပ်မြုံထဲ....သူ့မှာရနံ့သင်း သင်းပျံ့လှိုင်ကြည်.....လှမာန်စိန်မြ ခြယ်စီ...လသာစဉ်အခိုက်..လရောင်ကိုသူကြိုက်ပါ၍.....မှောင်မိုက်လွန်ကာ...နေရောင်လာသော်...လသာသာ...မေ့နိုင်အားသည်...ယုံစားနေသမျှ...ကိုယ့်အမှားဖြစ်မည်...လွမ်းရက်ရှည်ရှည်...ဖြေပါနိုင်.....ငါးပွင့်ပန်းခိုင်...လက်ဝယ်ကိုင်ကာ..စိန္တေထံ...လျှောက်တိုင်ဝံ့သည်...ဆောင်းဟေမန်...ခါဆန်းရင်....သဇင်ပန်းတွေပွင့်မှာစိုးပါသည်.....

ငွေနှင်းရယ်မှုန်...လေညင်းသုန်သောတစ်ညဆီ....ချစ်ခွန်းဝေရွှန်းလမင်းရှက်အောင်...ချစ်သက်နှောင်ခဲ့...မောင်မမေ့ပါချေပြီ..မြောက်လေသုတ်ဖျန်း.....ချမ်းရှာ အေးရှာရော့မည်.....ရင်ဝယ်ထွေးကာ နွေးစေပါသည်.....နှင်းမကျစေကြောင်း ပန်းမဋ္ဌုမြတ်ပန်းခိုင်နဲ့.....ဦးတိုင်မြှောက်ချီ လျှောက်လိုပါသည်....ဒီလိုဆောင်းကိုရောက်ရင်....နှင်းမကျစေကြောင်းဆုတောင်းနေပါသည်....

ဒီနွေ ဒီမိုးတွေပြောင်းရင် ဒီဆောင်းကိုလည်း...ရောက်လာပေဦးတော့မည်.....ဆောင်းရောက်ရင်..သဇင်ပွင့်မည်...နှင်းကျမည်.....ဆုတောင်းမပြည့်ခဲ့ပါလေပြီ"

"ဖြောင်း...ဖြောင်း...ဖြောင်း"

ရွှေနေကြီး ဦးနက်ကျော်၏ သီချင်းသံအဆုံးဝယ် သံချောင်း၏ ဩဘာလက်ခုပ်သံတို့က တဖြောင်းဖြောင်း။

"သံချောင်း ဘယ်အချိန်တုန်းကတည်းက ရောက်နေတာလဲ"

"ဆရာ့သီချင်းအစကတည်းက ရောက်နေတာ၊ ဆရာက အဆိုကောင်းပဲ၊ ဆရာနဲ့ကျွန်တော် တစ်ခါလောက် KTV သွားရအောင်"

"မလုပ်ပါနဲ့ကွာ၊ အန္တရာယ်များပါတယ်၊ ကိုယ့်ဘာသာ ဒီအတိုင်းဆိုရတာ ပြဿနာမရှိဘူး"

"ဟုတ်တယ် ဆရာ၊ ပြီးခဲ့တဲ့ရက်က KTV ဆိုင်က နှစ်လောင်းပြိုင်လူသတ်မှုသတင်း ဖတ်လိုက်ရတယ်"

"ဒါပေါ့ကွာ၊ စိတ်ချမ်းသာစရာ

**နောက်အိမ်ထောင်ပြုတာချင်းအတူတူ ဘာဖြစ်လို့ မိန်းမဖြစ်သူက နောက်အိမ်ထောင်ပြုရင် ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုလို့ ပြဋ္ဌာန်းရတာလဲ**

...

www.burmeseclassic.com

www.burmeseclassic.com

လုပ်ရင်းက စိတ်ဆင်းရဲစရာတွေနဲ့ ကြုံရတဲ့အဖြစ်တွေပေါ့''

''ဒါနဲ့ ဆရာ စောစောက ဆရာဆိုတဲ့သီချင်းစာသားတွေက အရမ်းကောင်းတာပဲ၊ ဘယ်သူရေးပြီး ဘယ်သူဆိုတာလဲ''

သံချောင်းအမေးစကားကြောင့် ဦးနက်ကျော်သည် တပည့်ကျော်ကြီးအား အသေအချာစိုက်ကြည့်ပြီး.....

''သံချောင်းရာ ငါ့တပည့်ဖြစ်ပြီး ညံ့လိုက်တာ၊ သီချင်းရေးဆရာ မသိတာတော့ ထားပါတော့၊ အဆိုတော် ဟသ်ာတအောင်တင်ဝင်းရဲ့ နာမည်ကြီးသီချင်းဖြစ်တဲ့မပြည့်လေသော ကိုယ့်ဆုတောင်းဆိုတာတော့ သိဖို့ကောင်းတယ်''

''ကျွန်တော် တကယ်မသိလို့ မေးတာပါ ဆရာ၊ တေးရေးဆရာက.....''

''တေးရေးဆရာက သောင်းတင်ဌေး''

''ဩော်.....အဆိုတော် တွံ့တေးသိန်းတန်သီချင်းတွေကို အများဆုံးရေးတဲ့ ဆရာသောင်းတင်ဌေး''

''ဟ.....အဲဒါကျတော့ ငါ့တပည့်က ဟုတ်သွားပြန်ရော''

ရှေ့နေကြီးက ချီးကျူးစကားဆိုလိုက်ရာ တပည့်ကျော်သံချောင်း ပြုံးပျော်သွားလေသည်။

''ဆရာ မနက်ဖြန် မအူပင်ရုံးချိန်း ဘယ်သူ့လွှတ်မလဲ''

''ဒေါ်တင်လေးနွယ်ကိုလွှတ်မယ်''

''ဗိုလ်တထောင်ရုံးချိန်းကော''

''ဒေါ်ထက်ထက်လှိုင်နဲ့ ဒေါ်ချိုမာလွင်ကိုလွှတ်မယ်''

''အရှေ့ပိုင်းကော''

''ဒေါ်ခိုင်မေလှိုင်ကိုလွှတ်မယ်၊ ကြည့်မြင်တိုင်ရုံးချိန်းကို သံချောင်းနဲ့ဆရာ သွားကြမယ်''

''ဟုတ်ကဲ့ပါဆရာ၊ ဒါနဲ့ဆရာ ရုံးခန်းလခ စာချုပ်နီးလာပြီနော်''

''အေး.....မင်းပြောမှ သတိရတယ်၊ ရှေ့နေခ အကြွေးကျန်စာရင်းလေးလုပ်ကွာ၊ အမှုသည်တွေလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် အဆင်ပြေသလောက် မေတ္တာရပ်ခံပြီး တောင်းပေါ့ကွာ၊ အတင်းအကျပ်တော့ မတောင်းပါနဲ့''

''တချို့ကလည်း အမှန်တကယ် မပြေလည်သေးလို့ မပေးတာပါ၊ တချို့ကျတော့ ပေးနိုင်ရဲ့သားနဲ့ ကပ်နေတာ ဆရာရဲ့''

''ဒီလိုလည်း သဘောမထားပါနဲ့ တပည့်ရာ၊ ကိုယ့်ဘက်က သည်းခံပြီး စိတ်ရှည်ရှည်ထားပါကွာ''

ဆရာတပည့်နှစ်ယောက်တို့ စကားကောင်းနေစဉ် ရုပ်ရည်သန့်သန့် အမျိုးသမီးငယ်တစ်ဦး ရုံးခန်းထဲသို့ဝင်လာ၏။

''လာပါ ကလေးမ၊ ထိုင်ပါ''

သံချောင်းက ထိုင်ခုံလေးရွှေ့ပေးရင်း ခရီးဦးကြိုပြုနေသည်မှာ ပျာပျာသလဲ။ သံချောင်းစိတ်ထဲဝယ် အမှုအပ်မည့်သူဟု အပိုင်တွက်လိုက်ပုံရသည်။

''ရှေ့နေကြီးဦးနက်ကျော်ဆိုတာ.....''

အမျိုးသမီးလေးက ဦးနက်ကျော်ကိုကြည့်ပြီး စကားစသည်။

''ဦးဦးပါကွာ''

ရှေ့နေကြီးဦးနက်ကျော်က ရင်ဘတ်ကို လက်ဝါးဖြင့်အသာဖိပြီး ပြောလိုက်၏။

''သမီးက ---ဂျာနယ်က သတင်းထောက် မအေးမိစံပါ''

ရှေ့နေကြီးဦးနက်ကျော်နှင့် တပည့်ကျော်သံချောင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရုတ်တရက် စကားမပြောနိုင်။

''သမီးသိချင်တဲ့ တရားရုံးလောကနဲ့ ဥပဒေကိစ္စရပ်ကလေးတွေ မေးချင်လို့ပါ''

ပြောပြောဆိုဆို သတင်းထောက် မအေးမိစံသည် မှတ်စုစာအုပ်ကလေးနှင့် ဘောလ်ပင်ကိုထုတ်လိုက်သည်။

''မေးပါ မအေးမိစံ၊ ဦးတို့သိတာကိုသိတယ်၊ မသိတာကို မသိဘူး ဖြေကြားပါ့မယ်''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ သမီး ပထမဆုံးသိချင်တာက ရုံးခွန်တွေ ပြောင်းလဲသွားတဲ့အတွက် တရားစီရင်ရေးအခြေအနေ ဘယ်လိုရှိပါသလဲ''

ရှေ့နေကြီးဦးနက်ကျော် ခေါင်းတစ်ချက်ကုတ်လိုက်ပြီး.....

''မှုခင်းတွေအနည်းငယ်လျော့သွားပါတယ်''

''ဘာဖြစ်လို့ မှုခင်းလျော့သွားတာလဲ ဆရာ''

''ရုံးခွန်တွေမြင့်တက်သွားတော့ တရားစွဲမယ့်သူတွေက ရုံးခွန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



## အဲဒီဥပဒေ ပြဋ္ဌာန်းတုန်းက ယောကျ်ားတွေအင်အားနဲ့ ဆွဲခဲ့တာပဲဖြစ်မယ်၊ အခုလို လွှတ်တော်မှာ ဥပဒေရေးဆွဲသလို အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်တွေ ပါခဲ့ပုံမရဘူး...

မတတ်နိုင်တော့ အမှုတွေ တရားရုံး မရောက်ဘဲ လျော့သွားတာပါ သမီး''

''ဟုတ်ပါပြီ''

မအေးမိစံက မှတ်စုစာအုပ်တွင် ရေးမှတ်သည်။

''ဆရာ့ရဲ့ ရှေ့နေလုပ်သက် ဘယ်နနှစ်ရှိပြီလဲ''

''အနှစ်သုံးဆယ်ကျော်ရှိပါပြီ''

''ယခင်ခေတ်တရားစီရင်ရေးနဲ့ ယခုခေတ် တရားစီရင်ရေး ပြောင်းလဲတိုးတက်မှု ရှိပါသလား''

''အနည်းငယ်တော့ တိုးတက်ပြောင်းလဲတယ်လို့ ပြောလို့ရပါတယ်''

''လက်ရှိတရားစီရင်ရေးမှာ ရှေ့ဖတ်စာရေးတွေ အရေးပါအရာရောက်မှု ရှိပါသလား''

''သူတို့က တရားသူကြီးအရှေ့မှာ ထိုင်ရတဲ့အတွက် အရေးပါအရာရောက်ပါတယ်''

''အမှုအပြီးသတ် အမိန့်မချမီ လျှောက်လဲချက်ပေးရတယ်နော်''

''ဟုတ်ပါတယ်၊ လျှောက်လဲချက်ပေးပြီးမှ အမိန့်ချတာပါ''

''ရှေးဟောင်းရုပ်ရှင်ကားတွေမှာ ရှေ့နေတွေ အပြန်အလှန် လျှောက်လဲချက်ပေးတာ ကြည့်ရတယ်၊ အခုကော ဆရာတို့ အဲဒီလို လျှောက်လဲချက်ပေးရလား''

''တရားလွှတ်တော်မှာတော့ နှုတ်နဲ့ပြောရတယ်''

''ကျန်တဲ့ ရုံးတွေမှာကော ဆရာ''

''များသောအားဖြင့် ရေးသားလျှောက်လဲချက်တင်ရတယ်၊ နှုတ်နဲ့ပြောရတာ မရှိသလောက်ဖြစ်သွားပြီ၊ ရှိတော့ရှိပါတယ်''

''ဘာဖြစ်လို့ နှုတ်နဲ့မပြောရတာလဲ''

အဆိုပါမေးခွန်းအပေါ် ရှေ့နေကြီးဦးနက်ကျော်အဖြေစကားကြောင့် မအေးမိစံမှာ တခစ်ခစ်ဖြစ်နေ၏။ ဦးနက်ကျော် ခပ်တည်တည်ဖြင့်ဖြေလိုက်သည်မှာ.....

''နားငြီးလို့နေမှာပေါ့ သမီးရာ'' တဲ့။

''အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဲ.....နောက်ဆုံးသိချင်တာလေးတစ်ခု မေးပါရစေဆရာ''

''မေးပါ သမီး''

''Custammary Law မှာ ... ယောကျ်ားဖြစ်သူက နောက်အိမ်ထောင်ပြုရင်သာမန်အိမ်ထောင်ရေးပြစ်မှုလို့ ပြဋ္ဌာန်းထားတယ်နော်''

''ဟုတ်ပါတယ် သမီး''

''မိန်းမဖြစ်သူက နောက်အိမ်ထောင်ပြုရင် ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုလို့ ပြဋ္ဌာန်းထားတယ်နော်''

''ဟုတ်ပါတယ်''

''သမီးသိချင်တာက နောက်အိမ်ထောင်ပြုတာချင်းအတူတူ ဘာဖြစ်လို့ မိန်းမဖြစ်သူက နောက်အိမ်ထောင်ပြုရင် ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုလို့ပြဋ္ဌာန်းရတာလဲ''

အဆိုပါမေးခွန်းအပေါ် ဦးနက်ကျော်ဖြေလိုက်ပုံအား သတင်းထောက်မအေးမိစံ သဘောကျသွားလေသည်။ ရှေ့နေကြီးဦးနက်ကျော် ဖြေကြားလိုက်သည်ကတော့.....

''ဦးရဲ့အထင်ပြောရရင်တော့ အဲဒီဥပဒေ ...ပြဋ္ဌာန်းတုန်းက

www.burmeseclassic.com

ယောက်ျားတွေအင်အားနဲ့ ဆွဲခဲ့တာပဲဖြစ်မယ်၊ အခုလို လွှတ်တော်မှာ ဥပဒေရေးဆွဲသလို အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်တွေ ပါခဲ့ပုံမရဘူး''

''ကျေးဇူးတင်ပါတယ် ဆရာ၊ နောက်ကြုံရင် ဆရာ ရွှေနိုင်ငံသစ် သတင်းစာမှာရေးသားခဲ့တဲ့ သတင်းမီဒီယာသမားများသည် အာဏာထူထောင်သူများမဟုတ်ဆောင်းပါးနဲ့ပတ်သက်လို့ ဆွေးနွေးချင်ပါသေးတယ်''

''ရပါတယ် သမီး၊ နောက်ကို ရုံးဖွင့်ရက်မလာနဲ့၊ ရုံးပိတ်ရက် စနေနေ့လာပါ၊ အေးအေးဆေးဆေး ဆွေးနွေးရတာပေါ့''

''ဟုတ်ကဲ့ပါ ဆရာ၊ သမီးကို ခွင့်ပြုပါဦး''

---ဂျာနယ်သတင်းထောက် မအေးမိစံသည် ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ထွက်ခွာသွားလေသည်။

''ဆရာ ဝင်ခွင့်ပြုပါ''

မအေးမိစံကအထွက် ...၊ အသက် သုံးဆယ်ကျော် လူရွယ်က ရုံးခန်း ထဲသို့အဝင်။ ရွှေနေကြီး ဦးနက် ကျော်ထံ ဝင်ခွင့်တောင်းရင်း ခေါင်း လေးငုံ့ဝင်လာ၏။

ဦးနက်ကျော်က ခေါင်းညိတ်ပြလိုက်ပြီးနောက်

''ငါ့ညီ ဘာကိစ္စများရှိလဲ၊ လိုရင်းကိုသာပြောပါ၊ ဆရာတို့တရားခွင်သွားရတော့မှာမို့ပါ''

''ဩော်...ဆရာတို့က တရားခွင်သွားရတော့မှာကိုး''

ရှေ့နေကြီးဦးနက်ကျော်က လူရွယ်၏ အရိပ်အကဲကို အကဲခတ်သည်။ အမှုသစ်အပ်မည့်ပုံ။

''နာရီဝက်လောက်တော့အချိန်ရပါတယ်၊ ပြောပါ''

''ကျွန်တော့်ရဲ့မိဘတွေက အမှု တစ်မှု အပ်ချင်လို့ပါ ဆရာ''


''ဘာအမှုလဲ''

''တရားမမှုပါ ဆရာ''

''ဘာကိစ္စလဲ''

''ကုန်ဖိုးအကြွေးကိစ္စပါဆရာ၊ ဦးဘတုတ်ဆိုသူက ကျွန်တော့်မိဘတွေအပေါ် တရားစွဲထားတာပါ''

''ငွေဘယ်လောက်လဲ''



''သိန်းတစ်ထောင်ပါ ဆရာ''

''ဘယ်တရားရုံးမှာလဲ''

''အနောက်ပိုင်းခရိုင်တရားရုံးမှာပါ''

''အနောက်ပိုင်းခရိုင်တရားရုံးတော့ ဟုတ်ပါပြီ ငါ့ညီ၊ အနောက်ပိုင်းခရိုင်မှာက တရားခွင်တွေအများကြီးရှိတယ်၊ ဘယ်ခွင်ဆိုတာ အတိအကျသိဖို့တော့လိုတယ်''

အမှုလာအပ်သူ လူရွယ်လေး ခေါင်းတစ်ချက်ကုတ်လိုက်ပြီး.....

''ဘယ်တရားခွင်ဆိုတာတော့ ကျွန်တော် အတိအကျမသိဘူး ဆရာ၊ မိဘတွေကိုပြန်မေးမှ သိမယ်''

''ဟုတ်လား၊ မိဘတွေက ကိုယ်တိုင်ဘာဖြစ်လို့ မလာတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



“မိဘနှစ်ပါးစလုံးက ဒူးမကောင်းကြဘူး ဆရာ”

“အင်း.....ဒူးမကောင်းတာနဲ့ အနောက်ပိုင်းခရိုင်တရားရုံးကတော့ ပြဿနာပဲ”

အမှုလာအပ်သူလူရွယ်သဘောမပေါက်၊ နားမလည်။ သို့သော် လူရွယ်သည် ဒူးကိစ္စမမေးဘဲရှေ့နေအကျိုးဆောင်ခကိုသာမေးသည်။

“ဆရာ ကျွန်တော့်မိဘတွေ အမှုအပ်ရင် အကျိုးဆောင်ခဘယ်လောက်ရှိပါသလဲ”

“ရှေ့နေခကတော့ ငါးသိန်းရှိတယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ပထမထပ်က တရားခွင်တွေဆိုရင်တော့ ငါးသိန်းနဲ့လိုက်မယ်၊ အဲ.....ဒုတိယထပ်က တရားခွင်တွေဆိုရင်တော့ ငါးသိန်းနဲ့ မရဘူး၊ နှစ်သိန်းအပိုဆောင်းပေးရမယ်”

“ဆရာ ပထမထပ်က တရားခွင်တွေနံပါတ် သိချင်ပါတယ်”

လူရွယ်က စာရွက်နှင့်ဘောလ်ပင်ကိုင်ပြီး ခပ်ယို့ယို့လေးမေးသည်။

“ခရိုင်တရားသူကြီးတရားခွင်၊ ဒုခရိုင်(၅)၊ ဒုခရိုင်(၆)၊ ဒုခရိုင်(၇)၊ ဒုခရိုင်(၈)”

“ဒုတိယထပ်ကကော ဆရာ”

“တွဲဖက်(၁)၊ တွဲဖက်(၂)၊ ဒုခရိုင်(၁)၊ ဒုခရိုင်(၂)၊ ဒုခရိုင်(၃)၊ ဒု ခရိုင်(၄)၊ ဆရာ့စိတ်ထဲမှတ်ထားတာ ပြောတာနော်”

အမှုလာအပ်သူ လူရွယ်သည် ရေးမှတ်ထားသော တရားခွင်များကို တစ်ခေါက်ဖတ်ကာ ရှေ့နေကြီးအား တစ်ချက်မော့ကြည့်ပြီး.....

“ဆရာ ကျွန်တော် မသိတာလေး မေးပါရစေ”

“မေးပါ ငါ့ညီ”

“ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးချင်းအတူတူ ပထမထပ်နဲ့ ဒုတိယထပ် ဘာဖြစ်လို့ ရှေ့နေဈေးကွာရတာလဲ ဆရာ”

အဆိုပါအမေးစကားအား ရှေ့နေကြီးဦးနက်ကျော် ဖြေလိုက်ပုံကြောင့် အမှုလာအပ်သူ လူရွယ်၏ မျက်နှာဝယ် အပြုံးတစ်ချက်ဝင့်သွားလေသည်။ ရှေ့နေကြီးဦးနက်ကျော် အလေးအနက် ဖြေကြားလိုက်သည်မှာ.....

“ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ပထမထပ်နဲ့ ဒုတိယထပ်ကို ကြောင်လိမ်လှေကားနဲ့ တက်ရတယ်၊ ပထမထပ်အထိ ပြဿနာမရှိဘူး၊ ဒုတိယထပ်အထိ တက်ပြီးရင် ရှေ့နေအိုကြီးတွေဟာ ပါးစပ်နဲ့ပါ အသက်ရှူရတယ်၊ တစ်ယောက်နဲ့တစ်ယောက်နှုတ်ဆက်စကားမဆိုနိုင်ဘူး၊ မောလည်းမောတယ်၊ ညောင်းလည်းညောင်းတယ်၊ ဒါကြောင့် ဒုတိယထပ်က တရားခွင်ဆိုရင် ရှေ့နေခအပြင် ညောင်းကြေးအတွက် နှစ်သိန်းသတ်မှတ်ထားတာ ငါ့ညီရဲ့”တဲ့။ ။

ချစ်ကိုကိုယု

မောလည်း
မောတယ်၊
ညောင်းလည်း
ညောင်းတယ်၊
ဒါကြောင့်
ဒုတိယထပ်က
တရားခွင်ဆိုရင်
ရှေ့နေခအပြင်
ညောင်းကြေးအတွက်
နှစ်သိန်း
သတ်မှတ်ထားတာ
...

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



''ပုန်း.....''

''အားလားလား.....နာလိုက်တာ ဝေဖင်ရယ်''

ကျွန်မနောက်ကျော ပုန်းခနဲ။ ကြည့်စမ်း...အချစ်ဆုံးသူငယ်ချင်း ဝေဖင့်ဦး။ သူ့လက်ထဲက ဖိုင်တွဲကြီးနှင့် ပစ်ရိုက်ချလိုက်တာများ ကျွန်မမှာ.....

''နင် ခေါ်မကြား၊ အော်မကြားနဲ့ ဘာဖြစ်နေတာလဲ မြတ်မွန်''

ဝေဖင့်ကိုဖြေဖို့ စကားလတ်လတ်ဆတ်ဆတ်တွေက ကျွန်မဆီမှာမရှိ။ ရက်ကိုးရက်ကန်းနှင့်သာ ကျွန်မမှာ စာရင်းဖိုင်ကိုစစ်ဆေးရင်း မိတ္တူကူးစရာများကိုကွန်ပျူတာဌာနသို့ပို့ရန် စီစဉ်ရပါတော့သည်။

''ဆရာနဲ့ ရန်ကုန်ကို ဆွေ့ပြမျိုးပြ သွားရမှာဆိုတော့ နင့်ရင်တွေ ခုန်နေလောက်ရောပေါ့''

ဝေဖင့်စကားကို ကျွန်မ မချေပလို။ သီတင်းကျွတ်အတွက် မနက်ဖြန်မှစ၍ ကုမ္ပဏီဝန်ထမ်းများကို သုံးရက်ပိတ်ပေးမည်။ ထို့ကြောင့် မနေ့ကတည်းက ပိတ်ရက်သုံးရက်စာ အကြွေးတွေကို အတိုးနှင့်ပါ ပေါင်း၍ ကျေအောင်ဆပ်နေရခြင်း ဖြစ်ပါ၏။ အလုပ်တွေ စုပြုံနေလို့ကတော့ ကုမ္ပဏီပြန်ဖွင့်မယ့်ရက်မှာ သေပြီသာမှတ်။

ကျွန်မ သက်ပြင်းရှူရှူ ရှိုက်လိုက်မိပါသည်။

''နင် ဘာဖြစ်နေတာလဲ မြတ်မွန်၊ ဆရာနဲ့ အဆင်မပြေလို့လား''

''အို.....မဟုတ်ပါဘူး''

ကျွန်မရဲ့ မုသားအဖြေကို ဝေဖင်ကတော့ ယုံမှာမဟုတ်ပါ။ ကျွန်မ နံဘေးမှာ သူ့စာရင်းတွေသူ ပြန်စစ်ဆေးနေပါသည်။ ဆရာနှင့် အဆင်မပြေလို့တဲ့လားလေ။ အဆင်ပြေတာ၊ မပြေတာထက် မနက်ဖြန်ခါ ရောက်မယ်လို့ ရန်ကုန်ကို ကြိုတင်ဖုန်းဆက်ထားတာမို့ အဲဒီခရီးက ဖျက်၍မဖြစ်။ ဤကုမ္ပဏီမှာ ဆရာထန်မင်းဥက္ကာဆိုတဲ့ ဒါရိုက်တာတစ်ယောက်ကို ကျွန်မကလွဲပြီးတော့ 'ကိုကို'လို့ ဘယ်ဝန်ထမ်းကများခေါ်ခွင့်ရှိလို့လဲ။ ကျွန်မလိုမျိုး ဘယ်ဝန်ထမ်းကများ ကံကောင်းခဲ့တာမို့လဲလို့ ဘဝင်စိတ်လေးတွေနိုးထတတ်သေးတာ ကျွန်မရဲ့ အောင်မြင်မှုလား၊ ဒါမှမဟုတ်.....

✿ ✿ ✿

ကိုကိုရဲ့ သားလေးဆိုတာလေ အမယ်လေး နာမည်ကလည်းလေ ထန်မင်းသတ္တိရှင်တဲ့လားကွယ်။ ကျွန်မမှာ ဖျားသွားချင်လောက်အောင်ပဲ မောသွားရပါပြီ။ ကျွန်မရဲ့ နာမည်ကတော့ မြတ်မွန်၊ နှစ်လုံးတည်း။ ကိုကိုရဲ့သားနာမည်ကို ခေါ်ရတာ မယ်တော်ပျံပွဲလည်းမမီ၊ ဘုန်း ကြီးပျံလည်းမမီ ဆိုသလိုပါပဲ။ ကိုကို ငယ်ငယ်ကကော ဒီပုံစံလေးပဲ မဟုတ်လားလို့ သိချင်လိုက်တာ။

''ကိုကို့သားက အသားအရမ်းဖြူတယ်နော်၊ ထွားလည်းထွားတယ်၊ ကိုကိုနဲ့လည်း ရုပ်ချင်းဆင်တူပဲ၊ ကိုကို့ ကိုယ်ပွားစစ်စစ်ပဲနော်''

ကျွန်မပြောပြီးတော့ ထန်မင်းသတ္တိရှင်တစ်ယောက် သူ့ကလေးဂျာနယ်လေးကိုပိုက်၍ တစ်ဖက်ခြံစည်းရိုးဘက်သို့ မျှော်ငေးကာ ပြေးထွက်သွားပါတော့သည်။ ထိုဂျာနယ်စာအုပ်လေးက ကိုကိုဝယ်ပေးခဲ့တာမို့ တန်ဖိုးထားပုံရလေသည်။ သုံးတန်းကျောင်းသားလေး ထန်မင်းသတ္တိရှင်မှာ လုံးလုံးဝိုင်းဝိုင်းလေးမို့ ဖျစ်ညှစ်ချင်စရာကောင်းလှအောင် ချစ်စဖွယ်လေး။

''ဟောဟိုပိတောက်ပင်က နှစ်တိုင်းပွင့်လား ကိုကို''

''အင်း...ပွင့်တယ်ထင်တယ်''

ကိုကို စာရင်းဖိုင်တွေ စစ်ဆေးနေရာကနေ ကျွန်မကို မကြည့်ဘဲနှင့် ဖြေတာပါ။ ကိုကို့မျက်လုံးအစုံတွေက ကွန်ပျူတာထဲမှာ။ ကျွန်မတစ်ခြံလုံးကို မျက်စိကစားကြည့်မိတော့ လှလိုက်၊ စုံလိုက်တဲ့ အပင်

www.burmeseclassic.com

www.burmeseclassic.com

တွေလေ။ အရိပ်ရမျိုးတွေက အေးချမ်းလိုက်တာ။ အုန်းပင်ကြီးတွေမှာ သီးနေလိုက်တာများ။

ဆရာမကြီး စာရေးဆရာမ ခင်နှင်းယုရဲ့ 'လေးကျွန်းမြင့်မိုရ် တောင်ထက်ပို' ဝတ္ထုတိုလေးထဲမှာ အုန်းပင်တစ်ပင်စိုက်တာ လင်တစ်ယောက်ရသလိုပဲတဲ့လေ။ စံပယ်ရုံ၊ ဖွန်ပန်းရုံတွေဆိုတာ ခူးလို့မှ နိုင်ပါရဲ့လား။

"ဒီနှစ် ပိတောက်တွေပွင့်ရင် မြတ်မွန် ပန်ရတော့မှာပေါ့"

ကျွန်မဘက်ကဆန္ဒကို လိုလားစွာ ပြောမိတော့ ကိုကို တစ်ချက်မော့ကြည့်လာပါသည်။

ပိတောက်ပန်းက ဆံပင်ရှည်နှင့်မှ လိုက်ဖက်တာတဲ့။ ကျွန်မနားကြားများမှားသလား၊ ကြည့်စမ်း၊ ကိုကို့နှုတ်ဖျားက ဒီလိုမျိုး ပြောထွက်ရက်တာ ဘာကြောင့်များလဲကွယ်။ ကိုကိုက ဆံပင်ရှည်ကို နှစ်သက်သလား။

"လက်ထပ်ပြီးရင် မန္တလေးမှာပဲ အခြေချကြရမယ် မြတ်မွန်"

ပိတောက်ပန်းကိစ္စကနေ စကားလမ်းကြောင်းက ရှင်းလင်းစွာ ပြောင်းသွားခဲ့ပါပြီ။ မန္တလေးမှာနေရတော့ ကျွန်မဇာတိမို့ ပိုကောင်းသေး။ ဆံပင်တိုတိုနှင့်မို့ ပိတောက်ပန်းပန်လို့ ကဗျာမဆန်ရတော့ဘူးလား။ ကျွန်မပခုံးပေါ် တွဲအိကျနေသည့် ဟောဒီဆံပင်ကို နာမည်ကြီးဆိုင်မှ ဆေးအကောင်းစားတွေသုံးပြီး စက်နဲ့ဆွဲထားရတာ။ အဲဒါကလည်း ကိုကိုကြိုက်စေချင်လို့လေ။

ကိုကိုကတော့ သူ့အိမ်ကို ကျွန်မ ခေါ်ခဲ့တာ ဘယ်လိုအတွေးမျိုးပါလိမ့်။

"မချယ်ရီရဲ့ ခေါင်းမှာတော့ ပိတောက်တွေ ဝေခဲ့မှာပေါ့နော်"

မချယ်ရီ၏ဓာတ်ပုံကိုပင် မမြင်ဖူးပါဘဲနှင့် ဝန်တိုစွာ ကျွန်မ မေးလိုက်မိသောအခါ ငိုသံပင်စွက်သွားလေသလား။ ကိုကို တစ်ယောက် ဆတ်ခနဲခေါင်းထောင်ပြီး ကျွန်မကို မော့ကြည့်လာတာကလေ ကျွန်မကို တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသလိုမျိုး။ မျက်လုံးအရောင်တလက်လက်ထလို့။မချယ်ရီဆိုတဲ့နာမည်ပါသွားခဲ့လို့လား ..။ ဒါမှမဟုတ် မချယ်ရီကို ကိုကို သတိရသွားလို့များလား။ ဒီမေးခွန်းမေးလိုက်ရတာဟာ ဘောင်ကျော်သွားခဲ့ပြီလား။

"အဲဒီနှစ်တွေက ဒီပိတောက်ပင်တွေ မပွင့်ကြသေးဘူး"

ဟင်း...ဟင်း....ဟင်း။ ဒါပါပဲလေ။ ကျွန်မ ကျေနပ်လောက်တဲ့အဖြေလို့ ကိုကိုထင်ချင်ထင်မှာပေါ့။ အချစ်စိတ်ငယ်ထိပ်တက်နေတဲ့မိန်းမသားတစ်ယောက်ရဲ့ ခံစားချက်တွေကို ကိုကိုနားလည်မှာမဟုတ်ပါဘူး။



ကြွေဖို့နေနေသာ
ဝေတောင်
မဝေခဲ့ရဖူးတဲ့လား
ကိုကိုရယ်။ ဝေခွင့်
တောင်မရလိုက်တဲ့
အချစ်အတွက်
ကြွေခွင့်တောင်မှ
မရှိရလေခြင်းရယ်
ကိုကိုရယ် ..

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့အချစ်ဦးဟာ ဟိုစဉ်အခါက ဒီခြံကြီးထဲမှာကိုကိုနှင့်အတူ ပျော်ရွှင်ကြည်နူးခဲ့ဖူးလိမ့်မယ်။

ပိတောက်ပန်းတင်မကပိတောက်ဖူး၊ ကံ့ကော်ဦး၊ ခရေဦးတို့ကိုလည်း ကိုကို ခူးယူပန်ဆင်ပေးဖူးလိမ့်မယ်။ ကိုကိုပိုင်ဆိုင်သမျှသော အရာရာတို့ကို မချယ်ရီဟာ အချစ်ကေရီ တစ်ပါးအဖြစ် ပိုင်စိုးဖူးလိမ့်မယ်။ ညာ ပြောပါဦး ကိုကိုရယ်။

ကြွေဖို့နေနေသာ ဝေတောင် မဝေခဲ့ရဖူးတဲ့လား ကိုကိုရယ်။ဝေခွင့်တောင်မရလိုက်တဲ့ အချစ်အတွက် ကြွေခွင့်တောင်မှ မရှိရလေခြင်းရယ် ကိုကိုရယ်လို့ ကျွန်မ ပြန်မေးလိုက်ချင်ပါသည်။ ကိုကို့အတွက် ကျခဲ့ရမယ့် မျက်ရည်တွေဟာသမုဒ္ဒရာကြီးလို ကျယ်ပြောလှပါစေ ကျွန်မ ကျပေးရဲပါတယ်။ ကိုကိုကတော့ တစ်ယောက်ဆို တစ်ယောက်သောသူကို အချစ်မှန်သမျှ အကုန်အစင် ပေးပြီးပြီမို့ထင်ပါရဲ့။ အေးစက်လိုက်တာ ကိုကိုရယ်။

❀ ❀ ❀

နှစ်ဖက်မိဘတွေစီစဉ်ပြီးကျွန်မနှင့်ကိုကိုတို့ရဲ့ မင်္ဂလာပွဲကို စီစဉ်ကြတဲ့အခါကတည်းကပဲ မြင်မြင်ချင်း ကိုကို့ကို ကျွန်မ ချစ်မိသွားခဲ့တာ။ အားကိုးချင်သွားခဲ့တာလား။ မပြောတတ်တော့ပါ။ ကိုကိုက သားတစ်ယောက်ရဲ့ ဖခင်ဆိုတာတောင်မှအိမ်ဦးနတ်ရယ်လို့ ကျွန်မ မျှော်လင့်ခဲ့မိတာပါ။

ကိုကိုနှင့်ပတ်သက်သမျှကို ကျွန်မ လေ့လာစုံစမ်းစဉ်ကလည်း ကိုကို မကြည်ဖြူတာမရှိခဲ့။ ကိုကို့အဖေက နောက်အိမ်ထောင်နှင့် ရန်ကုန်မှာပဲ အခြေချနေထိုင်ကြသည်။ ကိုကိုတို့နှင့် ကျွန်မတို့မိသားစုက ကုမ္ပဏီကြီးတစ်ခုမှာ အစုရှယ်ယာများ အတူတကွ ဝယ်ယူထားကြသလို နှစ်ဦးပိုင်လုပ်ငန်းကုမ္ပဏီတစ်ခုတည်ထောင်ပြီးထုတ်ကုန်များကို ဈေးကွက်ထဲ ဖြန့်ချိနိုင်အောင် ကြိုးစားနေကြရပါသည်။ ယခုနှစ်ကုန်လျှင် လက်ထပ်ကြတော့မည်မို့ ကုမ္ပဏီလုပ်ငန်းကိစ္စများ နားလည်ရအောင်လို့ ကျွန်မမှာ မာစတာဖြေပြီးထားသော ဝေဇင်ဦး၏အကူအညီဖြင့် သင်ကြားနေရပါသည်။ ဝေဇင်ဦးက စာရင်းကိုင်ဒီပလိုမာလည်းရပြီး နှုတ်ရေးလည်းကြွယ်သည်။

ခုလည်း ကုမ္ပဏီသုံးရက်ပိတ်တုန်း ကိုကိုတို့ ရန်ကုန်ကမိဘများရှိရာသို့ လေယာဉ်လက်မှတ်ကြိုတင်စီစဉ်ပြီး လိုက်လာခဲ့သူက ကျွန်မရယ်ပါ။ ကိုကို့မိသားစုဝင်တွေက ကျွန်မကို လိုလေသေးမရှိ ကြိုဆိုစောင့်ရှောက်ခဲ့ကြပါသည်။ ကျွန်မက တစ်ဦးတည်းသောသမီးမို့ ကိုကိုတို့ မိသားစုဝင် အများကြီးကိုကြည့်ပြီး အားကျဝမ်းသာ ကြည်နူးမိရတာ အမှန်ပင်။

ကိုကို့မိထွေးဘက်က ဆွေမျိုးတွေအားလုံး ဒီခြံကြီးအတွင်းထဲမှာပဲ စုစုရုံးရုံးနေကြတာလို့ ကိုကို့အဖေဘက်မှ စတင်၍ မိတ်ဆက်ပေးပါသည်။ အမယ်လေး....လူတွေများလိုက်တာ လက်ချိုးရေတွက်ရတာ လူစေ့၊ လက်စေ့။ ကိုကို့မိထွေးဘက်က မိသားစုဝင်တွေ စည်းလုံးလိုက်ကြတာ။ ဒီလူတန်းရှည်ကြီးကို ကျွေးမွေးနေရတဲ့ ဒါနနှင့်ပင် နေ့စဉ်ကုသိုလ်တွေရနေမှာက ကိုကိုတို့သားအဖ။ ဒီလိုများပြားလှတဲ့ မောင်နှမတွေထဲက ဘယ်သူအိမ်ထောင်ကျကျ ဒီအိမ်ကြီးထဲမှာပဲ အတူတကွ စည်းစည်းလုံးလုံး နေထိုင်ကြမယ်ဆိုတဲ့ စိတ်မျိုးနှင့် ခြံကျယ်ကြီး ဝယ်ခဲ့တာတဲ့။

ကိုကို့မိခင်က သွေးအားနည်းရောဂါနှင့် ကိုကို့ကိုမျက်နှာမြင်ပြီးကတည်းက ဆုံးပါးသွားခဲ့တာလို့ သိရပါသည်။ ကိုကို့အဖေက မိဘအမွေအနှစ် စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေရတာမို့ ကိုကို့ခမျာ အဘိုး၊ အဘွားတွေနှင့်ပဲ ကြီးပြင်းခဲ့ရတာတဲ့။ ကိုကို တက္ကသိုလ်တက်နေချိန်မှာ ကိုကို့အဖေက ဒီအိမ်ထောင်ကို တည်ထောင်ခဲ့တာမို့ ကိုကိုလည်း ဒီခြံထဲ ရောက်လာရခြင်းဖြစ်ပြီးနောက် ကိုကို အိမ်ထောင်ကျခဲ့ရသတဲ့လေ။ ကိုကို့အဖေ၏ နောက်ပွားရင်သွေးလေးက ထန်မင်းသတ္တိရှင်ထက်ပင် အသက်အရွယ်ငယ်သေးသလို ဒီရိပ်မြုံ ခြံကြီးထဲမှာ ကလေးအားလုံး ခြောက်ယောက်တိတိ။

"စားနော် မြတ်မွန်၊ ကြိုက်တတ်တာလေးတွေ ပြောပြထားဦး။ ချက်ကျွေးလို့ရအောင်လို့လေ။ ရှေ့ဒါက ကင်းမွန်သုပ်ပါ၊ ဒါလေးက

www.burmeseclassic.com

ငါးကြင်းကို ငှက်ပျောဖူးနုနုနဲ့ ဖက်ထုပ်ပေါင်းထားတာ၊ ဒီဟာကတော့ ချဉ်ပေါင်သီးထောင်း စပ်စပ်လေးလေ၊ အအီပြေအောင်လို့ မြင်းခွာရွက်နဲ့ငရုတ်ကောင်းကဲကဲကို တရုတ်နံနံစင်းကောပြီးပုစွန်ခြောက်ထောင်းထည့်ထားတာ၊ ပူပူလေးသောက်နော်''

ပြောပြီး မမသဇင်ကိုယ်တိုင် ကျွန်မပန်းကန်ထဲ ဟင်းတွေခပ်၍ ထည့်ပေးနေတာများ အားနာရပါတော့သည်။ ဟင်းအမယ်စုံကို လိုက်ဖက်လှစွာ ချက်ပြုတ်စီမံပေးသော မမသဇင်၏လက်ရာမှာ ခံတွင်းမြိန်လှပါသည်။

နံဘေးမှာလည်း ဆွေမျိုး မိသားစုဝင်များက ကျွန်မလိုအပ်သမျှ ကူညီဖြည့်ဆည်းပေးဖို့ အရန်သင့်။ မမသဇင်တို့မိသားစုက ဒီခြံကြီးထဲသို့မရောက်ခင်မှာ မိသားစုပိုင်မြန်မာထမင်းဆိုင် ဖွင့်ခဲ့သေးတာတဲ့လေ။ ထို့ကြောင့်လည်း ကိုကို့အဖေက ထမင်းလက်ရာကောင်းကောင်းကို သွားစားရာကနေ မမသဇင်နှင့် နီးစပ်ခဲ့ရတာလို့ ကိုကို့အဖေကိုယ်တိုင် ပြောပြရင်း အားပါးတရစားသောက်နေတာကို မြင်ရတော့ ကျွန်မမှာ ပါးစပ်အဟောင်းသား။

ကျောင်းပိတ်ရက်မို့လားမသိ။ ကလေးတွေ ဆူညံအော်ဟစ် ပြေးလွှားနေကြတာ ကျွန်မကိုပင် ဝင်တိုက်မိတာ ထမင်းလုတ်မှာ ဘုတ်ခနဲ။ တီဗွီဂိမ်းစက်တွေမှာလည်း တရှန်းရှန်း၊ ထမင်းစားကြပြန်တော့ တအုန်းအုန်း။ ဒီလောက် လူအများကြီး ပွက်ပွက်ညံနေတာတောင်မှ ကိုကို့မှာ စိတ်ညစ်ဖို့အချိန် မရှိသည့်လား တစ်စုံတစ်ခုကိုရှာဖွေနေတတ်တာ ထမင်းစားဖြောင့်ရဲ့လား။

"မြတ်မွန် စိတ်ညစ်နေပြီ ထင်တယ်၊ ကျောင်းပိတ်ရက်မို့ ကလေးတွေ ဆုံကြရအောင် ခေါ်ထားတာလေ၊ မောင်လေးတွေ၊ ညီမလေးတွေက ဈေးရောင်းကြတာဆိုတော့ ခုလိုကျောင်းပိတ်ရက်မှာ ကြီးတော်ဖြစ်တဲ့ ဟောဒီအစ်မကြီးကပဲ ခေါ်ထိန်းပေးနေရတာလေ၊ ဆံထုံးနောက် သျှောင်ပါရတဲ့ အိမ်ထောင်သည်တွေကတော့ ဒီခြံကြီးထဲ လာမနေနိုင်ဘူးပေါ့၊ ကိုယ့်အောက်က မောင်လေး၊ ညီမလေးတွေက မွေးထားတာဆိုတော့လည်း ကိုယ့်သားသမီးတွေပါပဲလေ၊ ထည့်စားနော် မြတ်မွန်၊ မောင်လေးဥက္ကာကလည်း ထန်မင်းသတ္တိရှင်ရဲ့အမေ မရှိတော့ကတည်းက စိတ်လေပြီး မန္တလေးကုမ္ပဏီနဲ့နီးအောင်ဆိုတဲ့ အကြောင်းပြချက်နဲ့ (၆၄)လမ်းကအိမ်မှာပဲ နေနေတော့တာမို့ ခုလို အိမ်ထမင်းအိမ်ဟင်းစားရတာ စိမ်းနေတယ်နဲ့ တူပါရဲ့၊ ဟင်း.....ဟင်း''

မမသဇင်မှာ ပါးချိုင့်လေးများ ခွက်အောင်ပြုံးပြီး ကိုကို့ကို ပြောနေပေမယ့် ကိုကိုကတော့ မမသဇင်အပေါ် ကျောက်ရုပ်။ ကျွန်မတို့ ဒီခြံကြီးထဲ ရောက်ကတည်းက ကိုကိုနှင့် မမသဇင်တို့ ရင်းရင်းနှီးနှီး စကား ပြောခဲ့တာမျိုးကို မတွေ့ရပါ။ အင်းလေ.....လင်ပါသားနဲ့ မိထွေးဆိုတဲ့ ဆက်ဆံရေးကိုး။ ကိုကိုတစ်ခုခုကို ရှာဖွေနေတာတော့ ကိုကို့မျက်လုံးတွေက သက်သေ။ ကိုကို့ရဲ့ အဖိုးတန်ပစ္စည်း တစ်စုံတစ်ရာကိုများ မမသဇင်တို့က သိမ်းဆည်းထားတာမို့များလား။ မေးပြီးပြန်တောင်းလို့ မရဘူးလားလေ။

ကျွန်မကတော့ မကြာခင် ဆွေမျိုးတော်စပ်ရမည့် မမသဇင်တို့ မိသားစုနှင့် တစ်ရက်တာ အတူနေထိုင်ခဲ့ရတာကို အရမ်းချမ်းမြေ့ရပါသည်။ မမသဇင်၏အသက်က လေး ဆယ်ကျော်ဆိုပေမယ့် အသက်နှစ် ဆယ်ကျော်နှင့်ပင် တန်းတူလိုက်နိုင် သည်ဆိုတာမျိုး။ မြင့်မားသောအရပ် အမောင်း၊ ညိုဝါသော အသားအရေ က ယဉ်တင့်လှပနေပါသည်။ ကျွန်မသတိထားမိရသလောက် မမသဇင်၏ အနီးအပါးမှ အမျိုးသမီးတိုင်းလိုလိုက ဆံပင်ရှည်တွေချည်း။ မမသဇင်၏ မိဘနှစ်ပါးကိုလည်း ကိုကိုနှင့်ကျွန်မ ရှိသေစွာ ကန်တော့တဲ့အခါ မမသဇင် မျက်ရည်လည်နေတာကို တွေ့ရပြန်တော့ ကျွန်မမှာ စိတ်မကောင်းနိုင်ပါချေ။

* * *

လေဆိပ်ရောက်မှပဲ ကျွန်မတို့ ပြန်ရမည့် အပြန်လေယာဉ်ခရီးစဉ်က အကြောင်းအရာတစ်ခုကြောင့် နောက်နေ့သို့ ပြန်လည်ရွှေ့ပြောင်းခရီးစဉ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ပါတော့သည်။ ကုမ္ပဏီဝင်ဖို့ တစ်ရက်ရွှေ့ရပြီပေါ့။ ကိုကိုနှင့်အတူ

www.burmeseclassic.com

ကျွန်မ ပန်းမြိုင်မာလာရိပ်မြုံသို့ ပြန်လိုက်ပါလာခဲ့ပါတော့သည်။ ကိုကို့စိတ်ကို မသိနိုင်ပေမယ့် ကျွန်မကတော့ ပျော်ရွှင်စွာ။

"ဝေးဟေးဟေး...တက္ကစီတစ်စီးလာတယ်ဟေ့၊ ဟား.....ဦးဦးဥက္ကာနဲ့ အန်တီမြတ်မွန်တို့ ပြန်လာတာဟေ့၊ ခြံတံခါးဖွင့်ပေးကြ"

ဘောလုံးကန်နေကြသော ကလေးတစ်အုပ်တစ်မကြီးက ခြံတံခါးကို အပြေးလာဖွင့်ကြရင်း ဆင်ဝင်အောက်သို့ ပြေးလိုက်လာသည်။ အသံတွေကြောင့် မမသဇင် အလန့်တကြား တိုက်ထဲမှ ပြေးထွက်လာသည်။

"ဘယ်လိုဖြစ်ရတာလဲ မောင်လေးရယ်၊ လက်ကိုင်ဖုန်း ပါရဲ့သားနဲ့ ကြိုတင်ဆက်ပါတော့လား၊ တို့တွေက မင်းတို့တွေ လေယာဉ်ပေါ်တောင်ရောက်နေပြီထင်လို့ ထင်လို့....."

မမသဇင်၏ စကားသံကတိမ်ဝင်သွားရင်း ခြံထဲသို့ ကျီးကန်းတောင်းမှောက် မတည်ငြိမ်စွာ လျှောက်ကြည့်နေပါသည်။ နံနက်ခင်းက ကျွန်မကို နှုတ်ဆက်ရယ်မောပြခဲ့တဲ့ မမသဇင်ရဲ့မျက်နှာဟာ စုန်းအတက်နှင့်ပြုစားခံလိုက်ရသလိုမျိုး ရှိနေခဲ့ပြီ။ ကျွန်မ ဝမ်းနည်းစွာနှင့် ကိုကို့ကို အားကိုးတကြီးလှည့်ကြည့်မိတော့ ကိုကိုကိုယ်တိုင်က တစ်စုံတစ်ရာကို ပြန်ပေးပါ၊ ပြန်ပေးပါလို့ မမသဇင်ထံမှာ အသနားခံတောင်းဆိုနေသလိုမျိုး။



ကျွန်မတို့ ရောက်လာခဲ့စဉ်က နွေးနွေးထွေးထွေး ကမ်းလင့်ခဲ့ကြတာ။ ခုတော့ အဘယ်အရာတွေ မှားနေပါသနည်း။

"ကျွန်မ.....ကျွန်မတို့"

အကျိုးအကြောင်းရှင်းပြဖို့ ကျွန်မနှုတ်က အားယူနေဆဲမှာ ထန်မင်းသတ္တိရှင် ပြေးလာခဲ့ပြီး မမသဇင်၏လက်ကို လာဆွဲခေါ်တော့သည်။

"မေကြီး.....မေကြီး၊ အန်တီချယ်ရီလေ နောက်ဖေးမလွယ်ပေါက်ကနေ ဟိုဘက်ခြံကို ပြန်ထွက်သွားခဲ့ပြီ၊ သား လိုက်သွားဦးမယ်နော်"

ပြောပြီး ထန်မင်းသတ္တိရှင်မှာ ကိုကို့အနီးမှ လစ်ခနဲ ပျောက်သွားတော့သည်။ ကိုကို့လက်က ထန်မင်းသတ္တိရှင်ကို လှမ်းဆွဲလိုက်ပါသော်လည်းမမီတော့။ ကျွန်မ ကိုကို့ကို သနားသွားမိပါသည်။ ကိုကို့မှာ ရင်သွေးရယ်လို့ ရှိနေရပေမယ့် ရင်ခွင်ပိုက်ခွင့်မသာ။ နောက်ပြီးတော့ ခုနက ထန်မင်းသတ္တိရှင် ပြောသွားသော စကားထဲမှာ အန်တီချယ်ရီတဲ့လေ။ အဲဒီ ချယ်ရီဆိုတဲ့နာမည်က ကိုကိုနှင့် ကျွန်မတို့ကြားမှာ သိပ်ရင်းနှီးခဲ့တာပေါ့။

ကျွန်မအတွေးတွေ ချာချာလည်နေစဉ်မှာပဲ ကျွန်မပခုံးကို နှိမ့်ချ၍ ကားထဲအတင်းပြန်ဝင်ထိုင်ခိုင်းပါသော မမသဇင်ရယ်ပါ။

"၆၄ လမ်းကအိမ်မှာပဲ နေခဲ့တာကြာပြီမို့ မောင်လေးဥက္ကာက မမသဇင်တို့အပေါ် သူစိမ်းဆန်နေပြီသားပါ၊ ဒါပေမဲ့ မြတ်မွန်ကို ခေါ်လာခဲ့တာက အကြောင်းပြချက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



မြတ်မွန်ကို မမ အားနာပါတယ်၊ ဒီ မှာလည်း ပစ္စည်းပစ္စယနဲ့ မိသားစုတွေ များနေတာမို့ မြတ်မွန် စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးမိပါတယ်၊ ဒါကြောင့် ဟိုတယ်တစ်ခုမှာသွားတည်းပြီးတော့ ရှေ့ရေးအတွက် လွတ်လပ်စွာ ပြောဆိုတိုင်ပင်ကြပါနော်''

ပြောပြီး မမသဇင်က ကားတံခါးကို ချိုင်းခနဲ ဆွဲပိတ်လိုက်ပါတော့တယ်။ နေပါဦး မမသဇင်၊ အဲဒီ ချယ်ရီက ဘယ်သူလဲလို့တောင်မှ မေးခွင့်မရှိတော့။ ဟိုတယ်မှာပဲတည်းကြပါတော့ဆိုပါလား။ ရန်ကုန်က မိသားစုဝင်တွေရဲ့ ကြိုဆိုညှိခံပုံက အံ့သြဘနန်း။ ရွှေလျားပြောင်းလဲစက်တွေ ပေါများလှတဲ့ ခြံကြီးပါလား။ မာယာများလှသော ကောင်းကင်ပြင်ကြီးပင် မမသဇင်နောက်ခြေတစ်လှမ်းပြတ် ကျန်ရစ်ခဲ့နိုင်ပါသည်။

ထိုစဉ်မှာပဲ ကိုကို၏ဖေဖေကို တွေ့လိုက်ရပါသည်။ ကိုကို၏မခုံးကို ကြင်နာစွာသိုင်းဖက်ရင်း ကျွန်မကို နွေးထွေးစွာ ပြုံးပြရှာပါသည်။

''မင်းရဲ့ မမသဇင်အပေါ် အာဃာတအငြိုးတွေ ပြေပါတော့သားရယ်၊ မမသဇင်ဟာ သူ့မိသားစုအတွက် သမီးကြီးပီသစွာနဲ့ အနစ်နာခံခဲ့ရတာပါ၊ အခု ထန်မင်းသတ္တိရှင်ရဲ့အမေဟာသဇင်ပါပဲလေ၊ ထန်မင်းသတ္တိရှင်နဲ့သားဟာ သားအဖအရင်းပါဆိုရင် ဖေဖေက ဘယ်လိုလုပ်ရမှာလဲ၊ ဒါမှမဟုတ် ဖေဖေပဲ မမသဇင်နဲ့ ကွာရှင်းပေးရမှာလား



သားရယ်၊ ဟင်.....အဲဒီလိုပဲ လုပ်ပေးရမှာလား၊ ပြောပါ သားရယ်၊ သား အခုလို ပြုမူလိုက်တော့ကော အားလုံးအတွက် ကောင်းလာမှာမို့လားကွယ်''

ကားမှန်ဖွင့်ထားတာမို့ ကိုကို့အဖေပြောသမျှ စကားတွေကို ကျွန်မ ကြားနေရပါသည်။ ဘာတွေလဲ။ ကျွန်မမှာ နားတွေရှုပ်၊ မျက်စိတွေလည်။ ကိုကိုကတော့ တိတ်ဆိတ်လျက်။ ကိုကို့အဖေက ကိုကို့ကို ကားတံခါးဖွင့်ပေးသည်။ ကိုကို ကားထဲဝင်မထိုင်ခင်မှာပဲ မျက်ရည်သုတ်လိုက်တာကို ကျွန်မ မြင်မြင်အောင် မြင်လိုက်ပါသေးသည်။

''အဲဒီကတည်းက သားကို အမွေပြတ်စွန့်လွှတ်ခဲ့ပါတော့လား ဖေဖေရယ်၊ ဒါဆိုရင်.....''

''သားတို့ သိပ်ငယ်သေးတာကိုး၊ ရှေ့ရေးတွေ ရှိသေးတယ်လေ''

ဟော....ပြောပြီး ကိုကို မျက်ရည်တွေ သုတ်လိုက်ပြီ။ ပဟေဠိတွေက ကျွန်မခေါင်းမှာ ချာချာလည်နေပြီ။ လေယာဉ်ရယ် ဘာကြောင့်များ.....။ တကယ်ဆိုရင် ခုနက ထန်မင်းသတ္တိရှင်ရဲ့နောက်ကို ကျွန်မပါ ပြေးလိုက်သွားကြည့်ရ အကောင်းသား။ ကျွန်မကို မိတ်ဆက်ခဲ့ကြသူတွေရဲ့ နာမည်ပိုင်ရှင်တွေထဲမှာ ချယ်ရီဆိုသောနာမည် အစွန်းအထွက်ကလေးများ ပါလေခဲ့သလားရယ်လို့ အပြေးအလွှား စဉ်းစားကြည့်နေရပါသည်။ မမသဇင်၊ မမနှင်းဆီ၊ မမသပြေ။ အို.....ပန်းတွေနဲ့ချည်းပဲ ဖွဲ့တည်ထားတဲ့ နာမည်တွေ။ ကျွန်မခေါင်းမှာ မိုက်ခနဲ၊ ဘုရား.....ဘုရား။

''မြတ်မွန်နဲ့ ဘဝသစ်ကို ထူထောင်လိုက်ပါ သားရယ်''

ကိုကို အသာအယာ ကျွန်မနံဘေးမှာ ဝင်ထိုင်သည်။ တက္ကစီကားလေးက ပန်းမြိုင်မာလာရိပ်မြုံကနေ တစ်ကျော့တစ်လီ မြို့ကွေ့ခဲ့ပါပြီ။ ဘယ်ဟိုတယ်ကိုလဲ ဆိုလား ကိုကိုက

လမ်းညွှန်ပြောပြနေသည်။ ပန်းမြိုင်မာလာနံ့ဘေးက ခြံကြီးဆီ ကိုကိုနှင့်အတူ ကျွန်မ လှမ်းကြည့်မိတော့ ထန်မင်းသတ္တိရှင်ကို ရိပ်ခနဲ လှမ်းမြင်လိုက်ရပါသည်။ မလွယ်ပေါက်ကနေ ဝင်ထွက်ခွင့်ရှိသူဆိုသည်မှာ ညီသူနည်း။ နောက်ပြီးတော့ကျွန်မက ပန်းမြိုင်မာလာကို လိုက်ခဲ့ပါရစေလို့ တောင်းဆိုဖူးလို့လား။ ဒီခြံကို လာချင်တဲ့ ကိုကိုကကော.....

"ကားဆရာ ခဏလေး ရပ်ပေးပါရှင်"

ကျွန်မ၏ တောင်းဆိုမှုအပြီးမှာ ကားလေးက တုံ့ခနဲ။

"ကိုကို ကိုကို့ရဲ့ အဝတ်အစားအိတ်ကို ပြန်ယူပြီးတော့ ဆင်းနေခဲ့လိုက်ပါ၊ ကျွန်မအဝေးပြေးဂိတ်ကို သွားပြီး ရရာထိုင်ခုံနဲ့ မန္တလေးကို ဒီနေ့ညနေမှာပဲ ပြန်လိုက်ပါ့မယ်၊ စိတ်မပူပါနဲ့ ကိုကို"

ကိုကို ကျွန်မကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။ ကိုကို စိတ်နောက်သွားလေပြီလား၊ ဟန်ဆောင်ကောင်းနေတာလား။

"တကယ်ပြောတာပါ ကိုကို၊ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိရင် ဘဝအဆက်ဆက်မှာ ရန်သူတွေ ပေါများတယ်တဲ့ ကိုကို၊ မြတ်မွန် ကိုကို့ကို ချစ်ခဲ့တယ်ဆိုတာ မချယ်ရီရဲ့အချစ်ကို ဘယ်မီပါ့မလဲ၊ သားလေးတစ်ယောက်လုံးကို မွေးထားပြီးကာမှ အဘိုးဖြစ်သူနဲ့ ကြီးတော်ရဲ့လက်ထဲ အမွေစားအမွေနဲ့ ပေးလိုက်ရတယ်ဆိုတာ....."

"မြတ်မွန်၊ မင်း.....မင်း"

ကိုကို မျက်ရည်များ ဝေ့ဝဲလာပြီး ကျွန်မကို မယုံကြည်နိုင်တဲ့ အကြည့်တွေနှင့် ကြည့်လာခဲ့ပါပြီ။

"ရှေ့နေဘွဲ့ရထားတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ခြုံငုံစဉ်းစားမိပြီး ပြောတာပါ ကိုကို၊ ကိုကို တစ်ခုခုကို ရှာနေခဲ့ကတည်းကပဲ မြတ်မွန် ရိပ်မိနေပါပြီ၊ ရည်းစားဦးရဲ့အသံလေးတွေကို မြေးဦးရတဲ့အထိ မမေ့ဘူးတဲ့ ကိုကို၊ မြတ်မွန် နောင်တ မရချင်ဘူး၊ ထန်မင်းသတ္တိရှင်ဟာ ကိုကိုတို့နှစ်ယောက်ရဲ့ ချစ်ခြင်းသင်္ကေတပါ၊ တစ်မိုးအောက်ထဲမှာ အတူနေကြရတဲ့အခါလျှပ်စစ်သံလိုက်များလိုပေါ့၊ မျိုးမတူရင် ဆွဲငင်မှာပဲ"

ကျွန်မ အလှဆုံးပြုံးနိုင်အောင် ကြိုးစားလိုက်ပါသည်။ ကျွန်မ ကားပေါ်ကနေဆင်းပြီး ကိုကို့ဘက်မှကားတံခါးကိုဖွင့်ပေးလိုက်ပါသည်။ ကားဒရိုင်ဘာကလည်း ကားနောက်ဖုံးကိုဖွင့်ပေးကာ ကိုကို့အဝတ်အစားအိတ်ယူနိုင်အောင် အသင့်စောင့်နေပေးပါသည်။ ကိုကို ကားပေါ်မှ ဆင်းလာခဲ့ပါပြီ။

"မြတ်မွန်ကို ဘယ်တော့မှ ကျေးဇူးတင်ကြောင်းမပြောပါနဲ့နော်၊ မြတ်မွန် အပါယ်ငရဲမကျချင်လို့ တစ်ကိုယ်ကောင်းဆန်ရတာမို့ပါ၊ နောက်ပြီး ကိုကိုတို့မိသားစု အေးချမ်းပျော်ရွှင်နိုင်ပါစေလို့ မြတ်မွန် ဆုတောင်းပေးပါတယ် ကိုကို၊ ကိုကို ဂွတ်ဘိုင် နော်"

ကိုကို့အဝတ်အစားအိတ်ထုတ်ပြီးတာနှင့် ကားခေါင်းခန်းသို့ ကျွန်မပြောင်းထိုင်လိုက်ပါသည်။ ဒါပါပဲလေ။ သေပြီးသားလူကို ရှင်အောင် မဖန်တီးနိုင်သလို ရှင်ပြီးသားလူကိုလည်း ဘယ်သူက သေပါတော့လို့ ခိုင်းစေနိုင်မှာမို့လဲ။ သေနေ့စေ့ရင်တော့လည်း.....

အဝတ်အစားအိတ်လေးလွယ်ပြီး ကျန်ရစ်ခဲ့ရတဲ့ ကိုကို့ကို မြတ်နိုးစွာဖြင့် ချန်ရစ်ခဲ့ရပါလိမ့်မည်။ မဟုတ်ရင်လည်း ကျွန်မရဲ့ လောင်းရိပ်အောက်မှာ ကိုကို ပျော်နိုင်မှာမှ မဟုတ်တာ။ မမသဇင်နဲ့ ညှိမရရင်လည်း အမွေဖြတ်ခံလိုက်ပေါ့ ကိုကိုရယ်။ ကိုကိုရတဲ့လခနဲ့ စားလောက်မှာပါ။

ကိုကို့ကို ဟိုးဝေးဝေးရောက်သွားရချိန်ထိ ကားနောက်ပိုင်းဆီ လှည့်ကြည့်လှည့်ကြည့်နှင့် ကျွန်မမှာ အဝေးကြီးရောက်သွားရချိန်ထိ။ ကိုကို ခြံကြီးထဲကို ဘယ်အချိန်ဝင်မှာပါလိမ့်။ မချယ်ရီကကော ကိုကို့ကို ပြန်တွေ့ရတဲ့အခါ.....

"ဟယ်.....မေ့သွားလိုက်တာ၊ ပိတောက်တွေ ပွင့်တဲ့အခါ မန္တလေးကို အမှတ်တရ ပို့ပေးပါဦးလို့ ကိုကို့ကို ပြောခဲ့ရမှာ၊ ဆံပင်ရှည်ထားဦးမှာပါပဲလေ၊ ကိုကိုက ဆံပင်ရှည်မှ ပိတောက်နဲ့လိုက်တာတဲ့လေ"

**နှင်းစက် (လားရှိုး)**

www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့မှ မိုးက အဆက်မပြတ် ရွာနေသည်။ မိုးသောက်ယံအချိန်ကတည်းက နေ့လယ်ခင်းအချိန်အထိ ထစ်ချုန်းရွာနေ၏။ လမ်းပေါ်တွင်လည်း ရေများဖြင့်ပြည့်နေပြီး ကားများပိတ်နေကြသည်။

"ဒုက္ခပါပဲနော်၊ ဆိုင်ကို အချိန်မီ မရောက်တော့ဘူး၊ ၁၀ နာရီက အိမ်ကနေထွက်လာတာ၊ ၁၂ နာရီ ထိုးတော့မယ်၊ မြန်မြန်ရောက်ချင်ပါမှ မိုးကတစ်မျောင့်၊ ဟင်း....."

ခင်မာမာစိတ်ညစ်သွား၏။ သို့ပေမယ့် သူ့ဆိုင်တွင် ဝန်ထမ်းသုံးဦးရှိသည်။ စိတ်ချရသူလက်ထဲသို့ ဆိုင်သော့ကို အပ်ထားခဲ့၍ သည်အချိန်ဆိုလျှင် ဆိုင်ဖွင့်ထားမည်မှန်း သိနေ၏။ ခင်မာမာက မြောက်ဒဂုံတွင်နေထိုင်သူဖြစ်သဖြင့် လူစည်ကားရာဈေးရှိ အထည်ဆိုင်သို့ နေ့စဉ်ဘတ်စ်ကားဖြင့်တစ်မျိုး၊ တက္ကစီဖြင့်တစ်သွယ်လာနေရသည်။

တက္ကစီယာဉ်မောင်းက အမြန်ဆုံးရောက်နိုင်မည့်လမ်းမှ ကျွမ်းကျင်စွာ ပို့ဆောင်ခဲ့၍ ဈေးသို့ရောက်လာရ၏။ ဆင်းခါနီးမှ မိုးက သဲသဲမဲမဲ ရွာချလိုက်ရာ ထီးပါသော်လည်း စိုရွှဲသွား၏။ သို့ပေမယ့် ခင်မာမာတစ်ယောက် ဆိုင်ရှုံထဲသို့ ပြေးဝင်ခဲ့ပြီးနောက် ဆိုင်သို့လျှောက်ရပြန်သည်။

"ဟင်....အစ်မတစ်ကိုယ်လုံး မိုးတွေနဲ့ ရွှဲစိုနေပါလား၊ အဝတ်လဲလိုက်ဦးနော်"

"အေး.....အေး"

လက်ကိုင်အိတ်ကို စားပွဲပေါ်တင်လိုက်ပြီး အဝတ်လဲရန် သန့်စင်ခန်းသို့ ထွက်သွားလိုက်၏။ အချိန်ရှစ်မိနစ်ခန့်အကြာတွင် ဆိုင်သို့ပြန်လာမှ လက်ကိုင်အိတ်အား




သတိရမိသည်။ ထို့နောက် လက်ကိုင်အိတ်ထားခဲ့ရာ စားပွဲသို့ကြည့်လိုက်သည့်အခါတွင်.....

"ဟယ်.....အစ်မအိတ်ကို သိမ်းလိုက်သေးလား"

အထည်အရောင်းစာရေးမနှင့် ကျန်နှစ်ယောက်က လန့်ဖျပ်သွား၏။ ခင်မာမာထံ ကြောက်လန့်တကြား လှမ်းကြည့်ကြပြီး.....

"မတွေ့ဘူး အစ်မ"

"တွေ့တယ်၊ အစ်မက ဒီစားပွဲပေါ်မှာ ထားခဲ့တာဟဲ့"

"ဟုတ်တယ်....ဟုတ်တယ်၊ ကျွန်တော်လည်းမြင်တယ်"

"နင်တို့ကမြင်ရုံသားနဲ့ကောက်သိမ်းလိုက်ကြပါလား၊ ဒုက္ခပါပဲဟယ်၊ ဒီနားကို ဘယ်သူလာသေးလဲ"

ခင်မာမာတစ်ယောက် ခေါင်းနားပန်းကြီးသွားတော့၏။ အိတ်ထဲတွင် ငွေ ၁၈ သိန်းကျော်ပါလာ၏။ ပြီးတော့ သူမ ဝတ်နေကျ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေ ကျပ် သိန်း ၅၀ ဖိုးခန့်လည်း ထည့်ထားသည်။ မိုးရွာနေသဖြင့် တမင်ချွတ်သိမ်းထားခြင်းဖြစ်သည်။ အိတ်အနားလာသူ မည်သူရှိသနည်းဟု မေးလိုက်သော်လည်း အားလုံးမှာ ဇဝေဇဝါ ဖြစ်နေကြသည်။

"ငါ အမြဲတမ်း တင်ထားနေ ကျပါ၊ ဒါဟာ မရှိးသားဘူး"

§ § §

နောက်ဆုံးတော့ ရဲစခန်းသို့ တိုင်ရတော့၏။ ခင်မာမာ၏ ပေါ့ လျော့မှုတစ်ခုကြောင့် အားလုံး အလုပ်ရှုပ်ကုန်ကြတော့သည်။သက် ဆိုင်ရာက စစ်ဆေးတော့မှ တရား ခံအစစ်အမှန်ကို မိတော့သည်။

"လွယ်ရင် သူကြွယ်တောင် စိတ်မချရဘူးဆိုတဲ့ စကားအတိုင်း ဆိုင်အနီးက အလုပ်သမားတစ် ယောက် ဝင်ယူသွားတာပါ၊ ရောင်း ဝယ်နေချိန်မှာ သတိမထားမိတော့ အလစ်ချောင်းသူအတွက် အကွက် ဝင်သွားတာပေါ့ဗျာ၊ ဒေါ်ခင်မာမာ က အဲဒီလိုထားတတ်မှန်းသိတော့ ရေသောက်ချင်ယောင်ဆောင်ပြီးဝင် ယူသွားတာတဲ့လေ၊ ခင်ဗျားရဲ့ပစ္စည်း နဲ့ငွေတွေအားလုံးပြန်ရထားပါတယ်"

"အမယ်လေး...ဝမ်းသာလိုက် တာရှင်၊ အပျိုကြီးလုပ်စာနဲ့ တစ် ယောက်တည်း သန့်သန့်ရှင်းရှင်း ရှာ ဖွေထားတာပါ ဆရာရယ်"

"ဒေါ်ခင်မာမာအတွက် သင် ခန်းစာပေါ့ဗျာ၊ နောင်ကို ကိုယ့် ပစ္စည်းကို သော့ခတ်သိမ်းတတ်တဲ့ အလေ့အကျင့်မျိုး လုပ်စေချင်ပါ တယ်၊ သော့ခတ်ပြီးရင်လည်း ကိုယ့် သော့ကို ကိုယ်နဲ့မခွာဆောင်ထားမှ ဘေးကင်းလုံခြုံ စိတ်ချရမှာပေါ့ဗျာ"

"ဟုတ်ကဲ့ရှင်၊ ကျွန်မဆင်ခြင် ပါတော့မယ်ရှင်"

ခင်မာမာလည်း သူ့၏ပေါ့ဆ မှုအား သိမြင်သွားတော့၏။

အိမ့်(ရှုပဒေ)

www.burmeseclassic.com

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ရှုရှုအေးအောင်

TMR. 011758(1215)

## ဝမ်းမှန်အာဟာရဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃


www.burmeseclassic.com

www.burmeseclassic.com





# ငွေအလွန်

## အနှစ်မရှိအကာမဲ့



www.burmeseclassic.com

www.burmeseclassic.com



''မိုးခိုင်ရေ....ရှင့်သမီးလေး ရောဟင်''

''အပြင်သွားတယ် မဝိုင်းရဲ့၊ ဘာလုပ်မလို့လဲ''

''သူမရှိတုန်း ပြောရဦးမယ်၊ မိုးခိုင်သမီး အိတုံလေးက ရုပ်ရည်လေးလည်းလှတယ်၊ ကိုယ်လုံးကိုယ်ပေါက်လေးလည်း ကြည့်ကောင်းတယ်''

''အဲဒါ ဘာဖြစ်လဲရှင့်''

မဝိုင်းက ခင်မိုးခိုင်အနားသို့ တိုးကပ်သွားပြီး အနားကပ်ပြောလိုက်သည်။

''မော်ဒယ်လ်လုပ်ခိုင်းပါလားရှင့်၊ အခုခေတ်စားနေတဲ့အလုပ်က အောင်မြင်သွားရင် ရှင်ထိုင်စားပေတော့ မိုးခိုင်ရေ''

''မလုပ်ပါနဲ့ မဝိုင်းရယ်၊ သမီးက ငယ်ငယ်ကတည်းက ပဲများတာပါ၊ သူ့အဖေဟောက်ထားလို့ ငြိမ်နေတာနော်၊ ဒါတောင် ကျောင်းကပွဲတွေမှာ သူက ပါချင်သေးတယ်''

''ထည့်ပေးလိုက်တာမဟုတ်ဘူး၊ ထင်ပေါ်ရင် စင်တော်ကကောက်မှာပဲ၊ အခုအောင်မြင်နေတဲ့ မင်းသမီးလေးတွေဆို ငယ်ငယ်ကကျောင်းလှုပ်ရှားမှုမှာ ပါကြသူတွေချည်းပဲ၊ အိတုံလေးက ချောချောလှလှလေးနော်၊ စိတ်ကူးမလွဲနဲ့ မိုးခိုင်''

ခင်မိုးခိုင်လည်း စဉ်းစားမိ၏။ အိတုံအား မော်ဒယ်လ်ဘဝမှတစ်ဆင့် အနုပညာလောကထဲသို့ ခြေချနိုင်လျှင် အောင်မြင်မည်ဟု ယုံကြည်ထားသည်။ တချို့မော်ဒယ်လ်များက သမီးလောက်ပင် မလှပသူများဖြစ်ကြသည်။ သမီးသာ မော်ဒယ်လ်တစ်ယောက်ဖြစ်နေလျှင် အားကိုးအားထားရမည်ဟုတွေးမိ၏။

''စိတ်ကူးမလွဲနဲ့ မိုးခိုင်၊ ရှင့်သမီးအလှက ပြုပြင်ဖန်တီးယူထားတဲ့ အလှမျိုး မဟုတ်ဘူးနော်၊ သဘာဝကပေးတဲ့အလှ၊ အော်ရီဂျင်နယ်အလှပါနော်''

''အိတုံအဖေက သဘောတူမယ်မထင်ဘူးရှင်''

''အစတော့ ဒီလိုပဲပေါ့ရှင်၊ အောင်မြင်လာမှ အသိပေးပေါ့၊ ရှင့်သမီးဗီဇက အနုပညာဗီဇနော်၊ ပြင်လိုက်ဆင်လိုက်ရင် အားလုံးထက် သာတာပဲကြည့်''

''ဟုတ်ပါပြီရှင်၊ ဒါနဲ့ မဝိုင်းသမီးလေးကိုရော မော်ဒယ်လ်မလုပ်ခိုင်းဘူးလား''

မဝိုင်းက မဲ့ကာရွဲ့ကာဖြင့်.....

''လှမှမလှတဲ့ဥစ္စာရှင်၊ ကိုယ်နဲ့မတူဘဲ သူ့အဖေနဲ့ သွားတူတာလေ၊ ပြီးတော့ မိန်းကလေးဆန်ဆန်မှ မနေတာဘဲရှင်၊ အညို့ကို မိန်းမအဝတ်အစားမျိုး ဝယ်မပေးပါနဲ့တဲ့''

''ဟောတော်.....ရှင်တော့ ခက်ပြီ မဝိုင်းရေ''

''ဟုတ်တယ် မိုးခိုင်၊ သူဝယ်ရင် ရုပ်အင်္ကျီတွေချည်းပဲ၊ ငယ်ငယ်က သူ့အစ်ကိုအဝတ်ကျွတွေ ဝတ်လို့နဲ့တူပါရဲ့၊ ယောကျ်ားစိတ်ဝင်နေတယ်လေ''

ပိုးအိတုံနှင့် ချစ်ချစ်ညိုတို့က ရွယ်တူငယ်သူငယ်ချင်းများပါ။ သို့ပေမယ့် နှစ်ဦးစလုံးက ဒုတိယနှစ်တက္ကသိုလ်ကျောင်းသူများဖြစ်ကြသည်။ သမီးနှစ်ယောက်က ဆန့်ကျင်ဘက်အသွင်သို့ ဆောင်နေကြသဖြင့် မဝိုင်းမှာ မျက်နှာငယ်ခဲ့ရ၏။ ခက်သည်က ချစ်ချစ်ညိုသည် သူ့သူငယ်ချင်း ပိုးအိတုံအား ဘော်ဒီဂတ်အဖြစ် အနားတွင် ရှိနေခြင်းပင်။

''တစ်ခုတော့ကောင်းတာပေါ့ရှင်၊ အိတုံလေးရဲ့ကိုယ်ရံတော်အဖြစ် အညိုရှိနေလို့ပေါ့''

''ဟင်း...နောက်မှ ခက်လိမ့်မယ်နော်''

ခင်မိုးခိုင်ကသမီးချောအတွက် နေ့စဉ်နှင့်အမျှ စိုးရိမ်နေရသူပင်။ သမီးဖြစ်သူကို ပိုးပန်းသူက များ၏။ သည်တော့ သူမလိုက်နိုင်သည့် နေရာမျိုးတွင် ချစ်ချစ်ညိုကို အကူအညီတောင်းခဲ့ရသည်။

''အိတုံလာရင် ပြောလိုက်ဦးနော် မိုးခိုင်''

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီရှင်၊ ကောင်းပါပြီ"

+++

ခင်မိုးခိုင်သည် သမီးဖြစ်သူ အိမ်အပြန်ကို လည်တဆန့်ဆန့်နှင့် မျှော်နေ၏။ ပြန်ရောက်ချိန်ထက် နောက်ကျနေ၍ စိတ်ပူနေရသည်။ မကြာမီတွင် ပိုးအိတုံကို ချစ်ချစ်ညိုနှင့်အတူ လျှောက်လာသည်ကို တွေ့ရ၏။

"ဒေါ်လေးရေ.....အညိုပြန်ပြီနော်၊ ဒေါ်လေးသမီးကို အိမ်အရောက်ပို့ပေးခဲ့ပြီဗျာ"

"အညိုရေ ကျေးဇူးပဲကွယ်"

ချစ်ချစ်ညိုသည် ဘောင်းဘီရှည်ကို ရှပ်အင်္ကျီနှင့်တွဲဝတ်၍ လွယ်အိတ်ကို စလွယ်သိုင်းလွယ်လျက် ပိုးအိတုံအား နှုတ်ဆက်ထွက်သွား၏။ သည်တော့မှ ခင်မိုးခိုင်လည်း ပင့်သက်မောကို ချနိုင်တော့သည်။

"နောက်ကျလိုက်တာ သမီးရယ်"

"ဟုတ်တယ် အမေ၊ သင်တန်းမှာ ဆရာအသစ်တွေနဲ့ မိတ်ဆက်ပွဲလုပ်နေလို့ပါ"

ပိုးအိတုံမှာ နှုတ်က လွှတ်ခနဲ ထွက်သွားပြီးမှ ပခုံးလေးကို တွန့်လိုက်၏။ သူမ စကားပြောမှားသွားသည်ကို မိခင်ဖြစ်သူက မရိပ်မိပေ။

"ကဲ.....ကဲ အဝတ်အစားလဲပြီး အမေ့ဆီ ပြန်လာဦး၊ သမီးကို ပြောစရာရှိတယ်ကွယ်"

"ဟုတ်ကဲ့ အမေ"

ပိုးအိတုံက ဝတ်လာသော အဝတ်အစားများအား လဲလှယ်ဝတ်ဆင်ပြီးနောက် ခင်မိုးခိုင်ထံသို့ ပြန်ရောက်လာသည်။

"အမေ သမီးကို ဘာပြောမလို့လဲဟင်"

"နေ့လယ်က မပိုင်းရောက်လာတယ်၊ ဘာစိတ်ကူးပေါက်သလဲ မသိပါဘူး၊ ညည်းကို မော်ဒယ်လ်သင်တန်းတက်ခိုင်းဖို့ လာပြောနေတယ်"

"ဟုတ်လား"

ပိုးအိတုံမှာ ရယ်ချင်စိတ်ကို မျိုသိပ်ပြီး ပြောလိုက်၏။

"အမေလည်း စဉ်းစားမိတယ်၊ အခုခေတ်က မော်ဒယ်လ်ခေတ် မဟုတ်လားအေ၊ ဈေးထဲက ဒေါ်အိသမီးလေးတောင် မော်ဒယ်လ်သင်တန်းဆင်းပြီး ကားရိုက်နေရပြီ၊ ညည်းလောက်တောင် မလှပါဘူးအေ"

"အမေကရော သမီးမော်ဒယ်လ်လုပ်တာကို ခွင့်ပြုမှာလား"

"ဟဲ့...ခွင့်ပြုလို့ ပြောနေတာပေါ့အေ၊ ညည်းကလည်း ဒုံးဝေးလိုက်တာမှ လွန်ပါရော"

"အမေခွင့်လွှတ်တယ်ဆိုရင် ပြီးတာပါပဲ"

ပိုးအိတုံ၏ မလှုပ်တလှုပ် အမူအရာကြောင့် ခင်မိုးခိုင်မှာ အားမလိုအားမရဖြစ်ရင်း

"ညည်းကရော စိတ်မဝင်စားဘူးလားအေ"

"ဟင်း.....အမေပြောတာက နောက်ကျနေပြီ၊ သမီးက မော်ဒယ်လ်သင်တန်းတောင်တက်နေပြီ အမေရဲ့"

"ဟေ....တယ်လည်းသွက်ပါလား အိတုံရယ်၊ ကြည့်စမ်း၊ အမေ့ကိုတောင် မတိုင်ပင်ဘူး"

"အမေသဘောမတူမှာစိုးလို့ပါနော်၊ ဒါကြောင့်မို့ အညိုက သမီးကို ကြိုပို့လုပ်နေတာလေ"

"ဩော်.....ဩော်၊ ကိုယ့်အန္တရာယ်လည်း ကိုယ်သိပါလားနော်၊ အခုခေတ်ကလေးတွေများ လည်ပါ့"

"ဟီး.....ဟီး၊ အဖေက ဆူမလားမသိဘူးနော်"

"မပြောနဲ့ပေါ့အေ၊ ညည်းအဖေအကြောင်းလည်း သိသားနဲ့၊ သူက ဒါမျိုးကို လုံးဝကြိုက်တာမဟုတ်ဘူး"

သည်တော့ ပိုးအိတုံက သင်တန်းအတွေ့အကြုံများအား မိခင်ဖြစ်သူကို ပြောပြလိုက်သည်။

"မော်ဒယ်လ်သင်တန်းဆိုတာ အသက်မွေးဝမ်းကျောင်းဘာသာရပ်တစ်ခုကို တက်ရောက်နေသလိုပါပဲ အမေရယ်၊ ပြောင်းလဲနေတဲ့ ခေတ်စနစ်နဲ့အညီ ကိုယ်က ဝါသနာပါလို့ပဲဖြစ်ဖြစ်၊ နေထိုင်သွားလာမှု နည်းစနစ်ကျဖို့ပဲဖြစ်ဖြစ် လူငယ်တိုင်း တက်ရောက်သင့်တာပါ၊ ဒါပေမဲ့ လာတက်တဲ့သူ အတော်များများက အနုပညာလုပ်ငန်းကို စိတ်ဝင်စားလို့ပါပဲ၊ သူတို့က ပြီးရင် အနုပညာလောကထဲကို ဝင်ကြမှာလေ"

"ဟုတ်လားကွယ်၊ သင်တန်းမှာ လူတွေအများကြီးပဲလား"

www.burmeseclassic.com

‘‘သမီးတို့လို လူငယ်တွေ အများကြီးပဲ အမေ၊ အားလုံးက နှစ်ဆယ်၊ အစိတ်ဝန်းကျင်တွေပါပဲ’’

ခင်မိုးနိုင်က ပိုးအိတုံကိုကြည့်ပြီး ဒါကြောင့် အခုတလော ငွေကုန်များနေတာကိုးဟု သုံးသပ်လိုက်သည်။

‘‘ဒါနဲ့ သင်တန်းအတွေ့အကြုံကို ပြောပြပါဦး သမီးရယ်’’

‘‘တချို့များ ဝါသနာကြီးကြီးနဲ့ ဇာတိကိုစွန့်ခွာပြီး ရောက်လာကြတာ အမေရဲ့၊ အနုပညာအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုဖို့ နေရာတစ်ခု ရဖို့ပေါ့ အမေ၊ ဒါပေမဲ့ မော်ဒယ်လ်အလုပ်က ကိုယ်ကြိုးစားမှ ရတာပါ၊ ကိုယ့်အရည်အချင်းလည်း ရှိရမယ်၊ ကံနဲ့စန်းလည်းပါမှဖြစ်တာပါ၊ ဖြစ်သွားရင်တော့ သင်တန်းပြီးဆုံးသွားတာနဲ့ အနုပညာလောကထဲမှာ လှုပ်ရှားခွင့်ရပြီပေါ့၊ တချို့က စာချုပ်ချုပ်ပြီး နားလည်မှုယူကြတယ် အမေ’’

‘‘မသိပါဘူးအေ၊ သမီးပြောမှ အမေကြားဘူးတော့တယ်၊ ပြောပါဦးကွဲ့၊ သင်တန်းမှာ ဘာတွေသင်ရသလဲ’’

‘‘မော်ဒယ်လ်သင်တန်းအမျိုးအစားတွေက Cat Walk သင်တန်း၊ သရုပ်ဆောင်သင်တန်း၊ အခမ်းအနားမှူးသင်တန်း၊ Personal သင်တန်းနဲ့ မော်ဒယ်လ်သင်တန်းဆိုပြီး ခွဲခြားထားတယ် အမေ၊ အဲဒီထဲကမှ မော်ဒယ်လ်သင်တန်းကို အများဆုံး တက်ရောက်ကြပါတယ်’’

ခင်မိုးနိုင်က သမီးဖြစ်သူ၏ ပြောဆိုပုံနှင့် နေထိုင်ပုံကို ကြည့်လိုက်၏။ ဒါကြောင့်လည်း ပိုးအိတုံတစ်ယောက် သွားလာလှုပ်ရှားပုံမှာ သွက်လက်နေပြီး ကိုယ်ဟန်တကျ ဖြစ်နေတတ်၏။ ယုတ်စွအဆုံး ငရုတ်ဆုံထောင်းသည်ကအစ ဟန်အပြည့်နှင့်ပါ။

‘‘အခုဆိုရင် မော်ဒယ်လ်ပြိုင်ပွဲတွေ၊ Miss ပြိုင်ပွဲတွေ အများကြီး ကျင်းပလာပြီး နိုင်ငံတကာပြိုင်ပွဲတွေအထိ တက်လှမ်းနေကြပါပြီ အမေရယ်၊ မနန်းခင်ဇေယျာနဲ့ မခင်ဝင့်ဝါတို့ဆို Miss Myanmar တွေ ဖြစ်ကုန်ကြပြီလေ၊ နိုင်ငံ့ဂုဏ်ဆောင် အလှမယ်တွေဖြစ်ပြီ အမေရဲ့’’

‘‘အေး..ဟုတ်တယ် သမီးရဲ့၊ မပိုင်းက ညည်းကို အဲဒီလိုမျိုးဖြစ်စေချင်တာပါ၊ ကြိုးစားစမ်းပါကွယ်၊ ဒါမျိုးကို အားကျရမယ်’’

‘‘သင်တန်းမှာ အချောအလှတွေမှ အများကြီး အမေရဲ့၊ မော်ဒယ်လ်တစ်ယောက်ဆိုတာ ရုပ်လှရုံနဲ့ မပြီးဘူး၊ ဗဟုသုတကြွယ်ဝရမယ်၊ အသိပညာရှိရမယ်၊ ဒါမှ ကမ္ဘာ့အလယ်မှာ ထင်ပေါ်လာမှာပေါ့ အမေ’’

‘‘ညည်းဥစ္စာက မလွယ်ပါလားအေ’’

‘‘ကိုယ်ယုံကြည်ရာလမ်းကို ရွေးချယ်ပြီးတဲ့အခါ ဖြောင့်ဖြောင့် သွားနိုင်ဖို့ ဆုံးဖြတ်ချက်မှန်ရမယ်၊ ဇွဲ၊ ဝီရိယ မလျှော့ရဘူး၊ အကောင်းဆုံး ကြိုးစားအားထုတ်ဖို့ပဲ လိုပါတော့တယ် အမေရယ်၊ ဒါမှ အောင် မြင်မှုရမှာမဟုတ်လား’’

ပိုးအိတုံ၏ အားမာန်အပြည့်နှင့် ပြောပြနေပုံကို ခင်မိုးနိုင်က သဘောကျစွာ ကြည့်နေမိသည်။ အခုခေတ်မိန်းကလေးများက အနာဂတ်ကို ရွေးချယ်လျှောက်လှမ်းနေကြ၏။ ခေတ်အမြင်၊ ခေတ်အတွေးဖြင့် အိပ်မက်လမ်းကို လက်တွေ့ အကောင်အထည်ဖော် လျှောက်လှမ်းနေကြပြီဖြစ်ရာ ခင်မိုးနိုင်တို့ ငယ်စဉ်ကနှင့် ကွာခြားနေပြီဖြစ်၏။

‘‘တချို့ဆို အနုပညာလောကထဲမှာ လျှောက်လှမ်းနေကြသူတွေ ရှိသလို တချို့ကျတော့လည်း မော်ဒယ်လ်အလုပ်ကို Professonial လုပ်ငန်းအဖြစ် လုပ်ကိုင်နေကြပြီ အမေ’’

‘‘သြော်.....ဒါဟာ ရည်ရွယ်ချက်ကောင်းတဲ့ အရည်အချင်းပြည့်ဝသူတွေကို မွေးထုတ်ပေးတဲ့အလုပ်ပဲကွယ်၊ ကောင်းတာပေါ့ သမီးရယ်၊ ဒါနဲ့ ညည်းက မော်ဒယ်လ် သင်တန်း တက်နေပြီဆိုတော့ ငွေက ဘယ်လိုရတာလဲ၊ သင်တန်းကြေး ပေးရသေးတယ်မဟုတ်လား’’

‘‘ဟီး...ဟီး၊ ဘဏ်မှာစုထားတဲ့ငွေလေးတွေ ထုတ်သုံးရတာပေါ့ အမေရာ’’

‘‘သြော်.....ကောင်းပါတယ်အေ၊ ညည်းအဖေသိလို့ကတော့ မလွယ်ဘူး’’

‘‘အဖေ့ကိုတော့ ပြောမပြပါနဲ့ဦး အမေရယ်၊ အောင်မြင်မှတဲ့ တစ်နေ့မှ အံ့ဩသွားရအောင်လို့ပါနော်၊ ပြီးတော့ သမီးက ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်နဲ့ တက်နေရတာလေ၊ ကျောင်းပြီးမှဖောက်ချလုပ်နိုင်မယ်"

"ပညာရေးတော့ တစ်နှစ်တစ်တန်း မှန်မှန်အောင်ပါစေကွယ်"

"စိတ်ချပါ အမေရယ်၊ သမီး ကြိုးစားပါ့မယ်ရှင်"

ပိုးအိတုံမှာ သူမ၏ တိတ်တဆိတ်လုပ်ရပ်အား မိခင်ဖြစ်သူ သိခဲ့ပြီဖြစ်၍ စိတ်တစ်ခြမ်းတော့ပေါ့သွားရ၏။ သူမရင်ထဲတွင် အောင်မြင်သော မော်ဒယ်လ်တစ်ယောက် ဖြစ်ရမည်ဟု ဆုံးဖြတ်ချက်ချထားခဲ့၏။

+++

"မင်းက ငွေတွေကုန်လှချည်လား မိန်းမ၊ ဘာတွေများသုံးနေလို့လဲကွာ၊ ယောက်ျားကိုလည်း သနားပါဦး မိန်းမရာ"

ခင်မိုးနိုင်သည် ယောက်ျားထံမှ ငွေအပ်သည်နှင့် သမီးအတွက် ဆင်ယင်ပေးရန် ခေါင်းထဲဝင်ရောက်လာသည်။ မိသားစုသုံးယောက်သာ ရှိသည့်အတွက် အိမ်စရိတ်က သိပ်မရှိပေ။ သို့သော်လည်း ကျားကြီးတော့ ခြေရာကြီး၏။

"အပိုတွေမေးမနေပါနဲ့ ယောက်ျားရယ်၊ မိုးနိုင်လုပ်နေတာ နောင်ရေးအတွက်ဆိုတာ မှတ်ထားလိုက်၊ အသက်ကြီးလာတော့ ဖိမ်ကျကျနေရမှာရှင့်"

"ကောင်းပါပြီကွာ၊ ဒါဆိုရင်လည်း မမေးတော့ပါဘူးဗျာ"

ကိုတင်အောင်ကျော်၏ အတွေးထဲတွင် ခင်မိုးနိုင်ပြောသည့် စကားအား ယုံကြည်ထားလိုက်သည်။ မိသားစုသုံးယောက်အနက် သူတို့သားအမိနှစ်ယောက်တွင် ဘဏ်စာအုပ်ကိုယ်စီရှိကြသည်။ ရသမျှအား အကုန်ပေးအပ်ခဲ့သည့် ခင်ပွန်းကောင်းပီသသူပါ။ သည်တော့လည်း သူ့အတွေးက အကောင်းဘက်သာ တွေးမိ၏။

"သမီးလေးရော မိန်းမ"

"အညိုနဲ့ City Mart သွားတယ်ရှင့်"

"ဒီကောင်မလေးနဲ့ သိပ်မလွှတ်နဲ့ကွာ၊ ဟိုက မိန်းမစိတ်ရှိတာမဟုတ်ဘူး၊ ယောက်ျားလျာမလေး"

"ရှင်ပြောသလိုမျိုး မဟုတ်ပါဘူး ယောက်ျားရယ်၊ သမီးအတွက် အညိုက ဘေးမှာ ဘော်ဒီဂတ်လို ရှိနေတော့ တော်ရုံယောက်ျားတွေ အနားမကပ်နိုင်ဘူးမဟုတ်လား၊ အန္တရာယ်ကင်းသေးတယ်"

"ကြည့်လည်းလုပ်ပါ မိန်းမရာ"

"အညိုက ယောက်ျားဆန်ဆန်နေတာပဲရှိပါတယ်၊ ရှင်ပြောတဲ့ စိတ်မျိုး မရှိပါဘူးရှင်၊ သူ့အိမ်မှာလည်း အစ်ကိုတွေကြားထဲမှာနေရတော့ ယောက်ျားစိတ်ဝင်သွားတာ မဆန်းဘူးပေါ့ရှင်၊ ချစ်ချစ်ညိုဆိုရင် မကြိုက်ဘူး၊ သူက အညိုလို့ခေါ်မှ ကြိုက်တာရှင့်"

"ဟင်း...ငါတော့ သဘောမကျပေါင်ကွာ၊ မိန်းကလေးက မိန်းကလေးလို ဝတ်စားပြောဆိုတာပဲ ကောင်းတယ်၊ ဘာလဲ ယောက်ျားလေးလိုဝတ်ပြီး ပြောဆိုပုံက ကြည့်မရဘူးကွာ"

ခင်မိုးနိုင်လည်း သမီးဖြစ်သူအား သတိပေးရန် ပြောပြရပါမည်။ အထူးသဖြင့် ကိုတင်အောင်ကျော် ရှိလျှင် အသွားအလာ ဆင်ခြင်ခိုင်းရပေမည်။ အခုအချိန်တွင် သမီးဖြစ်သူက မော်ဒယ်လ်သင်တန်း တက်ရောက်နေပြီကို အသိပေးလိုက်လျှင်ဖြင့် သူမကိုပါ စိတ်ဆိုးတော့ပေမည်။ သည်တော့ သွေးတိုးစမ်းမေးမိ၏။

"မော်ဒယ်လ်လောကကို ရှင် ဘယ်လိုမြင်သလဲ ယောက်ျား"

"ဟေ...မင်းက အသက်ကြီးမှ မော်ဒယ်လ်ဖြစ်ချင်နေသေးလား၊ ကိုယ့်ပုံစံလည်း ပြန်ကြည့်ပါဦးကွာ၊ လိပ်ခါး ဖားဖင်ဖြစ်နေပြီ"

"ဟင်း.....ရှင်က မိန်းမကို စိတ်ကုန်နေပြီပေါ့လေ"

"မကုန်ပါဘူးကွာ၊ ကိုယ့်မိန်းမက အပေါ်ရုပ်လေးရှိတာပဲ၊ အောက်ပိုင်းတော့ ပျက်နေပြီလေ"

"ဘာ.....ရှင်ဘာပြောတာလဲ"

စကားပြောလောသွား၍ ကိုတင်အောင်ကျော်က ပြန်ပြင်ပြောလိုက်ရ၏။

"မင်းကို ဖင်ကြီး၊ တင်ကြီး ဖြစ်လာတာလို့ ပြောတာပါကွာ၊ ဟဲ.....ဟဲ မိန်းမကလည်း စကားအမှားတောင်မခံဘူး"

"မခံဘူးရှင့်၊ မစနဲ့ ကဲ.... ကျွန်မ မေးတာကို ဖြေဦး"

"မော်ဒယ်လ်အလုပ်က ရှိုးရှိုး

www.burmeseclassic.com



သားသားနဲ့ ကြိုးစားသူဆိုရင် တက်လမ်းအများကြီးရှိတာပေါ့ကွာ၊ အဲ.. မရိုးသားတဲ့နည်းနဲ့ လမ်းလွဲလိုက်သွားရင်တော့ ပျက်စီးဖို့နီးတယ်၊ ဒါနဲ့ မင်းက ဘာကြောင့်မေးတာလဲကွ''

''ဩော်..ရှင်က အဲဒီလောကကိုလက်ခံနိုင်သလားလို့ပါ၊ ရပ်ကွက်ထဲက မိတ်ဆွေတစ်ယောက်က သူ့သမီးလေးကိုမော်ဒယ်လ်သင်တန်းကျောင်းတက်ခိုင်းမလို့ဆိုပြီး ကျွန်မကို လာမေးလို့ပါ၊ ကိုယ်ကလည်း မော်ဒယ်လ်အသိုင်း အဝိုင်းနဲ့ မနီးစပ်တော့ ရှင့်ကိုမေးကြည့်တာပါ ယောက်ျားရယ်''



''အေး.....စောစောကပြောသလိုသာ ပြောလိုက်ကွာ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်မှဖြစ်တာပါ၊ သင်တန်းမှာ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်ကများပါ့၊ ပညာချင်းပြိုင်တဲ့ ကောင်းသောပြိုင်ဆိုင်ခြင်းမျိုးမဟုတ်ဘဲနဲ့ ဂုဏ်တုဂုဏ်ပြိုင်သွားလုပ်လို့ကတော့ ဘဝလမ်းပါ ပျောက်သွားလိမ့်မယ်ကွ၊ မော်ဒယ်လ်လောကတင် မဟုတ်ဘူး၊ ဘယ်နေရာဖြစ်ဖြစ် ကိုယ့်ဘဝကို သိက္ခာရှိရှိ နေထိုင်ခြင်းသာ အကောင်းဆုံးပဲ မိန်းမရေ''

ခင်မိုးနိုင်သည် ကိုတင်အောင်ကျော်၏စကားများအား သမီးဖြစ်သူကို ထပ်ဆင့်သတိပေးရန် ကျေးဇူးတင်သွားရ၏။

+++

''အညို....မင်းမှာ ငွေရှိသေးလားဟင်''

''ဘာဝယ်ချင်သေးလို့လဲ အိတုံ၊ မနေ့ကမှ မင်းအမေနဲ့ ပလာဇာသွားကြသေးတယ်မဟုတ်လား''

ပိုးအိတုံက ချစ်ချစ်ညိုအား စိတ်မရှည်သည့်ပုံဖြင့် ပြုံးလိုက်၏။ ပလာဇာတွင်တွေ့ခဲ့သည့် Ready Made ဝတ်စုံလေးအား သူ့မျက်လုံးထဲကပင် မထွက်ချေ။ ကိုယ်က မော်ဒယ်လ်သင်တန်း တက်ရောက်နေရ၍ အဝတ်အစားဆိုလျှင် ခေတ်နှင့်အညီ ဝတ်ချင်နေ၏။

''မင်းမှာမရှိရင်လည်း နေပါစေတော့လေ''

ပိုးအိတုံအပြောကြောင့် ချစ်ချစ်ညိုက သနားသွားရသည်။ သူငယ်ချင်းဟူသည့် သံယောဇဉ်ကြောင့် သူစုထားသောငွေများကို ပေးချင်လာ၏။

''မင်းလိုချင်တာအဝတ်အစားပဲမဟုတ်လား၊ ကဲ.....လာ၊ အခုပဲ လိုက်ဝယ်ပေးမယ်''

''ဟယ်..တကယ်၊ ဈေးတော့ ကြီးမယ်နော်''

''ရပါတယ်ဟာ၊ မင်းလိုအပ်တာကို ဖြည့်ဆည်းပေးရမှာပေါ့''

''ဟေး....ဒါမှ တို့အညိုကွ''

ချစ်ချစ်ညိုသည် ပိုးအိတုံက ပါးလေးအား ရွှတ်ခနဲတစ်ချက်နမ်းလိုက်သည်နှင့် ကျေနပ်ပီတိဖြစ်သွားရတော့သည်။ ပိုးအိတုံမှာ ချစ်ချစ်ညိုအား ဤသို့အနိုင်ယူနေကျပါ။ မကြာခဏလည်း စုထားသောငွေများ ပါသွားတတ်၏။

သင်တန်းတွင် ပိုးအိတုံက ကြိုးစား၏။ နဂိုကတည်းက အနုပညာဗီဇရှိသော ပိုးအိတုံအဖို့ သူများထက် နှာတစ်ဖျားသာ၏။ ကျောင်းပြီးသည်နှင့် အနုပညာလောကသို့ ဝင်ရောက်ရန် ရည်ရွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်း ဒီနေ့လည်း စောစော လာနော် အညို၊ မနေ့ကလို အကြာကြီး မစောင့်ပါရစေနဲ့"

"ကားလမ်းပိတ်နေလို့ပါဟာ၊ ဒါတောင် တက္ကစီနဲ့ လာရတာလေ၊ အမေနိုင်းထားတာတောင် ငါ့မှာ မလုပ်နိုင်ခဲ့ဘူး"

"တို့ကောင်းစားရင် မင်းကို မမေ့ပါဘူး အညိုရယ်.....နော်"

"ဟင်း.....ဘာလဲ မင်းသမီး ထဘီခေါက်ပေးဖို့လား"

"ဟယ်...ကိုယ့်သူငယ်ချင်းကို အဲဒီလို နိုင်းရက်ပါ့မလား၊ တို့မင်းသမီးဖြစ်ရင် မင်းက တို့ရဲ့အတွင်းရေးမှူးပေါ့နော်"

ပိုးအိတုံက မနေ့ကအဖြစ်တစ်ခုကို ပြန်သတိရမိ၏။ မနေ့က ချစ်ချစ်ညို နောက်ကျသဖြင့် သင်တန်းရှေ့တွင်စောင့်နေစဉ် ဝင်းလဲ့ဖြူခင်နှင့် တွေ့ကြသည်။ ဝင်းလဲ့ဖြူခင်က သူနှင့်ပြိုင်ဘက်တစ်ယောက်လိုဖြစ်နေသော်လည်း မနေ့က သဘောကောင်းစွာဖြင့် လိုက်ပို့ပေးမည်ဟု ဆိုလာ၏။ ပိုးအိတုံက ငြင်းဆန်လိုက်သည်။ ဝင်းလဲ့ဖြူခင်၏ကားထဲတွင် ယောကျ်ားလေးသူငယ်ချင်းများကို တွေ့ရ၏။ မိန်းကလေးသူငယ်ချင်းက တစ်ယောက်သာရှိသည်။

"တို့တွေကသင်တန်းသူမောင်နှမတွေပဲကွာ၊ မစိမ်းကားပါနဲ့ ပိုးအိတုံရာ၊ နောက်တစ်ခါခေါ်ရင် လိုက်ခဲ့ရမယ်နော်"

"အေးပါကွာ"

နှုတ်ကအလိုလိုထွက်သွားရာ နောက်တစ်ခါခေါ်မည်ကို စိုးရိမ်နေမိ၏။ ထို့ကြောင့်လည်း ချစ်ချစ်ညိုအား စောစောလာကြိုရန် မှာနေခြင်းဖြစ်သည်။ ထိုအကြောင်းအား ချစ်ချစ်ညိုကို ပြောမပြချင်ပေ။ ပြောလျှင် စိုးရိမ်စိတ်က ဖြစ်ပေဦးမည်။

သင်တန်းရောက်ပြန်တော့ ဝင်းလဲ့ဖြူခင်က ညှို့သည်နှင့် မိတ်ဆက်ရန် ခေါ်လာသည်။ မနေ့က တွေ့ရသည့် သူ့သူငယ်ချင်းများဖြစ်နေ၏။

"တို့တွေက မင်းကို ခင်တတ်ပါကွာ၊ မနေ့က မြင်မြင်ချင်းပဲ ခင်မင်မိတယ်၊ ဒါကြောင့်မို့ ဝင်းလဲ့ကို မိတ်ဆက်ပေးဖို့ အကူအညီတောင်းရတာပါ"

"ဟုတ်ကဲ့၊ ပိုးအိတုံလည်း ခင်မင်ပါတယ်ရှင်"

"အိုကေ၊ ဒါဆိုရင် ဒီညနေ ခင်မင်တဲ့အထိမ်းအမှတ်နဲ့ မုန့်လိုက်စားရမယ်နော်"

"ဟို.....ဟိုလေ ပိုးအိတုံမှာ ကိစ္စလေးရှိနေလို့ပါ၊ ခွင့်လွှတ်ပါရှင်"

"ဟင့်အင်း.....မရဘူး ပိုးအိတုံ၊ ဝင်းလဲ့တို့နှစ်ယောက်ကို သူတို့က တကူးတက ဖိတ်ခေါ်တာမို့ မငြင်းရဘူးနော်၊ လိုက်ရမယ်ကွာ"

ဝင်းလဲ့ဖြူခင်က အတင်းခေါ်သလို သူ့သူငယ်ချင်းများကလည်း ခွင့်တောင်းလာကြသည်။ သည်တော့ အားနာလာပြီး ခေါင်းညိတ်လိုက်မိ၏။

"ဟေး.....လိုက်မယ်တဲ့၊ စားသောက်ဆိုင်ကို ကြိုတင်မှာထား
လိုက်တော့နော်၊ ပြီးရင် အပြ
ညှို့ခံမယ် သိလား"

ဝမ်းသာအားရ ပြန်သွားကြ
ပိုးအိတုံမှာသာ သင်တန်းအလွှ
လာစောင့်နေမည့် ချစ်ချစ်ညို
မည်သို့ပြောပြရမည်မသိတော့
သည်တော့ ဝင်းလဲ့ဖြူခင်ကို ပြေ
ပြရတော့သည်။

"ဩော်...မင်းကိုလာလာကြ
နေတဲ့ ယောကျ်ားလျာမလေးလာ
မပူပါနဲ့ ပိုးအိတုံရာ၊ တို့နှစ်ယော
ကိုမတွေ့အောင် ဉာဏ်သုံးရတော့
မှာပေါ့၊ မလာနဲ့လို့ ဖုန်းဆက်ကြည့်
လို့ရော မရဘူးလား"

"အဲဒါမှ ပိုဆိုးမှာကွာ၊ ဒုက္ခ
စိတ်ညစ်လိုက်တာနော်"

"စိတ်မညစ်နဲ့၊ ဝင်းလဲ့ကြံ
မယ်၊ စောင့်သာကြည့်နေနော်"

ဝင်းလဲ့ဖြူခင်က သူ့သူငယ်
ချင်းများအား ကားနှင့်တစ်နေရ
တွင် စောင့်ခိုင်းထားပြီး တစ်ယောက်
ယောက်နှင့် ချစ်ချစ်ညိုကို ပြောနိုင်
လိုက်၏။ သူတို့နှစ်ဦးက အပေါ်ထပ်
မှန်ပြတင်းမှနေ၍ ချစ်ချစ်ညိုအပြ
ကို ကြည့်နေကြရာ ဆယ်မိနစ်ခန့်
ကြာသည့်နောက် ချစ်ချစ်ညို လှည့်
ပြန်သွားသည်ကို တွေ့ရ၏။ သနား
စရာတော့ကောင်းသားပင်။ စိတ်မချ
တချဖြင့် နောက်လှည့်တကြည့်
ကြည့်နှင့် ပြန်သွားရှာသည်။

ချစ်ချစ်ညို၏ အရိပ်အယော
ကို မတွေ့ရတော့မှ ပိုးအိတုံက ဝင်း
လဲ့ဖြူခင်နှင့် သူ့သူငယ်ချင်းများရှိ
ရာသို့ လိုက်ပါသွား၏။ ထိုနေ့က
စားသောက်ဆိုင်တွင် စားကြ

www.burmeseclassic.com

www.burmeseclassic.com


...ကြ၊ စကားပြောကြနှင့် နေ...အချိန်မှ အိမ်သို့ပြန်ပို့ပေး...သည်။

"နောက်ကျလိုက်တာ သမီး..."

"သူငယ်ချင်းတွေနဲ့ Dinner ...စားနေလို့ပါ အမေရယ်"

"ညည်းအဖေတောင် စိတ်ပူ...ပြီကွဲ့၊ အခန်းထဲမှာမို့ တော်သေး...ပေါ့၊ သွား....သွား၊ အဝတ်လဲ...တော့"

ပိုးအိတုံလည်း အလျင်အမြန်...င် ပြေးဝင်သွားတော့သည်။ အမေ...သည် သူ့အတွက် ဖာဖာထေးထေး ပြောဆိုတတ်၍ တော်ပါသေး၏။ ...ခင်ရှိနေခြင်းက ပိုးအိတုံအတွက် ...အဆင်ပြေသွားသည်။

+++

"အိတုံ မင်းမနေ့ညက မှောင်...မှအိမ်ပြန်ရောက်တယ်ဆို၊ တို့ကို အမေပြောပြတယ်နော်၊ မင်းကို ...ားပေါ်က ဆင်းလာတာ တွေ့လိုက်တယ်တဲ့၊ ပြီးတော့ မူးလာ...တာလား၊ ဒယိမ်းဒယိုင်နဲ့ဆို"

ဝင်းလှဲ့ဖြူခင်တို့အဖွဲ့က ဝိုင်း...တိုက်လိုက်သည့်အတွက် ပိုးအိတုံ ...တစ်ယောက် ခေါင်းမထူနိုင်အောင် ...ူးလာခြင်းဖြစ်သည်။ ချစ်ချစ်ညိုကို သုံးခါမြောက်လိမ်ပြီးနောက်တွင် ...တော့ သူမ၏ လိမ်ညာထားမှုများ ...ပေါ်သွားရတော့သည်။

"အေးဟယ်၊ ဟိုကောင်တွေ ...က သိပ်ဆိုးတာကွာ၊ အတင်းတိုက်ကြတော့ မငြင်းနိုင်တော့ဘူးပေါ့"

"မင်းအဲဒီလိုဖြစ်လာတာ ဒေါ်လေးက မဆူဘူးလား"

"အမေလား၊ နောက်မသောက်နဲ့တော့တဲ့၊ အဖေအပြင်ရောက်နေလို့ တော်သေးတာပေါ့ကွာ၊ ဒေ့ဒီသည်ကို ကားမှတ်တိုင်လိုက်ပို့တယ်တဲ့၊ အိတုံလေ အဲဒီဒေ့ဒီသည်ကို ထိုင်ရှိခိုးလိုက်ချင်ပါရဲ့"

ချစ်ချစ်ညိုသည် ပိုးအိတုံ၏ မျက်နှာအား စေ့စေ့ကြည့်ပြီးနောက် မျက်ရည်များ ဝဲတက်လာ၏။

"မင်းတောင် အညို့အပေါ် လိမ်တတ်နေပြီပဲကိုး၊ ဒီမှာ အိတုံ၊ မင်းပြောခိုင်းလိုက်ပေမယ့် အညိုက သေချာအောင် လိုက်မေးခဲ့တယ်၊ မင်းက ဝင်းလှဲ့ဖြူခင်နဲ့ လိုက်သွားတာပါ၊ ဒီမိန်းကလေးက မင်းကို လိုက်ပြိုင်နေတာကို သိသားနဲ့၊ မင်းက ကိုယ့်ပြိုင်ဘက်ကို Wellcome လုပ်လိုက်တယ်၊ အဲဒီအကျိုးဆက်က မင်းတစ်ယောက် ရှေ့လျှောက် ဒုက္ခရောက်ဖို့ပဲရှိတယ်နော်"

ပိုးအိတုံမှာ ချစ်ချစ်ညိုစကားကို နားမဝင်တော့ပေ။ ပြန်မပြော၊ နားမထောင်နှင့် အသည်းယားစရာကောင်းနေ၏။ ချစ်ချစ်ညိုက စိတ်မဆိုးရက်ပေ။ ငယ်သံယောဇဉ်ကြောင့် ခွင့်လွှတ်ခဲ့ပြီး ပိုးအိတုံကို အပို့အကြိုလုပ်နေဆဲပင်။ သို့ပေမယ့် ပိုးအိတုံက တဖြည်းဖြည်းနှင့် သူ့အား ခွာလာတော့သည်။ ချစ်ချစ်ညိုက သူ့အားခွာနေမှန်းလည်းသိ၏။ သူမရှိလျှင် ပိုးအိတုံ၏ ရည်ရွယ်ချက်များ ပျောက်ပေလိမ့်မည်။

ပိုးအိတုံသည် ကျောင်းဆင်းသည်နှင့် မော်ဒယ်လ်သင်တန်းတွင်သာ အလုပ်ရှုပ်နေတော့၏။ သည့်နောက်တွင် အပေါင်းအသင်းများလာ၏။ အပေါင်းအသင်းများကားနှင့် လိုက်ပါသွားတတ်ပြီး ချစ်ချစ်ညိုအား ချန်ထားသည်က များလာ၏။ တစ်ယောက်တည်း ပြန်ခဲ့ရသည့်အခါတွင် ချစ်ချစ်ညို စဉ်းစားမိသည်။

"ပိုးအိတုံက မင်းသမီးသိပ်ဖြစ်ချင်တဲ့သူ၊ အခုဆိုရင် ကြော်ငြာတောင် ရိုက်တော့မယ်တဲ့၊ ဘယ်လိုအဆက်အသွယ်ရသွားသလဲမသိဘူး၊ တို့ကိုလည်း ပြောမပြတော့ပါလား၊ ဒါပေမဲ့ သူ့အမေကိုတော့ အသိပေးထားမှဖြစ်မယ်"

ထိုအတွေးဖြင့် ချစ်ချစ်ညိုက ဒေါ်ခင်မိုးခိုင်အား ပြောပြလိုက်သည်။ သူ့ဆန္ဒက ပိုးအိတုံကို အမှားပြုမိမည်ကို စိုးရိမ်စိတ်ဖြစ်မိ၏။ အုပ်ထိန်းသူသိလျှင် အနီးကပ် သတိပေးနိုင်မည်ဟု တွေးထင်ထားလိုက်သည်။

"ဟုတ်တယ် အညိုရဲ့၊ အခုဆိုရင် သမီးက နာမည်လေးရလာတော့မယ်လေ၊ ကြော်ငြာရိုက်ဖို့လာကမ်းလှမ်းနေပြီ၊ ရိုက်ဖြစ်ရင် ဆက်တိုက်ပဲ၊ Boss တစ်ယောက်နဲ့ ချိတ်ထားပြီကွဲ့"

"ဟင်...ဘယ်က Boss လဲ ဒေါ်လေး"

"အိုကွယ် အဲဒီ Boss မှာ လုပ်ငန်းတွေ အများကြီးရှိတယ်၊ သူ့က အနုပညာဝါသနာပါတော့ သမီး

www.burmeseclassic.com



တို့လို တက်သစ်စလေးတွေကို မြေတောင်မြှောက်ပေးနေတာလေ၊ အိမ်ကိုတောင် တစ်ခေါက်ရောက်ပြီးပြီကွဲ့''

ချစ်ချစ်ညို့အဖို့ မအံ့ဩချင်တော့ပါ။ ပိုးအိတုံသည် လည်း၏။ နွံ့နှံ့စပ်စပ်နှင့် အပေါင်းအသင်းဝင်ဆံ့သူဖြစ်၏။ ပြီးတော့ ရုပ်ရည်လေးရှိသည့်အတွက် ကံတရားက သူ့ဘက်တွင်ရှိနေသည်။

''ကြည့်လည်းလုပ်ဦး ဒေါ်လေး၊ အခုခေတ်က ပျက်စီးလွယ်တယ်၊ ဖျက်ဆီးလွယ်တယ်နော်၊ အလိမ်အညာသမားတွေက များကများနဲ့၊ ဒီအကြောင်းကို ဦးလေးရောသိသွားပြီလားဟင်''

''သူ့သမီး မော်ဒယ်လ်သင်တန်းတက်နေတာပဲ သိတယ်လေ၊ Boss အကြောင်းတော့ ဘယ်ပြောလို့ဖြစ်မလဲကွယ်၊ ဖအေဆိုတော့ စိတ်ပူချင်ပူနေမှာပေါ့၊ သူ့သမီးကို သူလုပ်နေတဲ့ကုမ္ပဏီမှာသွင်းဖို့ အလုပ်လျှောက်ခိုင်းတဲ့အချိန်ကျမှ ပြောပြလိုက်ရတော့တာပေါ့၊ အစက စိတ်ဆိုးသေးတယ်၊ နောက်တော့လည်း လက်လျှော့သွားတယ်ထင်ပါရဲ့ကွယ်၊ ဘာတစ်ခွန်းမှ မပြောတော့ပါဘူး၊ ဒါကြောင့်မို့ ဒေါ်လေးက အိတုံကို မှာထားလိုက်တယ်၊ အနုပညာလောထဲဝင်ဖို့ ဆုံးဖြတ်ထားရင် ဖြစ်အောင်သာလုပ်လို့၊ ဒါမှ သူ့အဖေ ကျေနပ်မှာပေါ့နော်''

ချစ်ချစ်ညို၏ သတိပေးစကားကိုလည်း ဒေါ်ခင်မိုးခိုင်က ပေါ့ပေါ့ပင်တွေးပြီး သူကိုယ်တိုင် လိုက်ပါ



စောင့်ရှောက်မည်ဟုဆို၏။

''အေးကွယ်၊ အညိုလည်း အလုပ်ဝင်နေပြီဆိုတော့ ဘယ်လိုက်နိုင်တော့မှာလဲလေ၊ ဒေါ်လေးတာဝန်ပေါ့''

ချစ်ချစ်ညိုက အလွတ်သင်ပညာရေးဘော်ဒါကျောင်းတစ်ကျောင်းတွင် အလုပ်ရခဲ့၏။ အရင်လိုမဟုတ်တော့သည့်အတွက် ဒေါ်ခင်မိုးခိုင်က အားကိုးမရနိုင်တော့ပေ။

+++

''အညိုရေ.....ညည်းသူငယ်ချင်းတော့ ကြော်ငြာတောင်ရိုက်နေပြီတဲ့၊ ချောင်းသာကို သွားရမှာတဲ့လေ''

''ဟုတ်လား အမေ၊ သူတစ်ယောက်တည်းမထည့်ဖို့ သူ့အမေကို အမေက ပြောပြပါဦး''

ဒေါ်ဝိုင်းက ချစ်ချစ်ညိုဘက် မျက်စောင်းထိုးလိုက်ပြီး.....

''မပြောပါဘူးအေ၊ မိုးခိုင်ကလည်း နေမကောင်းဖြစ်နေတော့ စိတ်ချရသူနဲ့ အပ်လိုက်ရတယ်တဲ့''

''ဟင်...ဘယ်သူ့ကိုအပ်တာလဲ အမေ''

''သူ့ကိုအလုပ်ပေးတဲ့ အလုပ်ရှင်နဲ့ပေါ့၊ သူပါချောင်းသာလိုက်မှာတဲ့၊ မိုးခိုင်ကို စိတ်ချပါဆိုပြီး ငွေတစ်သိန်း သုံးဖို့ပေးသွားခဲ့တယ်တဲ့လေ''

ချစ်ချစ်ညို မအံ့ဩချင်ပါ။ သည်အတိုင်းဆိုလျှင် ပိုးအိတုံ၏ အနာဂတ်မှာ သိပ်မကောင်းပေ။ သူငယ်ချင်းအတွက် စိုးရိမ်သွားမိ၏။

''ကဲ.....မယ်မင်းကြီးမရေ၊ ညည်းက သွားတားဖို့ စိတ်မကူးနဲ့၊ ညည်းဘယ်လိုတားတား ရမှာမဟုတ်ဘူး၊ သူ့အမေကိုယ်တိုင်က သဘောတူပြီးထည့်နေမှ ညည်းဘာမှသွားပြောမနေနဲ့၊ ပြီးတော့ သူတို့လောက,က ကိုယ်နဲ့ရင်းမှအတက်မြန်တာဆိုပဲ၊ အမေကြားဖူးတာပဲလေ''

''အဲဒါ ပျက်စီးချင်သူတွေပြောတဲ့ လက်သုံးစကားပါ အမေရာ၊ ကိုယ့်ဘဝကို တန်ဖိုးထားပြီး နာမည်ကြီး၊ အောင်မြင်လာတဲ့သူတွေ အများကြီးပါပဲ၊ အိတုံတော့ ခက်ပြီ အမေရယ်''

''ဩော်.....အညိုရယ်၊ သမီးတောင် ပတ်ဝန်းကျင်ကြောင့် အရောင်ပြောင်းလဲလာပြီပဲကွယ်၊ သူလည်း သူ့ပတ်ဝန်းကျင်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားတာ မမွတာပဲလေ၊ ဒါပေမဲ့ သမီးပြောသလို အမေလည်း စဉ်းစားမိတယ်ကွယ်၊ အိတုံလေးကို ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်အောင်နေလို့ သတိပေးဦးမယ်''

ချစ်ချစ်ညိုတစ်ယောက် အရင်လို ရှပ်အင်္ကျီများ မဝတ်တော့ပေ။ မိန်းမဆန်ဆန် ရင်ဖုံးအင်္ကျီလေးနှင့် ဖြစ်လာ၏။ ဒေါ်ဝိုင်းလည်း အခုမှပင် အသက်ရှူချောင်နိုင်တော့၏။ ချစ်ချစ်ညိုအတွက် စိတ်အေးသွားရ၏။ မိန်းကလေးလို ဝတ်စားနေထိုင်မှ ချစ်ချစ်ညို၏အလှက ပေါ်လွင်လာသည်။

''အဝိုင်းရေ.....အဝိုင်း''

အိမ်ရှေ့ဆီမှ အသံပေးလာသော ဒေါ်ကျင်ကြောင့် ချစ်ချစ်ညိုက အိပ်ခန်းထဲသို့ အမြန်ဝင်ပြေးသွား၏။

''ဟော.....အမေရေ အမေ့ဒေါ်အာကျယ်ကြီးလာပြီ၊ အတင်းပေါင်းစုံ ကြားရတော့မှာပဲ၊ သမီးတော့ ဝင်တော့မယ်''

ဒေါ်ကျင်က အိမ်ပေါ်ရောက်လာ၏။

''လာ..ထိုင် အကျင်ရေ၊ ဘာသတင်းထူးလာပြန်ပြီလဲ''

''ထူးတာမှ မပြောပါနဲ့တော့ အဝိုင်းရာ၊ အကျင့်တူ မင်းသိန်းကျော်ကို သိတယ်မဟုတ်လား''

''ဩော်.....အကျင့်အစ်မ အတင့်ရဲ့သားမဟုတ်လား၊ သူတို့က အင်းစိန်မှာနေတာဆို''

''ဟုတ်တယ်၊ မင်းသိန်းကျော်က အကျင့်ကို ပြောပြတာနော်''

''ဘာတွေပြောလို့လဲရှင့်''

ဒေါ်ကျင်က ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်ပြီးမှ စကားကို တိုးတိုးဆို၏။

''ခင်မိုးခိုင်သမီးလေးက မင်းသိန်းကျော် ကားမောင်းတဲ့ သူ့အလုပ်ရှင်နဲ့ ဖြစ်နေကြတယ်ဆိုပဲ''

''ဟင်.....ဟုတ်လား''

''ဟုတ်လားမေးမနေနဲ့၊ ဟုတ်ကိုဟုတ်တာပါ၊ သူ့အလုပ်ရှင် အကြိုလွှတ်လိုက်လို့ သွားကြိုပြီး ဟိုတယ်ကိုပို့ပေးရတာ နှစ်ပတ်တစ်ကြိမ်ပဲတဲ့''

''ဘုရားရေ...ဒီလိုတောင်ဖြစ်နေကြပြီလားတော်''

''ဟုတ်တယ် အဝိုင်းရဲ့၊ ကောင်မလေးက မင်းသိန်းကျော်ကို အကျင့်တူမှန်းမသိလို့ တော်သေးတာပေါ့၊ သိရင် ဘယ်လောက်ရှက်လိုက်မလဲနော်၊ အဲဒါကို ခင်မိုးခိုင်က သိမှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် သူ့အလုပ်ရှင်ကိုယ်တိုင် အကျင့်တူကို ပြောပြတာတဲ့''

''ဒုက္ခပါပဲဟယ်၊ အခုတောင် ချောင်းသာမှာ ကြော်ငြာရိုက်ဖို့သွားကြတော့မယ်တဲ့''

ဒေါ်ဝိုင်းလည်း ပိုးအိတုံ အကြောင်းကို သိသွားပြီး သားသမီးချင်း စာနာစိတ်ဖြင့် ရင်ဘတ်ဖိမိ၏။

''ခင်မိုးခိုင်ကို ပြောပြချင်ပေမယ့် ယုံရင်ကောင်းသား၊ မယုံရင် သူ့သမီးက ဘယ်လိုလိမ်ညာထားမှန်းမသိရင် ပြောတဲ့သူပဲ အမုန်းခံရမှာ၊ အကျင့်တူပြောတော့ သူ့အလုပ်ရှင်မှာ မိန်းမရှိတယ်၊ ဒါပေမဲ့ မြာပွေတယ်တဲ့၊ မိန်းမငယ်လေးတွေမှ သူကသဘောကျတော့ တစ်ယောက်ပြီးတစ်ယောက်တဲ့၊ မိန်းကလေးတစ်ယောက်ကို ခြောက်လလောက်ပဲတွဲတာတဲ့''

''ဒုက္ခပါပဲနော်၊ တို့အိတုံလေး ဘဝပျက်တော့မှာပဲ၊ ကောင်မလေး

အစ်ကိုကြီးသမီးကို ကျွန်မ ခင်ပွန်းနဲ့ မဆက်ဆံဖို့ ပြောပေးပါရှင်၊
ဘာကြောင့်လဲဆိုရင် ယောကျ်ားရဲ့ ဂုဏ်သိက္ခာထိခိုက်မှာ စိုးလို့ပါ၊
တစ်သက်လုံး လူရိုသေရှင်ရိုသေ ယောကျ်ားတစ်ယောက်ဟာ
မော်ဒယ်လ်မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်မှ
ပတ်ဝန်းကျင်ကဲ့ရဲ့တာကို မခံနိုင်လို့ပါရှင် ...



www.burmeseclassic.com

က အနုပညာဗီဇရှိတယ်၊ မော်ဒယ်လ်ဖြစ်ဖို့ အားသန်တာရှင်၊ သူ့အမေတော့ ရင်ကျိုးပြီပေါ့''

''တစ်ခုခုတော့ ပြောပြမှ ဖြစ်မှာပေါ့ရှင်၊ အကျင့်တူက ဒီရပ်ကွက်ကို မကြာခဏ ကောင်မလေးကို လာပို့ပေးနေရတာလေ၊ အကျင့်အိမ်တောင် မဝင်ရဲဘူး၊ ကောင်မလေး ရှက်မှာစိုးလို့တဲ့''

ဒေါ်ပိုင်းက ဇိမ်ခံကားမြင့်မြင့်နှင့် ပြန်လာတတ်သော ပိုးအိတုံလေးအား မြင်ဖူးခဲ့၍ ဒေါ်ကျင့်ပြောသောစကားများမှာ ဖြစ်နိုင်ကြောင်း သိနေ၏။ သည်တော့ သက်ပြင်းမောကိုချကာ ဒေါ်ကျင့်ပြန်သွားမှ ချစ်ချစ်ညိုကို ပြောပြလိုက်သည်။

''သမီး ကြားပါတယ် အမေ၊ ပိုးအိကို သမီးတားမှ ရတော့မယ်''

''အကျင့်ပြောတာလို့ မပြောနဲ့နော်၊ တော်ကြာ စေတနာနဲ့ပြောတာ ဝေဒနာဖြစ်သွားမယ်၊ မိုးနိုင်က အကျင့်စကားဆို ယုံကြည်တာ မဟုတ်ဘူး''

''ဘာပဲဖြစ်ဖြစ်ပေါ့ အမေ၊ သမီးတော့ ဒေါ်အာကျယ်ကြီးကို ကျေးဇူးတင်တယ်၊ သူ့မှာ သားသမီးချင်း ကိုယ်ချင်းစာစိတ်ရှိလို့ လာပြောပြတာပေါ့၊ သမီးတော့ ဥပေက္ခာမပြုရက်ဘူး အမေရာ''

''အေးလေ၊ ဒါဆိုလည်း သမီးသဘောပဲပေါ့ကွယ်''

+++

''သြော်.....အညို့ကို လာမကြိုနဲ့လို့ ပြောထားပြီးပြီပဲ၊ အလကားဒုက္ခရှာလို့ကွာ''

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလိုပင်။ ပိုးအိတုံက သူ့အား အပြစ်တင်ပြောနေ၏။ တခြားသူဆိုလျှင် လှည့်ပြန်သွားပေမည်။ သို့သော် ချစ်ချစ်ညိုက အပြောခံပြီး စေတနာစကားဆို၏။

''မင်းကိုပြောစရာရှိလို့ အိတုံ''

''ကိုယ် အချိန်မရဘူး အညို၊ မင်းကို ခဏပဲ စကားပြောနိုင်မယ်''

''ဒါပေါ့ကွာ၊ အောင်မြင်ခါနီး မော်ဒယ်လ်တစ်ယောက်ဆိုတော့...''

''မင်း ကိုယ့်ကို မခနဲ့ပါနဲ့ အညို၊ ကဲ.....မင်းပြောစရာရှိတာသာပြောကွာ''

ချစ်ချစ်ညိုလည်း မဆိုင်းမတွပင် ပိုးအိတုံ၏အမှားကို ပြောပြလိုက်သည်။ ပြီးနောက် ချောင်းသာကိုမသွားရန်လည်း တားဆီးမိ၏။ အစတွင် ပိုးအိတုံက အံ့ဩသွားသည်။ နောက်တော့.....

''မော်ဒယ်လ်တစ်ယောက်ရဲ့ ဘဝကို မင်းမှ နားမလည်တာဘဲကွာ၊ မော်ဒယ်လ်ဖြစ်ဖို့ဆိုတာ လွယ်သလား၊ အသုံးအဆောင်ဆိုရင် သူများနဲ့တန်းတူ ဝတ်ဆင်ရတယ်၊ သုံးစွဲရတယ်၊ ခေတ်နဲ့အညီ နေထိုင်ရမယ် အညို၊ တို့မိဘက အဲဒီလောက်သုံးစွဲနိုင်ဖို့ ငွေမှမရှိတာဘဲလေ၊ ဒီတော့ ကိုယ့်အတွက် Sponsor တစ်ခုရဖို့ ရှာရတယ်၊ မှီရတယ်၊ အရေးကြီးတာက ဒါပဲ အညို''

ပိုးအိတုံက သူ့လက်ညှိုးနှင့် လက်မအား အဝိုင်းသဏ္ဍာန် ကွေးပြလိုက်၍ ချစ်ချစ်ညို စိတ်ညစ်သွား၏။

''မင်း Sponsor ကြီးက မင်းကိုယူမယ်လို့များ ထင်နေသလား''

''ဟင်း.....ဟင်း၊ တို့ဆန္ဒပါပဲကွာ၊ မင်းက အထင်သေးတယ်ပေါ့''

စကားပြောနေစဉ်အချိန်တွင် ဖုန်းမြည်သံကြားရပြီး ပိုးအိတုံက အိတ်ထဲမှ ထုတ်ယူလိုက်၏။ ချစ်ချစ်ညို လှမ်းကြည့်လိုက်ရာ နောက်ဆုံးပေါ် ဟန်းဖုန်းဖြစ်နေသည်။ ပိုးအိတုံက ဟန်ပါပါဆက်နေစဉ် ယခင်ကိုင်နေကျ ဖုန်းအစုတ်လေးအား မျက်ဝန်းထဲမှပင် မထွက်ချေ။ ထိုဖုန်းဟောင်းဟန်းဆက်လေးသည် ချစ်ချစ်ညို စုထားသော မုန့်ဖိုးလေးများထဲမှ ဝယ်ပေးခဲ့ခြင်းဖြစ်၏။

''ကဲ.....အညို၊ တို့ ကိစ္စတွေရှိသေးတယ်၊ သွားတော့မယ်ကွာ''

နှုတ်ဆက်စကားဖြင့် ချစ်ချစ်ညိုဘေးမှ ထွက်သွားခဲ့၏။ သည်တော့ ချစ်ချစ်ညိုလည်း အိမ်ပြန်လာခဲ့ရတော့သည်။ ပိုးအိတုံ၏ ပြောင်းလဲမှုအား များစွာအံ့ဩသွားရသည်။ အပြင်အဆင်နှင့် အသုံးအဆောင်များကအစ ယခင်နှင့်မတူတော့ပေ။ ပြီးတော့လည်း ပိုပြီးကြည့်ကောင်းလာ၏။ Show ပွဲတိုင်းတွင် အောင်မြင်လာပြီး အနုပညာမဂ္ဂဇင်း/ဂျာနယ်များတွင် နေရာရလာသည်။

''မင်းရည်ရွယ်ချက်လေး မပျောက်ပါစေနဲ့လို့ အညိုဆုတောင်း

www.burmeseclassic.com

www.burmeseclassic.com


ပေးနေမှာပါကွာ၊ ပြီးတော့ တစ်ချိန်မှာ နောင်တလည်းမရပါစေနဲ့ အိတုံရယ်''

ချစ်ချစ်ညိုသည် ပိုးအိတုံအား နောက်ပိုင်းတွင် အဆက်အသွယ် မလုပ်တော့ပေ။ ပိုးအိတုံသည်လည်း ချစ်ချစ်ညိုအား ရှောင်ဖယ်သွားခဲ့၏။

+++

''သမီးရေ.....အိတုံလေးပါတဲ့ ကြော်ငြာအသစ် တွေ့သေးလားကွယ်''

''ဟင့်အင်း၊ ဒေါ်လေးခင်မိုးခိုင်ကို မေးကြည့်ပါလား အမေ''

''အေးကွယ်၊ မိုးခိုင်နဲ့လည်း မတွေ့တာကြာပါရောလား၊ အိမ်ကိုသွားပြန်တော့ အပြင်ထွက်နေတာများတယ်၊ ကြည့်ရတာ သူ့သမီးနောက်ကို လိုက်နေတာနဲ့ တူပါရဲ့''

အိမ်ချင်းက လေးအိမ်ကျော်ကွာ၏။ ဒေါ်ခင်မိုးခိုင် အပြင်သို့သွားတိုင်း အိမ်ကိုအပ်သွားတတ်၏။ ဒီနေ့တော့ အိမ်ကိုအပ်မသွားဘဲ သားအမိနှစ်ယောက်ထွက်သွားပုံရသည်။

''ဩော်.....သမီးကို ပြောရဦးမယ်၊ မိုးခိုင်ယောက်ျားက အလုပ်နားလိုက်တယ်ကွဲ့၊ လေငန်းရောဂါဖြစ်လို့ဆိုလား၊ အခုတော့ တုတ်ကောက်နဲ့ လမ်းပြန်လျှောက်နိုင်ပြီကွဲ့''

''ဒါကြောင့်များ သူ့အိမ် အပ်သွားတာလားမသိဘူးနော် အမေ''

''ဟုတ်မယ်ကွဲ့၊ ဒါဆို ကိုတင်အောင်ကျော်စားဖို့ ဟင်းလေးသွားပို့ပေးလိုက်ဦးမယ်၊ ခမျာလည်း သနားပါရဲ့ကွယ်''

''သမီးပဲ သွားပို့လိုက်ပါ့မယ်''

''ကောင်းတာပေါ့ကွယ်''

ချစ်ချစ်ညိုသည် ဟင်းပန်းကန်လေးအား ယူလာခဲ့ပြီး ဦးတင်အောင်ကျော်အိမ်သို့ သွားပို့ပေးလိုက်၏။

''ထမင်းစားပွဲပေါ်မှာသွားထားပေးပါ သမီးရယ်၊ ဦးလေး ဆာမှပဲ စားတော့မယ်''

''ဟုတ်ကဲ့ ဦးလေး၊ ဒါနဲ့ အိတုံနဲ့ ဒေါ်လေးတို့က ဘယ်သွားတာလဲရှင်''

''သူ့သမီးနောက်ကို လိုက်တယ်လေ၊ ပလာဇာမှာ ပွဲရှိလို့ဆိုလား မသိပါဘူးကွယ်''

ချစ်ချစ်ညိုက စားပွဲပိုင်းတွင် ဟင်းကိုသွားထားနေစဉ် အိမ်ရှေ့သို့ ကားတစ်စီးရပ်သံကြားရပြီးနောက် စတိုင်လ်ကျကျ အမျိုးသမီးတစ်ဦး ရောက်လာသည်။

''ဒီအိမ်က မော်ဒယ်လ် ပိုးယုယုဇာရဲ့အိမ်ပါလားရှင်''

''ဟုတ်ပါတယ်ခင်ဗျာ၊ ညည့်သည်နဲ့တူတယ်၊ ထိုင်ပါခင်ဗျာ၊ သမီးချစ်ချစ်ညိုရေ ညည့်သည်အတွက်ကူပါဦးကွယ်''

ဦးတင်အောင်ကျော်က ညည့်သည်အား နေရာထိုင်ခင်းပေးလိုက်ရာ ညည့်သည်အမျိုးသမီးက အိမ်အတွင်းသို့ မျက်လုံးဖြင့် ဝေ့ဝဲကြည့်နေ၏။ ချစ်ချစ်ညိုလည်း ညည့်သည်ဆို၍ ညည့်ခံရန် အအေးဖျော်ပေးနေစဉ် အမျိုးသမီး၏ မွှန်မွှန်ရည်ရည်စကားသံအား ကြားနေရသည်။

''အစ်ကိုကြီးက.....''

''ဩော်...ကျွန်တော်က သမီးလေးရဲ့အဖေပါခင်ဗျာ၊ ဒီကနေမက ဘာကိစ္စများလဲဟင်''

''ပြောရမှာတော့ အားနာပါတယ် အစ်ကိုကြီးရယ်၊ ဒါပေမဲ့ မပြောလည်း မဖြစ်လို့ပါရှင်၊ ကျွန်မကို အစ်ကိုကြီးရဲ့ နှမလေးတစ်ဦးလို သဘောထားပြီး နားနဲ့မနာ၊ ဖဝါးနဲ့ နာပါရှင်''

ထိုသို့ပြောပြီးနောက် မျက်ရည်သံဝဲဝဲဖြင့် စကားကိုဆက်ပြောလာသည်။

''အစ်ကိုကြီးသမီးကို ကျွန်မခင်ပွန်းနဲ့မဆက်ဆံဖို့ ပြောပေးပါရှင်၊ ဘာကြောင့်လဲဆိုရင် ယောက်ျားရဲ့ဂုဏ်သိက္ခာထိခိုက်မှာ စိုးလို့ပါ၊ တစ်သက်လုံး လူရှိသေ ရှင်ရှိသေ ယောက်ျားတစ်ယောက်ဟာ မော်ဒယ်လ်မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်မှ ပတ်ဝန်းကျင်ကဲ့ရဲ့တာကို မခံနိုင်လို့ပါရှင်၊ ယောက်ျားက လူရိုးလူအေးတစ်ယောက်ပါ အစ်ကိုကြီးရယ်''

ဦးတင်အောင်ကျော် မျက်နှာပျက်သွားပေမည်။ ချစ်ချစ်ညိုလည်း အပြင်ထွက်၍ အအေးချရအခက်ဖြစ်နေ၏။

''သမီးနဲ့ဆိုတာ သေချာလို့လား ငါ့နှမ''

''ဒီမှာ ဓာတ်ပုံတွေ ပါလာပါတယ်၊ ကြည့်ပါဦးရှင်''

အမျိုးသမီးသည် အိတ်ထဲမှ၍ ဓာတ်ပုံများကို ထုတ်ပြနေ၏။

www.burmeseclassic.com

ဦးတင်အောင်ကျော်က ယူကြည့်ပြီး နောက် သက်ပြင်းမောကို ချလိုက် သည်။

"စိတ်ချပြီးသာပြန်ပါ ငါ့နှမ ရယ်၊ ကျုပ် သမီးကို ဆုံးမပါ့မယ်၊ ကျုပ်သမီးရဲ့ မိုက်မဲမှုအတွက် တောင်းပန်ပါတယ်"

ထိုစကားအား ဆွေးဆွေးမြည့် မြည့်လေး ပြောလိုက်ပုံရ၏။ သည် တော့မှ ချစ်ချစ်ညိုလည်း အအေး ကို ယူလာနိုင်တော့၏။

"မသောက်တော့ပါဘူးရှင်၊ ကျွန်မကို ပြန်ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ညှို့သည့်အမျိုးသမီးသည် သွားခါနီးတွင် ချစ်ချစ်ညိုအား စူး စိုက်၍ ကြည့်လိုက်၏။ ထို့နောက် တွင် ရွှင်ပျသောမျက်နှာဖြင့် တစ် လှမ်းချင်း ဆင်းလျှောက်သွားတော့ သည်။ ကားထွက်သွားတော့မှ ချစ် ချစ်ညိုလည်း ဦးတင်အောင်ကျော် အား နှုတ်ဆက်၍ ပြန်လာလိုက်ရ ၏။

မကြာမီတွင် ပိုးအိတုံ တစ် ယောက် မှန်တိုင်းထန်ပေတော့မည်။ ဖခင်၏ရက်စိတ်က မျက်နှာပေါ်တွင် ပေါ်လွင်နေ၏။

+++

လူမှုရေး
ဖောက်ပြန်တာ
အကြီးမားဆုံး
အမှားတစ်ခုပေါ့ကွယ်၊
ပတ်ဝန်းကျင်ကို
ဘယ်လိုမျက်နှာနဲ့
သူတို့သားအမိ
ကြည့်ကြမလဲ၊
အရှက်မဲ့ရင်
...



"အိတုံအဖြစ်က အဲဒါပဲ အမေ ရယ်၊ အညိုလည်း ဦးလေးကိုနှုတ် ဆက်ပြီးသာ ပြန်လာရတယ်၊ စိတ် မချဘူး၊ တော်ကြာ ရှက်ရှက်နဲ့ သူ့ ကိုယ်သူ အဆုံးစီရင်သွားရင် ဘယ် လိုလုပ်မလဲ"

"ဒီလောက်ကြီးလည်း မစိုးရိမ် စမ်းပါနဲ့ကွယ်၊ မိုးခိုင်က သမီးကို ဩဇာညောင်းတာမဟုတ်ဘူး၊ အဖေဆိုတော့ ကြောက်လည်း ကြောက်တယ်၊ ရိုလည်းရိုသေမှာပဲ၊ အခုလို လာပြောတာကို ကျေးဇူး တောင်တင်ရဦးမယ်ကွယ်"

"အိတုံတော့ ဘယ်လိုတွေဖြစ် ကုန်ပြီလဲတောင် မသိတော့ဘူး၊ ကျောင်းလည်း တစ်ဝက်တစ်ပျက်နဲ့ ဒုက္ခပါပဲနော်"

"အေးလေ၊ တက္ကသိုလ်ပြီး အောင်လေးတောင် မစောင့်တော့ ဘူး၊ တစ်နှစ်ပဲလိုတော့တဲ့ဥစ္စာ"

www.burmeseclassic.com

"ဟင်း.....အိတုံက သူထင်ရာ ဖွတ်လုပ်တတ်တဲ့ အကျင့်ရှိတယ်၊ တားလို့ရတာမှ မဟုတ်တာ အမေရာ"

"အရင်တွဲနေတဲ့ သူ့ Boss နဲ့ မဟုတ်တော့ဘူးလားကွယ်၊ ဒီမိန်းကလေး အပြောင်းအလဲကမြန်ပ့ါ၊ အကျင်နဲ့တွေ့မှ မေးကြည့်ရဦးမယ်"

ထိုညက ပိုးအိတုံတို့အိမ်တွင် ဆူဆူညံညံအသံများနှင့် အော်သံ၊ ငိုသံ၊ ဆူပူသံများ သဲ့သဲ့ကြားခဲ့ရ၏။ သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်ရပေမယ့် ချစ်ချစ်ညိုလည်း ဝင်မပါရဲပေ။ သူတို့မိသားစုကိစ္စ ဖြစ်နေသည့်အတွက် ဆိုးဆိုးဝါးဝါးမဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းနေမိ၏။

တကယ်တမ်း စဉ်းစားကြည့်လျှင် ဦးတင်အောင်ကျော်အဖြစ်က သနားစရာကောင်းနေသည်။ မရှာဖွေနိုင်တော့သည့်အချိန်တွင် ဇနီးဖြစ်သူက လျစ်လျူရှုထားပြီး သမီးဖြစ်သူက ဥပေက္ခာပြုထားခြင်း ခံရသူဖြစ်၏။ သူတို့သားအမိနှစ်ဦးသာ တိုင်တိုင်ပင်ပင်နှင့် ဦးတင်အောင်ကျော်အား အရုပ်တစ်ရုပ်လိုသဘောထားလိုက်ကြသည်။ ဒေါ် ခင်မိုးခိုင်၏ ဆူပူကြိမ်းမောင်းသံက ပတ်ဝန်းကျင်တွင် မကြားချင်မှအဆုံးပါ။

ထိုအကြောင်းများအား ချစ်ချစ်ညိုက မိခင်ဖြစ်သူနှင့် ပတ်ဝန်းကျင်မှ ကဲ့ရဲ့ဝေဖန်ခြင်းတို့ကြောင့် သိနေခဲ့သည်။ သည်ပုံအတိုင်းဆိုလျှင် ဦးတင်အောင်ကျော်တစ်ယောက် စိတ်ချောက်ချား ခံစားရမည်မှာ အမှန်ပင်။ သနားစရာကောင်းနေပေပြီ။

နံနက်လင်းလုလုအချိန်တွင် ပိုး အိတုံတို့အိမ်မှ အထိတ်တလန့်နှင့် အော်သံကြီးကို တစ်ရပ်ကွက်လုံး ကြားရတော့၏။ ထွက်ကြည့်လိုက်သည့်အခါတွင်တော့.....

"ဦးတင်အောင်ကျော် သူ့ကိုယ်သူ အဆုံးစီရင်သွားပြီ သမီးရေ၊ ကြိုးဆွဲချသေသွားတာတဲ့၊ အပေါ်ထပ် ဝရန်တာကနေ လည်ပင်းကြိုးတန်းလန်းကြီးနဲ့ သတ်သေသွားတာတဲ့၊ အမေတော့ မကြည့်ရဲလို့ မကြည့်ခဲ့ဘူး"

"ဟင်.....ဒါဆို အညိုသွားကြည့်မယ် အမေ"

ဒေါ်ပိုင်းက သမီးဖြစ်သူလက်ကို ဆွဲထားလိုက်ပြီး သတိပေး၏။

"မသွားနဲ့ သမီး၊ ရဲတွေက စစ်ဆေးမေးမြန်းလို့ သမီးပါ သူတို့ကိစ္စကို သိနေတယ်ဆိုရင် အမှုန်းပွားကြဦးမယ်၊ ဒီကိစ္စက သူ့သမီးကြောင့် ဖြစ်တာပဲ၊ ဒါမှ သူတို့သားအမိနောင်တရသွားလိမ့်မယ်ကွယ်"

"ဦးလေးကိုသနားလို့ပါ အမေရယ်၊ မသေခင်လေးမှာ သမီးက ဟင်းတစ်ခွက် ကျွေးလိုက်နိုင်သေးတယ်၊ သမီးနှုတ်ဆက်ချိန်က ဦးလေးရဲ့မျက်နှာဟာ နီမြန်းပြီး အကြီးအကျယ်ရှက်နေပုံပဲ အမေ"

"လူမှုရေးဖောက်ပြန်တာ အကြီးမားဆုံးအမှားတစ်ခုပေါ့ကွယ်၊ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာနဲ့ သူတို့သားအမိ ကြည့်ကြမလဲ၊ အရှက်မဲ့ရင် မျက်နှာပြောင်တိုက်ပေါ့လေ"

ဒေါ်ပိုင်းက တားလိုက်သည့်နောက် ချစ်ချစ်ညိုလည်းစိတ်မချမ်းသာစွာဖြင့် ပြန်ထိုင်နေလိုက်ရ၏။ မကြာမီတွင် ရဲတပ်ဖွဲ့ဝင်များရောက်လာကြပြီး ပတ်ဝန်းကျင်မှသက်သေများကို စစ်ဆေးမေးမြန်းပြီး စစ်ချက်ရယူသွားသည်ဟု သိခဲ့ရသည်။ ထို့နောက် ဦးတင်အောင်ကျော်၏ အလောင်းအား သယ်ဆောင်သွားကြတော့သည်။ နာရေးကိစ္စပြီးသည်နှင့် ပိုးအိတုံတို့သားအမိလည်း အိမ်၌မနေရဲ၍ ရသည့်ဈေးနှင့်ရောင်းချကာ ပြောင်းသွားကြတော့သည်။ ချစ်ချစ်ညိုနှင့်ပါ နောက်ပိုင်းတွင် အဆက်အသွယ်ပြတ်သွားကြရ၏။

+++

သူငယ်ချင်းနှစ်ယောက်အဖြစ် ကဝေးသည်ထက်ဝေးသွားကြသည်မှာ ငါးနှစ်တိုင်တိုင် ကြာခဲ့ချေပြီ။ အချိန်သည်အကုန်မြန်လွန်းလှသော်လည်း ချစ်ချစ်ညိုမှာဖြင့် ပိုးအိတုံအား မမေ့နိုင်ပေ။ သူတို့မိသားစုနေသွားခဲ့သော အိမ်လေးမှာ ယခုတော့ နောက်လူများက တိုက်ဆောက်လိုက်သည်။ အိမ်လေးပျောက်ကွယ်သွားရပေမယ့် သူတို့နှစ်ဦး၏ သံယောဇဉ်က မပျောက်ပျက်ပေ။

အနုပညာလှုပ်ရှားမှုစာစောင်နှင့် ဂျာနယ်များတွင် ပိုးအိတုံသတင်းအား ရှာဖွေဖတ်နေဆဲပါ။ စိတ်မကောင်းသည်က ဦးတင်အောင်ကျော် သေဆုံးသွားပြီးနောက်ပိုင်းတွင် ပိုးအိတုံလည်း မော်ဒယ်လ်

www.burmeseclassic.com

www.burmeseclassic.com



လောကမှ ပျောက်ကွယ်သွားခဲ့သလို ပါ။ ရှာမတွေ့တော့ပေ။

“အကျင့်ဆိုးက ကြားရတာက တော့ အိတုံနဲ့ သူ့တူအလုပ်ရှင်က ပြတ်သွားကြပြီတဲ့၊ ဒါကြောင့်မို့ နောက်တစ်ယောက်ကို ဆုပ်ကိုင်ထားတာနေမှာပေါ့ကွယ်၊ သူ့တူပြောတဲ့အတိုင်းပါပဲ၊ သူ့အလုပ်ရှင်က ခြောက်လတောင်မကြာဘူး၊ သုံးလလောက်နဲ့ ဖြတ်လိုက်တာတဲ့၊ မိန်းကလေးက တန်ဖိုးမဲ့နေတော့လည်း မြန်မြန်ဆန်ဆန် အဆုံးသတ်လိုက်ရတာနေမှာပေါ့ကွယ်၊ ပြီးတော့ အိတုံက အပိုင်ကိုင်ချင်တာတဲ့”

“ကျော်ကြားချင်စိတ်ကြောင့် အမှားတွေ တစ်ခုပြီးတစ်ခု ဖြစ်သွားတာပဲနေမှာပါ၊ အိတုံစိတ်တွေ ပြောင်းလဲကုန်ပြီ အမေ၊ ဒါဆို သူ့ရည်ရွယ်ချက်တွေ ဆုံးရှုံးရပြီပေါ့နော်”

“ကံတရားပဲပေါ့ကွယ်၊ အဲဒါကြောင့်မို့ မိန်းကလေးတွေဟာ ဘဝကို အလွယ်လိုက်မိရင် အဆုံးမလှတတ်ဘူးဆိုတာ သမီးလည်း သိပြီပေါ့ကွယ်၊ ပျက်စီးချင်သူဟာ ဘယ်လိုပဲတားတား နောက်မဆုတ်တတ်ဘူး သမီးရဲ့၊ ပိုးဖလံမျိုး မီးကိုတိုးတော့ ကိုယ်ကျိုးနည်းရပြီပေါ့လေ”

“အိတုံကို တွေ့အောင်ရှာချင်သေးတယ် အမေ၊ သမီးက သူငယ်ချင်းဝတ္တရား မကျေခဲ့သူလိုပါပဲ၊ သမီး ဘက်က ဂရုမစိုက်မိခဲ့လို့ အခုလို ဖြစ်ရတာပါ”

“အမေပြောခဲ့ပြီပဲကွယ်၊ ပျက်စီးချင်သူက ပျက်စီးမှာပဲ၊ အမေ့သမီးက သူငယ်ချင်းကို ဝတ္တရားမပျက် သွားကြည့်ခဲ့တယ်မဟုတ်လား၊ အမေ့သမီးက သူငယ်ချင်းကို ဝတ္တရားမပျက် သွားကြည့်ခဲ့တယ် မဟုတ်လားကွယ်၊ သူ့ဘက်က ခွာသွားတာလေ”

ပိုးအိတုံ တက်ခဲ့သည့် မော်ဒယ်လ်သင်တန်းကျောင်းသို့ ချစ်ချစ်ညိုက သွားရောက်စုံစမ်းခဲ့သေးသည်။

“သင်တန်းမှာ နာမည်ပျက်ရှိတဲ့ မိန်းကလေးဆို ထုတ်ပယ်နိုင်ခွင့်ရှိတယ်ဆိုတဲ့အကြောင်းကို လျှောက်လွှာထဲမှာ ပါပြီးသားပါရှင်၊ ဒါ့ထက်ဆိုးတာက သူနဲ့ဖြစ်ခဲ့သူရဲ့ အမျိုးသမီးကိုယ်တိုင်သက်သေအထောက်အထားနဲ့ လာပြောပြတာပါရှင်”

ချစ်ချစ်ညိုက မည်သူဖြစ်သည်ကို ချက်ချင်းသိလိုက်၏။ ပြဿနာတစ်ခုအား ထဲထဲဝင်ဝင် ဒေါသအလျောက် ဖြေရှင်းခြင်းအား အပြစ်ဟု မယူဆသော်လည်း ပိုးအိတုံတို့ သားအမိမှာ မည်သည့်နေရာသို့ ရောက်ရှိနေမည်မသိပေ။

စိတ်မကောင်းစရာမှာ ပိုးအိတုံအား ပျက်စီးခြင်းလမ်းစပေါ်သို့ခေါ်ဆောင်သွားခဲ့သည့် ဝင်းလှဲ့ဖြူခင်မှာ အောင်မြင်မှုရနေပြီဖြစ်၏။ ဤသည်ကို ချစ်ချစ်ညိုက ဝမ်းသာမိသည်။ ပိုးအိတုံကိုလည်း ထိုနည်းတူ မျှော်လင့်ခဲ့ရသူပါ။

ပိုးအိတုံအဖြစ်က ကြိုးပြတ်သွားသည့် စွန်လေးနှယ် မည်သည့်နေရာသို့ လွင့်ပါးနေမည်မသိပေ။ သည်တော့ ချစ်ချစ်ညိုသာလျှင် သူငယ်ချင်းသတင်းအား စုံစမ်းရင်း စိတ်မကောင်းစွာ ဖြစ်ကျန်ရစ်ခဲ့ရတော့၏။

+++

တစ်နေ့ မြို့ထဲလမ်းမကြီးတစ်နေရာတွင် သူငယ်ချင်းနှစ်ဦး ပြန်ဆုံတွေ့ကြ၏။ ပိုးအိတုံက ချစ်ချစ်ညိုကိုမြင်သည်နှင့် မျက်နှာလွှဲသွား၊ ရာ မမြင်ချင်ယောင်ဆောင်သွားသည့် သူငယ်ချင်းအား လိုက်ခေါ်မိ၏။

“အိတုံ...ဟယ်....မင်းဘယ်လိုဖြစ်သွားတာလဲကွာ”

ပိုးအိတုံသည် ဟိုတုန်းကနှင့် တခြားစီပင်။ ပုံစံပြောင်းသွား၏။ အရင်လို လှလှပပရှိမနေသည်မှာလည်း အံ့သြစရာကောင်းနေသည်။

“အညို.....တို့.....တို့ သွားစရာရှိနေတယ်”

“ခဏလေးပါ အိတုံရယ်၊ မင်း တို့ဘယ်မှာနေသလဲဟင်”

“ဒေါ်လေးရော နေကောင်းလား၊ မင်းရော ဘာတွေလုပ်နေသလဲ”

“အမေလား၊ အမေ ဆုံးသွားပြီကွာ”

“ဟင်.....”

ချစ်ချစ်ညို အံ့သြသွားရ၏။ ဒေါ်ခင်မိုးခိုင်က ကျန်းမာသူပါ။ ဘယ်လိုများဖြစ်သွားပါလိမ့်ဟု စဉ်းစား မရပေ။

“အညို အမေဆုံးတာ တို့

www.burmeseclassic.com





ကြောင့်ပါကွာ၊ တို့လေ...တို့ ဟင့်..
ဟင့်''

ပိုးအိတုံမှာ ပြောရင်းနှင့် ငိုချလိုက်ရာ ချစ်ချစ်ညိုလည်း စိတ်မကောင်းဖြစ်သွားရသည်။ ပတ်ဝန်းကျင်က စူးစမ်းကြည့်နေကြသဖြင့် ချစ်ချစ်ညိုလည်း နီးရာအအေးဆိုင်ထဲသို့ လက်ဆွဲခေါ်လာရတော့၏။

''ကဲ.....ပြော၊ မင်းဘာတွေဖြစ်ခဲ့သလဲ အိတုံ''

''တို့လေ.....တို့ သိပ်ကိုမိုက်မဲခဲ့မိတယ် အညိုရယ်၊ အဖေဆုံးတာလည်း တို့သတ်လိုက်သလိုပါပဲ၊ အဖေကတို့ကိုဆူတယ်၊ ပြီးတော့..''

''ဒါတွေ တို့သိပြီးသားပါဟာ၊ တို့ ကြားခဲ့ပြီးပါပြီ''

''အဖေက ရှက်စိတ်နဲ့ သူ့ကိုယ်သူ သတ်သေသွားခဲ့တာပါ၊ အမေကျတော့ တို့ကြောင့် စိတ်ဆင်းရဲပြီး ဆုံးခဲ့ရတယ်၊ အခုတော့ တို့တစ်ယောက်တည်း လောကကြီးမှာ မျက်နှာငယ်ငယ်နဲ့ ကျန်ရစ်ခဲ့ရတယ်လေ၊ အိမ်ကိုရောင်းပြီး အဆောင်မှာပဲ နေလိုက်တယ်''

''ဒါဆို မင်းအခု ဘာအလုပ်လုပ်နေသလဲဟင်''

''တို့လား....ဟင်း.....ဟင်း၊ အနှစ်မရှိ၊ အကာမဲ့တဲ့ အလုပ်ပေါ့ကွာ''

''ဟင်..ဘာအလုပ်လဲ အိတုံ''

''အနှစ်မရှိ အကာမဲ့လေကွာ၊ မင်းက သဘောမပေါက်ဘူးလား''

ချစ်ချစ်ညိုက စဉ်းစားသော်လည်း မရပေ။ ပိုးအိတုံသည် မြည်လာသောဖုန်းကို ထုတ်ကိုင်ပြီးပြောလိုက်၏။

''ရောက်နေပြီ၊ ရှင်တို့ကဘယ်မှာလဲ''

တစ်ဖက်မှစကားသံကိုမကြားရပေ။ သို့ပေမယ့် ချစ်ချစ်ညို ကျေနပ်မိသည်က သူမ တစ်ချိန်ကဝယ်ပေးခဲ့သော ဟန်းဆက်အဟောင်းလေးမှာ ပိုးအိတုံလက်ထဲသို့ရောက်နေ၏။ ၎င်းသည်ကို ကျေနပ်စွာဖြင့်ကြည့်နေပြီး အတိတ်ကို ပြန်သတိရသွားမိသည်။

''လာပြီ၊ ---ဆိုင်မှာ၊ ဟုတ်ပြီ၊ 6F နော်၊ အဖြူရောင်ကား၊ ဟုတ်လား၊ တွေ့ပြီ.....တွေ့ပြီ''

မိန်းကလေးတွေဟာ
ဘဝကို
အလွယ်လိုက်မိရင်
အဆုံးမလှတတ်ဘူးဆိုတာ
သမီးလည်း
သိပြီပေါ့ကွယ်၊
ပျက်စီးချင်သူဟာ
ဘယ်လိုပဲတားတား
နောက်မဆုတ်တတ်ဘူး
သမီးရဲ့ ပိုးဖလံမျိုး
မီးကိုတိုးတော့...

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်ညို၏ အတိတ်အိပ်မက်ကို ပုတ်နှိုးလိုက်သည့်အသံကြောင့် ပိုးအိတုံကို မော့ကြည့်လိုက်၏။

"အညို နောက်မှတွေ့ကြစို့ကွာ၊ နော်.....၊ မင်းရဲ့ဖုန်းနံပါတ်က အရင်အတိုင်းပဲမဟုတ်လား၊ တို့က အရင်ဖုန်းနံပါတ် မရှိတော့ဘူး၊ တန်ဖိုးနည်းဖုန်းပဲ ကိုင်နိုင်တော့တယ်၊ တို့မင်းဆီ ဖုန်းဆက်လိုက်မယ်နော်၊ တို့ကိုခွင့်ပြုဦး အညို"

သူငယ်ချင်းအတွက် အေးအေးဆေးဆေးနှုတ်ဆက်ချိန်ပင်မရတော့ပေ။ သည်တော့မှ ပိုးအိတုံ ပြောသောအလုပ်အား ချစ်ချစ်ညိုကသိသွားရတော့သည်။



"သြော်.....ဖြစ်မှဖြစ်ရလေကွာ၊ နောက်ဆုံးတော့ မင်း ဒုက္ခရောက်ရပြီမဟုတ်လား၊ အကောင်းဆုံးမော်ဒယ်လ်ဖြစ်ချင်တဲ့ မင်းဆန္ဒတွေ အခုတော့ ပျောက်ကုန်ပြီပေါ့ကွာ၊ သိပ်ရင်နာဖို့ကောင်းတယ် သူငယ်ချင်းရာ၊ မင်းမျက်ဝန်းတွေက အရင်လိုမသွက်လက်တော့ဘူးကွာ၊ မင်းဘဝလေးကို တို့ ဘယ်လိုကယ်တင်ရမှာလဲ အိတုံရယ်၊ နှမြောလိုက်တာကွာ"

ပိုးအိတုံအကြောင်းလေးအား မိခင်ဖြစ်သူထံ သူမည်သို့ ပြောပြရပါမည်နည်း။ ကံမကောင်း၊ ဘဝအကြောင်း မလှခြင်းကြောင့် ပြောမပြရက်တော့ပေ။ သည်တော့ ရင်ထဲတွင် မျိုသိပ်ရင်း ကြေကွဲခြင်းများစွာဖြင့် မျက်ရည်ကျမိတော့၏။

BURMESE CLASSIC .com

လေးစားစွာဖြင့်
နွေအလွန်


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရွိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
<u>ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။</u>

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀ ၂၅၄၃၆ ၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com




# ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

စန္ဒီ
SANDHI

အရောင်းအဝယ်သည် "သဘာဝ"

ဆေးစစ်ဆေးမှန်အာနိသင်

ထက်မြက်ရေးသည် "အဓိက"

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

လက္ကားဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂


www.burmeseclassic.com

www.burmeseclassic.com



# စောရမင်းသား

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်မီးကြီး ကျွန်တော်တို့မြန်မာနိုင်ငံသို့ ကူးစက်မလာမီ နှစ်နှစ်ခန့်လောက်ကဟု ထင်ပါသည်။ နေ့ကိုမူ ကောင်းစွာမှတ်မိနေပါသည်။ ထိုနေ့မှာ ကဆုန်လပြည့်နေ့ဖြစ်သဖြင့် ကျွန်တော်တို့ စကုမြို့တစ်မြို့လုံး နံနက်စောစောကပင် ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်အတွက် ပြင်ဆင်နေကြသည်။ ရပ်ကွက်အလိုက် ညောင်ရေသွန်းပွဲတော်တွင် ကပြကြမည့် အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတို့မှာ နံနက်စောစောကပင် စမ်းသပ်တီးမှုတ်နေကြ၏။ လှည်းဇာတ်ကပြမည့် အဖွဲ့ဝင်များကလည်း တလှုပ်လှုပ် တရွရွ ဖြစ်နေကြသည်။ ထိုစဉ်က ကျွန်တော်မှာ ပဥ္စမတန်းကျောင်းသားတစ်ဦးဖြစ်သဖြင့် ဖြစ်စဉ်များကို ကောင်းစွာမှတ်မိနေသည်။

ထိုနေ့နံနက် ၈ နာရီခန့်တွင်မူ ဆင်တိုင်းမရှာတတ်သောမိုးသည် အနောက်တောင်ထောင့်မှ ညို့ညို့မှိုင်းမှိုင်းဆင်ပြင်လာသော တိမ်မည်းညိုများနှင့် လိုက်လျောအောင် သဲသဲမဲမဲ ရွာသွန်းလာခဲ့တော့၏။ အညာဒေသအဖို့ ကဆုန်လသည် ထူးထူးခြားခြား ပူအိုက်သောလဖြစ်သဖြင့် လူတိုင်း မိုးကိုမျှော်ကြရသည်။ ထိုနေ့ကရွာသောမိုးကား အံ့ဖွယ်သရဲဖြစ်ရတော့သည်။ နံနက်စောစောဖြစ်သော်လည်း လျှပ်စီးတို့သည် ထက်ကောင်းကင်မြင့်၌ ကြောက်ခမန်းလိလိ တပြောင်ပြောင်၊ တလက်လက်၊ တဖျပ်ဖျပ်၊ တဝင်းဝင်း လင်းခနဲ၊ လက်ခနဲရှိနေသည့်အပြင် ပြင်းထန်လှသော မိုးချုန်းသံ၊ မိုးကြိုးထစ်သံများလည်း မစဲနိုင်တော့။ လူကြီးများအဖို့ ပူအိုက်လှသောရာသီတွင် မမျှော်လင့်ဘဲ မရပ်မစဲရွာနေသောမိုးအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြမည်ဖြစ်သော်လည်း ကျွန်တော်တို့အဖို့ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီး ဆင်နွှဲနိုင်တော့ပြီဖြစ်ရကား စိတ်ပျက်ဝမ်းနည်းဖွယ်ဖြစ်တော့သည်။

မိုးသည် တစ်နေ့လုံး မရပ်မစဲ ရွာသွန်းခဲ့သည်သာမက ညအထိမစဲဘဲ သဲသဲမဲမဲရွာချသည်။ ညတွင်လည်း မိုးမှောင်ကြီးကျနေသဖြင့် တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိတော့သည်။ နောက်တစ်နေ့နံနက်စောစောတွင် မိုးသားကင်းစင်လာသဖြင့် နေထွက်လာသည်နှင့် တစ်မြို့လုံး သတင်းဆန်း၊ သတင်းထူးကြောင့် အုန်းအုန်းကျွက်ကျွက်ဖြစ်ရတော့၏။

ထိုသတင်းဆန်းမှာ ကျွန်တော်တို့မြို့ ရဲဌာန (ယခု ရဲစခန်း)အတွင်းရှိ ရဲဌာနအုပ် (ယခု ရဲစခန်းမှူး)ဦးဘိုးသာနေအိမ်အား ယမန်နေ့ညက ဖောက်ထွင်းဝိဇ္ဇာတစ်ယောက် မှောင်ရိပ်ခိုဖောက်ထွင်း၍ အဝတ်အစားနှင့်ငွေများကို ခိုးယူသွားသည်ဟူသော သတင်းဖြစ်၏။ ရဲဌာနအုပ် (ယခု ရဲစခန်းမှူး)နေအိမ်မှာ ရဲစခန်းရုံးနှင့် ကိုက်အနည်းငယ်ခန့်သာကွာ၏။ ထိုစဉ်က ရဲစခန်းရုံးမှာ နှစ်ထပ်ဖြစ်၏။ အပေါ်ထပ်တွင် ခေတ္တာဖမ်းဆီးထားသော အချုပ်သမားများကိုထားပြီး အောက်ထပ်မှာမူ စခန်းရုံးနှင့် လက်နက်များရှိသဖြင့် အစောင့်များ ထူထပ်စွာချထားသည်။

ဤစခန်းရုံးနှင့် ကိုက်အနည်းငယ်မျှသာ ကွာဝေးသောနေရာရှိ ဌာနအုပ် (ရဲစခန်းမှူး)နေအိမ်ကို ဖောက်ထွင်းဝိဇ္ဇာဖြစ်သူက ပိပိရိရိ၊ သဲလွန်စတစ်စုံတစ်ရာမကျန်အောင် စီမံ၍ ဌာနအုပ် (ရဲစခန်းမှူး)မိသားစု၏ပစ္စည်းများနှင့် ငွေကြေးများကို ခိုးယူသွားခြင်းဖြစ်သည်။

ကျွန်တော်တို့မြို့ကလေးတစ်မြို့လုံးသာ အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်သာမဟုတ်။ မင်းဘူးခရိုင်တစ်ခရိုင်လုံး အံ့သြကုန်နိုင်ဖွယ်ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဌာနအုပ် (ရဲစခန်းမှူး) ဦးဘိုးသာမှာ မင်းဘူးခရိုင် တစ်ခရိုင်လုံးရှိ ဒုစရိုက်သမားများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ရသော ပုလိပ်(ရဲ)အရာရှိဖြစ်သည်သာမက မင်းဘူးခရိုင် ရာဇဝတ်ဝန် (ခရိုင်ရဲမှူးကြီး) မစ္စတာဟီး(လ်)၏ လက်စွဲတော်နှင့် မင်းဘူးခရိုင်အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)မစ္စတာ ဩချပ်၏ ညာလက်ရုံးဖြစ်၏။

သို့ဖြစ်၍ ထိုရဲဌာနအုပ်အိမ် ဖောက်ထွင်းမှုကြီးမှာ လူအများ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ရသည်။ မင်းဘူးခရိုင်

www.burmeseclassic.com

www.burmeseclassic.com



မြို့ရွာအသီးသီးမှ လူအများ စောင့်ကြည့်အကဲခတ်ကြသည်။ ပုလိပ်(ရဲ)ထိပ်သီးအိမ်အား ဖောက်ထွင်းခိုးယူနိုင်သူ ဖောက်ထွင်းဝိဇ္ဇာမှာ မည်သူဖြစ်နိုင်သနည်း။ သာမန်ဖောက်ထွင်းဝိဇ္ဇာလော၊ သို့မဟုတ် ရှိမ်းဆာယာ ပိုမောက်၍ ကိုယ်ဖျောက်သူလော။ ပုလိပ် (ရဲ)များကလည်း ကျွန်တော်တို့မြို့ကလေးရှိ လက်စလက်နရှိသောဒုစရိုက်သမားများ၊ မင်းဘူးခရိုင်အတွင်းရှိ နာမည်ဆိုးရှိသော လူဆိုးလူမိုက်များ၊ ပုလိပ်(ရဲ)သတင်းပေးများကို ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ရာဇဝင်မှတ်တမ်းရှိသူများကိုလည်း ဖမ်းဆီး၍ နည်းလမ်းအမျိုးမျိုးနှင့် စစ်ဆေးခဲ့ကြသော်လည်း ဌာနအုပ် (ရဲစခန်းမှူး)ဦးဘိုးသာနေအိမ်ဖောက်ထွင်းမှုနှင့် ပတ်သက်၍ သတင်းအစအနမရ။ အံ့ဖွယ်သရဲဖြစ်ရသည်။

ယခင်က ထိုးထိုးထောင်ထောင်၊ ဝင့်ဝင့်ဝါဝါ နေထိုင်သွားလာသည့် ဌာနအုပ် (ရဲစခန်းမှူး) ဦးဘိုးသာမှာ များစွာအရှက်ရခဲ့ရသည်။ ကျွန်တော်တို့မြို့ကလေးမှ စာတိုပေစ ဝါသနာပါသူများကမူ အောက်ပါအတိုင်း စာ ချိုးကြသည်–

"ရှိုးရာ၊ ဘိုးသာက ပုလိပ် (ရဲ)
အရပ်ရပ် ကျယ်ခဲ့လေသမျှ
စကုမြို့ရောက်မှ ကျဉ်းရတော့သည်။"

ဦးဘိုးသာအိမ်အား ဖောက်ထွင်းမှုသည် ရက်၊ လ၊ နှစ် ကြာခဲ့သော်လည်း ဖောက်ထွင်းဝိဇ္ဇာ တရားခံအား ခြေရာခံနိုင်ခြင်းမရှိခဲ့။ စစ်ကြီး ကျွန်တော်တို့မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့သော်လည်း ဌာနအုပ် (ရဲစခန်းမှူး) ဦးဘိုးသာအိမ် ဖောက်ထွင်းသွားသူအား ခြေရာခံနိုင်ခြင်းမရှိခဲ့ပေ။


မှန်ပါသည်။ ဖောက်ထွင်းမှုသည် သာမန်ခိုးမှုထက် အဆင့်အတန်းမြင့်ပြီး ပညာသားပါသည်ဟု မှုခင်းသုတေသီအများက တညီတညွတ်တည်းဆိုကြသည်။ အချို့ဖောက်ထွင်းဝိဇ္ဇာများ၏ နည်းဗျူဟာနှင့် ဖောက်ထွင်းမှုအတတ်ပညာမှာ အံ့ဖွယ်သရဲဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ကျွန်တော်တို့မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်းကောင်း၊ ဘီဘီစီ၊ စီအင်န်အင်န်စသော ကမ္ဘာ့ထိပ်တန်းရုပ်သံလွှင့်အစီအစဉ်များနှင့် အင်တာနက်သတင်းများတွင်လည်းကောင်း သတင်းတစ်ပုဒ်ပါရှိထုတ်လွှင့်ခဲ့၏။ ထိုသတင်းမှာ ဆွစ်ဇာလန်နိုင်ငံနှင့်ပြင်သစ်နိုင်ငံများတွင် လုံခြုံရေးထူးထူးခြားခြား တင်းကျပ်ထားသော နာမည်ကျော် လက်ဝတ်ရတနာပစ္စည်းများ ရောင်းချသောဆိုင်ကြီးများအား ဖောက်ထွင်းဝိဇ္ဇာများသည် စနစ်တကျ ပိပိရိရိ ဖောက်ထွင်း၍ ဒေါ်လာသန်းချီတန်သော လက်ဝတ်ရတနာများကို ဖောက်ထွင်းခိုးယူသွားသော သတင်းဖြစ်၏။

ထိုလက်ဝတ်ရတနာရောင်းချသော ဆိုင်ကြီးများမှာ ခေတ်မီသူခိုးဖမ်းစက်များ၊ စီစီတီဗွီကင်မရာများ၊ ကမ္ဘာ့ထိပ်သီးသော့အာမခံပြုလုပ်သည့် သော့ကုမ္ပဏီများမှ ပြုလုပ်သော အာမခံသော့များ၊ အာမခံ သံမဏိသေတ္တာများနှင့်သိမ်းထားသော တန်ဖိုးမဖြတ်နိုင်အောင် ထိုက်တန်သော လက်ဝတ်ရတနာပစ္စည်းများကို ဖောက်ထွင်းဝိဇ္ဇာသမားများက ပိပိရိရိ၊ ပါးပါးနပ်နပ် ဖောက်ထွင်းယူဆောင်သွားခဲ့ကြပါသည်။

ယင်းဖောက်ထွင်းဝိဇ္ဇာတို့နောက်သို့ အင်တာပိုလ်ကမ္ဘာ့ရဲအဖွဲ့ကြီးအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ရဲအဖွဲ့ဝင်များ၊ စုံထောက်အဖွဲ့ဝင်များက ခြေရာခံ၍ လိုက်ခဲ့ကြသော်လည်း ယခုဆောင်းပါးရေးသည့်အချိန်ထိ ဖောက်ထွင်းဝိဇ္ဇာတို့အား ဖမ်းဆီးရမိခြင်းမရှိသေးပေ။

ဖောက်ထွင်းဝိဇ္ဇာ စောရမင်းသားများသည် အများအားဖြင့် မှင်မောင်းကောင်းကြသည်။ လူအများအမြင်တွင် သူတို့အား အထင်ကြီးစေသည်။ ယင်းမှင်မောင်းကောင်းမှုကို အကာအကွယ်ပြုကာ ဖောက်ထွင်းမှုကိုကျူးလွန်တတ်ကြသည်။ ယနေ့ နိုင်ငံတကာတွင် ဖောက်ထွင်းမှုကျူးလွန်လေ့ရှိသော ဖောက်ထွင်းဝိဇ္ဇာ စောရမင်းသားများသည် နာမည်ကြီး အထက်တန်းဟိုတယ်ကြီးများ၌ ငွေကြေးကြွယ်ဝသောသူများ၊ နာမည်ကျော်ကြား လူသိများသော ပုဂ္ဂိုလ်များ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးလောကတွင် အရေးပါ၊ အရာရောက်သော အထင်ကရပုဂ္ဂိုလ်များနှင့် ခင်မင်သူအသိုင်းအဝိုင်းသို့ ဝင်ဆံ့သူများဟု ဟန်ဆောင်လေ့ရှိကြသည်။ အနေအထိုင်၊ အစားအသောက်၊ အဝတ်အစားမှာလည်း

www.burmeseclassic.com




အကောင်းဆုံး၊ တန်ဖိုးအကြီးမားဆုံး၊ အညွန့်ဆုံးများကို အများမြင်သာအောင် သုံးစွဲပြသ၍ နေရာတကာတွင် ဝင်ဆံ့သူဟု အထင်ကြီးစေသည်။ ယင်းလူကုံထံများ၊ လူကြီးလူကောင်းများနှင့် ရောနှောဝင်ထွက်သွားလာရင်း ဖောက်ထွင်းမှု၊ ခိုးယူမှု၊ အလစ်သုတ်မှုကို ပြု လုပ်တတ်ကြသည်။

ဤသို့သော စောရမင်းသားကြီးများလက်ချက်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ နေ့စဉ်ဖောက်ထွင်းအခိုးခံရပြီး ဆုံးရှုံးရသော ပစ္စည်းများ၏တန်ဖိုးမှာ တစ်နေ့လျှင် ဗြိတိသျှသုံးစတာလင်ပေါင်ပေါင်း တစ်သန်းခွဲနီးပါးရှိနိုင်သည်ဟု ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေကြီးဟု အများက မှတ်ယူထားသော စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်က သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်။

ဤဆောင်းပါးတစ်နေရာတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဖောက်ထွင်းမှုသည် ပညာအပါဆုံးသော ဒုစရိုက်ပြစ်မှုဖြစ်၏။ ဖောက်ထွင်းမှုသည် ကျူးလွန်သူ၏ ကျွမ်းကျင်မှုနှင့် ထိုးထွင်းဉာဏ်ရှိမှုကို အခြေခံလျက်ရှိပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖောက်ထွင်းမှုကျူးလွန်သူ စောရမင်းသားများတွင် အင်္ဂလန်နိုင်ငံမှ ဖောက်ထွင်းမှုကျူးလွန်သူများသည် စံတင်နိုင်လောက်သည်ဟု မှုခင်းသုတေသီများက တညီတညွတ်တည်း ဆိုကြသည်။

မှတ်တမ်းများအရ ဥရောပနိုင်ငံအများတွင် ဖြစ်ပွားသော ဖောက်ထွင်းမှုများတွင် ကျူးလွန်ပုံကျူးလွန်နည်းများသည် အင်္ဂလန်နိုင်ငံမှ စောရမင်းသား ဖောက်ထွင်းဝိဇ္ဇာများ၏ ကျူးလွန်နည်းနှင့် ထပ်တူညီနေသည်ဟုဆိုသည်။ သို့ဖြစ်၍ ဥရောပတိုက် နိုင်ငံအသီးသီးတွင် ဖောက်ထွင်းမှုကျူးလွန်သူများထံမှ နည်းနိဿရည်းများကို ရယူခဲ့သည်မှာ သံသယရှိစရာမလိုဟု ဆိုကြ၏။ အင်တာပိုလ်ခေါ် ကမ္ဘာ့ရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူရဲ အရာရှိကြီး၏ ထုတ်ဖော်ပြောဆိုချက်အရဆိုရလျှင် ဥရောပတိုက် နိုင်ငံအချို့တွင် ဖြစ်ပွားခဲ့သော ဖောက်ထွင်းမှုများအား ကျူးလွန်သူများသည် အင်္ဂလန်မှ ထိပ်တန်းဖောက်ထွင်းဝိဇ္ဇာ စောရမင်းသားများအား ပင့်ဖိတ်၍ အကြံဉာဏ်ယူခဲ့ကြသည်ဟု သိရ၏။

ဖောက်ထွင်းမှုကျူးလွန်လေ့ရှိသော စောရမင်းသားများသည် မိမိတို့ထက် တတ်ကျွမ်းသူများထံမှ နည်းနိဿရည်းများကို သင်ယူတတ်မြောက်လာကြသူများဖြစ်ကြသည်။ အထူးသဖြင့် ထောင်တွင်း၌ ရောက်ရှိနေသော စောရမင်းသားကြီးများက စနစ်တကျ သင်တန်းပို့ချပေးလိုက်ကြသဖြင့် တတ်မြောက်လာကြသည်ဟု သိ ရ၏။

အမေရိကန်ပြည်ထောင်စု၌ ၁၉ ရာစုနှောင်းပိုင်းကာလက ဖောက်ထွင်းမှုကျူးလွန်ကြသော ဖောက်ထွင်းဝိဇ္ဇာ စောရမင်းသားများသည် ဖောက်ထွင်းမှုကျူးလွန်ရာတွင် ဒိုင်းနမိုက်များကို အသုံးပြုလေ့ရှိသည်။ မီးခံသေတ္တာများကိုလည်း ဒိုင်းနမိုက်ကို အသုံးပြု၍ ဖွင့်လေ့ရှိရာ တစ်ခါတစ်ရံ ဒိုင်းနမိုက်စက်ကွင်းမလွတ်မှုကြောင့် အသက်ဆုံးရသည့် ဖောက်ထွင်းဝိဇ္ဇာ စောရမင်းသားများ ရှိခဲ့သည်။

လျှပ်စစ်ဓာတ်အား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည့်အခါ ဖောက်ထွင်းဝိဇ္ဇာများသည် လျှပ်စစ်ဓာတ်အားသုံး လက်ဖြင့်ကိုင်တွယ်အသုံးချရသော ကိရိယာများကို အသုံးပြုခဲ့ကြ၏။

www.burmeseclassic.com

ဤကဲ့သို့ ဖောက်ထွင်းဝိဇ္ဇာ စောရမင်းသားများက နည်းသစ်များ၊ ကိရိယာအသစ်များ အသုံးချလာသော အခါ မီးခံသေတ္တာ၊ အာမခံသေတ္တာ၊ အာမခံသော့များ ပြုလုပ်သော ကုမ္ပဏီများကလည်း ခေတ်မီသော၊ ပိုမို ဆန်းသစ်သော အာမခံသော့များ၊ မီးခံသေတ္တာများကို တီထွင်ခဲ့ကြသည်။

၂၀ ရာစု ခေတ်ဦးတွင် အမေရိကန်ပြည်ထောင်စု၊ ဖောက်ထွင်းဝိဇ္ဇာ၊ စောရမင်းသားလောကတွင် ဟိုးဟိုး ကျော်ခဲ့ရသော သော့ဝိဇ္ဇာ၊ သို့မဟုတ် အာမခံသော့၊ အာမခံသေတ္တာကို ဖျက်နိုင်သော Safe Cracker စောရ မင်းသားတစ်ဦး ပေါ်လာသည်။ သူကား ဟားဗတ်အီမာ ဆင်ဝီလဆင်ဆိုသူ ဖောက်ထွင်းဝိဇ္ဇာ၊ သော့ဝိဇ္ဇာ၊ စောရ မင်းသားဖြစ်သည်။ ချီကာဂိုနှင့် ဆန်ဖရန်စစ္စကိုမြို့များ ရှိ ဘဏ်တိုက်များ၊ ထိပ်တန်းစတိုးဆိုင်များသာမက နယူးယောက်မြို့တော်ရှိ စတိတ်အင်ပါယာ မိုးမျှော် အဆောက်အအုံမှ ရုံးခန်းများရှိ မီးခံသေတ္တာများကိုပင် ဖျက်ဆီး၍ ရတနာပစ္စည်းများကို ခိုးယူနိုင်ခဲ့သူဖြစ်သည်။

ဘဏ်တိုက်များသို့ ငွေပို့သည့် မော်တော်ကားများ၊ မီးရထားများပေါ်မှ ငွေသေတ္တာများကိုပါ ဖောက်ထွင်း လုယူရာတွင် ဟိုးဟိုးကျော်ခဲ့သော စောရမင်းသားဖြစ် ခဲ့သည်။ သူ၏ဖောက်ထွင်းမှုကြီးများအကြောင်းကို ထို စဉ်က ထုတ်ဝေခဲ့သော သတင်းစာကြီးများ၊ သတင်း ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများတွင် ဖော်ပြလေ့ရှိ၏။ အမေရိကန်ပြည်ထောင်စု၊ အက်(ဖ်)ဘီအိုင်စုံထောက် အဖွဲ့၏ မှတ်တမ်းများအရ စောရမင်းသား၊ ဖောက်ထွင်း ဝိဇ္ဇာ ဟားဗတ်အီမာဆင်ဝီလဆင် ဖောက်ထွင်းခိုးယူခဲ့ သောငွေမှာ ထိုစဉ်က ဒေါ်လာ ၁၆,၀၀၀,၀၀၀ ရှိခဲ့ သည်ဟုဆိုသည်။

ရာဇဝတ်ဘေးကား ပြေးမလွတ်ပါ။ သူ၏ဖောက် ထွင်းမှုများကို လက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ခြင်းမရှိ သော်လည်း သူ့ဂိုဏ်းမှ သစ္စာဖောက်သူ ဟာဗတ်ကော့စ် ဆိုသူအား သတ်ဖြတ်မှုနှင့်အတူ ရာဇဝတ်ခုံရုံးတွင်တရား စွဲဆိုခံရပြီး ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ခံခဲ့ရ၏။

ထိပ်တန်းဖောက်ထွင်းဝိဇ္ဇာ စောရမင်းသားများ သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူ့ကုံထံများ၊ သန်းကြွယ် သူဌေးများ၊ အထင်ကရပုဂ္ဂိုလ်များ တည်းခိုလေ့ရှိသော ကမ္ဘာ့နိုင်ငံများမှ မြို့ကြီးများရှိ ဟိုတယ်ကြီးများ၏ အဆော အထား၊ အခင်းအကျင်း၊ လုံခြုံရေးကို စနစ်တကျလေ့ လာထားလေ့ရှိသည်။ အခန်းတံခါးများတွင် မည်သည့် သော့ကုမ္ပဏီမှ ပြုလုပ်သောသော့မျိုး တပ်ဆင်ထား သည်၊ အခန်းသန့်ရှင်းရေးအလုပ်သမားများ မည်သည့် အချိန်တွင် လာတတ်သည်၊ အရေးပေါ် ဘေးလှေကား များ မည်သည့်နေရာတွင်ရှိသည်ကို တွက်ဆထားပြီး ဖြစ်၏။

ဤကဲ့သို့ တွက်ဆပြီးမှ လေ့လာပြီးမှ ဖောက်ထွင်း မှုများကို ကျူးလွန်ကြ၏။ သာဓကအားဖြင့် ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး ဂျယ်ရီလူးဝိ(စ်)နှင့် ဇနီးတို့ အပန်း ဖြေခရီးထွက်စဉ် ၎င်းတို့တည်းခိုနေသော နာမည်ကြီး ဟိုတယ်မှာပင် ဖောက်ထွင်းဝိဇ္ဇာ၊ စောရမင်းသားက မစ္စက်လူးဝစ်၏ လက်ဝတ်ရတနာအမျိုးအစား ၃၂ မျိုး ကို ဖောက်ထွင်းခိုးယူသွားခဲ့သည်။ ထိုပစ္စည်းများ၏တန် ဖိုးမှာ ထိုစဉ်က ဗြိတိသျှသုံးပေါင်ငွေ ခြောက်သောင်း ကျော်ရှိသည်ဟုဆိုသည်။ ထို့အတူ ကျွန်တော်တို့မြန်မာ ရုပ်ရှင်ကြည့်ပရိသတ်အသည်းစွဲ ကွယ်လွန်သူ ရုပ်ရှင် မင်းသမီးကြီး ဆိုဖီယာလောရင့်မှာ လုံခြုံရေးတင်းကျပ် ထားသည့် ထိပ်တန်းဟိုတယ်တစ်ခုတွင် ခေတ္တတည်း ခိုနေစဉ် ဗြိတိသျှပေါင် ၄၀၀၀၀ ကျော်တန်သော လက် ဝတ်ရတနာများ ဖောက်ထွင်းခိုးယူခံခဲ့ရဖူးသည်ဟု ဆို ကြပါကြောင်း။ ။

လှမျှမ်းထက်

ကျမ်းကိုး– A Picture History Of Crime

Edited by Sandy Lesberg

www.burmeseclassic.com

www.burmeseclassic.com





# လူရိုင်း (ပညာရေး)

## ကမ္ဘာကိုကိုင်လှုပ်ခဲ့သော ပျောက်ဆုံးမှုကြီး

ပန်းချီမင်းထက်နိုင်

''ကျွန်တော့်ရဟတ်ယာဉ်ပေါ်မှနာရီသည် နံနက် ၈ နာရီ ၂၀ မိနစ်ကို ပြလျက်ရှိသည်။ ထိုနေ့သည် သာယာသော နေ့တစ်နေ့ဖြစ်ပါသည်။ ရွှန်းလဲ့သော နေရောင်ခြည်သည် အင်ဒိုနီးရှားနိုင်ငံ (ယခင် အရှေ့အိန္ဒိယကျွန်းစု)နယူးဂီနီကျွန်း၏ရေပြင်ကို ပန်းနုရောင် ဇာပဝါပါးပါးခြုံထားသကဲ့သို့ ဖြစ်နေစေသည်။ ခပ်လှမ်းလှမ်းအကွာ၌ မည်းမည်းအစက်အပြောက်ကလေးများသည် အင်္ဂလိပ်အက္ခရာစာလုံး ''ဗွီ''ပုံသဏ္ဍာန်အုပ်စုဖွဲ့၍ ပျံသန်းလာနေသည်ကို တွေ့ရ၏။ ထိုအစက်အပြောက်တို့မှာ နီးကပ်လာသည်နှင့် ပို၍ပီပြင်စွာ ကြည့်ရှု၍ရလာသည်။

အစိမ်းရောင်ဖြင့် ရုပ်ဖျက်ထားသော အမေရိကန်ပြည်ထောင်စု ရေတပ်မတော်မှ လေယာဉ်ပျံငယ်များဖြစ်နေသည်။ ထိုလေယာဉ်ပျံများသည်လည်း ကျွန်တော်

www.burmeseclassic.com

တို့လိုက်ပါလာသော ရဟတ်ယာဉ်ကဲ့သို့ နယူးဂီနီကျွန်း
မြောက်ဘက်တည့်တည့်ဆီသို့ ဦးတည်လျက် ပင်လယ်
ရေပြင်အထက် ရေလှိုင်းများလွတ်ရုံသာ ပျံသန်းလာခဲ့
ကြခြင်းဖြစ်သည်။ ထိုလေယာဉ်ပျံများသည်လည်း ကျွန်
တော်တို့ကဲ့သို့ ပျောက်ဆုံးနေသော အမေရိကန်ပြည်
ထောင်စု၊ နယူးယောက်မြို့တော်ဘုရင်ခံ ရော့(ခ်)ဖဲလား
(နောင်အခါ အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတ
ဖြစ်လာသူ)၏သားငယ် မိုက်ကယ်ရော့(ခ်)ဖဲလား
Michael Rockefeller အား ရှာပုံတော်ဖွင့်နေကြသူများ
ဖြစ်ကြပါသည်။

ကျွန်တော်တို့ ရဟတ်ယာဉ်များသည်လည်း ကမ်း
ခြေနှင့် ခပ်လှမ်းလှမ်းခွာလျက် ပျံသန်းလာခဲ့ကြခြင်းဖြစ်
၏။ လေယာဉ်ပျံများ၏ တဝီဝီမြည်သံများ၊ ရဟတ်ယာဉ်
များ၏ပန်ကာမှ တဖျပ်ဖျပ်မြည်နေသော အသံများ
ကြောင့် သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့ နေထိုင်ကြ
သော တောဘဲအုပ်များ၊ တင်ကျီးငှက်များ၊ ဗျိုင်းများ၊
ကျီးငှက်များသည်ဆူဆူညံညံအသံပေးကာ ထက်ကောင်း
ကင်သို့ ပျံတက်၍ ဆောက်တည်ရာမရပျံဝဲနေကြသည်။
မျက်စိတစ်ဆုံး အစိမ်းရောင်ကမ္ဗလာကြီး ခင်းထားသကဲ့
သို့ ဖြစ်နေသော တောအုပ်များ၊ မှိုင်းပျပျ တောင်ပူစာ
များ၊ ဗျိုက်တောကြီးများ၊ စိမ်းစိုနေသော ချုံပုတ်များ
ပေါ်တွင် နံနက်ခင်း၏ ရွှန်းလဲ့သော ရောင်ခြည်များသည်
ခုန်ပေါက်မြူးထူးလျက်ရှိနေသည်။

ထိုနက်ရှိုင်းလှသော တောအုပ်အတွင်း မည်သည့်
လူရိပ်လူခြည်မျှ မမြင်ရ။ ကျေးရွာဟု ထင်မှတ်ရသည့်
အရာကိုပင် မတွေ့ရ။ မျက်စိတစ်ဆုံး မြင်နေရသော
ရေပြင်ထက်တွင်လည်း လှေ၊ ဖောင်တို့၏အရိပ်အယောင်
ကိုမျှ မမြင်ရ။ လူသူကင်းဝေးသော နေရာဖြစ်သည်က
သေချာနေသည်။ ကျွန်တော်တို့ရဟတ်ယာဉ်ငယ်၏စက်
သံကြောင့် လမုပင်များ၊ ရေသဖန်းပင်များအောက်တွင်
နေစာလှုံနေသော မိကျောင်းကြီးများသည် ရုတ်တရက်
ဝါးလုံးထိုး ပြေးဆင်းကြသည်ကို မြင်ရသည်မှာ သည်း
ထိတ်ရင်ဖိုဖွယ်ရာဖြစ်တော့သည်။ စာနယ်ဇင်းသတင်း
မီဒီယာများနှင့် စာရေးဆရာကြီးများကမူ ယင်းကမ်းရိုး
တန်းကို သေမင်းတမန်ကမ်းရိုးတန်းဟု ကင်ပွန်းတပ်
ထားခဲ့ကြသည်။ စိမ့်မြေများ၊ မှောင်မိုက်နေသည့် တော
အုပ်ကြီးများအတွင်း လျှို့ဝှက်စွာနေထိုင်ကြသော လူ
သားစား ခေါင်းဖြတ်လူမျိုးနွယ်များလည်း ရှိသည်ဟုဆို
သည်။ သူတို့သည် အံ့မခန်းတိုးတက်နေသော ခေတ်
ကြီးတွင် ကျောက်ခေတ်လူသားတို့၏ ယဉ်ကျေးမှုအဆင့်
သာရှိသည်ဟု မနုဿဗေဒပညာရှင်များ၊ ပထဝီဗေဒ
ပညာရှင်များနှင့် သမိုင်းသုတေသီများက တညီတညွတ်
တည်း ဆိုကြ၏။

ထိုနေ့သည် ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်
နေ့ဖြစ်သည်။ ရှေးသူဟောင်းတို့ကမူ ပျောက်သောသူ
ရှာလျှင်တွေ့ဟု ဆိုကြသည်။ သို့သော် ယနေ့ ကျွန်တော်
တို့ ရှာဖွေနေသော နယူးယောက်မြို့တော်ဝန်၏သားဖြစ်
သူ မနုဿဗေဒပညာရှင် မိုက်ကယ်ရော့(ခ်)ဖဲလားကား
ဤကမ္ဘာမြေပြင်မှ ရှာဖွေမတွေ့အောင် ပျောက်ခြင်းမလှ
ပျောက်သွားခဲ့ပြီဖြစ်သည်။

မှန်ပါသည်။ ကျွန်တော်တို့အဖွဲ့သည် ပျောက်ဆုံး
နေသော မနုဿဗေဒပညာရှင် မိုက်ကယ်ရော့(ခ်)ဖဲလား
အား တစိုက်မတ်မတ် ရှာဖွေခဲ့သည်မှာ ရက်သတ္တတစ်
ပတ်ခန့်ရှိသော်လည်း သတင်းအစအနသာမက သူနှင့်
ပတ်သက်သော သဲလွန်စ တစ်စုံတစ်ရာမတွေ့ရ။ သူ
ရုတ်တရက် ပျောက်ဆုံးသွားရပုံမှာလည်း တကယ့်သည်း
ထိတ်ရင်ဖို ဝတ္ထုကြီးတစ်ပုဒ်ဆန်လှသည်။

အမေရိကန်ပြည်ထောင်စု၊ ရေတပ်မတော်မှ တပ်
ဖွဲ့ဝင်များ၊ ဩစတြေးလျ ရေတပ်မတော်မှ တပ်ဖွဲ့ဝင်
များ၊ တိုက်သင်္ဘောများ၊ အင်ဒိုနီးရှားရေတပ်မတော်မှ
တပ်ဖွဲ့ဝင်များ၊ နယူးဂီနီကျွန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ အင်ဒို
နီးရှားစုံထောက်အဖွဲ့မှ အဖွဲ့ဝင်များ၊ အမေရိကန်ပြည်
ထောင်စု၊ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ အဖွဲ့ဝင်များ၊
စီအိုင်အေအဖွဲ့မှ အဖွဲ့ဝင်များနှင့်အမေရိကန်ပြည်ထောင်
စု၊ နယူးယောက်မြို့တော်ဘုရင်ခံ၊ သန်းကြွယ်သူဌေး
ကြီး နယ်လ်ဆင်ရော့ခ်ဖဲလား၏ မိတ်ဆွေများ၊ ဆွေမျိုး
သားချင်းများ၊ သတင်းစာကြီးများမှ သတင်းမီဒီယာ
သမားများ၊ နိုင်ငံတကာသတင်းအဖွဲ့များမှ ကိုယ်စား
လှယ်များ၊ ရုပ်သံလွှင့်အဖွဲ့များမှ အဖွဲ့ဝင်များသည်
နယူးဂီနီကျွန်း ကမ်းခြေတစ်လျှောက် ခြေရာထပ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ရှာ ဖွေခဲ့ကြပြီးဖြစ်သည်။"

အထက်ဖော်ပြပါ စာပိုဒ်သည် သတင်းစာဆရာ၊ စာရေးဆရာ ဂျွန်ဝေါ့(ဒ်)ဝင် ရေးသားသည့် The Michael Rockefeller Riddle "မိုက်ကယ်ရော့ခ်ဖဲလား၏ ပဟေဠိ"ဟူသော အခန်းဆက်ဆောင်းပါးရှည်ကြီးမှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆိုဖော်ပြထားခြင်းဖြစ်ပါသည်။ ထူးထူးဆန်းဆန်း ရုတ်တရက် ဤကမ္ဘာမြေပြင်မှ ပျောက်ဆုံးသွားကြရသော ပုဂ္ဂိုလ်များအကြောင်း ရေးသားဖော်ပြခဲ့သည့် ဆောင်းပါးများ၊ ဖြစ်ရပ်မှန်ဝတ္ထုများ ဒုနှင့်ဒေး ရေးသားဖော်ပြခဲ့ပြီးဖြစ်ရာ ကျွန်တော်များ စာဖတ်ပရိသတ်အနေဖြင့် ထိုဆောင်းပါးများ၊ စာအုပ်များကို ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့ပြီးဖြစ်မည်ဟု ထင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ လူအများ ရုတ်တရက်ပျောက်ဆုံးသွားရသော အမှုတွဲအများမှာ အင်္ဂလန်နိုင်ငံ၊ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့မှ မှတ်တမ်းများ၊ အမေရိကန်ပြည်ထောင်စု၊ အက်(ဖ်)ဘီအိုင်အဖွဲ့မှ မှတ်တမ်းများ၊ ပြင်သစ်နိုင်ငံ အမျိုးသားဆူရီတေး စုံထောက်အဖွဲ့မှ မှတ်တမ်းများတွင် ရေတွက်မရအောင် တွေ့ရမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။

ဤပျောက်ဆုံးမှုအများမှာစာရေးဆရာများအတွက် ရေးကွက်ကောင်းများဖြစ်ပေရာစာရေးဆရာအသီးသီးက ယင်းပျောက်ဆုံးမှုများအကြောင်း ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါ၏။ သို့သော် ထိုရေးသားဖော်ပြခဲ့သော ပျောက်ဆုံးမှုကြီးများဖြစ်စဉ်ထက် ယခုရေးသားဖော်ပြမည်ဖြစ်သော မိုက်ကယ်ရော့ခ်ဖဲလား ပျောက်ဆုံးရမှုမှာ အတော် အသင့် ပိုမိုထူးခြားဆန်းကြယ်သည်ဟု ယူဆရသော ကြောင့်ဖြစ်ပါ၏။

ရော့ခ်ဖဲလားမိသားစုများမှာအမေရိကန်ပြည်ထောင်စုသမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင် နာမည်ကျော်ကြား လူသိများကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်။

မှတ်တမ်းအရ အမေရိကန်ပြည်ထောင်စုတွင်ပထမဆုံး ရေနံတွင်း အောင်မြင်ပေါက်ရောက်အောင် တူးဖော်နိုင်ခဲ့သူမှာ ဂျွန်ဒီရော့ခ်ဖဲလားဖြစ်သည်။ ခရစ်နှစ် ၁၈၅၉ ခုနှစ်တွင် ရေနံတွင်းတူးဖော်နိုင်ခဲ့ရာမှ ကမ္ဘာ့လောင်စာဆီ ထုတ်လုပ်ရေးလုပ်ငန်းများအားလုံးက မော့ကြည့်ရသော Standard Oil Company စတင်းဒတ်ရေနံထုတ်လုပ်ရေးကုမ္ပဏီကြီး၏ ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စု၊ စီးပွားရေးလောကတွင်သာမက နိုင်ငံရေးလောကကိုပါ ကြိုးကိုင်ထားခဲ့သူဟု နိုင်ငံတကာက လူအများက ယူဆထားခဲ့ကြသည်။

သူတို့မိသားစုများသည် လူမှုရေးလုပ်ငန်းများ၊ သိပ္ပံသုတေသနလုပ်ငန်းများ၊ ဆေးပညာ သုတေသနလုပ်ငန်းများ၊ နိုင်ငံတကာပညာရေးသုတေသနလုပ်ငန်းများအား ထူထောင်ခဲ့ကြသော သန်းကြွယ်သူဌေးမိသားစုများဖြစ်၏။

ထိုမိသားစုများမှ ဆင်းသက်ပေါက်ဖွားလာသူ မိုက်ကယ်ရော့ခ်ဖဲလားမှာလည်း နှယ်နှယ်ရရ ပုဂ္ဂိုလ်တစ်ယောက်မဟုတ်ပါ။ သူသည် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တော်ဝန် ဂျွန်ဒီရော့ခ်ဖဲလား (ဂျူနီယာ)၏ သားအငယ်ဆုံးဖြစ်ပြီး သူ၏အချစ်တော်သားဖြစ်၏။ ၁၉၃၈ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဉာဏ်ရည်ထက်သူ၊ သတ္တိရှိသူ၊ သုတေသနလုပ်ငန်းများတွင် ထူးထူးခြားခြား ဝါသနာပါသည်ဖြစ်၏။နာမည်ကျော်ဟားဗတ်တက္ကသိုလ်တွင် ထူးချွန်သူ လူတော်တစ်ယောက်ဖြစ်သည်။ သူ ဝါသနာပါသော သုတေသနလုပ်ငန်းများအတွက် ကမ္ဘာကုန်ကျယ်သရွေ့ မနေမနား ခရီးထွက်ခဲ့သူဖြစ်သည်။ ဖခင်ဖြစ်သူ၏ အချစ်ဆုံးသားငယ်ဖြစ်ရာ လက်ညှိုးညွှန်ရာ ရေဖြစ်သူဟု စာနယ်ဇင်းသမားများက အမည်ပေးခဲ့သည်။ တောင်အမေရိကတိုက်၊ ဗင်နီဇွဲလား ပေါ်တိုရီကိုတို့တွင်လည်း လေ့လာရေးခရီးထွက်ခဲ့၏။ ၁၉၆၀ပြည့်နှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရရှိသည်။

သူသည် သူ့ဖခင်၏ ဆင်စွယ်နန်းမဆောင်များကို ကျောခိုင်း၍ လူသူမနီးသည့် စုံတောမြိုင်များအတွင်း သွားရောက်၍ မနုဿဗေဒဆိုင်ရာ ကိစ္စရပ်များကို တစိုက်မတ်မတ် သုတေသနပြုနေသူဖြစ်သည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း အင်ဒိုနီးရှား (ယခင် အရှေ့အိန္ဒိယကျွန်းစုများ)နိုင်ငံ၊ နယူးဂီနီကျွန်းရှိ တောတွင်းလူမျိုးနွယ်များ၏ ဓလေ့ထုံးစံများ ယဉ်

www.burmeseclassic.com

ကျေးမှုများကို စုံစမ်းသုတေသနပြုရန် ခရီးထွက်ခြင်းဖြစ်သည်။ အမှန်အားဖြင့် သူသည် အရှေ့အိန္ဒိယကျွန်းစု (အင်ဒိုနီးရှား)နှင့် တောင်ပစိဖိတ်သမုဒ္ဒရာများအတွင်းရှိ ကျွန်းများသို့ အကြိမ်ကြိမ်ခရီးထွက်ခဲ့ပြီး ထိုကျွန်းစုများတွင် သမိုင်းအဆက်ဆက် နေထိုင်ခဲ့ကြပြီး ခေတ်နောက်ကျနေသော လူမျိုးနွယ်စုများ၏ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို စုဆောင်း၍ အမေရိကန်ပြည်ထောင်စုရှိ ပြတိုက်ကြီးများသို့ ပေးပို့ခဲ့သူလည်းဖြစ်သည်။

နယူးဂီနီကျွန်းသို့လည်း အကြိမ်ကြိမ်ရောက်ခဲ့ပြီးဖြစ်သည်။ နယူးဂီနီကျွန်းသည် ဩစတြေးလျနိုင်ငံ၏ မြောက်ဘက်တွင် တည်ရှိသော ကျွန်းကြီးတစ်ကျွန်းဖြစ်၏။ ထိုကျွန်းပေါ်တွင် အင်ဒိုနီးရှားပိုင် အနောက်အီရီယံ၊ ပါပူအာနယူးဂီနီနှင့် ဩစတြေးလျပိုင် ပါပူအာပြည်နယ်မြေများ ပါဝင်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်ဘုရင့်တပ်မတော်များ တက်ရောက်သိမ်းပိုက်ခဲ့သော်လည်း ကျွန်းကြီး၏အတွင်းဘက်သို့ ဝင်ရောက်သိမ်းပိုက်ခြင်း မပြုခဲ့ကြပေ။

ထိုကျွန်း၏ အကျယ်အဝန်းမှာ အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ်နှင့် နယူးယောက်ပြည်နယ် နှစ်နယ်စာမျှ ကျယ်ဝန်းသည်။ ကြီးမားကျယ်ပြန့်သော တောအုပ်များ၊ စိမ့်မြေများ၊ အင်တိုင်းတောများ၊ ဖျိုက်တောများ ဖုံးလွှမ်းလျက်ရှိသဖြင့် အသွားအလာခဲယဉ်းလှသည်။ တောနက်ကြီးအတွင်း ခေါင်းဖြတ်ဓလေ့ကို ကျင့်သုံးသော လူမျိုးနွယ်စုများ အစဉ်အဆက်နေထိုင်ခဲ့ကြ၏။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ၁၉၄၅ ခုနှစ်ခန့်ကစ၍ ထိုကျွန်းသည် ဩစတြေးလျနိုင်ငံ၏ အစောင့်ရှောက်ခံနိုင်ငံဖြစ်လာခဲ့သည်။ သို့သော် မိုက် ကယ်ရော့ခ်ဖဲလား ပျောက်ဆုံးခဲ့သည့်အချိန်တွင်မူ ထို ကျွန်းပိုင်ဆိုင်ရေးအတွက် ဩစတြေးလျအစိုးရနှင့် အင်ဒိုနီးရှားအစိုးရတို့ အငြင်းပွားနေသည့်အချိန်ဖြစ်သည်။

၁၉၆၁ ခုနှစ်ဦးပိုင်းတွင် မိုက်ကယ်ရော့ခ်ဖဲလားပါဝင်သော အမေရိကန်ပြည်ထောင်စု၊ တက္ကသိုလ်ကြီးများမှ ပညာရှင်များပါဝင်သောအဖွဲ့သည် နယူးဂီနီကျွန်း၊ တောတောင်စိမ့်စမ်း ထူထပ်၍ လူသူအရောက်နည်းသော နေရာများတွင် စခန်းချခဲ့ကြပြီး လူရိုင်းမျိုးနွယ်များ၏ ဓလေ့ထုံးစံများကို သုတေသနပြုခဲ့ကြသည်။

၁၉၆၁ ခုနှစ်၊ ဇွန်လတွင် မိုက်ကယ်ရော့ခ်ဖဲလားသည် အမေရိကန်ပြည်ထောင်စုသို့ ခေတ္တပြန်လာခဲ့သည်။

မိုက်ကယ်ရော့ခ်ဖဲလား၏ ရည်ရွယ်ချက်မှာ နယူးဂီနီကျွန်းတောင်ဘက်၊ ကမ်းခြေအတွင်းပိုင်းတွင် နေထိုင်ကြသော လူသားစားလေ့ရှိသည်ဟူသော လူသိနည်းလှသည့် လူမျိုးနွယ်များထံမှ လူဦးခေါင်းခွံများ၊ မိရိုးဖလာ အစဉ်အဆက် ထိန်းသိမ်းထားသော သစ်သားတိုင်များကို ဝယ်ယူ၍ နယူးယောက်မြို့ရှိ ပြတိုက်ကြီးများကို လှူဒါန်းမည်ဟုလည်း ရည်ရွယ်ထားခဲ့သည်။

သို့သော် အထက်ဖော်ပြပါ နယူးဂီနီကျွန်းတောင်ဘက်၊ ကမ်းခြေတစ်လျှောက်တွင် မိကျောင်းများ၊ ငါးမန်းများလည်း ထူးထူးခြားခြား အုပ်စုဖွဲ့၍ ကျက်စားကြသည်ဟုလည်း နာမည်ကျော်သည်။ တစ်ခါတစ်ရံ ထိုကျွန်း၏ ပင်လယ်ကမ်းရိုးတန်းပိုင်းတွင် ပေ ၂၀ခန့် အထိမြင့်သော ဒီရေလှိုင်းကြီးများလည်း မြင့်တက်လေ့ရှိသည်ဟု ဒေသခံများက ပြောပြကြသည်။

မိုက်ကယ်ရော့ခ်ဖဲလားသည် ၁၉၆၁ ခု၊ စက်တင်ဘာလတွင် သူ့မိတ်ဆွေအချို့နှင့်အတူ နယူးဂီနီကျွန်းသို့ တစ်ကျော့ရောက်ရှိလာခဲ့ပြန်သည်။ သူ့မိတ်ဆွေ၊ အပေါင်းအသင်းများကမူ မိုက်ကယ်ရော့ခ်ဖဲလားသည် သူ့ကိုယ်သူ ယုံစားလွန်းသူတစ်ဦးဟု ဆိုကြ၏။ ဟားဗတ်တက္ကသိုလ်ကျောင်းသားဘဝကပင် ရေကူးပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သူတစ်ဦးဖြစ်ရာ မည်သည့်အခါမျှ ရေဘေးအန္တရာယ် မတွေ့နိုင်ဟု ယုံကြည်ထားသည်။ ဤသို့ယုံကြည်ထားသည်ကိုလည်း လူအများအား ထုတ်ဖော်ပြောဆိုလေ့ရှိသူဖြစ်သည်။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မိုက်ကယ်ရော့ခ်ဖဲလားသည် စက်တင်ဘာလကုန်ပိုင်းတွင် နယူးဂီနီကျွန်းတောင်ဘက်ကမ်းခြေရှိ အာဂတ်စခန်းဟုခေါ်သော ကျေးရွာကလေးသို့ ရောက်ရှိလာခဲ့သည်။ ဒေသခံ ဒတ်(ချ်)အမျိုးသား ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးများက မိုက်ကယ်ရော့ခ်ဖဲ

www.burmeseclassic.com

www.burmeseclassic.com



လားအား တောကြီးအတွင်းပိုင်းသို့ သွားရောက်ကာ သုတေသနမပြုရန် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ဒေသခံ လမ်းပြများကလည်း လူသားစား လူရိုင်းများ၏ ဘေးအန္တရာယ်၊ မိကျောင်း၊ ငါးမန်းများ၏ ဘေးအန္တရာယ် များလှသည့်အကြောင်းကို ပြောပြကြခဲ့သော်လည်း မိုက်ကယ်ရော့ခ်ဖဲလားက ခေါင်းမာလှသည်။

၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၆ ရက်နေ့တွင်မိုက်ကယ်ရော့ခ်ဖဲလားသည် ဒတ်(ချ်)အမျိုးသား မနုဿဗေဒပညာရှင် ရယ်နီဝတ်ဆင်၊ ဒေသခံ နယူးဂီနီကျွန်းသား လမ်းပြနှစ်ဦးနှင့်အတူ စက်တပ်လှိုးထွင်းလှေဖြင့် အထက်ဖော်ပြပါ ကျေးရွာမှ ကမ်းခြေတစ်လျှောက် ထွက်ခွာလာခဲ့ကြသည်။ သူတို့အဖွဲ့ ထွက်ခွာခဲ့ပြီး နာရီပိုင်းအတွင်း မိုးသက်လေပြင်းများ ကျရောက်လာခဲ့သည်။ မြင့်မားသော ဒီရေလှိုင်းများ တက်လာခဲ့စဉ် စက်တပ်လှေမှစက်လည်း ချွတ်ယွင်းသွားခဲ့ရာမှ ရေစီးအတိုင်း မျောပါသွားခဲ့သည်။ ရော့ခ်ဖဲလားနှင့်အဖွဲ့သည် မျောပါနေသည့် စက်လှေကိုစွန့်ခွာ၍ ကမ်းခြေဘက်သို့ ကူးလာခဲ့ကြ၏။ ဤကဲ့သို့ ကူးလာခဲ့ကြစဉ် မိုးသက်မုန်တိုင်း ကျလာခဲ့ပြန်သည်။


တိုင်းရင်းသား လမ်းပြနှစ်ဦးနှင့် ဒတ်(ချ်)အမျိုးသား မနုဿဗေဒပညာရှင် ရယ်နီဝတ်ဆင်တို့မှာ ကံကောင်းထောက်မ၍ ကမ်းသို့ရောက်ခဲ့သော်လည်း မိုက်ကယ်ရော့ခ်ဖဲလားမှာ ပျောက်ဆုံးခဲ့ရသည်။ ကမ်းခြေတွင် သောင်တင်နေသော ဒတ်(ချ်)အမျိုးသား မနုဿဗေဒပညာရှင်နှင့် ဒေသခံ လမ်းပြနှစ်ဦးအား ဒတ်(ချ်)ဘုရင့်ရေတပ်မတော်မှ ရေယာဉ်ပျံတစ်စင်းက ကယ်တင်နိုင်ခဲ့သည်။ ထိုရေယာဉ်ပျံသည် ကမ်းခြေတစ်လျှောက် လူး လာခေါက်တုံ့ ရှာဖွေခဲ့သော်လည်း မိုက်ကယ်ရော့ခ်ဖဲလား၏ အရိပ်အယောင်မျှ မတွေ့ရ။

မိုက်ကယ်ရော့ခ်ဖဲလားကား ဤကမ္ဘာမြေပြင်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်ခဲ့ရတော့သည်။ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတကာမှ ရေတပ် တပ်ဖွဲ့များသည် မိုက်ကယ်ရော့ခ်ဖဲလားအား ရှာပုံတော်ဖွင့်ခဲ့ကြသည်။ မိုက်ကယ်ရော့ခ်ဖဲလား ပျောက်ဆုံးမှုမှာ နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများ၏ မျက်နှာဖုံးသတင်းဖြစ်ခဲ့ရပြီး အသံလွှင့်ဌာနများကလည်း ထိုသတင်းအား ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးခဲ့ကြသည်။ နိုင်ငံတကာမှ သတင်းစာတိုက်ကြီးများမှ စေလွှတ်သော အထူးသတင်းထောက် ၁၀၀ တို့သည် ထိုနယူးဂီနီကျွန်းသို့ သွားရောက်၍ စုံစမ်းထောက်လှမ်းခဲ့ကြ၏။

မိုက်ကယ်ရော့ခ်ဖဲလားအား တွေ့ရှိသူ၊ သို့မဟုတ် သတင်းပေးနိုင်သူအား ဆုငွေထိုက်ထိုက်တန်တန်ပေးမည်ဟု မိုက်ကယ်ရော့ခ်ဖဲလား၏ မိသားစုများက ကြေညာချက်ထုတ်ခဲ့သည်။ ကမ္ဘာ့သမိုင်းတွင် လူတစ်ဦးတစ်ယောက် ပျောက်ဆုံးမှုကြီးကို ရှာဖွေရာတွင် အကြီးအကျယ်ဆုံး ရှာပုံတော်ကြီးဖြစ်သည်ဟု သတင်းမီဒီယာများက ရေးသားခဲ့ကြ၏။ ဆယ်ရက်တိုင်တိုင် မနေမနား မြေလှန်ရှာဖွေခဲ့သော်လည်း သတင်းအစအန မရခဲ့ပေ။ နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့သော်လည်း မိုက်ကယ်ရော့ခ်ဖဲလားနှင့်ပတ်သက်သော သတင်းအစအန မရခဲ့ဟု ဆိုကြပါကြောင်း။ ။

လုမိုး (ပညာရေး)

ကျမ်းကိုး– In Search Of Missing Persons




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





သားသမီးတွေ အရွယ်ရောက်လာကြပြီဆိုရင် အိမ်ထောင်ရက်သားချပေးဖို့ မိဘတို့ဝတ္တရားရှိသည့်အတိုင်း စီစဉ်ပေးရတာပေါ့နော်။ ကဲ.....သားသမီးတွေက အရွယ်မရောက်သေးဘူး။ မူကြိုကျောင်းထားရတဲ့ အရွယ်ပဲရှိသေးတယ်။

ဘယ်လိုလုပ်ကြမလဲ ...

ကလေးတွေကလည်း နှစ်ယောက်လုံး မိန်းကလေးတွေချည်းပဲ။ ဒီဘက်သမီးလေးက ဖအေပဲရှိတယ်။ ဟိုဘက်သမီးလေးက မအေပဲရှိတယ်။ ဒီဘက်အဖေနဲ့ ဟိုဘက်အမေက မီးမီးတို့ကို ကျောင်းလိုက်ပို့ကြရင်းနဲ့ သံယောဇဉ်တွေဖြစ်နေကြပြီ။ ဖွင့်လည်း မပြောရဲကြဘူး။ သမီးလေးနှစ်ယောက်ကလည်း တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ ဖြစ်နေကြပြန်တယ်။

ကဲ.....အဲဒီတော့ ဒီအဖေနဲ့ ဟိုအမေကို မီးမီးတို့ဝတ္တရားရှိသည့်အတိုင်း ကျှင်းလိုက်ကြစို့ရဲ့။

ဦးဝင်းမြိုင်

# မီးမီးတို့ဝတ္တရားရှိသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းရဲ့ Frame ကတော့ အဲဒီလိုပေါ့နော်။ ဇာတ်ရည်လည်အောင်တော့ ရှင်းပြပေးဖို့လိုမှာပေါ့။ ဟုတ်ဘူးလား။ ဇာတ်လမ်းအစက ဒီဘက်အဖေနဲ့ ဟိုဘက်အမေ စတွေ့ပုံလေးပေါ့။ ဒီဘက်အဖေက အင်ဂျင်နီယာ "လင်းသိမ်း"တဲ့။ တိုက်ခန်းတွေဆောက်တယ်၊ ဟိုဘက်အဖေက "နွယ်စင်"တဲ့။ လင်းသိမ်း ဆောက်တဲ့ တိုက်ခန်းတွေကို ဝယ်မယ့်သူငယ်ချင်း နီနီ နဲ့လိုက်လာရင်း လင်းသိမ်းနဲ့ ဆုံဖြစ်ကြတယ်။ မြင်မြင်ချင်းဆိုသလိုပါပဲ။ လင်းသိမ်းတစ်ယောက် သိစိမင်းရင်ခုန်နှုန်းနဲ့ ရင်တွေခုန်သွားခဲ့ရတယ်။ ဒီဇာတ်လမ်းလေးမှာ ဒီဘက်အဖေ လင်းသိမ်းအဖြစ် ပြေတီဦးနဲ့ ဟိုဘက်အမေ နွယ်စင်အဖြစ် ချစ်သုဝေတို့က သရုပ်ဆောင်ထားကြပါတယ်။

လင်းသိမ်းက အိမ်ထောင်ကွဲပြီးတော့ သမီးလေး "မီးမီးက္ကန္ဒြာမောင်"ကို တစ်ယောက်တည်း စထိန်းရတဲ့ အချိန်ကစပြီး မီးမီးကိုထိန်းဖို့ လူတစ်ယောက်လိုပြီဆိုတာ သိလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မီးမီးက အင်မတန် ကျီကျတာဆိုတော့ ကိုယ့်ဝေယျာဝစ္စတွေ အိုးနင်းခွက်နင်းလုပ်နေရလို့လေ။ ဒီလိုနဲ့ တစ်နေ့ မမျှော်လင့်ဘဲ ဆုံလိုက်ရတဲ့ နွယ်စင်ကို မြင်ယောင် ရင်း ပြုံးလိုက်မိတယ်။

ဟိုဘက်အမေဒုက္ခကလည်း ကြည့်ဦး။ တကယ် တော့ အမေတစ်ယောက်လို ဗျာများနေပေမယ့် အမေ တာဝန်ယူထားရတဲ့ ဒေါ်လေးပါ။ သူ့တူမ "အသည်း လေး"ကို ကျောင်းပို့ရတဲ့အလုပ်ကို ကန်ထရိုက်ရထား တာ။ ဒီနေ့ အသည်းလေးကို ကျောင်းလိုက်ပို့ပြီး ကျောင်းအဝင်ဝပဲရှိသေးတယ်။ အသည်းလေး ပြန် ထွက်လာတာကို တွေ့လိုက်ရတယ်။ ပြဿနာရှာပြီဆို တာ သိလိုက်ပြီ။ အရှပ်ဆိုင်ဘက်ကို ပြေးတယ်လေ၊ ဒါနဲ့ ကားကို နောက်ပြန်ဆုတ်ပြီး ရပ်လိုက်တယ်။ ဒါ ပေမဲ့ နောက်မှာရပ်ထားတဲ့ကားကို ထိသွားတယ်။ ဘယ် သူ့ကားမှန်း မသိဘူး။ ဒါနဲ့ အသည်းလေးအရှပ်ကိစ္စ ပြေးပြီးဖြေရှင်းလိုက်တယ်။ ပြန်လာတော့ ကားရှေ့မှန် က Wiper မှာ စာတစ်စောင်ရေးပြီး ကပ်ထားတာတွေ့



www.burmeseclassic.com

www.burmeseclassic.com






ရတယ်။ "ကားနောက်ဆုတ်တာ ဒီကမီးလုံးကွဲသွားတယ်၊ တာဝန်သိ တတ်ပါစေ၊ L.T၊ ဝ၉----------"တဲ့။


မူကြိုကျောင်းမှာ မီးမီးနဲ့အသည်းလေးက တစ်တန်းတည်း။ တစ်နေ့ကျတော့ သူတို့နှစ်ယောက် ရန်ဖြစ်ကြတယ်။ ဆရာမက နောက်နောင် ရန်မဖြစ်ဖို့ ဆုံးမတယ်။ ကျောင်းဆင်းတော့ နွယ်စင်က ကျောင်းလာကြိုတယ်။ အသည်းလေးကိုကြည့်ပြီး မီးမီးက "တို့အဖေ လာကြိုမှာ"ဆိုပြီး ပြန်ကြွားတယ်။ ဖြစ်ချင်တော့ လင်းသိမ်းမအားလို့

www.burmeseclassic.com

www.burmeseclassic.com

တပည့်ကျော် မျိုးဆွေက လာကြိုတယ်။ အသည်းလေးကကြည့်ပြီး "နင့်အဖေက ရုပ်ဆိုးကြီး"လို့ပြောတော့ "အဲဒါ ငါ့အဖေမဟုတ်ဘူး၊ ငါ့အဖေက ချောတယ်" ဆိုပြီး ပြန်ပြောတယ်။ အိမ်ရောက်တော့ လင်းသိမ်း မီးဖိုထဲမှာ ချက်ပြုတ်နေတုန်း လင်းသိမ်းရဲ့ အိမ်ပုံစံ ဒီဇိုင်းစာရွက်တွေကို မီးမီးက လေယာဉ်လုပ်ပြီးလွှတ်တော့ လင်းသိမ်းက ဆူတာပေါ့။ အဲဒီမှာ မီးမီးကလည်း သူ့ကိုကျောင်းလာမကြိုတဲ့ကိစ္စနဲ့ ဖအေကို ကွိုင်ပြန်ရှာတော့ နောက်နေ့လာကြိုမယ်လို့ ကတိပေးရတယ်။

အသည်းလေးဘဝက သနားစရာပါ။ နွယ်စင့်ရဲ့ အစ်မသမီးပါ။ နွယ်စင့်အစ်မက ဆုံးသွားပြီ။ အသည်းလေးရဲ့အဖေက Three Stars C0. ပိုင်ရှင်သူဌေး ဦးကိုလေးရဲ့သားပါ။ နွယ်စင့်အစ်မက ဆုံးခါနီးမှာ အသည်းလေးကို နွယ်စင့်ထံမှာ အပ်ခဲ့တော့ နွယ်စင့်အစ်မလည်း ဆုံးရော ခဲအိုကလည်း အသည်းလေးကို နွယ်စင့်ဆီမှာ စိတ်ချလက်ချအပ်ပြီး နိုင်ငံခြားကို ထွက်သွားရော။ နွယ်စင့်ကို သူဌေး ဦးကိုလေးက သူ့ကုမ္ပဏီမှာ အလုပ်ပေးထားပါတယ်။ ကလေးတစ်ဖက်နဲ့ အလုပ်အဆင်မပြေရင် အိမ်ကိုပို့ပေးဖို့ ဦးကိုလေးကပြောတော့ အသည်းလေးကို မခွဲနိုင်ကြောင်းပြောပါတယ်။ ဦးကိုလေးအဖြစ်





www.burmeseclassic.com

www.burmeseclassic.com





ဦးဝင်းမြိုင်က သရုပ်ဆောင်ထားပါတယ်။

လင်းသိမ်းအလုပ်လုပ်တဲ့ နေသူရိန်ဆောက်လုပ်ရေးနဲ့ နွယ်စင်အလုပ်လုပ်တဲ့ Three Stars ကုမ္ပဏီတို့က သိပ်မဝေးတဲ့အတွက် ထမင်းဆိုင်မှာ သူတို့နှစ်ဦးဆုံဖြစ်ကြတယ်။ ရင်းနှီးမှုလည်း ပိုခဲ့ကြတယ်။ တစ်နေ့ လင်းသိမ်းက မီးမီးလက်ကိုဆွဲပြီး လမ်းလျှောက်လာတုန်း နွယ်စင့်ကိုတွေ့တော့ တပည့်ကျော် မျိုးဆွေဆီ လက်ပြောင်းပေးလိုက်ပြီး ကလေးကိုသေချာထိန်းလေဗျာလို့ အတည်ပေါက်နဲ့ ရှောင်ထွက်လိုက်တယ်။ ဒါပေမဲ့ မီးမီးကို နွယ်စင်က အသည်းလေးကို ကျောင်းကြိုရင်း သိနေတာပေါ့။ ဒီလိုနဲ့ ကလေးနှစ်ယောက်ကို ကျောင်းကြိုကြရင်း လူကြီးနှစ်ယောက်က ရင်းနှီးမှုတွေ ပိုနေကြပေမယ့် ကလေးနှစ်ယောက်ကတော့ ဆော့ရင်း၊ ကစားရင်း၊ စကားနိုင်လုရင်း၊ စကားများရင်း မတည့်လိုက်၊ ပြန်ခေါ်လိုက်နဲ့ သံသရာလည်နေကြတယ်။

လင်းသိမ်းက မီးမီးနဲ့နွယ်စင်တို့ အဆင်မှပြေပါ့မလားလို့ တွေးမိသလိုပါပဲ။ နွယ်စင်ကလည်း အသည်းလေးနဲ့လင်းသိမ်း အဆင်ပြေနိုင်ပါ့မလား၊ ပြီးတော့ အသည်းလေးနဲ့ မီးမီးတို့ရော အဆင်ပြေကြပါ့မလားလို့ တွေးမိနေကြပါတယ်။

တစ်နေ့ လင်းသိမ်းနဲ့မီးမီး၊ နွယ်စင်နဲ့ အသည်းလေးတို့ နှစ်တွဲဆုံမိကြတယ်။ မီးမီးက "ဘွားဘွားကြီးကပြောတယ်၊ ဖေဖေ နောက်မိန်းမယူမှာဆို"တဲ့။ လင်းသိမ်းအဖြေခက်သွားတယ်။ ပြီးမှ "ဖေဖေ မိန်းမယူရင် သမီးက သဘောတူမှာလား"လို့မေးတော့ "လှရင်သဘောတူမယ်"တဲ့။ "ဖေဖေယူမယ့်မိန်းမက ဒီအန်တီလား" တဲ့။ နှစ်ယောက်လုံးမျက်နှာတွေပူသွားကြတာပေါ့။ ဒီမှာတင် အသည်းလေးက "ဘာလို့ ငါ့အမေကို ယူရမှာလဲ ကြောင်ချေးရုပ်မရဲ့"ဆိုပြီး ကလေးနှစ်ယောက် ရန်ဖြစ်ကြတာပေါ့။ ကလေးတွေအကြောင်းပြုပြီး လင်းသိမ်းနဲ့နွယ်စင်တို့နှစ်ယောက်ပါ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းတင်းသွားကြတယ်။

ထူးထူးခြားခြား တိုက်ဆိုင်မှုလို့ ဆိုရမယ်။ လင်းသိမ်းရဲ့ ယောက္ခမကြီးက မီးမီးရဲ့အမေ နိုင်ငံခြားကပြန်လာမှာမို့ လေဆိပ်မှာသွားကြိုပေးဖို့ တာဝန်ပေးသလို

www.burmeseclassic.com



တစ်နေ့တည်း၊ တစ်ချိန်တည်းမှာပဲ အသည်းလေးရဲ့ အဖေက နိုင်ငံခြားကပြန်လာမှာမို့ လေဆိပ်ရောက်ရောက်ချင်း သူ့သမီးကို တွေ့ချင်တယ်ပြောလို့ နွယ်စင့်ကို အသည်းလေးကိုပါခေါ်ပြီး လေဆိပ်မှာ သွားကြိုပေးဖို့ ဦးကိုလေးက နွယ်စင့်ကို တာဝန်ပေးတယ်။ နှစ်ဦးနှစ်ဖက် နားလည်မှုတွေ ရသွားစေမယ့် တိုက်ဆိုင်မှုလို့ ဆိုရတော့မှာပဲ။ မီးမီးရဲ့အမေနဲ့ လင်းသိမ်းတို့ တရားဝင်ကွာရှင်းထားကြတာဖြစ်ကြောင်းနဲ့ အသည်းလေးဟာ နွယ်စင့်ရဲ့တူမဖြစ်ပြီး နွယ်စင်ဟာ အပျိုစင်ဖြစ်တဲ့အကြောင်း သိသွားကြရတာကိုး။

နောက်နေ့ရုံးဆင်းတော့ နွယ်စင်က ကားစောင့်နေတုန်း လင်းသိမ်းရောက်လာပြီး အသည်းလေးကို သူ့ အဖေလာကြိုသွားကြောင်း၊ အခု မီးမီးကို သူ့အမေအိမ်မှာ သွားပြန်ခေါ်မှာဖြစ်တဲ့အကြောင်း ပြောပြီး နွယ်စင့်ကို လမ်းကြုံတင်ခေါ်လာခဲ့တယ်။ မီးမီးကို သူ့အမေက လက်ဆွဲပြီး လင်းသိမ်းလာကြိုမှာကို စောင့်နေတယ်။ ကားပေါ်မှာ နွယ်စင့်ကို တွေ့တော့ မျက်နှာပျက်သွားတယ်။ မီးမီး ပေါက်စနအရွယ်လေးကတည်းက ထားသွားပြီး နိုင်ငံခြားမှာသွားနေတာဆိုတော့ မီးမီးနဲ့ သူ့အမေက သံယောဇဉ်သိပ်မရှိကြပါဘူး။ "အန်တီ့ကိုချစ်လား" လို့ မီးမီးကိုမေးတော့ "ချစ်တာပေါ့၊ ချောတာကိုး'တဲ့။ "အိမ်ခေါ်ထားမလား"လို့မေးတော့ "အသည်းလေးမပါရင်ခေါ်ထားမယ်"တဲ့။



နွယ်စင် အိမ်မှာနားရက် ချက်ပြုတ်နေတုန်း အသည်းလေးက သူ့အဖေ နိုင်ငံခြားပြန်တော့မယ့်ကိစ္စ ပြောရင်း "ဖေဖေကပြောတယ်၊ မေမေက အသည်းလေးကို ချစ်တော့မှာမဟုတ်ဘူး၊ ယောကျ်ားယူတော့မှာတဲ့၊ ဟုတ်လား မေမေ"လို့မေးတော့ နွယ်စင် ပျာယာခတ်သွားပြီး ချော့ရတာပေါ့။ အဲဒီအချိန်မှာ ဖုန်းလာတော့ အသည်းလေးကသွားကိုင်ပြီး "မေမေ မရှိဘူး၊ နောက်လည်း ဖုန်းမဆက်ပါနဲ့" တဲ့။ "မီးမီးအဖေဆက်တာ၊ မေမေယောကျ်ားယူမှာအသည်းလေးမကြိုက်ဘူး"ဆိုပြီး ငိုပါလေရော။ နွယ်စင် စိတ်မကောင်းဖြစ်သွားပြီး ချော့ရတာပေါ့။ ကဲ.....ဒီဇာတ်လမ်း ဘယ်လိုရှေ့ဆက်ကြပါ့မလဲ။

နွယ်စင်ရုံးမှာ Over Time ဆင်းရမှာမို့ ညနေ အသည်းလေးကို သွားမကြိုနိုင်လို့ လင်းသိမ်းက သွားကြိုပေးတဲ့အခါ အသည်းလေးက မလိုက်နိုင်ကြောင်း ရစ်တော့တာပေါ့။ လင်းသိမ်း အမျိုးမျိုးချော့လိုက်၊ အပေးအယူတွေလုပ်လိုက်နဲ့ အကြာကြီး ကြိုးစားတော့မှ အသည်းလေး လိုက်လာတော့တယ်။ ဆရာမက ပြုံးပြီး "စည်းရုံးထား"တဲ့။ မီးမီးကို ယောက္ခမတွေက လာကြိုတာ။ လင်းသိမ်းက မီးမီးမတွေ့အောင် ပုန်းပေမယ့်လည်း မီးမီးက တွေ့ဖြစ်အောင်တွေ့သွားတယ်။ အိမ်ရောက်တော့ လင်းသိမ်းကို မီးမီးက ပြဿနာရှာပါလေရော။ မီးမီးနဲ့အသည်းလေးတို့လည်း ပုံပြီးမတည့်တဲ့

www.burmeseclassic.com

www.burmeseclassic.com





အခြေအနေတွေ ဖြစ်ကုန်တယ်။

ကျောင်းအားကစားပွဲမှာ ဆရာမက ဉာဏ်သုံးပြီး မီးမီးနဲ့ အသည်းလေးကို တွဲပေးပြီး သုံးချောင်းထောက် ပြိုင်ပွဲဝင်နိုင်းတယ်။ ခြေထောက်နှစ်ချောင်းပူးထားပြီး သူတို့နှစ်ယောက်ရဲ့ ကြိုးစားမှုကြောင့် မီးမီးနဲ့ အသည်းလေးတို့အတွဲ ကပထမရသွားတယ်။ ဆရာမ ကြိုးစားမှု အောင်မြင်သွားတယ်။ ကျောင်းအားကစားပွဲလည်းပြီးသွားရော မီးမီးနဲ့ အသည်းလေးတို့ အပြန်အလှန်နားလည်မှုတွေနဲ့ တအားချစ်သွားကြတယ်။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကူညီကြတယ်။

အသည်းလေးရဲ့အဖေက နိုင်ငံခြားပြန်ရတော့မယ့် အချိန်ရောက်လာပြီ။ နွယ်စင့်ကို လက်ထပ်သွားချင်ကြောင်း မိဘတွေကို ဖွင့်ပြောလာသလို မီးမီးရဲ့အမေကလည်း နိုင်ငံခြားသားတစ်ယောက်နဲ့ လက်ထပ်တော့မှာမို့ မီးမီးကိုအပ်ကြောင်း၊ ရှေ့ရေးကိုလည်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်ကြောင်း လင်းသိမ်းကို ပြောလာခဲ့ပါတယ်။ အသည်းလေးအဖေကို လေဆိပ်လိုက်ပို့တဲ့အခါ အသည်းလေးနဲ့အတူ အဖော်လိုက်ရမှာဆိုတော့ အသည်းလေးအဖေကို မျက်နှာချင်းမဆိုင်ချင်တာနဲ့ စိတ်ညစ်နေတာကို အသည်းလေးက ရိပ်မိတယ်။ နွယ်စင်နဲ့အနေကြာတော့ နွယ်စင့်ကို အမေအရင်းလို ချစ်နေရတာလေ။ နွယ်စင် စိတ်ဆင်းရဲတာကို မကြည့်ရက်ဘူး။

အဲဒီအချိန်မှာ မီးမီးက သူ့အဘွားနဲ့အတူ အသည်းလေးတို့ အိမ်ကိုရောက်လာတယ်။ သူ့အဖေ နယ်ကပြန်လာမှာ၊ ကားဂိတ်သွားကြိုမလို့တဲ့။ ညနေ သူ့အဖေပြန်လာတာကို ကြိုပြီးမှ ပြန်လာမယ်ဆိုပြီး သူ့အဘွားကို ပြန်လွှတ်လိုက်တယ်။ ဒီလိုနဲ့ အသည်းလေးအဖေ နိုင်ငံခြားပြန်မှာကို လေဆိပ်လိုက်မပို့ဖြစ်ဘဲ လင်းသိမ်း နယ်ကပြန်လာမှာ ကားဂိတ်ကိုသွားကြိုဖြစ်ကြတယ်။ ကားဂိတ်ရောက်တော့ လင်းသိမ်းဆီကို မီးမီးပြေးသွားကြိုတယ်။ ''သမီးတစ်ယောက်တည်းလား''ဆိုတော့ ''ပါတယ်''တဲ့၊ ခပ်ပြတ်ပြတ်ပဲ။ အဲဒီမှာ အသည်းလေးပြေးလာတယ်။ အသည်းလေးနောက်က နွယ်စင်။

မီးမီးက အသည်းလေးကိုပြောတယ်၊ ''ဟဲ့...နင်နဲ့ငါက သူငယ်ချင်းချည်း မဟုတ်တော့ဘူးနော်၊ ညီအစ်မလည်းတော်တယ်''တဲ့။ ပြီးတော့ ''မီးမီးတို့ဝတ္တုရားရှိသည့်အတိုင်း''ဒီဇာတ်ကားလေးကို Seven Colours Video မှ ရိုက်ကူးပြီး ဒါရိုက်တာ ကိုဇော် (အရဏ်ဦး)က ပြေတီဦး၊ ချစ်သုဝေနဲ့ အနုပညာရှင်များစွာတို့နဲ့ ပုံဖော်တင်ဆက်ထားတဲ့ ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ဖြစ်တဲ့အကြောင်း မိတ်ဆက်တင်ပြလိုက်ရပါတယ်။

ဦးဝင်းမြင့် (သရဖီဆောင်)

www.burmeseclassic.com





**မောင်မှုင့်ဝေ**(ပေါက်)

# ဆောင်းသုံးဆောင်း

ဆောင်းတွင်းကာလ ညနေစောင်းမို့လား မသိ။ ပတ်ဝန်းကျင်၌ အမှောင်ရိပ်သန်းစပြုနေပြီ။ ပြတင်း ပေါက်မှနေ၍ အိမ်ရှေ့လမ်းမထက်ကို လှမ်းကြည့်တော့ ဥဒဟို သွားလာနေသော ယာဉ်များ၊ ခရီးသွားများကို တွေ့ရသည်။ မိမိရှင်သန်ရပ်တည်ရာဘဝ၌ မိမိ၏ဇာတ်လမ်းနှင့် မိမိ ကခုန်နေကြတဲ့လူသားတွေ။ ဒီခန္ဓာကိုယ်ကြီး မကွယ်မပျောက်သရွေ့ မိမိသည် ဒါရိုက်တာ၊ မိမိသည် ဇာတ်ကောင်။

www.burmeseclassic.com

www.burmeseclassic.com


တိုက်ခန်းတစ်ခုပေါ်သို့ တက်သွားသည်ကို လှမ်းတွေ့လိုက်ရလေသည်။ ဘယ်သူ့ဆီသွားတာလဲ၊ ဘယ်သူ့တိုက်ခန်းလဲဟု စိတ်မော၊ လူမော တွေးတောပြီး တိုက်ခန်းကို မော့ကြည့်လိုက်ရာ ခြေတွေလက်တွေ အေးခဲသွားသည်။ ရင်ထဲမှာ လှိုက်ဖိုပြီး ဝမ်းနည်းသွားသည် ...

အဲဒီလို ဇာတ်လမ်း၊ ဇာတ်ကောင်များစွာထဲမှာ ကောင်းတဲ့ဇာတ်လမ်း၊ ဇာတ်ကောင်တွေရှိသလို မကောင်းတဲ့ဇာတ်လမ်းနှင့် ဇာတ်ကောင်တွေလည်း ရှိစမြဲ။ အဲဒီထဲမှာ ကိုယ်က ဘယ်လိုဇာတ်လမ်းကို ရေးသားကပြနေတဲ့ ဇာတ်ကောင်လဲ။

ရဲအုပ် စိုးသော်တစ်ယောက် မိမိဘဝအကြောင်းကို ပြန်စဉ်းစားရင်း ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိတော့ ယနေ့အချိန်ထိ အကုသိုလ်မရှိ၊ သတိမမဲ့၊ အသိတရားမမဲ့ခဲ့ဟု ထင်နေမိသည်။

ထိုစဉ်မှာပင် သူ၏လက်ကိုင်ဖုန်းမှ ဖုန်းမြည်လာ၍ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ရောဝတ်ရဲစခန်းက ဖုန်းနံပါတ်ဖြစ်နေသည်။ ဘာများသတင်းပို့မလဲဟု တွေးတောရင်း ဖုန်းကိုဖွင့်လိုက်သည်။

"ဟယ်လို....."

"ဆရာစိုးသော်လား"

"ဟုတ်ပါတယ်"

"ကျွန်တော် ဒုရဲအုပ် ဝင်းအောင်ပါ ဆရာ၊ ဒဂုံတောင်၊ (၅၅) ရပ်ကွက်၊ မင်းဘူးလမ်းထဲမှာ လူသတ်မှုဖြစ်တယ်လို့ ရာအိမ်မှူးက သတင်းပို့လို့ ကျွန်တော် ချက်ချင်း အကြောင်းကြား သတင်းပို့တာပါ ဆရာ၊ ပြီးရင် အချင်းဖြစ်အရပ်သွားပြီး စောင့်နေနှင့်မယ်"

ရဲအုပ် စိုးသော် ခေါင်းနားပန်းကြီးသွားသည်။

"အေး....အေး၊ ငါ အခုချက်ချင်း မြို့နယ်မှူးကို သတင်းပို့ပြီး အချင်းဖြစ်ရပ်ကို လာခဲ့မယ်၊ မင်းမှာရှိတဲ့အင်အားနဲ့ အချင်းဖြစ်ရပ်ကို လုံခြုံအောင်လုပ်ထား၊ သက်သေခံပစ္စည်း တစ်စုံတစ်ရာ ပျက်စီးမှု မရှိစေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ဒုရဲအုပ်ဝင်းအောင်ကို မှာကြားပြီးသည်နှင့် စခန်းမှူး ရဲအုပ် စိုးသော်လည်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ချက်ချင်းသွားရောက်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ သတင်းပို့သည်။ ပြီးတော့ လိုအပ်သော ရဲအသုံးအဆောင်ပစ္စည်းများယူပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တာဝန်မှူး ဒုရဲအုပ် နိုင်လင်းတို့နှင့်အတူ အချင်းဖြစ်ရပ်သို့ ရဲကားဖြင့်လာခဲ့ကြတော့သည်။

+++

အချင်းဖြစ်ရပ်နေရာသည် ဒဂုံတောင်၊ (၅၅)ရပ်ကွက်၊ မင်းဘူးလမ်းထဲ ရောက်ချိန်မှာ လမ်းပေါ်၌ လူများ ဟိုနေရာတစ်စု၊ ဒီနေရာတစ်စု တွေ့ရသည်။ ရဲကားရောက်လာသည်ကိုမြင်သဖြင့် လူတချို့က အိမ်ပေါ်မှာအသတ်ခံရတာ၊ ဟိုရှေ့နားမှာဟု လှမ်းအော်ပြောကြသည်။

ညအမှောင်ကလည်း ထူထူပိန်းပိန်း၊ လမ်းကကျဉ်းကျဉ်း၊ ချိုင့်ခွက်တွေနဲ့မို့ ဘယ်လိုမှ ကားသွားမရတော့။ ထိုအချိန်တွင် ဆိုင်ကယ်ဖြင့် လူတစ်ဦးရောက်လာကာ ဆိုင်ကယ်ကိုရပ်ပြီး သတင်းပို့သည်။

"မြို့နယ်မှူးကြီး၊ ကျွန်တော်က ဒီအပိုင်ရာအိမ်မှူးပါ၊ လူသတ်

www.burmeseclassic.com

မှုဖြစ်တဲ့ အိမ်ကိုလိုက်ပြဖို့ စောင့်နေတာပါ၊ ရောဝဏ်စခန်းမှူးနှင့် နယ်ထိန်းအဖွဲ့လည်း ရောက်နေပါပြီ''

ဟုပြောသည်။

''ကဲ...ဆရာစိုးသော်ရေ လမ်းဆင်းလျှောက်ပြီး သွားကြတာပေါ့''

ထို့နောက် ရဲအုပ် စိုးသော်လည်း လိုအပ်မည့် ပစ္စည်းများယူဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အတူ လူအများ ဝိုင်းအုံနေသည့် အချင်းဖြစ်နေအိမ်သို့ အမြန်လျှောက်လှမ်းခဲ့တော့သည်။

အချင်းဖြစ်နေရာမှာဒဂုံတောင် (၅၅)ရပ်ကွက်နှင့် (၂၀)ရပ်ကွက်ကို ခြားထားသော လယ်ကွင်းစပ်နားဖြစ်သည်။ အချင်းဖြစ်နေအိမ်မှာ ပေ ၂၀၊ ပေ ၆၀ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သွပ်မိုး၊ ပျဉ်ထောင်အိမ်အမျိုးအစားဖြစ်ပြီး ဖယောင်းတိုင်မီးထွန်းထားသည်။

ရောဝဏ်စခန်းမှူးနှင့်အဖွဲ့က အချင်းဖြစ်နေရာကိုဝင်ရောက်နှောင့်ယှက်မှု မရှိစေရေး အပိုင်ရာအိမ်မှူးအဖွဲ့နှင့်အတူ ထိန်းသိမ်းလျက်ရှိသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ဒုရဲအုပ် ဝင်းနိုင်က ..

''အချင်းဖြစ်နေအိမ်က လင်မယားချင်းစကားများပြီး ယောကျ်ားဖြစ်တဲ့သူက ဓားနဲ့ထိုးတာလို့ပြောတယ်၊ ဇနီးရော၊ ယောက္ခမပါအထိုးခံရပြီး အိမ်ရှေ့ညှော်ခန်းမှာ လဲနေတယ် ဆရာ၊ ယောက္ခမဖြစ်တဲ့ မိန်းမကြီးကတော့ အသက်မသေသေးလို့ ဆေးရုံကို ကားငှားပို့ပြီး ဆေးစာလုပ်ထားတယ် ဆရာ၊ ဇနီးဖြစ်သူကတော့ အသက်မရှိတော့ဘူး''

ဟု လာရောက်သတင်းပို့၏။ ရဲအုပ် စိုးသော်က.....

''တရားခံဖြစ်တဲ့ ခင်ပွန်းက အခုဘယ်မှာလဲ''

''တရားခံနာမည်က သက်နှင်းပါ ဆရာ၊ အချင်းဖြစ်ပြီးပြီးချင်း အိမ်ပေါ်က ဓားကိုင်ပြီးထွက်သွားတယ်လို့ ပတ်ဝန်းကျင်ကပြောစကားအရ သိရပါတယ်၊ အပိုင်နယ်ထိန်းနဲ့အဖွဲ့ကို တရားခံဖမ်းဆီးဖို့ တာဝန်ပေးအပ်ပြီးပါပြီ''

''အေး.....အေး၊ ဒါဆိုလည်း တို့ရဲ့ ရဲလုပ်ငန်းတာဝန်တွေကိုဆက်လုပ်ကြတာပေါ့၊ အချင်းဖြစ်မှတ်တမ်းဓာတ်ပုံရိုက်ပြီးတာနဲ့အလောင်းကို ဆေးရုံပို့ဖို့လုပ်''

''ဟုတ်ကဲ့ပါ ဆရာ''

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးဘစိန်နှင့် စခန်းမှူးတို့က လူသတ်မှုဖြစ်ပွားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့ထံ ချက်ချင်းသတင်းပို့၏။ ပြီးတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှုနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည့်အတိုင်း ရဲအုပ် စိုးသော်တို့အဖွဲ့မှ ရဲလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြတော့သည်။

သေဆုံးသူမှာ အသက် ၃၅ နှစ်အရွယ်ဖြစ်ပြီး နေအိမ်ညှော်ခန်းအလယ်တည့်တည့်တွင် မှောက်လျက်အနေအထားဖြင့် သေဆုံးနေသည်။ ညှော်ခန်းမှာ ၁၀ ပေပတ်လည်ခန့်သာရှိပြီး အချင်းဖြစ်စဉ်က ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် သောက်ရေအိုးမှာ အောက်သို့ပြုတ်ကျကာ အစိတ်စိတ်အမြွှာမြွှာ ကွဲနေပြီး ပစ္စည်းများမှာ ပြန့်ကျဲနေသည်။ သေဆုံးသူနှင့် ဒဏ်ရာရရှိသူ ယောက္ခမတို့မှ ထွက်သောသွေးများမှာ မြင်မကောင်းအောင် အိုင်ထွန်းနေပြီး အညှီနံ့တော်တော်ထွက်နေသည်။

ရဲအုပ် စိုးသော်က မှတ်တမ်းဓာတ်ပုံများအား စနစ်တကျရိုက်ကူးခြင်း၊ သေဆုံးသူ၏ ဒဏ်ရာရရှိမှုအား စနစ်တကျ ဆေးစာတွင်ရေးသွင်းခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်းများ၊ သက်သေခံပစ္စည်းများ ရှာဖွေသိမ်းဆည်းခြင်းများ ဆောင်ရွက်နေစဉ် ..

''ဆရာ စိုးသော်၊ တရားခံသက်နှင်းကို နယ်ထိန်းအဖွဲ့က ဖမ်းဆီးရမိပြီလို့ သတင်းပို့ပါတယ်၊ အချင်းဖြစ်စဉ် တရားခံအသုံးပြုခဲ့တဲ့ လက်နက်ကိုလည်း သိမ်းဆည်းရမိတယ်လို့ သိရပါတယ်''

''ကဲ.....ဒါဆိုလည်း ငါတို့ရဲ့တပ်ဖွဲ့အနေနဲ့ လုပ်ငန်းဆောင်ရွက်ရတာ ပိုပြီးမြန်ဆန်တာပေါ့ ဆရာဝင်းနိုင်၊ တရားခံကို ဒဂုံတောင်စခန်းကို ချက်ချင်းပို့ဖို့ ညွှန်ကြားပါ''

''ဟုတ်ကဲ့ပါ ဆရာ''

+++

''အစ်ကို ဘာတွေများအတွေးနယ်ချဲ့နေတာလဲ''

www.burmeseclassic.com



သက်နှင်း
မျက်လုံးများ
ပြာသွားသည်။
ရင်ထဲမှာလည်း
ပူလောင်သွားသည်။
ဇနီးဖြစ်သူသည်
ကျော်ကျော်နှင့်
လက်ချင်းချိတ်လျက်
ပျော်ရွှင်ရယ်မောပြီး
...

အိမ်ရှေ့မြေကွက်လပ်ရှိ ခုံတန်းလျားမှာထိုင်ရင်း သူ၏ဘဝကို ပြန်စဉ်းစားနေသော သက်နှင်းမှာ သူ၏ဘေးတွင်ဝင်ထိုင်ကာ ရုတ်တရက်ပြောလာသော ဇနီးချော မေသူ၏ စကားကြောင့် အတွေးများပျက်သွားသည်။

''ဘာရယ်လို့မဟုတ်ပါဘူး မိန်းမရယ်၊ မင်းနဲ့ကိုယ်နဲ့ စတင်ပြီး ချစ်ကြိုက်ခဲ့ကြတဲ့အချိန်က ဒီလို ဆောင်းတွင်းကာလလေ''

''ဟုတ်တယ်လေ''

''ကိုယ်တို့နှစ်ဦး မင်္ဂလာဆောင်ကြပြန်တော့လည်း နှင်းတွေဝေနေတဲ့ ဆောင်းတွင်းလည်းမဟုတ်လား၊ မင်္ဂလာဆောင်တဲ့ညကဆို ဆောင်းအအေးဓာတ်ကဲနေလို့ ကိုယ်တို့ဘာလုပ်နိုင်လို့လဲ''

''အို....ကိုကလည်း ဘာတွေပြောနေမှန်းမသိဘူး''

မေသူက ရှက်ရှက်ဖြင့် ခေါင်းတိုးပြီး သက်နှင်း၏ရင်ခွင်တွင် မျက်နှာအပ်ထားသည်။

''မိန်းမရယ် ရှက်မနေပါနဲ့၊ ကိုယ်ပြောတာက တစ်နေ့ခင်းလုံး ပင်ပန်းတာကြောင့် ညအအေးဓာတ်များနေလို့ နှစ်ယောက်စလုံး ရေမချိုးဖြစ်ကြဘူးလို့ ပြောတာပါ''

''ကို.....''

''ပြောလေ မေသူ၊ ဘာပြောစရာရှိလဲ''

''မေသူတို့မှာ ငွေမရှိတော့ဘူးနော်၊ နှစ်ရက်စာလောက်ပဲ ကျန်တော့တယ်၊ ပြီးတော့ မေသူ့ဆီမှာ ကိုယ်ဝန်ရှိနေပြီ ကိုရဲ့''

''ဟာ.....ဝမ်းသာလိုက်တာကွာ၊ ဝမ်းသာစရာစကားကို ဘာလို့ စောစောက ကြိုမပြောတာလဲ''

''ကို့ကို ပြောမလို့ပါပဲ၊ ဟုတ်၊ မဟုတ် မသေချာသေးလို့ မပြောတာ၊ အခု ဆေးစစ်ပြီးမှ သိရလို့ ပြောတာ၊ အဲဒါ မေသူတို့ ကလေးမွေးစရိတ်လိုလာပြီ''

''နဂိုကမှ စီးပွားရေးအဆင်မပြေရတဲ့ကြားထဲ ကလေးက မွေးရဦးမှာဆိုတော့....ကဲ...မိန်းမရယ် ဘာမှပြောမနေနဲ့၊ စိတ်လည်းညစ်မနေနဲ့၊ စားစရိတ်၊ ကလေးမွေးစရိတ် ကိုယ်ရအောင်ရှာမယ်၊ အခုလည်း ကိုယ်အလုပ်လုပ်နေတဲ့ သူဌေးက လိုင်းကားတစ်စီးငှားမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ အဲဒီကားဝယ်ပြီးရင် ကိုယ့်ကို စပယ်ယာဝင်လုပ်တဲ့၊ စပယ်ယာလုပ်ရင်း ကားမောင်း တတ်အောင် သင်ပြီးရင် လိုင်စင်ရ အောင် လုပ်ပေးမယ်လို့ပြောတယ်''

''ဟုတ်လား၊ ကောင်းတာ ပေါ့''

''ဘာပဲဖြစ်ဖြစ် စပယ်ယာလုပ် ရင်း ရလာတဲ့ငွေကိုစုရင်း မွေးစရိတ် တော့ ရလာမှာပါ၊ မိန်းမ စိတ်ညစ် မနေနဲ့၊ အခုအချိန်ကစပြီး ကျန်းမာ ရေးကိုသာ ဂရုစိုက်တော့''

သက်နှင်းမှာ ရင်သွေးရတော့ မည်ဆိုသည့်အတွေးနှင့် ပျော်သွား သည်။ မွေးမလာသေးသော သား လား၊ သမီးလား မသိသေးသော မျက်နှာများကို ပုံဖော်ကြည့်နေမိ သည်။

+++

''ဘီအိုစီပါလား၊ ဘုရားလမ်း ပါလား၊ ဘာသံမှ မကြားဘူးဆရာ ရေ၊ ဂိတ်ဆုံးသာမောင်း''

စပယ်ယာတစ်ဖြစ်လဲ သက် နှင်းမှာ မိမိတာဝန်ကို ကျေပွန် အောင်လုပ်သည်။ ခရီးသည်တွေကို လည်း ပျူပျူငှာငှာ ဆက်ဆံတတ် သည်။ မောက်မာစွာပြောဆိုခြင်းမရှိ၊ ခရီးသည်တွေ လိုအပ်ရင် လိုအပ် သလို ကူညီပေးတတ်သူဖြစ်သဖြင့် သက်နှင်း စပယ်ယာလိုက်သည့် ကားမှာ လိုင်းထဲရှိ အခြားကားများ ထက်ပိုပြီး ခရီးသည်ပိုရသည်။

သက်နှင်းတို့ကားမှာ အမှတ် (--)ဖြစ်ပြီး အင်းစိန်၊ ဇဝန(သဃ်န်း ကျွန်း)သို့ ပြေးဆွဲသောကားဖြစ် သည်။ အချို့ခရီးသည်များ၊ ကုန် စိမ်းသည်များဆိုလျှင် သက်နှင်းတို့ ကားအလာကိုသာ စောင့်စီးကြ သည်။ ဖောက်သည်တွေပင် ဖြစ်နေ ပေပြီ။

ဇဝနဂိတ်ဆုံးရောက်တော့ ခရီး သည်များ ဆင်းသွားသည်။

''သက်နှင်းရေ.....ဂိတ်မှူးဆီ သတင်းပို့ပြီးတာနဲ့ လက်ဖက်ရည် ဆိုင်လာခဲ့''

ဒရိုင်ဘာ ကိုမောင်စောက လှမ်းအော်ပြော၍ သက်နှင်းလည်း ဂိတ်မှူးထံ အရောက်ပြပြီး အလှည့် စောင့်ယူပြီး လက်ဖက်ရည်ဆိုင်သို့ လာခဲ့သည်။

လက်ဖက်ရည်ဆိုင်ထဲတွင် ဒရိုင်ဘာအပြင် ကားပိုင်ရှင် ဦး ကျော်ပါ ရောက်နေသည်ကို တွေ့ရ သည်။

''ကဲ....လာထိုင် မောင်သက် နှင်း၊ မောနေပြီလား၊ ဘာသောက် မလဲ''

''ချိုကျပဲသောက်မယ် ကို စော''

သက်နှင်းက ပြောပြောဆိုဆို ခုံတွင်ဝင်ထိုင်လိုက်သည်။

''ဘယ်လိုလဲကွ သက်နှင်းရဲ့ ကားစပယ်ယာအလုပ် လုပ်ရတာ''

ကားပိုင်ရှင် ဦးကျော်က မျက် နှာပြုံးပြုံးဖြင့်မေးသည်။

''အစတော့ အဆင်မပြေဘူး ဆရာ၊ မှတ်တိုင်တွေ မေ့မေ့သွား တယ်၊ တစ်ခါတလေ မှတ်တိုင် အမည် မှားခေါ်လို့ ခရီးသည်တွေ က ရယ်ကြသေးတယ်၊ အခုတော့ မျက်စိမှိတ်ပြီး လုပ်လို့ရပြီ''

''မောင်စောကပြောတယ် မင်းက ရိုးသားတယ်၊ မလိမ်ဘူး မဝှက်ဘူးတဲ့၊ စပယ်ယာဆိုတာ များ သောအားဖြင့် ခိုး၊ ဝှက်တတ်ပေ မယ့် မင်းက စိတ်ထားဖြူစင်တယ် လို့ ပြောတယ်၊ ကြိုးစားကွာ၊ ကား မောင်းလည်း တတ်အောင်သင်၊ မြန်မြန်သင်၊ ကြားလား''

''ဟုတ်ကဲ့ပါ ဦးကျော်''

+++

သမီးလေး အိအိမွေးပြီး နှစ် နှစ်အကြာတွင် ဒရိုင်ဘာ ကိုစောမှာ ကျန်းမာရေးမကောင်းတော့သဖြင့် ကားဆက်မမောင်းနိုင်တော့ပေ။

ယာဉ်ပိုင်ရှင် ဦးကျော်က ကို စောနေရာတွင် ယုံကြည်စိတ်ချရသူ သက်နှင်းကို ယာဉ်မောင်းအဖြစ်ခန့် အပ်ခဲ့သည်။

သက်နှင်းမှာ နဂိုကပင်ရိုးသား ကြိုးစားသူဖြစ်၍ မိမိအလုပ်ကို ကြိုး စားလုပ်ကိုင်သလို ယာဉ်ပိုင်ရှင်၏ အိမ်မှုကိစ္စများကိုလည်း ကူညီလုပ် ကိုင်ပေးခဲ့သည်။

ယာဉ်မောင်းဘဝ ရောက်သည့် တိုင် အသောက်အစား၊ အပျော် အပါး မရှိခဲ့၊ မိသားစုအတွက်သာ ဆိုသည့် အတွေးဖြင့် တစ်ရက်မှ နားရက်မရှိ လုပ်ကိုင်ခဲ့သည်။

ထိုသို့လုပ်ကိုင်သဖြင့် ဇနီးဖြစ် သူ မေသူ၊ သမီး အိအိတို့နှင့် ပျော်

www.burmeseclassic.com



ပျော်ရွှင်ရွှင်နေရသည့်အချိန်မှာ ရှားပါးလာခဲ့သည်။

နေ့စဉ် နံနက် ၄ နာရီခန့်တွင် ထပြီး အုံနာအိမ်သို့သွား၍ ကားယူရသည်။ ပြီးလျှင် ဂိတ်ထိုးပြီး သတ်မှတ်အခေါက်ရေအတိုင်းဆွဲရသည်။

ညပိုင်းရောက်တော့လည်း စပယ်ယာကို စိတ်မချသဖြင့် မိမိကိုယ်တိုင် ခတ်ဆီသွားတန်းစီရသည်။ ထိုညမျိုးတွင် အိမ်ပြန်မအိပ်ဖြစ်တော့။ ထိုကဲ့သို့ညမျိုးလည်း မရေမတွက်နိုင် ဖြစ်လာခဲ့သည်။

သူအိမ်မပြန်သည့်ရက်ဆိုလျှင် ဇနီးဖြစ်သူ မေသူသည် ဇဝနကား ဂိတ်သို့ လိုက်လာတတ်သည်။



ထိုသို့လာသောအခါ သမီးအိအိကို အိမ်တွင် ယောက္ခမနှင့်ထားခဲ့ပြီး ခေါင်းရင်းအိမ်ရှိ ကျော်ကျော်ဆိုသည့် အသက် ၂၀ အရွယ် ကောင်လေးကို အဖော်အဖြစ်ခေါ်လာတတ်သည်။

တစ်နေ့ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ်.....

"ဟေ့ကောင် သက်နှင်း၊ မင်းမိန်းမနဲ့ လိုက်လိုက်လာတဲ့ ကောင်လေးက ဘယ်သူလဲ"

ဘဝတူ ယာဉ်မောင်းဖြစ်သော အောင်မြင့်က လှမ်းမေးသည်။

"ငါတို့အိမ် ခေါင်းရင်းက ကောင်လေးပါကွ"

ထိုသို့ သက်နှင်းက ပြန်ပြောသောအခါ ယာဉ်မောင်း အောင်မြင့်က သြော်.....ဟုတ်လားဟုပြောပြီး လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားတော့သည်။

+++

တစ်နေ့တွင် သက်နှင်းသည် ခေါင်းမူးနောက်နောက်ဖြစ်နေ၍ ကား အုံနာကို အကျိုးအကြောင်း ဖုန်းဖြင့် လှမ်းပြောကာ ကားဆက်မမောင်းဘဲ အိမ်ပြန်လာခဲ့သည်။

အိမ်သို့ရောက်ရှိပြီး ဇနီးဖြစ်သူကိုမတွေ့ရ၍ သမီးဖြစ်သူအား မေးခဲ့သည်။

"သမီးအမေ ဘယ်သွားလဲ"

"ဦးကျော်ကျော်နဲ့ ဈေးကိုသွားမယ်ပြောပြီး ထွက်သွားတယ် ဖေဖေ"

"ဘယ်ဈေးသွားမယ်လို့ ပြောသွားသေးလဲ သမီး"

"ရတနာလမ်းထဲကဈေးလို့ ပြောတယ်"

သက်နှင်းမှာခေါင်းမူးနေသည်ကို မေ့ပျောက်ပြီး ဇနီးဖြစ်သူနောက်သို့ လိုက်ခဲ့သည်။ (၂၀)ရပ်ကွက်၊ ရတနာဈေးမှာ ညနေစောင်းမို့ လူစည်ကားနေသည်။ ဈေးလမ်းထဲ လိုက်ရှာသော်လည်းမေသူ့ကိုမတွေ့ရ။ လမ်းများလွဲသွားပြီလားဟုတွေးပြီး ပြန်လာစဉ် ဈေးလမ်းထိပ်သို့ အရောက်.....

"ဟေ့.....ကိုသက်နှင်း၊ ဒီနေ့ကားမမောင်းဘူးလား"

လှမ်းမေးသံကြားရသဖြင့် အသံလာသည့် ကွမ်းယာဆိုင်သို့ လှမ်းကြည့်ရာ ရပ်ကွက်ထဲမှ ကိုမြမောင်ကို တွေ့ရသည်။

"ဟုတ်ကဲ့ အစ်ကို၊ ဒီနေ့စောစောပြန်လာတာ"

"ကောင်းတာပေါ့ဗျာ၊ တစ်ရက်တလေလည်း နားဦးမှပေါ့၊ ဒါနဲ့ ခင်ဗျားမိန်းမ မေသူ့ကို တော့ပ်စတားဘက်မှာ တွေ့ခဲ့တယ်"

သက်နှင်း စိတ်ထဲထင့်သွားသည်။ မေသူ တော့ပ်စတားအိမ်ရာဘက် ဘာသွားလုပ်တာလဲဟုတွေးရင်း.....

"သြော်.....ဟုတ်ကဲ့၊ ပြန်လိုက်ပါဦးမယ်"

ကိုမြမောင်ကိုနှုတ်ဆက်ကာ တော့ပ်စတားအိမ်ရာဘက်သို့ လာခဲ့သည်။

တော့ပ်စတားအိမ်ရှေ့ရောက်ခါ

www.burmeseclassic.com

www.burmeseclassic.com



နီး လမ်းဘေးသစ်ပင်အောက်တွင် စုံတွဲတစ်တွဲ ထိုင်နေသည်ကိုတွေ့ရသည်။ မှောင်စပျိုးချိန်ဖြစ်ပြီး ဝေးနေသေး၍ မည်သူတွေမှန်း သဲသဲကွဲကွဲ မမြင်ရ။

သက်နှင်းလည်း မေသူ့ကိုရှာရင်း ထိုစုံတွဲနား ရောက်လာခဲ့သည်။

"ဟင်...မေသူ၊ ဒါ ဘာလုပ်နေတာလဲ"

သက်နှင်းက ဇနီးဖြစ်သူ မေသူကို ဒေါသစိတ်ဖြင့် အော်ဟစ်မေးလိုက်သောအခါ မေသူမှာ သူခိုးလူမိသလိုဖြစ်ပြီး မျက်နှာရဲတက်သွားခဲ့သည်။ သို့သော် ချက်ချင်း မျက်နှာပြင်လိုက်ပြီး.....

"ဈေးကပြန်လာတာ အစ်ကို၊ အဲဒါ ဈေးအပြန် ကျော်ကျော်က အလုပ်ရှိ မရှိ သွားမေးတာ လိုက်ခဲ့ပါဆိုလို့ လိုက်လာတာ"

"အလုပ်ရှိ မရှိ လာမေးတာဆိုရင်လည်း ဘာလို့ဒီမှာထိုင်နေရတာလဲ"

"ဘာမှမဟုတ်ပါဘူး အစ်ကိုရယ်၊ မောလို့ခဏနားနေကြတာပါ၊ ကဲ....လာ...လာ၊ အိမ်ပြန်ကြမယ် အစ်ကို၊ ကျော်ကျော် နင်လည်း နင့်ဘာသာနင်ပြန်တော့၊ ငါ့ယောက်ျားနဲ့ပဲ ပြန်လိုက်ခဲ့တော့မယ်"

မေသူက နွဲ့နွဲ့လေးနှင့် အချိုသတ်ပြီးလက်ကိုဆွဲကာ အပြုံးလေးနှင့်ပြောတော့ သက်နှင်း ပျော့သွားသည်။ ဇနီးကို ဘာမှပြန်မပြောတတ်တော့၊ ဆေးမိထားသည့်ပမာ။

+ + +

"သက်နှင်း မင်း ဒီနေ့ကား မထွက်ဘူးလား"

"အေး၊ ကားအောက်ပိုင်း မကောင်းလို့ ဘော်ဒီရုံပို့ပြီး ပြန်လာတာ စိန်သောင်း"

"အဲဒါဆို ငါနဲ့ ဘုရင့်နောင်ကို လိုက်ခဲ့စမ်းပါ၊ ကားပစ္စည်းဝယ်စရာရှိလို့"

"အေး သွားလေ၊ သိပ်မကြာဘူးဆိုရင်တော့အဖော်လိုက်ခဲ့မယ်"

ထို့နောက် သက်နှင်းနှင့် စိန်သောင်းတို့ ဇဝနကားဂိတ်မှ ကားငှားပြီး ဘုရင့်နောင်သို့ လာခဲ့ကြသည်။

ဘုရင့်နောင်လမ်းဆုံရောက်တော့ မီးပွိုင့်မိနေပြီး သက်နှင်းတို့ကားမှာ ရှေ့ဆုံးမှရပ်ထားကာ မီးစိမ်းအချက်ပြကို စောင့်နေသည်။

သက်နှင်းမှာ မီးပွိုင့်မိနေစဉ် ကားပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးကြည့်မိစဉ်.....

"ဟင်....."

သက်နှင်း မျက်လုံးများပြူးသွားသည်။ ရင်ထဲမှာလည်း ပူလောင်သွားသည်။ ဇနီးဖြစ်သူသည် ကျော်ကျော်နှင့် လက်ချင်းချိတ်လျက် ပျော်ရွှင်ရယ်မောပြီး လျှောက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

ဒေါသတို့က ငယ်ထိပ်အထိ ဆောင့်တက်လာသည်။ ကားပေါ်က ပြေးဆင်းပြီး ဒါဘာသဘောလဲဟု မေးလျှင်လည်း ဇနီးဖြစ်သူက အကြောင်းအမျိုးမျိုး ပြလိမ့်ဦးမည်။ ဒေါသမထိန်းနိုင်ဘဲ လက်ပါမိလျှင်လည်း လူအများရှေ့ သိက္ခာကျဦးမည်။ ဘာလုပ်ရမလဲဟု စဉ်းစားနေစဉ်.....

"ဟော့ကောင် ငါ့ကို ပစ္စည်းဝယ်ရင် ကောင်း၊ မကောင်း ဝိုင်းစစ်ပေးဦး"

ရုတ်တရက် စိန်သောင်းက ပခုံးကိုပုတ်ကာ ပြောလိုက်တော့မှ သက်နှင်းမှာ သတိပြန်ဝင်ခဲ့ပြီး.....

"အေး..အေးပါကွာ၊ ငါကူရွေးပေးပါ့မယ်"

ထိုသို့ ကယောင်ချောက်ချားနှင့် အထစ်ထစ်အငေါ့ငေါ့ ပြန်ပြောလိုက်မိသည်။ ထိုအချိန်တွင် ကားမှာ မီးစိမ်းသဖြင့် မီးပွိုင့်မိနေရာမှ မောင်းထွက်ခဲ့လေသည်။


ဇနီးဖြစ်သူနှင့်ကျော်ကျော်မှာ ပတ်ဝန်းကျင်ကို သတိမထားဘဲ စိတ်လွတ်ကိုယ်လွတ် လက်ချင်းတွဲကာ ရှေ့မှသွားနှင့်ပြီဖြစ်၍ ဘယ်များရောက်သွားလဲဟု လိုက်ကြည့်လာခဲ့ရာ ဘုရင့်နောင်မီးပွိုင့်အရောက် ဘုရင့်နောင်ဈေး ရောက်ခါနီးတွင် ဇနီးဖြစ်သူနှင့် ကျော်ကျော်အား တိုက်ခန်းတစ်ခုပေါ်သို့ တက်သွားသည်ကို လှမ်းတွေ့လိုက်ရလေသည်။ ဘယ်သူ့ဆီသွားတာလဲ၊ ဘယ်သူ့တိုက်ခန်းလဲဟု စိတ်မောလူမောတွေးတောပြီး တိုက်ခန်းကို မော့ကြည့်လိုက်ရာ.....

သက်နှင်း ခြေတွေလက်တွေ အေးခဲသွားသည်။ ရင်ထဲမှာ လိုက်ဖိုပြီး ဝမ်းနည်းသွားသည်။ ဒေါသနှင့် ပေါင်းစပ်ထားသော ပူဆွေးမှုတို့မှာ ရုတ်တရက် မေ့လျော့တော့မလိုထိ ဖြစ်စေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဇနီးဖြစ်သူ
အိမ်ထောင်ရေး
ဖောက်ပြန်တာကို
ဥပဒေနဲ့အညီ
ဆောင်ရွက်ရမယ့်
ခံပြင်းစိတ်၊
ဝမ်းနည်းနာကြည်းစိတ်၊
ဒေါသစိတ်ကို
မထိန်းခဲ့တော့
အခုလိုအဖြစ်ဆိုးနဲ့
ကြုံရတာပေါ့ကွာ
...



သက်နှင်းမြင်တွေ့လိုက်ရသည်က "----"တည်းခိုခန်းဟူသော ဆိုင်းဘုတ်ပင်ဖြစ်သည်။

"သူငယ်ချင်း စိန်သောင်း၊ ငါ ခေါင်းအရမ်းကိုက်လာလို့ကွာ၊ မင်း ဘာသာပဲဝယ်ခဲ့တော့၊ ဘယ်လိုမှ မရတော့ဘူး။ ငါဒီမှာဆင်းနေခဲ့မယ်၊ မင်းအပြန်ကို ဒီကပဲစောင့်နေမယ်"

ထိုသို့ စိန်သောင်းကိုပြောပြီး ကားရပ်ခိုင်းကာ သက်နှင်းက ကား ပေါ်မှဆင်းလိုက်သည်။ စိန်သောင်း တို့ကားထွက်သွားမှ တည်းခိုခန်း ပေါ်သို့ တက်ခဲ့လေသည်။

တည်းခိုခန်းရောက်သောအခါ ကောင်တာရှိ မန်နေဂျာထံသွားပြီး...

"ခုနတုန်းက စုံတွဲတစ်တွဲ လာ သေးလား အစ်ကို"

"ဟုတ်ကဲ့၊ လာတယ် အစ်ကို၊ အခန်းအမှတ် (၁၂)မှာပါ၊ ခေါ်ပေး ရမှာလား"

"နေ..နေ ခေါ်မပေးနဲ့၊ ကောင် လေးနာမည် သိချင်လို့ပါ၊ ကောင်မ လေးက ကျွန်တော့်ချွေးမပါ"

"ဩော်..ဟုတ်ကဲ့၊ ကြည့်ပေး ပါ့မယ်၊ ကောင်လေးနာမည်က ကျော်ကျော်၊ ကောင်မလေးနာမည် က---"

ကောင်မလေးနာမည် ကြားမိ ရုံရှိသေး သက်နှင်း ဒူးတွေညွတ်ကျ သွားမတတ် ဖြစ်သွားသည်။ ဆို့ တက်လာသော မျက်ရည်တို့သည် မျက်ဝန်းအိမ်၌ စုဖွဲ့နေပြီ။ ဧည့်စာ ရင်းကို တောင်းယူကာ သက်နှင်း တည်းခိုခန်းပေါ်မှ ပြေးဆင်းခဲ့ပြီး နောက် တွေ့သောအငှားကားဖြင့် ဒဂုံတောင်သို့ ပြန်လာခဲ့သည်။

+++

"အစ်ကို တော်လောက်ပြီထင် ထင်တယ်၊ အစ်ကိုသောက်တာ အရမ်းများနေပြီ၊ အဖော်မပါရင် လမ်းမှာလဲနေလိမ့်မယ်"

အရက်ဆိုင်မှကောင်လေးက သက်နှင်းသောက်ထားသော ရမ် တစ်လုံးကို ကြည့်ပြီးပြောသည်။

သက်နှင်းကတော့ မူးတယ် မထင်။ မူးလျှင် ခဏတော့ မေ့ ပျောက်သည်ဆိုသည့်စကားကြောင့် သောက်စားခြင်းဖြစ်သော်လည်း ဇနီးဖြစ်သူနှင့်ကျော်ကျော်တို့မြင်ကွင်းများ ကိုမြင်နေဆဲ၊ တည်းခိုခန်းမန်နေဂျာ

www.burmeseclassic.com

www.burmeseclassic.com

၏စကားသံကို ကြားနေဆဲ။

"ဩော်.....အေး...ညီလေး၊ တော်ပါပြီကွာ၊ မေ့မလားလို့ မူးအောင်သောက်ကြည့်နေတာ၊ မမူးတော့ဘူးဖြစ်နေပြီ"

+++

"မင်း ငါ့သမီးကို သမုတ်သလို မပြောနဲ့၊ သူတို့ ငါ့ကိုပြောပြီးမှသွားတာ"

ယောက္ခမဖြစ်သူ ဒေါ်ကြည်မှပင် ၎င်း၏သမီးဖြစ်သူကို မေးမြန်းစစ်ဆေးခြင်းမပြုဘဲ သက်နှင်းကို ပြန်၍ရန်တွေ့နေသည်။ သမီးလေး အိအိလည်း စာရေးနေရာမှ ဘုရားစင်အောက်တွင် မိခင်နှင့်ဖခင်ကို ကြည့်နေသည်။ ကြောက်ရွံ့နေရှာသည်။



"အေး..ရော့၊ ဒီမှာအထောက်အထား၊ နင်တို့ဖောက်ပြန်နေတဲ့ တည်းခိုခန်းက ငါကိုယ်တိုင်ယူလာတဲ့ ငွေစာရင်း"

သက်နှင်းက ထိုသို့ပြောပြီး အိတ်ကပ်ထဲမှ တည်းခိုခန်းမှ ငွေစာရင်းစာရွက်ကိုထုတ်ပြီး ပစ်ပေးလိုက်သည်။ ချုပ်တည်းထားသော ဒေါသတွေ ဘယ်လိုမှ တားမရနိုင်။

မေသူသည် စာရွက်ကိုမြင်တော့ မျက်နှာပျက်သွားသည်။

"ရှင်...ရှင် ရောက်ခဲ့တာပေါ့၊ အဲဒီတော့ ဘယ်လိုဖြစ်ချင်လဲ"

ဘယ်လိုမှ ခွင့်မလွှတ်နိုင်သည့် ကိစ္စကို ပြုမူထားသူက ဘယ်လိုဖြစ်ချင်သလဲဟု မေးလာသည်။

သက်နှင်းဘာကိုမျှမမြင်တော့။ တည်းခိုခန်းထဲမှ ၎င်းတို့ပုံရိပ်များကို အတွေးနှင့်ပင် မြင်ကြည့်စဉ် မျက်ဝန်းတစ်စုံသည် ထရံတွင် ထိုးထားသော ဓားမြှောင်ကိုသာ မြင်လိုက်သည်။ တည်းခိုခန်းမန်နေဂျာ၏ စကားသံကို ပြန်လည်ကြားစဉ် ဒေါသသည် ခန္ဓာကိုယ်ကို သယ်ဆောင်ကာ ဓားမြှောင်ကိုယူပြီးနောက် ဇနီးဖြစ်သူ မေသူအား ရင်ဝတည့်တည့်သို့ နှစ်ချက်ဆင့်ထိုးလိုက်မိသည်။ "အား"ဟူသော နာကျင်စွာအော်ဟစ်သံနှင့်အတူ မေသူ ကြမ်းပြင်ပေါ် လဲကျသွားပြီးနောက် ထပ်မံ၍ ယောက္ခမဖြစ်သူ ဒေါ်ကြည်ကိုပါ ဓားမြှောင်ဖြင့်ထိုးလိုက်ရာ ဒေါ်ကြည်လည်း "အား..လုပ်ပါဦး" ဟုအော်ပြီး လဲကျသွားလေသည်။

သမီးလေးမှာဘုရားစင်အောက်မှ မထွက်ရဲဘဲ ဖေကြီးရေ.....မေကြီးရေဟု အော်ဟစ်ငိုနေလေသည်။

+++

အဲဒါပါပဲ ဆရာ၊ ကျွန်တော့်မိန်းမကို ချစ်ပေမယ့် သူဖောက်ပြန်တာကို ထိပ်တိုက်မြင်တွေ့လိုက်ရတော့ ဘယ်လိုမှ စိတ်ထိန်းမရဘူး၊ ယောက္ခမကိုလည်း ခံပြင်းစိတ်နဲ့ လုပ်ခဲ့မိတာပါ"

သက်နှင်းက သူ့ဘဝဖြစ်စဉ်နှင့် အမှုဖြစ်ပွားခဲ့ပုံများကို အသေးစိတ်ရှင်းပြလေသည်။

"ဒါပေါ့ မောင်သက်နှင်း၊ လောဘ၊ ဒေါသ၊ မောဟဆိုတာ

www.burmeseclassic.com



တော်တော်ကို ထိန်းချုပ်ရ ခက်ခဲတဲ့အရာပဲ''

''ဟုတ်ပါတယ် ဆရာ''

''အဲဒီလို ထိန်းချုပ်ရခက်ခဲတဲ့ အရာကို သတိ၊ အသိနဲ့ အမြဲယှဉ်ပြီး လုပ်ကိုင်ဆုံးဖြတ်တတ်မှသာ ဒုက္ခနဲ့ မကြုံရတာလေ''

''ဟုတ်ကဲ့ပါ ဆရာ''

''ငါ့ညီအနေနဲ့ ဇနီးဖြစ်သူ အိမ်ထောင်ရေးဖောက်ပြန်တာကို ဥပဒေနဲ့အညီ ဆောင်ရွက်ရမယ့် ခံပြင်းစိတ်၊ ဝမ်းနည်းနာကြည်းစိတ်၊ ဒေါသစိတ်ကို မထိန်းခဲ့တော့ အခုလိုအဖြစ်ဆိုးနဲ့ ကြုံရတာပေါ့ကွာ''

''မှန်ပါတယ် ဆရာ''

''ပြီးတော့ မင်းရဲ့အသိမကြွယ်သေးတဲ့ သမီးလေးအတွက်လည်း မိဘနှစ်ပါးလုံး သူ့ဘေးမှာ မရှိကြတော့ဘူးဆိုတဲ့ သိမ်ငယ်စိတ်၊ မိခင်အသေဆိုးနဲ့ သေရတာကို မြင်လိုက်ရတဲ့ ကြောက်စိတ်တွေနဲ့ လူ့ဘဝမှာ စိုးရွံ့အားငယ်ပြီး ရှေ့ဆက်မလှမ်းရဲမှာကိုတော့ စိုးရိမ်မိတယ်''

''ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် အခု ခံစားနေရတာကလည်း မိန်းမကို ချစ်ရဲ့သားနဲ့ ငါကိုယ်တိုင် သတ်မိလေခြင်းဆိုတဲ့ နောင်တတရားနဲ့ ဝမ်းနည်းမှုမရှိပေမယ့် အချင်းဖြစ်တဲ့ညက သမီးလေး ကြောက်ရွံ့ငိုကြွေးနေတဲ့ပုံကို ပြန်မြင်ပြီး စိတ်မကောင်းဖြစ်မိတာပါ''

''ဒါပေါ့ကွာ''

''သမီးလေး ကျွန်တော့်အဖေနဲ့အမေ လက်ထဲမှာ ပျော်ရွှင်နေပါစေ၊ အဖေမိုက်ကို သတိမရပါစေနဲ့လို့ ဆုတောင်းနေပါတယ်''

မောင်သက်နှင်းမှာ သမီးဖြစ်သူ အိအိလေး၏အဖြစ်ကိုပြောရင်း မျက်ဝန်းမှ မျက်ရည်များစီးကျလျှက် ခုံပေါ်တွင် မှောက်လျက်ရှိုက်ငိုနေလေတော့သည်။

+++

ပြင်ဦးလွင်၏ ဆောင်းညချမ်းသည် အခြားသောမြို့များထက် ပို၍အချမ်းပိုသည်။ တောင်ပေါ်ဒေသဖြစ်၍လည်း ညနေစောင်းပြီဆိုသည်နှင့် အမှောင်ရိပ်သန်းစပြုပြီး ငွေနှင်းတို့ကျပြီဖြစ်သည်။

ရဲအုပ် စိုးသော် ပြင်ဦးလွင်ရဲစခန်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့သည်မှာ နှစ်လခန့်ရှိပြီဖြစ်သည်။ ပတ်ဝန်းကျင်အသစ်မို့ နေသားမကျသေးသော်လည်း သာယာလှပသော မြို့လေးမို့ စိတ်ကျေနပ်မှု၊ ကြည်နူးမှုတို့ ခံစားနေရသည်။

ရဲအုပ် စိုးသော်တစ်ယောက် နေအိမ်ပြတင်းပေါက်လေးဖွင့်ပြီး ပတ်ဝန်းကျင်ရှုခင်းကို ခံစားကာလေ ညင်း၏ ပွတ်တိုက်ကျီစယ်မှုကို ခံ စားနေမိစဉ် သူ၏အတွေးထဲသို့ သက်နှင်း၏မျက်နှာနှင့် သက်နှင်းပြောခဲ့သော အမှုအကြောင်းအရာများ ပြန်ဝင်ရောက်လာတော့သည်။

ဩော်.....ဒီလိုဆောင်းညမျိုးပါပဲ။ ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးတို့ ချစ်ခဲ့ကြသည်။

ဒီလိုဆောင်းညမျိုးမှာပဲ ထိုယောက်ျားသည် သူအလွန်ချစ်မြတ်နိုးသော မိန်းမကို သတ်ခဲ့သည်။



ဒီလိုဆောင်းညမျိုးမှာပဲ ဘာမှအသိဉာဏ်မရင့်ကျက်သေးသည့် ဖြူစင်သည့် သမီးငယ်လေးတစ်ဦးသည် သေနေသော မိခင်ကိုကြည့်၍လည်းကောင်း၊ ဒေါသမီးတောက်လောင်နေသည့် ဖခင်ကိုကြည့်၍လည်းကောင်း ငိုကြွေးပူဆွေးနေခဲ့ရရှာသည်။

ဩော်.....သမီးလေး အိအိရေ ဒီဆောင်းညများတော့ မင်းဘဝနှင်း ပွင့်လေးတွေဆို ဖြူစင်သန့်ရှင်းတဲ့ဘဝကို ပိုင်ဆိုင်နေပါစေသည်။

ဆက်ရန် (ခေါ်)

www.burmeseclassic.com





# ထက်ထက်

ဟာသများ



## မယားချစ်

အသက်ကြီးမှ အိမ်ထောင်ကျသော အမျိုးသားကြီး တစ်ဦးသည် သူ့ထက်ငယ်ရွယ်သော ဇနီးလေးအား လွန်စွာမှ ညှာတာတတ်သူဖြစ်၏။ တစ်နေ့တော့ ယောက္ခမကြီးက အိမ်အလည်လာရာတွင်.....

**သမက်။** ။ အမေ့သမီးက အရမ်းဗိုလ်ကျတာပဲ အမေ။

**ယောက္ခမ။** ။ ဟေ.....ဘာဖြစ်လို့လဲ သားရဲ့။

**သမက်။** ။ သားချည်းပဲ ချက်ပြုတ်နေရတာလေ၊ ထမင်းစားလို့ ဟင်းမကြိုက်ရင် တစ်ပန်းကန်တောင်မကုန်ဘူး၊ သူကြိုက်တဲ့ဟင်းဆို သုံးပန်းကန်လောက် ကုန်တာဗျ။

**ယောက္ခမ။** ။ ဟုတ်လား၊ သမီးကလည်း ကူညီပေးဦးလေကွယ်။

သမက်က အားတက်သွားပြီး ထပ်တိုင်ပြန်၏။

**သမက်။** ။ ပြီးတော့ ညဆိုတော်တော်နဲ့မအိပ်နိုင်ငံခြားဇာတ်လမ်းတွဲတွေ ထိုင်ကြည့်နေတာပဲ၊ အိပ်ရေးပျက်လို့ ပြောတာနားမထောင်ဘူး အမေ။

**ယောက္ခမ။** ။ မင်းကလည်းကွာ ပြောမရရင် ပိတ်ရိုက်ပေါ့ကွ။

ယောက္ခမကြီးက တကယ်မရိုက်မှန်းသိ၍ အမြင်ကတ်ကတ်နှင့် ပြောလိုက်ရာ သမက်ဖြစ်သူမှာ မျက်စိပျက်မျက်နှာပျက်ဖြင့်.....

**သမက်။** ။ ဟာ...မလုပ်ရက်ပါဘူး အမေရာ၊ ကျွန်တော့်မိန်းမ နာသွားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



# ရှုံးချင်ပြီ



စတုတ္ထတန်းကျောင်းသားလေးတစ်ယောက်သည် ဆရာမရှိရာသို့ ရှုံ့ရှုံ့မဲ့မဲ့ဖြင့် လာတိုင်၏။

**ကလေး။** ။ ဆရာမ....ဆရာမ၊ သားကို မြတ်သူ လာဆဲတယ်။

ဆရာမလည်း မောမောနှင့် အမှတ်ဖျက်နေရာမှ မော့ကြည့်လိုက်သည်။

**ဆရာမ။** ။ ဟေ..ဟုတ်လား၊ သားက ဘာသွား လုပ်လို့လဲ။

**ကလေး။** ။ သားက သူ့ဘောင်းဘီကို ဆွဲလိုက်တာ၊ အဲဒါကို ပြန်ဆဲတယ် ဆရာမ။

ဆရာမလည်း မခံမရပ်နိုင်ဖြစ်နေသော ကလေးအတွက် ဆဲသည်ဆိုသောကလေးအား ဆုံးမရန် ခေါ်လိုက်၏။

**ဆရာမ။** ။ ကဲ....ပြော၊ မင်းက ဘာကြောင့်ဆဲရတာလဲ၊ ဘယ်လိုဆဲခဲ့သလဲဟင်။

**ဆဲသောကလေး။** သူက သားရဲ့ဘောင်းဘီကိုဆွဲလို့ သားက ဟော့ကောင် မင်းမလုပ်နဲ့လို့ ပြောတာပါ ဆရာမ၊ သား မဆဲပါဘူး၊ တကယ်ပြောတာပါ။

ဆရာမလည်း ခေါင်းရှုပ်သွားပြီး ပထမကလေးအား ပြန်မေးလိုက်ရာတွင်.....

**ပထမကလေး။** ။ ဟုတ်တယ် ဆရာမ၊ သူက အဲဒီလို ပြန်ဆဲတာပါ။

ဆရာမလည်း ရယ်ချင်စိတ်ကိုမျိုသိပ်၍ ကျိတ်ပြုံးပြီး နားမလည်သောကလေးအား ရှင်းပြလိုက်ရတော့သည်။

**ဆရာမ။** ။ အဲဒါ ဆဲတာမဟုတ်ဘူးကွဲ့၊ သားကို မလုပ်ဖို့ ပြောတာပါကွယ်။

ကလေးနှစ်ဦးက ရယ်မောပြီး ပြေးထွက်သွားမှ ဆရာမလည်း သက်ပြင်းမောကို ချလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အရှုံးမပေးသူ

အိမ်နီးချင်း ကလေးငယ်သုံးဦးက အပြိုင်အဆိုင် ကြွားနေကြသည်။

**ပထမကလေး။** ။ ငါ့အဖေညက ဟန်းဆက်ဝယ်လာတာ၊ ငါးသိန်းနီးပါးကွ၊ Galaxy Grand တဲ့။

**ဒုတိယကလေး။** ။ ဟင်း....ငါ့အဖေရဲ့ဟန်းဆက်ကမှ ဈေးကြီးတာကွ၊ Samsung Galaxy Note 3 နော်။

သည်တော့ တတိယကလေးသည် သူ့အိမ်ထဲသို့ ပြေးဝင်သွားပြီး အားကျမခံစိတ်ဖြင့်.....

**တတိယကလေး။** ။ မင်းတို့ဥစ္စာတွေက ငါ့အဖေကိုင်တဲ့ ကျောက်သင်ပုန်းတက်ပလက်လောက် မကြီးကြပါဘူးကွာ၊ ဟဲ.. ဟဲ.....ဟဲ။



www.burmeseclassic.com

www.burmeseclassic.com



# အမေ့ကောင်း



လွန်စွာမေ့တတ်သော အမျိုးသမီးတစ်ဦးသည် ဈေးသွားတိုင်း တစ်ခုမဟုတ်တစ်ခု မေ့လျော့ကျန်နေတတ်၏။

**သမီးဖြစ်သူ။** ။ မေမေ.....ကြက်သားထုပ်ရောဟင်။

**မေ့တတ်သူ။** ။ ဟယ်...ခုတ်ခိုင်းထားပြီး ယူဖို့မေ့သွားတယ်။

အမြဲတမ်းလိုလို ဈေးသို့ပြန်သွားယူရတတ်၏။ တစ်နေ့တော့ ခင်ပွန်းဖြစ်သူက ဈေးသို့ မိန်းမဖြစ်သူ မသိအောင် လိုက်သွားသည်။ ဤသည်ကို ဇနီးဖြစ်သူက မသိပေ။ အိမ်သို့ပြန်ရောက်သည့်အခါတွင် သမီးဖြစ်သူက ဆွဲခြင်းထဲမှ ပစ္စည်းများကို ယူကြည့်လိုက်၏။

**သမီးဖြစ်သူ။** ။ ပုစွန်ဝယ်လာမယ်ဆို၊ ဘယ်မှာလဲ ဟင် မေမေ။

**မေ့တတ်သူ။** ။ ဟင်.....အခွံနွာခိုင်းထားပြီး ယူဖို့မေ့သွားပြန်ပြီ၊ ဒုက္ခပါပဲနော်။


သည်တော့ ခင်ပွန်းဖြစ်သူက သူယူလာသော ပုစွန်ထုပ်ကို ပြလိုက်ပြီး ဇနီးဖြစ်သူအား စကားနာထိုးလိုက်တော့သည်။

**ခင်ပွန်းဖြစ်သူ။** ။ ဟင်းစားတော့ မေ့တတ်တယ်နော်၊ အထည်ဝယ်ဖို့ကျတော့ မမေ့ဘူး၊ ဟင်း.....မေ့မှာပေါ့၊ အထည်ဆိုင်မှာ အကြာကြီးထိုင်နေတာကိုး။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com



# ကော်ချစ်

အခန်းအမှတ် ၄/၀၀၁

www.burmeseclassic.com

www.burmeseclassic.com


"သေချာရိုက်"

သေတ္တာကို ဓာတ်ပုံရိုက်ရန် ကင်မရာချိန်နေသော ဒုရဲအုပ် ထွန်း ခေါင်ဘေးသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်အောင် ကပ်လာသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လွင်မောင်သိန်းနှင့် စခန်းမှူး ဒုရဲမှူး အောင်ရွှေတို့က သေတ္တာကိုစစ်ဆေးကြသည်။

"အလျား ၃ ပေ၊ အနံ ၂ ပေ၊ အမြင့် ၁ ပေ"

"ဆေးမသုတ်ရသေးတော့ အဟောင်းပဲဖြစ်မယ်"

"ဆေးသစ်သုတ်ဖို့ ဆေးဟောင်းတွေခြစ်ထားတဲ့ သေတ္တာ အဟောင်းပါ ရဲမှူး"

ဆေးခြစ်ထားသည့်အတွက် သေတ္တာတွင် ဆိုင်တံဆိပ်၊ နာမည် ဘာမှမပါ။ မူလအရောင်က အစိမ်းရင့်ရောင်ဖြစ်ကြောင်း ခန့်မှန်းနိုင်ရုံသာရှိသည်။ ပတ္တာများ မပျက်စီးသော်လည်း သော့ခတ်မထား။

"ဖွင့်....."

တပ်ကြပ်ကြီး ဇော်လွမ်က သေတ္တာဖွင့်သည်။ ဒုရဲအုပ် ထွန်းခေါင် ကင်မရာခလုတ်နှိပ်သည်။

"ဟာ....."

သေတ္တာထဲတွင် ခွေခေါက်ထည့်ထားသော အလောင်းတစ်လောင်း။ ခေါင်းပိုင်းကို ပီနံအိတ်ဖြင့် စွပ်ထားသော်လည်း ခြေထောက်နှင့် ထဘီကို ကြည့်ခြင်းဖြင့် အမျိုးသမီးအလောင်းဖြစ်မှန်း သိသာသည်။

"ပီနံအိတ်ချွတ်လိုက်"

တပ်ကြပ်ကြီး ဇော်လွမ်က ပီနံအိတ်ချွတ်လိုက်သည်။ အမျိုးသမီးက အသက်မကြီးသေး။ ဆယ်ကျော်သက်အရွယ်မျှသာရှိသေးသည်။

"မျက်လုံးတွေပျက်နေတယ်"

အမျိုးသမီး မျက်လုံးများပျက်နေသည်။ ပါးစပ်တွင် အမျိုးသမီးသုံးပစ္စည်းနှစ်ခုနှင့် ပိတ်ထားသည်။

နှာခေါင်းကို တစ်ရှူးစဖြင့်ပိတ်ထားသည်။ မျက်လုံးများ ပျက်စီးနေသော်လည်း ရုပ်မပျက်သေး။

"ဘယ်သူလဲအုပ်ချုပ်ရေးမှူး"

အလောင်းတွေ့လျှင် ရုပ်မည်အတည်ပြုနိုင်ရန် အရေးကြီးသည်။ ရုပ်မည်အတည်ပြုနိုင်မှ ကိုယ်ရေးမှတ်တမ်းသိပြီး မှုခင်းဖြစ်စဉ်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။

ရုပ်မည်အတည်မပြုနိုင်လျှင် ကောက်ရိုးပုံထဲမှအပ်ရှာရသလို ခက်ခဲနိုင်သည်။ ရုပ်မည်အတည်ပြုနိုင်လျှင် ပြစ်မှုကျူးလွန်သူကို အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးနိုင်သည်။ ရုပ်မည်အတည်မပြုနိုင်လျှင် ပြစ်မှုကျူးလွန်သူကို အချိန်ပေးလိုက်သလိုဖြစ်ပြီး ထွက်ပြေးသွားနိုင်သည်။

ဒဏ်ရာရသူများအတွက် ရုပ်မည်အတည်ပြုရသည်မှာမခက်။ မေ့မြောနေသူများအတွက်လည်း ရုပ်မည်အတည်ပြုရသည်မှာမခက်။ သတိပြန်ရလျှင် မည်သူမည်ဝါဆိုသည်ကို ပြောပြနိုင်သည်။ ရုပ်မည်အတည်ပြုနိုင်ရုံတင်မက ပြစ်မှုကျူးလွန်သူကိုပင် ဖော်ထုတ်ဖမ်းဆီးရမိနိုင်မည်ဖြစ်သည်။ သေဆုံးသူများကို ရုပ်မည်အတည်ပြုရန်မှာ ခက်ခဲသည်။

အလောင်းကိုယ်ခန္ဓာပေါ်တွင် နိုင်ငံသားစိစစ်ရေးကတ် ရှာဖွေတွေ့ရှိလျှင် ရုပ်မည်အတည်ပြုရန်မှာ မခက်သော်လည်း ဘာအထောက်

**မျက်မြင်အနေအထားအရ**
**ကောင်မလေးက ရိုးရိုးသေတာ မဟုတ်ဘူး။**
**တစ်စုံတစ်ဦးရဲ့ပယောဂကြောင့် သေရတာ၊**
**ရိုးရိုးပြောရရင် ကောင်မလေး အသတ်ခံရတာ...**

www.burmeseclassic.com

www.burmeseclassic.com

အထားမှ မတွေ့သည့်အခါ ရုပ်မည် အတည်ပြုနိုင်ရေးအတွက် အခက် အခဲများ ကြုံရသည်။ အလောင်းက လည်း သူမည်သူဖြစ်သည်ကို ထ ပြောနိုင်မည်မဟုတ်။

ရုပ်မည်အတည်မပြုနိုင်သည့် အတွက် ပြစ်မှုကျူးလွန်သူကိုမဖော် ထုတ်နိုင်။ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အလောင်းရုပ်မည် အတည်ပြုရန် အရေးကြီးသည်။

အဝတ်အစားများက ရာနှုန်း ပြည့် အတည်မပြုနိုင်။ အဝတ် အစား၊ အသုံးအဆောင်များကို လူ တိုင်းဝယ်ဝတ်နိုင်သည်၊ သုံးနိုင် သည်။ နိုင်ငံသားစိစစ်ရေးကတ်မှ သာ ရာနှုန်းပြည့် အတည်ပြုနိုင် သည်။ ရာနှုန်းပြည့် အတည်ပြုနိုင် သည့် နိုင်ငံသားစိစစ်ရေးကတ်ပင် လျှင် အတုဖြစ်နေလျှင် ဒုက္ခရောက် ရပြန်သည်။ တချို့က သူများကတ် တွင် ကိုယ့်ဓာတ်ပုံ ကပ်ထားကြ သည်။ ရဲမှူး လွင်မောင်သိန်းက သေ ဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုမေးခဲ့ သည်။

“သူ့ကိုသိလား”

“မသိဘူး ရဲမှူး”

“ဒီရပ်ကွက်က မဟုတ်ဘူး လား”

“မသိပါဘူး ရဲမှူး”

“အုပ်ချုပ်ရေးမှူး မသိဘူး လား”

“မသိပါဘူး ရဲမှူး”

“အရင်ကရော မြင်ဖူးလား”

“တစ်ခါမှ မမြင်ဖူးပါဘူး”

“ဒါကြီးက ဒီချုံထဲ ဘယ်လို ရောက်နေတာလဲ”

“မသိပါဘူး ရဲမှူး”

“သေတ္တာကို အလောင်းက ထမ်းလာတာတော့ မဟုတ်ပါဘူး နော်”

“အလောင်းက သေတ္တာကို ထမ်းလာနိုင်မှာမဟုတ်ပါဘူး”

“ဒါဆို သေတ္တာက အလိုလို ရောက်လာတာလား”

“မဟုတ်ပါဘူး ရဲမှူး၊ တစ် ယောက်ယောက် လာပစ်သွားတာ ပါ”

“ဘယ်သူလာပစ်သွားတာလဲ”

“မသိပါဘူး ရဲမှူး”

“အုပ်ချုပ်ရေးမှူးကို ဘယ်သူ လာသတင်းပို့တာလဲ”

“ခေါင်ရာပါ၊ ဈေးရောင်းသွား ရင်း နှစ်သစ်ကူးလမ်းကြားဘေး ချုံ ထဲမှာ သေတ္တာတစ်လုံးတွေ့တယ်လို့ လာပြောလို့ ဖော်တောင်၊ လာရွှယ် တို့နဲ့အတူ လာကြည့်တော့ စောစော က ရဲမှူးတို့မြင်တဲ့အတိုင်းတွေ့လို့ ကျွန်တော် ရဲစခန်းကို လာသတင်း ပို့တာပါ”

“သေသူလည်းမသိ၊ သတ်သူ လည်းမသိပေါ့”

“ဟုတ်ပါတယ်၊ ပိုင်ရှင်လည်း မသိပါဘူး ရဲမှူး”

“ဘာပိုင်ရှင်လဲ အုပ်ချုပ်ရေး မှူးရဲ့”

“ဒီအလောင်းပိုင်ရှင်ပါ”

“အား.....ဟုတ်တာပေါ့၊ အလောင်းကဘယ်သူမှန်းမသိတော့ ကျွန်တော်တို့လည်း ဘယ်သူ့ကို အကြောင်းကြားရမှန်းမသိလို့ အကြောင်းမကြားရသေးတော့ ဒီ ကလေးမနဲ့ သက်ဆိုင်သူ အဲ...ပိုင် ရှင်တွေ ဘယ်သိကြဦးမလဲ”

“ကျွန်တော်ပြောတာက သူတို့ သိတာကို ပြောတာမဟုတ်ပါဘူး။ အလောင်းရဲ့ပိုင်ရှင်တွေက ဘယ်သူ လဲဆိုတာ ကျွန်တော်မသိဘူးလို့ ပြောတာပါ”

“ဟုတ်ပါတယ် အုပ်ချုပ်ရေး မှူးရဲ့၊ မြင်နေရတဲ့ အလောင်းကို တောင် ဘယ်သူဘယ်ဝါဆိုတာမသိ မှတော့ မမြင်ရတဲ့ပိုင်ရှင်ကို ဘယ် သူကသိမှာလဲ”

“ရဲမှူးအထင်လွဲမှာစိုးလို့ပြော တာပါ”

“မလွဲပါဘူး၊ ဘာဖြစ်လို့ လွဲရ မှာလဲ၊ အဲဒီအတွက် ဘာမှမစိုးရိမ် နဲ့၊ ဒါမျိုးတွေ ကျွန်တော်တို့အတွက် ရိုးနေပြီ၊ တစ်ခုတော့ရှိတယ်နော်”

ဒုရဲမှူးကြီး မြင့်အောင်ကို ဖုန် ဂန်းဇော်ရှန်တို့ လှမ်းကြည့်ကြသည်။ ဒုရဲအုပ် ထွန်းခေါင်တို့က သဲလွန်စ ရှာနေကြသည်။

“ဘာတစ်ခုလဲ ရဲမှူးကြီး”

“သေတ္တာထဲမှာ အလောင်းက သေနေပြီနော်”

“ဟုတ်ပါတယ်”

မျက်မြင်အနေအထားအရ ကောင်မလေးက ရိုးရိုးသေတာ မဟုတ်ဘူး၊ တစ်စုံတစ်ဦးရဲ့ယောဂ ကြောင့် သေရတာ၊ ရိုးရိုးပြောရရင် ကောင်မလေး အသတ်ခံရတာ၊ ဒါ

www.burmeseclassic.com




လူသတ်မှုပဲ''

''ဟုတ်ပါတယ် ရဲမှူးကြီး၊ ကောင်မလေး အသတ်ခံရတာပါ''

''ကောင်မလေး အသတ်ခံရတာဆိုတော့ သူ့ကိုသတ်တဲ့လူ ရှိရမယ်''

''ဟာ.....ရှိတာပေါ့''

''ဟုတ်တယ်၊ ရှိတာပေါ့၊ ဘယ် သူလဲ''

ဖုန်ဂန်းဇော်ရှန်တို့ ပါးစပ်ပိတ်သွားသည်။ ကောင်မလေးကိုသတ်သူကို သူတို့မသိ။

''ခင်ဗျားတို့မသိသလို ကျွန်တော်တို့လည်း မသိဘူး၊ မသိပေမယ့် လူသတ်သမားကို ဖော်ထုတ်ရမှာပဲ''

''မသိတဲ့လူသတ်သမားကို ဘယ်လိုဖော်ထုတ်မှာလဲ ရဲမှူးကြီး''

''ဆရာထွန်းခေါင်တို့ သဲလွန်စရှာနေကြတယ်၊ တွေ့တဲ့သဲလွန်စတွေအပေါ် အခြေပြုပြီး လူသတ်သမားကိုဖော်ထုတ်ရမှာပဲ၊ လူသတ်သမား မဖော်ထုတ်ခင် အရေးကြီးတာတစ်ခု ရှိသေးတယ်''

ဒုရဲမှူးကြီး မြင့်အောင်ကို ဖုန်ဂန်းဇော်ရှန်တို့ ဝိုင်းကြည့်ကြသည်။ စိုးရိမ်ထိတ်လန့်မှုများက သူတို့မျက်နှာများပေါ်တွင် အထင်းသား။

''အသတ်ခံရတဲ့လူလည်းရှိပြီ၊ သတ်တဲ့လူလည်းရှိပြီ၊ တိုင်ကြားတဲ့လူ မရှိသေးဘူး၊ အမှုတစ်မှု အင်္ဂါပြည့်စုံဖို့ တိုင်ကြားတဲ့တရားလို လိုသေးတယ်၊ ဘယ်သူက အလောင်းပိုင်ရှင်လုပ်ပြီး တိုင်ကြားမလဲ၊ တိုင်ကြားမှ ကျွန်တော်တို့က အမှုဖွင့်ပြီး လူသတ်သမားကို စုံစမ်းဖော်ထုတ်ရမှာ၊ ကဲ.....ဘယ်သူတိုင်ကြားမလဲ၊ မရှိရင် ရဲက တရားလိုလုပ်ရမှာ''

ဖုန်ဂန်းဇော်ရှန်တို့ ငြိမ်သွားကြပြန်သည်။ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီးမျက်လုံးချင်းစကားပြောကြသည်။

''အုပ်ချုပ်ရေးမှူးကအလောင်းပိုင်ရှင်လုပ်ပြီး တိုင်ချက်ဖွင့်မလား''

''မလုပ်ဘူး ရဲမှူးကြီး''

''လာရှယ်''

''မလုပ်ဘူး ရဲမှူးကြီး''

''ဇော်တောင်''

''မလုပ်ဘူး ရဲမှူးကြီး''

''ကဲ.....စခန်းမှူး၊ အမည်မသိ အမျိုးသမီးကိုသတ်တဲ့ အမည်မသိလူသတ်သမားကိုဖမ်းဖို့အတွက် တိုင်ကြားတဲ့သူမရှိတဲ့အတွက် စခန်းမှူးကိုယ်တိုင် တရားလိုပြုလုပ်ပြီး အမည်မသိလူသတ်သမားကို ကိုယ်တိုင်လိုက်ဖမ်းပေတော့''

အမည်မသိအမျိုးသမီးအားသတ်သူကို စုံစမ်းဖမ်းဆီးရန်အတွက် ရဲစခန်းမှူး ဒုရဲမှူး အောင်ရွှေက တရားလိုပြုလုပ်တိုင်ကြားသည်။ မြစ်ကြီးနားရဲစခန်းမှ (ပ) ၃၀၀/၂၀၀၉၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လိုက် သည်။

+++

''ဒီရက်ပိုင်းအတွင်းမှာ သံသေတ္တာရောင်းရလား''

မြို့သစ်ကြီးရပ်ကွက်ရှိ --- အမည်ရှိ သံသေတ္တာရောင်းဝယ်ရေးဆိုင်ထဲသို့ ဒုရဲအုပ် ထွန်းခေါင် ဝင်လိုက်သည်နှင့် အသံများရပ်သွားသည်။ သေတ္တာဆေးသုတ်နေသူများက ဒုရဲအုပ် ထွန်းခေါင်ကို လှမ်းကြည့်ကြသည်။

''မနေ့က နေ့ခင်းဘက် သေတ္တာတစ်လုံးရောင်းလိုက်ရတယ်မဟုတ်လား''

''ဟုတ်ပါတယ်''

''ဘယ်သူဝယ်တာလဲ''

''ပိုင်ရှင်ပဲသိမယ် ပိုင်ရှင်

www.burmeseclassic.com

ရောင်းတာ၊ ကျွန်တော်တို့ကအလုပ်သမားတွေ"

"ပိုင်ရှင်ကို ခေါ်ပေးပါ"

စုတ်တံချပြီး ဒုရဲအုပ် ထွန်းခေါင်ရွှေမှလူက နောက်ခန်းထဲဝင်သွားသည်။ သံပြားထုသံများ ပြန်ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ ဆရာ"

"ကျွန်တော် မြစ်ကြီးနားရဲစခန်းက နယ်ထိန်းအရာရှိ ဒုရဲအုပ်ထွန်းခေါင်ပါ"

"ကျွန်မ ဆိုင်ပိုင်ရှင်ပါ၊ ဘာဖြစ်လို့လဲ ဆရာ"

"ဒီတစ်ရက်နှစ်ရက်အတွင်း သံသေတ္တာရောင်းရတာရှိလား"

"မနေ့က သံသေတ္တာတစ်လုံး ရောင်းရပါတယ်"

"ဘာအရောင်လဲ"

"ဆေးမသုတ်ရသေးဘူး ဆရာ၊ အဟောင်းပါ၊ ကျပ် ၂၂၀၀၀ နဲ့ ဝယ်သွားတာ၊ နွေခင်းဘက် ဆိုင်ကယ်နဲ့လာပါတယ်၊ ကျပ် ၁၀၀၀၀ စရန်ပေးသွားပြီး ည ၈ နာရီလောက်မှ ကျန်ငွေ ကျပ် ၁၂၀၀၀ ပေးပြီး သေတ္တာယူသွားတာ၊ ဘာဖြစ်လို့လဲ ဆရာ"

"သေတ္တာလာဝယ်တာ ဘယ်နှယောက်လဲ"

"နှစ်ယောက်ပါ ဆရာ"

"သူတို့ ဘာနဲ့လာလဲ"

"တရုတ်ဆိုင်ကယ် ကျောက်စိမ်းရောင်နဲ့"

"နံပါတ် မှတ်မိလား"

"မမှတ်မိဘူး ဆရာ"

"ဘယ်အရွယ်တွေလဲ"

"လူလတ်ပိုင်းအရွယ်တွေပါ ဆရာ"

"သိလား"

"မသိဘူး"

"တစ်ခါမှမလာဖူးကြဘူးလား"

"မလာဖူးကြဘူး ဆရာ"

"သံသေတ္တာက အဟောင်းနော်"

"ဆေးတောင်မသုတ်ရသေးဘူး၊ အတင်းဝယ်သွားကြတာ"

"အရင်အရောင်က အစိမ်းရင့်လား"

"ဟုတ်ပါတယ်၊ အစိမ်းရင့်"

"သေတ္တာကိုမြင်ရင် မှတ်မိလား"

"မှတ်မိပါတယ်"

"ဒါဆို လိုက်ကြည့်ပေးပါ"

"ရဲစခန်းမှာ လိုက်ကြည့်ရမှာလား"

"မဟုတ်ပါဘူး"

"ဘယ်မှာလိုက်ကြည့်ရမှာလဲ"

"ဆေးရုံမှာ"

"ရှင်..ဆေးရုံမှာဆေးသေတ္တာတွေရှိတာပဲ၊ သံသေတ္တာနဲ့ ဆေးမထည့်ပါဘူး"

"ဆေးထည့်တာ မဟုတ်ပါဘူး"

"ဘာထည့်တာလဲ"

"အလောင်း"

"အမယ်လေး.....ဘယ်သူ့အလောင်းလဲ"

"ကောင်မလေးတစ်ယောက်အလောင်း၊ ကျွန်တော်တို့လည်း ဘာ မှမသိသေးဘူး၊ တစ်မြို့လုံးက သေတ္တာဆိုင်တွေကို လိုက်စုံစမ်းတာ၊ ခင်ဗျားဆိုင်က ၁၂ ဆိုင်မြောက်ပဲ ကျန် ၁၁ ဆိုင်က သေတ္တာမရောင်းရဘူး၊ ဘာသဲလွန်စမှ ရှာမရလို့ သေတ္တာကို ပစ်မှတ်ထားပြီး စုံစမ်းနေရတာ"

"ကျွန်မ လိုက်ကြည့်မယ်"

ဆိုင်ပိုင်ရှင်က သူ့ဆိုင်ကယ်ဖြင့် ဆေးရုံလိုက်သည်။ ဒုရဲအုပ်ထွန်းခေါင်က စကားပြောစက်ဖြင့် ဒုရဲမှူးအောင်ရွှေကို သတင်းပို့သည်။ ဆေးရုံသို့ရောက်သည်နှင့် သေတ္တာကိုပြသည်။

"ဟုတ်တယ် ဆရာ၊ အဲဒါ ကျွန်မဆိုင်က ရောင်းလိုက်တဲ့ သေတ္တာပဲ"

ဆိုင်ပိုင်ရှင်က သေတ္တာကို အတည်ပြုပေးသည့်အတွက် ဖြစ်မှုကျူးလွန်သူအရေအတွက်နှင့်အရွယ်ကို ခန့်မှန်းနိုင်ပြီဖြစ်သည်။

အလောင်းရုပ်မည်အတည်ပြုနိုင်လျှင် တရားခံ ပြေးမလွတ်တော့။

"အလောင်းကို ကြည့်ပေးပါလား၊ သိချင်သိနေမှာ"

"ကြည့်ပေးပါ့မယ် ဆရာ"

ဒေါက်တာ မျိုးဇော်ထွန်းနှင့်အတူ စခန်းမှူး ဒုရဲမှူး အောင်ရွှေတို့ ရင်ခွဲရုံထဲ ဝင်ကြသည်။ ကျောက်ခုံပေါ်တွင် အလောင်းကပက်လက်။ မျက်နှာပေါ်အုပ်ထားသော ပိတ်စကို ဒေါက်တာ မျိုးဇော်ထွန်းက လှန်ပြသည်။

"မသိဘူး ဆရာ"

ဒေါက်တာ မျိုးဇော်ထွန်း မျက်နှာပြန်အုပ်သည်။ စခန်းမှူး ဒုရဲမှူး အောင်ရွှေ သက်ပြင်းကျိတ်ရှိုက်

www.burmeseclassic.com

ထိုက်သည်။ အလောင်းရုပ်မည်
အတည်ပြုနိုင်လျှင် တရားခံဖမ်းဆီး
ဖို့ရေးမှာ မခက်တော့။

“ကျေးဇူးတင်ပါတယ်”

ဆိုင်ပိုင်ရှင် ဆိုင်ပြန်သွားသည်။
စခန်းမှူး ဒုရဲမှူး အောင်ရွှေနှင့် ဒု
ရဲအုပ် ထွန်းခေါင်တို့ ရဲစခန်းသို့ပြန်
လာသည်။ ရလိုက်သောအစ ပြန်
ပျောက်သွားသည်။

“စာဝင်နေတယ် ဆရာ”

တပ်ကြပ်ကြီးစာရေး ဇော်ခေါင်
က အလေးပြုပြီး စာအိတ်လှမ်းပေး
သည်။ စာအိတ်ပေါ်တွင် နေပြည်
တော် တပ်ကုန်းရဲစခန်းတံဆိပ်ရိုက်
ထားသည်။

“ဆရာ.....ဒီမှာ”

စခန်းမှူး ဒုရဲမှူး အောင်ရွှေကို
ဒုရဲအုပ် ထွန်းခေါင် အလေးပြုသည်။
အမှုတွဲဖတ်နေရာမှ စခန်းမှူးက
မော့ ကြည့်သည်။

“နေပြည်တော် တပ်ကုန်းရဲ
စခန်းက စာဝင်လာတယ် ဆရာ”

“ဘာစာလဲ”

“လူပျောက်ကူညီရှာဖွေပေးဖို့
အကြောင်းကြားစာပါ”

“ပျောက်တာက ဘယ်သူလဲ”

“ဂျာဆိုင်းအိန်(ခ)တွယ်ဆန်(ခ)
ဂျာဆိုင်းရင်၊ အသက် ၁၈ နှစ်၊
နေပြည်တော် တပ်ကုန်း၊ အရှေ့
မြောက်ရပ်ကွက်၊ အမှတ် (--)”

“သေတ္တာထဲက ကောင်မလေး
ရုပ်နဲ့တူနေတယ်၊ အဲဒါ ဂျာဆိုင်း
အိန်ဖြစ်ချင်ဖြစ်နိုင်တယ်၊ နေပြည်
တော်တပ်ကုန်းရဲစခန်းကို ဖုန်းဆက်၊
မိဘအမြန်လိုက်လာပါလို့”

ဒုရဲအုပ် ထွန်းခေါင် နေပြည်
တော် တပ်ကုန်းရဲစခန်းကို ချက်ချင်း
ဆက်သွယ်သည်။နေပြည်တော်တပ်
ကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးမြင့်
ကလည်း မိခင်နှင့်အစ်မတို့ကို ချက်
ချင်းလွှတ်လိုက်မည့်အကြောင်း ပြန်
ကြားသည်။

“သေတ္တာထဲက ကောင်မလေး
က ဂျာဆိုင်းအိန်ဖြစ်ဖို့များတယ်
ဆရာ”

“ဘာဖြစ်လို့လဲ၊ တိုင်းရင်းသူ
ရုပ်မို့လို့လား”

“မြစ်ကြီးနားမှာ ဆွေမျိုးတွေ
ရှိတယ်လို့ စခန်းမှူးက မှတ်ချက်
ရေးထားတယ် ဆရာ”

“အေး.....ဂျာဆိုင်းအိန်ဖြစ်ပါ
စေလို့ ဆုတောင်းရမလား၊ ဆုမ
တောင်းရမလားမသိတော့ပါဘူးကွာ”

“ဘာဖြစ်လို့လဲ ဆရာ”

“ဘာဖြစ်ရမှာလဲကွ၊ ငါတို့အမှု
ပေါ်ဖို့အတွက် ဂျာဆိုင်းအိန်ဖြစ်ပါ
စေလို့ ဆုတောင်းရင် ဂျာဆိုင်းအိန်
က သေရတော့မယ်၊ ဂျာဆိုင်းအိန်
မဟုတ်ရင်လည်း ငါတို့ပြဿနာရှင်း
ရဦးမယ်၊ လူသတ်မှုပြဿနာရှင်းလို့
မပြီးခင် လူပျောက်မှုပြဿနာရှင်းရ
ဦးမယ်”

“ဆေးရုံမှာ ရောက်နေတဲ့
အလောင်းက ဂျာဆိုင်းအိန်မဟုတ်
ရင် တခြားတစ်ယောက်ပဲ ဆရာ”

“နေပြည်တော်တပ်ကုန်းကလူ
တွေရောက်လာရင် ဂျာဆိုင်းအိန်
ဟုတ်၊ မဟုတ် သိရမှာပါကွာ”

+++

“နေပြည်တော် တပ်ကုန်းရဲ
စခန်းက လွှတ်လိုက်တာပါရှင့်”

စခန်းမှူး ဒုရဲမှူး အောင်ရွှေ
ဘောလ်ပင်ချလိုက်သည်။ စားပွဲရှေ့
တွင် လာရပ်သည်က တိုင်းရင်းသူ
အမျိုးသမီးနှစ်ယောက်။

“လူပျောက်တိုင်ထားတဲ့လူ
တွေလား”

“ဟုတ်ပါတယ်ရှင့်”

“ထိုင်ကြပါ”

အမျိုးသမီးနှစ်ယောက် စားပွဲ
ရှေ့တွင် ထိုင်ကြသည်။ စခန်းမှူး
ဒုရဲမှူး အောင်ရွှေ သက်ပြင်းကျိတ်
ရှိုက်သည်။

“ဘယ်လိုတော်ကြလဲ”

“အမေနဲ့အစ်မပါရှင့်”

“နာမည်တွေကရော”

“အမေက ဒေါ်ဂျာအောင်၊
ကျွန်မက မာကော့ရှင့်”

“အဖေမပါဘူးလား”

“အဖေကွယ်လွန်သွားပါပြီရှင့်၊
ညီမလေးကို ရှာတွေ့ပြီလားရှင့်၊
ညီမလေး ဘယ်မှာလဲရှင့်”

“ဆရာ”

ဒုရဲအုပ် ထွန်းခေါင် အထုပ်
တစ်ထုပ်ဖြင့်အခန်းထဲဝင်လာသည်။
စခန်းမှူး ဒုရဲမှူး အောင်ရွှေ ခေါင်း
ညိတ်ပြသည်။

“ဒီပစ္စည်းတွေ ကြည့်ပါဦး”

ဒုရဲအုပ် ထွန်းခေါင်ကအထုပ်
ထဲမှ အပြာရောင်ဂျင်းဂျာကင်၊
ကချင်ထဘီနှင့် ဖန်စီနာရီတစ်လုံး
ထုတ်လိုက်သည်။ ဒေါ်ဂျာအောင်နှင့်
မာကော့တို့ အဝတ်အစားများကို
ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်....."

"ဒါတွေက....."

စခန်းမှူး ဒုရဲမှူး အောင်ရွှေ တို့ အဖြေသိလိုက်ကြပြီ။ မတောင်းချင်ခဲ့သော၊ မတောင်းခဲ့သော ဆုတောင်း ပြည့်သွားပြီ။

"ညီမလေး ဘယ်မှာလဲရှင့်"

"ဆေးရုံမှာပါ မာကော့"

"ဟင်...သမီး ဘာဖြစ်လို့လဲ"

မပြောချင်သောစကား၊ မပြောရက်သောစကား၊ ပြောမထွက်သောစကားကို ပြောရတော့မည်။ ရဲမှာလည်း ခံစားချက်ရှိသည်။ ကိုယ်ချင်းစာတရားရှိသည်။ မျက်ရည်ရှိသည်၊ နှလုံးသားရှိသည်။



"ဒီအဝတ်အစားနဲ့ နာရီက ဂျာဆိုင်းအိမ်ဟာတွေလား"

"ဟုတ်ပါတယ်ရှင့်"

"ပြောရမှာ စိတ်မကောင်းဘူးဗျာ၊ ဒါပေမဲ့ မပြောလို့လည်းမဖြစ်ဘူး၊ ခင်ဗျားတို့ကလည်း သိချင်နေမှာပဲ၊ ကျွန်တော်ကလည်း တာဝန်အရ ပြောရမှာပဲ"

"ပြောပါရှင့်၊ ညီမလေး ဘာဖြစ်လို့လဲရှင့်"

"အသတ်ခံရတယ်"

"ရှင်....."

"ဘာ.....ဘယ်လို"

ဒေါ်ဂျာအောင်နှင့် မာကော့တို့ကို ဆေးရုံခေါ်သွားပြီး အလောင်းပြသည်။ ဒေါ်ဂျာအောင်တို့က ဂျာဆိုင်းအိမ်ဖြစ်ကြောင်း အတည်ပြုပေးကြသည်။ အမည်မသိ သက်မဲ့ကိုယ်ခန္ဓာကို အမည်တပ်ပေးနိုင်လောက်ပြီ။ ဂျာဆိုင်းအိမ်(ခ)တွယ်ဆန်(ခ) ဂျာဆိုင်းရင်။

"အဝတ်အစားတွေနဲ့ နာရီ ပြန် ယူသွားပါ"

"ကျန်တဲ့ပစ္စည်းတွေရောရှင့်"

"ဘာပစ္စည်းတွေ ကျန်သေးလို့လဲ မာကော့"

"ပလတ်စတစ်လက်ကိုင်ခြင်း ပန်းရောင်နဲ့ အခြားအဝတ်အစားတွေ၊ အလှပြင်ဘူးတွေ ကျန်သေးတယ်ရှင့်"

"ကျွန်တော်တို့ နှစ်သစ်ကူး လမ်းကြားဘေးမှာ ဂျာဆိုင်းအိမ်ကို တွေ့တော့ ဘာမှမတွေ့ဘူး"

"ကရိန်နော်အောင်အိမ်မှာဖြစ်မယ်"

"ကရိန်နော်အောင်ဆိုတာဘယ်သူလဲ"

"အမျိုးပါရှင့်"

"ဘယ်မှာနေလဲ"

"စီတာပူရပ်ကွက်၊ ကောင်ရာနယ်မြေ"

+++

"ကရိန်နော်အောင်နော်"

"ဟုတ်ပါတယ်"

"ဒေါ်ဂျာအောင်တို့နဲ့ အမျိုးတော်လား၊ နေပြည်တော်တပ်ကုန်းမှာနေတယ်လေ"

"တော်ပါတယ်"

"ဂျာဆိုင်းအိမ်လာလား"

"လာပါတယ်"

"ဂျာဆိုင်းအိမ် ဘယ်မှာလဲ"

"ဗျာ....."

"အူကြောင်ကြောင်လုပ်မနေနဲ့ ကရိန်နော်အောင်၊ ဂျာဆိုင်းအိမ်

ပျောက်လို့ ဒေါ်ဂျာအောင်က နေပြည်တော် တပ်ကုန်းရဲစခန်းမှာတိုင်ချက်ဖွင့်ထားတယ်''

''ဟာ.....ဒီကောင်မလေး ဘယ်လိုလုပ်တာလဲ၊ ဒီလာတာ လူကြီးတွေမသိဘူးလား၊ ကျွန်တော့်ကိုတော့ အမေသိတယ်ပြောတယ်''

''ကဲပါ.....အဲဒါတွေက အကြောင်းမဟုတ်တော့ပါဘူး၊ အခု ဂျာဆိုင်းအိန် ဘယ်မှာလဲ၊ ဂျာဆိုင်းအိန်ကိုတွေ့ရင် ပြီးပြီ''

''ဂျာဆိုင်းအိန် ကျွန်တော့်အိမ်ရောက်လာတယ်၊ ညနေကျတော့ အပြင်ပြန်ထွက်သွားတယ်၊ ပြန်လာမယ်ဆိုပြီး သူ့ခြင်းတောင်းတောင်ထားခဲ့တယ်၊ ခုထိ ပြန်မရောက်သေးဘူး၊ဘယ်သွားနေလဲမသိဘူး''

''မသိလို့မရဘူး ကရိန်နော်အောင်၊ ဂျာဆိုင်းအိန်က မင်းအိမ်က ပျောက်သွားတာ၊ မင်းကိုဖမ်းရမယ်၊ အဖမ်းမခံချင်ရင် ဂျာဆိုင်းအိန်ဘယ်မှာလဲ ပြော''

''ထွက်သွားတာပဲ၊ ဘယ်သွားမယ်မပြောဘူး''

''ဒါက မင်းအပြောပဲ သက်သေမရှိဘူး''

''ဂျာဆိုင်းအိန် ဘာဖြစ်လို့လဲ''

''ဂျာဆိုင်းအိန် အသတ်ခံရတယ်''

''ဗျာ.....''

''နှစ်သစ်ကူးလမ်းကြားဘေးက သေတ္တာနဲ့ထည့်ထားတဲ့ အလောင်းက ဂျာဆိုင်းအိန်ပဲ၊ မင်းကိုဖမ်းရမယ်''

''ဘယ်လိုဖြစ်တာလဲ၊ အိမ်က ထွက်သွားတုန်းက အကောင်း''

''မင်းအိမ်က အကောင်းအတိုင်း ထွက်သွားတယ်ဆိုတာ ဘယ်သူမြင်လဲ''

''ဆန်းထွန်း''

''ဘယ်ကဆန်းထွန်းလဲ''

''မြစ်ကြီးနား–လိုင်ဇာ မှန်လုံယာဉ်မောင်း၊ သူ့ဆိုင်ကယ်နဲ့ ဂျာဆိုင်းလိုက်သွားတာ''

+++

''ဆန်းထွန်းလား''

''ဟုတ်ပါတယ်၊ ကျွန်တော် ဆန်းထွန်းပါ၊ မြစ်ကြီးနား–လိုင်ဇာ မှန်လုံယာဉ်မောင်းပါ''

''ဂျာဆိုင်းအိန်ကို မင်းဆိုင်ကယ်နဲ့ ခေါ်သွားတယ်မဟုတ်လား''

''ခေါ်သွားပါတယ်''

''ဂျာဆိုင်းအိန် ဘယ်မှာလဲ''

''အားဖုတို့အိမ်မှာလေ''

''ဘယ်ကအားဖုလဲ''

''မြို့သစ်ရပ်ကွက်၊ ထင်းရှူးမြိုင်လမ်းကအားဖုနဲ့ကျားတွေ့တို့ပါ''

''မင်း မဟုတ်တာမပြောနဲ့နော်၊ ဂျာဆိုင်းအိန်က အသတ်ခံရတာ''

''ကျွန်တော် အမှန်အတိုင်း ပြောတာပါ၊ ဂျာဆိုင်းက ကျွန်တော့်ကို အားဖုတို့အိမ် လိုက်ပို့ခိုင်းတာပါ၊ ကျွန်တော်ကလည်း ဂျာဆိုင်းကို အားဖုတို့အိမ် လိုက်ပို့တာပါ''

''မင်းတို့ရောက်တော့ အားဖုရော ကျားတွေ့ရော နှစ်ယောက်လုံးရှိလား''

''ရှိပါတယ်''

''အေး.....ကောင်းပြီ၊ မင်း ဘယ်မှမသွားနဲ့၊ စခန်းမှာပဲနေ''

''တကယ်ရက်စက်တဲ့ကောင်တွေပဲ''

''ဘာရက်စက်တာလဲ''

''နောက်တစ်နေ့ အားဖုတို့ညီအစ်ကို ကျွန်တော့်ဆီလာတယ်''

''ဘာလာလုပ်တာလဲ''

''ဂျာဆိုင်းတည်းခိုခန်းမှာသေသွားတယ်တဲ့၊ သူတို့ဆီ ကျွန်တော် လိုက်ပို့တာ ဘယ်သူ့မှမပြောနဲ့တဲ့''

''မင်းပြောတဲ့အတိုင်း ဟုတ်၊ မဟုတ် မကြာခင်သိမှာပေါ့''

အားဖုနှင့် ကျားတွေ့တို့ကို ဒုရဲအုပ် ထွန်းခေါင်၊ မှုခင်းတပ်ခွဲမှ ဒုရဲအုပ် ဆန်းဝင်းအောင်တို့ သွားဖမ်းသည်။

''အားဖုလား''

''ဟုတ်ပါတယ်''

''မင်းက ကျားတွေ့ပေါ့''

''ဟုတ်ပါတယ်''

''ရှင်းရှင်းပဲပြောမယ်ကွာ၊ မင်းတို့ကို ဂျာဆိုင်းအိန်သတ်မှုနဲ့ဖမ်းတာ၊ ဆန်းထွန်းက ထွက်ချက်ပေးပြီးပြီ၊ သေတ္တာဆိုင်ပိုင်ရှင်ကလည်း မင်းတို့ သေတ္တာဝယ်သွားတာ သက်သေခံမှာပဲ''

''ကျွန်တော်တို့သတ်တာ မဟုတ်ပါဘူး''

''ဂျာဆိုင်းအိန် သေသွားပြီလေကွာ၊ မင်းတို့မသတ်ရင် ဘယ်သူသတ်တာလဲ''

''ဆန်းထွန်းလာပို့တော့ ဂျာဆိုင်းနဲ့ ကျွန်တော်တို့နှစ်ယောက်

www.burmeseclassic.com

မြို့ထဲ ညဘက်လျှောက်လည်ကြတယ်၊ ညဥ့်နက်တော့ အောင်နန်းရပ်ကွက်က --တည်းခိုခန်း၊ အမှတ် ၄/၀၀၁ နှစ်ယောက်ခန်းမှာ ကျွန်တော်တို့သုံးယောက် အိပ်ကြတယ်၊ မနက် ၁ နာရီလောက်မှာ ကျွန်တော် ပြန်လာတယ်၊ အခန်းမှာ ကျားတွေ့နဲ့ ဂျာဆိုင်းတို့ ကျန်ခဲ့တယ်၊ နောက်နေ့မနက်ကျတော့ ကျားတွေ့ရောက်လာပြီး ဂျာဆိုင်း နှာခေါင်းနဲ့ပါးစပ်က သွေးတွေထွက်ပြီး သေသွားတယ်လို့ လာပြောပါတယ်''



အားဖု(ခ)သိန်းရင်နှင့် ကျားတွေ့(ခ) သက်ပိုင်ထွေး၊ အမှတ်--၊ ထင်းရှူးမြိုင်လမ်း၊ မြို့သစ်ရပ်ကွက် တို့ကို မြစ်ကြီးနား မြို့မရဲစခန်းမှ (ပ) ၃၀၀/၂၀၀၉၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အရေးယူဖမ်းဆီးလိုက်သည်။

ဇော်ချစ်

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၇)တဆထလ(၀၈၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရင်ကျိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။


**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်
အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





# မောင်သာမန် (ဓိုးကုန်း)

# ဆန္ဒအာရုံ လိုက်သည့်ခါတွင်

ပန်းချီမင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ညီ အောင်လှတစ်ယောက် ပြည်ပမှ တစ်နှစ်မပြည့်ခင် ပြန်လာလိမ့်မည်ဟု လုံးဝထင်မထားခဲ့ပါ။ မမျှော်လင့်ပါဘဲ အောင်လှတစ်ယောက် ပြန်ရောက်လာတော့လည်း ဆွေမျိုးမိသားစုများ ဝမ်းသာဝမ်းနည်းဖြစ်ရသည်။ ကျွန်တော်၏ မိဘများဆိုပါလျှင် သားဖြစ်သူ ပြန်လာသည့်အတွက် ဖက်ယမ်းငိုလျက်ရှိကြသည်မှာ အကြောင်းမသိသောသူများက မျက်ရည်မဆည်နိုင်ဖြစ်မှာ မလွဲကေန်ပင်ဖြစ်ပေမည်။ ကျွန်တော်တို့ညီအစ်ကိုများကမူ ညီငယ် အောင်လှတစ်ယောက် မည်သည့်အတွက်ကြောင့် တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည်မနေဘဲ အမိနိုင်ငံသို့ ပြန်လာခဲ့ခြင်းနှင့်ပတ်သက်၍ သံသယဖြစ်ခြင်းများစွာဖြင့် အောင်လှအား မေးခွန်းထုတ်ရန် အချိန်အခါ စောင့်နေရသည်။

ကျွန်တော်တို့မိသားစုတွင် အဖေ ဦးအောင်ကြည်၊ အမေ ဒေါ်နွဲ့ကြည်၊ သားသမီးဆို၍ ကျွန်တော်မောင်မြမှာ အကြီးဆုံးသားဖြစ်ပြီး ကျွန်တော့်အောက်တွင် အောင်ခနှင့် ယခုအောင်လှအပြင် အငယ်ဆုံးညီမငယ် မိုးချယ်ရီဟူ၍ စုစုပေါင်း မိသားစုခြောက်ဦးရှိပါ၏။ ကျွန်တော်ကတော့ ဆယ်တန်းအောင်ပြီဆိုကတည်းက စေလိုရာစေဘဝဖြင့် ပညာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ကရင်ပြည်နယ်၊ သံတောင်မြို့မှ ကိုယ့်မြို့၊ ကိုယ့်ရွာသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့သူဖြစ်ပါ၏။ ကျွန်တော့်ညီ အောင်ခမှာ ထိုစဉ်က စပါးအဝယ်ဒိုင်တွင် ကုန်ချိန်စာရေးဘဝဖြင့် ယာယီပုတ်ပြတ်လုပ်ကိုင်လျက်ရှိပါ၏။ အောင်လှမှာမူ ဆယ်တန်းအောင်ပြီးသည့်နောက် ပြည်ပကိုသွား၍ အလုပ်လုပ်ရန် အာရုံစိုက်နေသောသူဖြစ်ပြီး အဝေးသင်တက်နေသောသူဖြစ်၏။ ညီမငယ်မိုးချယ်ရီမှာ ကိုးတန်းတက်ခါစ ကျောင်းသူဖြစ်၏။

ကျွန်တော်တို့သည် အောင်လှနှင့်ပတ်သက်၍ ငွေကြေးအဆမတန်ကုန်ကျခဲ့သည်ဆိုပါက ယုံကြည်နိုင်ကြမည်မဟုတ်ပေ။ အမှန်စင်စစ် အောင်လှ ဆယ်တန်းနှစ်ချင်းပေါက်အောင်မြင်စေရန် မိသားစုတစ်စုလုံး အင်တိုက်အားတိုက် ပါဝင်ခဲ့ကြ၏။ အောင်လှအား စာကြိုးစားရန် နေ့စဉ်ပြောဟောရပါ၏။ ယုတ်စွအဆုံး အဖေ၏ပင်စင်လစာသာမက ကျွန်တော်၏လစာနှင့် ညီဖြစ်သူ အောင်ခ၏ လစာများပါ စုပေါင်း၍ ကျူရှင်ဘော်ဒါထားပေးခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် ဆယ်တန်းအောင်ပြန်တော့ အဝေးသင်ဆက်တက်နိုင်ရန် ကျွန်တော်ကပင် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ရပြီး တစ်ဖန်ပြည်ပမှာထွက်ပြီး အလုပ်လုပ်မည်ဆိုပြန်တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ သူ့ဆန္ဒအတိုင်း ဖြည့်ဆည်းခဲ့ရပြန်၏။

အမှန်တကယ်ဆိုပြန်တော့ ရပ်ဝေးတိုင်းတစ်ပါးမှ အန္တရာယ်ရှင်းဘေးကင်း၍ ပြန်လာပြန်သည့်အခါတွင် ကျွန်တော့်မိဘများ၊ ဆွေမျိုးများမှာ သားဖြစ်သူ၊ ညီဖြစ်သူအတွက် ဝမ်းသာဝမ်းနည်းဖြစ်ရသည်က မှသားမပါဟု ဆိုရပေမည်။ သို့သော် အဖေနှင့်အမေတို့၏ ဖက်ရမ်းငိုရှိုက်မှုများသည် သားဖြစ်သူပြန်လာ၍ ဝမ်းသာခြင်းဖြစ်သည့်နည်းတူ ပြည်ပတွင် အလုပ်လုပ်၍ မိသားစုဘဝ မြှင့်တင်မည်ဟူသော အောင်လှ၏ ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်ပေးရန် ကြိုးစားချေးငှားခဲ့ရသည့် ငွေသိန်းနှစ်ဆယ်အတွက် ပူပင်သောကများစွာဖြင့် ငိုယိုခြင်းလည်း ဖြစ်ပေလိမ့်မည်။

သို့ဖြင့် ညီဖြစ်သူ အောင်လှပြည်ပထွက်ခွာသွားခြင်းအတွက် ကျွန်တော်တို့မိသားစုမှာ သူ့အပေါ် မျှော်လင့်ချက်များစွာ ထားခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ရသည့် အခြေအနေမို့ ကျွန်တော်တို့မိသားစု တိုးတိုးတိတ်တိတ် စိတ်ဆင်းရဲရတော့သည်။

www.burmeseclassic.com


ထိုစဉ်က ကျွန်တော်တို့မိသား စုဘဝလေးသည် ရရှိသည့် လစာ ငွေအပေါ် ချွေချွေတာတာဖြင့် တင်း တိမ်ရောင့်ရဲစွာဖြင့် စားသောက်နေ ထိုင်လာခဲ့သည်မှာ ဆယ်စုနှစ် သုံး ခုကျော်လာခဲ့ပါပြီ။ ကျွန်တော်တို့ မိသားစုသည် ငွေကြေးချမ်းသာသူ များ မဟုတ်ကြ။ ဝန်ထမ်းများသာ ဖြစ်သည်ကြောင့် ပုံမှန်လစာနှုန်း ထားတို့ဖြင့်သာ စားသောက်နေကြ ရ၏။ မိဘများသည် ဝန်ထမ်းများ ဖြစ်ကြသည့်အလျောက် ကျွန်တော် တို့သားသမီးများအပေါ် ပညာအမွေ ကိုပေးနိုင်အောင်သာ ကြိုးစားခဲ့ကြ သည်။

သို့စေကာမူ ကျွန်တော်တို့ မောင်နှမ၊ ညီအစ်ကိုများထဲတွင် အောင်လှမှာ တစ်မျိုးတစ်ဖုံ တစ် ဘာသာ ကွဲပြားနေ၏။ သူသည် အဆင့်မြင့်မြင့်နေလိုသည်၊ စားလို သည်။ အောင်လှတစ်ယောက် ဆယ် တန်းအောင်ပြီဆိုကတည်းက ပြည်ပ ရောဂါထနေခဲ့သည်။ ပြည်ပ ငွေကြေးသည် ခိုင်ခံ့၍ ဒေါ်လာ၏ တန်ဖိုးနှင့်သိပ်မကွာကြောင်း မကြာ ခဏပြောဆိုသကဲ့သို့ ပြည်ပထွက်၍ ငွေရှာမည်ဟုသာ တဖွဖွပြော၍နေ ပေ၏။ အဖေနှင့်အမေ့ကိုလည်း အောင်လှတစ်ယောက် ပြည်ပထွက် ခွာရန် ငွေရှာခိုင်းနေသည်မှာ နေ့စဉ် ရက်ဆက်ဆိုသလိုပင်။ သူ့အတွက် မိဘများ စိတ်ဆင်းရဲနေရသည်ကို မကြည့်ရက်နိုင်သော ကျွန်တော်က စကားခပ်တင်းတင်းဖြင့် ညီဖြစ်သူ ကိုသတိပေးရ၏။

"အောင်လှရယ် မင်းဟာက မဟုတ်သေးဘူးနော်၊ အဖေနဲ့အမေ့ ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ ကွာ၊ မိဘဆိုတာ သားသမီးက ပူ ဆာရင် ပေးချင်ကျွေးချင်ကြတာပဲ ကွ၊ အခုဟာက သူတို့မှာမရှိတဲ့ ပိုက်ဆံငွေကြေးကို မင်းကအတင်း တောင်းနေတော့ ပေးချင်ပေမယ့် သူတို့မှာငွေမရှိတော့ စိတ်ဆင်းရဲနေ ရတာပဲလေ၊ သူများတကာ နိုင်ငံ ခြားမှာသွားပြီး လုပ်ပေမယ့် ရတဲ့ ငွေကြေးတွေကို ခြိုးခြံပြီး ပြန်ပို့နေ ရတာ ငါသိပါတယ်၊ ဟိုနိုင်ငံမှာ သွားပြီး လုပ်ဖို့ဆိုတာကို စဉ်းစား မနေပါနဲ့ကွာ၊ ကိုယ့်ဆီမှာပဲ ရရာ အလုပ်လုပ်ပြီး အဝေးသင်တက်နေ တာမှ ဘွဲ့လည်းရ၊ အလုပ်လည်းရ၊ ဘယ်လောက်ကောင်းသလဲကွာ"

ကျွန်တော်ပြောသည်များကို နားထောင်၍ ညီဖြစ်သူ အောင်လှ က ဆင်ခြေပေးခဲ့သည်။

"အစ်ကိုကြီးပြောတာ ဟုတ် ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဆန္ဒ၊ ကျွန်တော့်ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ချင်တာက ကျွန်တော့်ရဲ့ ပင်ကိုစိတ်ပါဗျာ၊ ကျွန် တော်တို့မိသားစုကို ပြန်ကြည့်ရင် ကုန်ကျတဲ့ စရိတ်စကနဲ့ ဝင်ငွေ မမျှတပါဘူး၊ ဒါကြောင့်လည်း ခြိုး ခြိုးခြံခြံနဲ့ စားသောက်နေထိုင်ရတာ အစ်ကိုကြီး အသိပဲလေ၊ ဒါကြောင့် ကျွန်တော် ပြည်ပကိုထွက်ပြီးတော့ အလုပ်လုပ်ချင်တာပေါ့၊ အဖေတို့မှာ ငွေကြေးမရှိတာ ကျွန်တော်သိပါ တယ်၊ အပြင်က အတိုးနှုန်းသက်

သက်သာသာနဲ့ ငွေကြေးရခဲ့ရင် တော့ မကြာပါဘူး အစ်ကိုကြီးရာ ပြည်ပကိုသွားလို့ ကုန်ကျတဲ့ငွေကြေး ကို နှစ်ချင်းပြန်ဆပ်နိုင်မှာပါဗျာ"

အောင်လှ၏ ပြောစကားများ ကြောင့် ကျွန်တော်က ပျာပျာသလဲ ဖြင့်.....

"မင်းဆိုလိုတာက အဖေနဲ့ အမေ့ကို တခြားသူတွေဆီမှာ ငွေ ချေးခိုင်းနေတာလားကွာ"

အောင်လှက နှုတ်ဆိတ်ဝန်ခံ သည့်အနေဖြင့် ခေါင်းညိတ်ပြပါ၏။ ယင်းကြောင့် ကျွန်တော်သည် သက်ပြင်းပူများကို မှုတ်ထုတ်ရင်း ဖြင့်....

"မလုပ်ပါနဲ့ကွာ၊ ဒီလိုအရွယ် တွေကျမှ အဖေနဲ့အမေကို သူများ ဆီမှာ ငွေချေးခိုင်းရတယ်လို့ လုံး လုံးမဖြစ်ပါဘူး၊ စိတ်လျှော့လိုက်ပါ တော့ ညီလေးရာ"

အောင်လှကတော့ အစ်ကိုဖြစ် သူ ကျွန်တော်၏ ကန့်ကွက်မှုကို လက်မခံပေ။

"ကျွန်တော်ကတော့ ရည်ရွယ် ချက်အတိုင်း အကောင်အထည်ဖော် ဖို့ စဉ်းစားထားတာပဲ၊ ဒီအတွက် ဆုံးဖြတ်ချက်အတိုင်း သွားနိုင် အောင် ဆက်ပြီး ပြောနေရဦးမှာပဲ အစ်ကိုကြီးရာ"

ကျွန်တော် မည်သို့မျှ မပြော တော့ပေ။ ငွေသိန်းနှစ်ဆယ်မပြော နှင့် ငွေတစ်သိန်းပြည့်အောင် မရှိ ကြသည်မို့ ကျွန်တော်တို့၏ မိသား စု ဘဝအခြေအနေကို အောင်လှ မသိလေရော့သလား။ အောင်လှ

www.burmeseclassic.com

သည့် သူမှန်သည်ဆိုပါက တစ်ဖွတ်ထိုးလုပ်တတ်သည့်စိတ်ကြောင့် မိဘများအား ငွေရှာပေးရန်သာ ပူဆာနေတော့သည်။

+ + +

"အဖေရယ် ပြည်ပနိုင်ငံတွေကို လူတိုင်းသွားနေကြတာပဲ၊ ဟိုမှာက အလုပ်လည်းပေါသလို ရတဲ့ငွေကြေးကလည်း ခိုင်တယ်လေ၊ ဟိုရောက်လို့ တစ်နှစ်မပြည့်ခင်မှာ အဖေတို့ဆီကို ငွေပြန်ပို့နိုင်မှာပါ၊ တခြားသူတွေတောင် ပြန်ပို့ကြလို့ ဘယ်လောက်အဆင်ပြေနေလဲဆိုတာ အဖေကြားရမှာပါ"

အဖေသည် ပက်လက်ကုလားထိုင်ပေါ်တွင် လှဲမှီလျက် အောင်လှပြောသမျှကို စူးစူးစိုက်စိုက် နားထောင်နေပါ၏။ အမေသည် အဖေ့နားမှကြမ်းပြင်တွင်ထိုင်လျက် ရေနွေးကြမ်းသောက်နေ၏။

"အဖေကြားပါတယ်ကွာ၊ ဒါပေမဲ့ မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ငွေကြေး အဖေ့မှာမရှိတာက ခက်တယ်ကွ၊ မင်းအစ်ကိုကြီးဆီက ရတဲ့လစာနဲ့ အဖေ့ဆီကရတဲ့ ပင်စင်လစာလေး၊ နောက်ပြီး မင်းအစ်ကိုလေးရဲ့လစာပေါင်းမှ လောက်ငရုံပဲ၊ အဖေတို့တစ်တွေ ရှာဖွေရတဲ့ငွေက စားဝတ်နေရေးနဲ့ မင်းတို့ပညာရေးအတွက်ပဲရှိတာ၊ မင်းအောက်မှာ မင်းညီမလေးရှိသေးတယ်၊ ငွေကြေးကို ခြိုးခြံပြီးသုံးနေရတာ မင်းအသိပဲ၊ မင်းအတွက် အဖေ လုပ်ပေးနိုင်တာ တစ်ခုတော့ရှိတယ်၊ အဖေ့မိတ်ဆွေတစ်ယောက်ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းမှာ မင်းဝင်လုပ်မယ်ဆိုရင်တော့ ဖြစ်တယ်"

အောင်လှတစ်ယောက် မျက်စိပျက် မျက်နှာပျက်ဖြင့်.....

"ကျွန်တော်မှ မလုပ်ချင်တာဘဲ အဖေရာ၊ ဒီလောက်လစာငွေလေးနဲ့ ကျွန်တော်တို့ဘဝကို ပြောင်းလဲနိုင်မှာမဟုတ်ပါဘူး အဖေရာ၊ ဖြစ်နိုင်ရင်တော့ ကျွန်တော် ပြည်ပမှာ အလုပ်သွားလုပ်ချင်တယ်၊ ဒါကြောင့် ပြည်ပနိုင်ငံတစ်ခုကိုသွားနိုင်အောင် ကျွန်တော့်ကို အဖေ ငွေရှာပေးပါဗျာ၊ ဟိုမှာ အလုပ်လုပ်ရတာက ထိုက်တန်တဲ့လစာငွေရတယ် အဖေရ၊ တစ်နှစ်အတွင်း အဲဒီငွေလည်း ကျေတဲ့အပြင် ကျွန်တော်တို့အိမ်လေးကိုလည်း တိုက်ပြန်ဆောက်လို့ရတာပေါ့"

အဖေက အောင်လှအား စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး.....

"အောင်လှ ငါ့သား၊ မင်း သူတစ်ပါးနိုင်ငံကို အတော်အထင်ကြီးတယ်နော်၊ ဘွဲ့တွေ၊ ပညာတွေပြည့်စုံလို့ နိုင်ငံခြားကိုသွားပြီး အလုပ်လုပ်တယ်ဆိုတာကမှ ကြားလို့ကောင်းသေးတယ်၊ အခုဟာက ပညာလည်းမပြည့်စုံ၊ နိုင်ငံက အသိအမှတ်မပြု တရားမဝင် ပြည်ပကိုထွက်ပြီး ဟိုမှာရှိတဲ့အလုပ်တွေလုပ်နေမှဖြင့် ဘယ်လောက်အတိဒုက္ခရောက်မလဲဆိုတာ၊ မင်း ဒါတွေကိုသိရဲ့လား အောင်လှရာ၊ ကိုယ့်နိုင်ငံမှာ ကိုယ့်မိသားစုနဲ့အတူ မရှိအတူ၊ ရှိအတူ အေးအတူ၊ ပူအမျှ နေထိုင်ရတာ စိတ်ချမ်းသာဖို့ကောင်းတယ် သားရယ်"

အောင်လှကလည်း အဖေဖြစ်သူအား.....

"ကျွန်တော်လည်း ကိုယ့်မိသားစုအတွက် စဉ်းစားထားပါတယ် အဖေရယ်၊ ကျွန်တော့်ကိုသာ ယုံကြည်မှုအပြည့်အဝထားပြီး ငွေရှာပေးပါလားဗျာ၊ သူများတွေ ပြည်ပကိုသွားပြီး အလုပ်လုပ်တော့ ကိုယ်ကလည်း သူတို့လိုသွားပြီး ငွေရှာချင်တာပေါ့ အဖေရာ"

ဖွတ်တရွတ်ပြောနေသော အောင်လှအား အဖေသည် စိတ်ပျက်စွာ တစ်ချက်ကြည့်လိုက်ပြီး ခေါင်းခါ၍သာနေလေသည်။ အမေကမူ အောင်လှပြောသမျှကို နားထောင်နေပြီး သားအဖများ စကားပြောနေသည်ကို မည်သို့မျှ ဝင်မပြောပါပေ။ သို့သော် အမေသည် သားဖြစ်သူ၏ဆန္ဒကို ဖြည့်ဆည်းပေးလိုသည့်ဆန္ဒ ရှိနေပါ၏။

အလွန်ချမ်းသာချင်နေသော အောင်လှ၏ နေ့စဉ်ရက်ဆက် ပူဆာချက်များကို အဖေ၊ အမေနှင့် ကျွန်တော်တို့မှာ ကြားရဖန်များခြင်းနှင့်အတူ စိတ်ပျက်လာရသည်။ သို့ဖြစ်လင့်ကစား ပြည်ပနိုင်ငံသို့မသွားရောက်ရသည်ကြောင့် အောင်လှတစ်ယောက် တမှိုင်မှိုင်ဖြစ်နေရခြင်းကို မိဘများမှ မကြည့်ရက်။ အဖေနှင့်အမေသည် အောင်လှအတွက် မည်သို့ဆောင်ရွက်ပေးရမည်ကို ဆွေးနွေးစဉ်းစားကြသည်။ အဖေ၏

www.burmeseclassic.com



ခင်စင်လစာကို ပေါင်းနှံ့ရောင်းချပါလျှင်လည်း အောင်လှလိုအပ်သောငွေပမာဏ ရရှိနိုင်ခြင်းမရှိ။ သို့ဖြင့် အဖေသည် အမေနှင့်တိုင်ပင်၍ မိတ်ဆွေတစ်ယောက်ထံမှ ငွေချေးငှားရတော့သည်။

သို့ဖြင့် အောင်လှတစ်ယောက် ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းရရှိခဲ့သည်။ အောင်လှသည် ပြည်ပလုပ်ငန်းရှာဖွေရေးအေဂျင်စီတစ်ခုဖြင့် ဆက်သွယ်လျက် မလေးရှားနိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာသွားတော့သည်။

ယခုတော့ နိုင်ငံခြားသွား၍မှ မည်မျှပင်မကြာသေး။ အောင်လှတစ်ယောက် ပိန်လှီဖျော့တော့စွာဖြင့် ပြန်ရောက်လာပေသည်။ ကျွန်တော် ထင်ပါသည်။ အောင်လှတစ်ယောက် ကိုယ်မကျွမ်းကျင်သောနေရာဒေသ၌ ဘာသာစကား ချွတ်ချော်မှုများကြောင့် အဆင်မပြေဖြစ်ခဲ့သည်လား၊ သို့တည်းမဟုတ် လုပ်ငန်းရှာဖွေရေးအေဂျင်စီ၏ ရိုက်စားလုပ်မှုကို ခံလိုက်ရသည်လား တစ်ခုခု ပြဿနာဖြစ်လိမ့်မည်ဟု ယူဆမိသည်။ သို့ဖြစ်ခြင်းကြောင့် ကျွန်တော့်အနေဖြင့် မိဘများရှေ့တွင် အောင်လှ၏ လုပ်ငန်းကိုင်ငန်းကိစ္စအား မေးမြန်းခဲ့ပါ၏။

"ညီလေး ဟိုမှာ လုပ်ငန်းအဆင်မပြေလို့ ပြန်လာတာလား၊ ဒါမှမဟုတ် အေဂျင်စီနဲ့ အဆက်အသွယ်လုပ်ပြီး အလုပ်ရှာတာ မရလို့လားကွာ"

အောင်လှသည် ဖြူလျော်သောမျက်နှာဖြင့် စိတ်မပါတပါဖြေခဲ့၏။

"ဒီကအေဂျင်စီနဲ့ ဟိုကအေဂျင်စီ ဆက်သွယ်မှုရှိပါတယ်၊ ဒါကြောင့် ဟိုမှာ အလုပ်ရခဲ့တာပေါ့၊ ဒါပေမဲ့ သူတို့ဆီကလုပ်ငန်းဆိုတာ ကြီးကြီးမားမားလုပ်ငန်းတွေ ဝင်လုပ်ကိုင်ဖို့ သိပ်အခွင့်အလမ်းနည်းပါတယ်၊ ပုဂ္ဂလိကလုပ်ငန်းလေးတွေမှာပဲ အလုပ်ရတာ၊ ပေးတဲ့လခကတော့ ဒီကရတဲ့ဝင်ငွေထက် သာတယ်လို့ဆိုရမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်လုပ်ခဲ့တဲ့အလုပ်က ဟာလာစက်ထဲမှာ စပါးတို့၊ ဆန်တို့ကို အိတ်သွတ်ရတယ်၊ သူတို့ဟာလာစက်ဝင်းထဲမှာပဲနေရတယ်၊ အပြင်ထွက်ခွင့် မရဘူး၊ နောက်ပြီး လဝကနဲ့ ရဲတွေ စစ်ဆေးရင်လည်း ဖမ်းချုပ်ပြီး ကိုယ့်နိုင်ငံပြန်ရမှာမို့ စတေးရှောင်တာတို့ဘာတို့ ရှိလာတယ်၊ ဒါ နဲ့ အဲဒီဟာလာစက်မှာမလုပ်ဘဲ ကိုယ့်သဘောနဲ့ကိုယ် အလုပ်ရှာဖို့ အပြင်ထွက်ခဲ့တယ်၊ ဒါပေမဲ့ မရခဲ့တဲ့အပြင် ကိုယ့်နိုင်ငံကိုပြန်ဖို့ အနိုင်နိုင်ကြိုးစားခဲ့ရတယ်၊ ဒီတစ်ခါ ကျွန်တော် မှားသွားပါပြီ အစ်ကိုကြီးရာ"



စကားအား နိဂုံးသတ်လျက် အောင်လှသည် အဝေးတစ်နေရာသို့ ငေးကြည့်နေပေသည်။ သူ၏မျက်လုံးတို့သည် ဆွေးမြည့်ရီဝေလျက်ရှိနေကြသည်။ ကျွန်တော်လည်း ညီဖြစ်သူအောင်လှအား ခပ်တင်းတင်းပြောလိုက်မည်ဟု အားတင်း၍ထားပါသော်လည်း ညီငယ်၏ပုံသဏ္ဌာန်ကြောင့် မပြောရက်ခဲ့တော့ပေ။

✦ ✦ ✦

မမျှော်လင့်သောနေ့တစ်နေ့၌ ကျွန်တော်၏ ညီငယ် အောင်လှတစ်ယောက် မိမိကိုယ်ကိုမိမိ သေကြောင်းကြံစည်၏။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများရှိ၍ ထိုကိစ္စသည် သူ့အတွက် မအောင်မြင်ခဲ့ပေ။ သူ၏အိပ်ခန်း[illegible]ရှိ ထုပ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို
အလုပ်ရမယ်လို့ခေါ်သွားပြီး
တိုက်ခန်းပျက်တစ်ခုထဲမှာ
ကျွန်တော့်ကို
မူးယစ်ဆေးတစ်မျိုး
ထိုးပေးပါတယ်။ ကျွန်တော်
ငြင်းဆန်နေပေမယ့် သူတို့က
လူအင်အားများလေတော့
အားလျှော့လိုက်ရတယ်။
ကျွန်တော် သတိလစ်သွားပြီး
နာရီဝက်၊
တစ်နာရီလောက်အကြာမှာ
သတိပြန်လည်လာခဲ့တယ်။
ကျွန်တော့်တစ်ကိုယ်လုံး
နာကျင်နေပါတယ်။
အထူးနာကျင်နေတာက . . .

တန်းတွင် ကြိုးဆွဲချသေရန် ကြံစည်ခြင်းဖြစ်၏။ အောင်လှ တစ်ယောက် ထိုသို့ကြံစည်နေသည်ကို ကနဦးတွေ့မြင်လိုက်သူကား ညီမငယ် မိုးချယ်ရီ ဖြစ်ပါ၏။

"အမယ်လေး.....လာကြပါဦး။ အဖေရေ.....အစ်ကိုကြီးရေ၊ အစ်ကိုလေးတစ်ယောက် ကြိုးဆွဲချသေဖို့ လုပ်နေတယ်၊ လာကြပါဦး"

ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ရုံးပိတ်ရက်မို့ ခြံထဲတွင် သန့်ရှင်းရေးလုပ်နေခိုက် ညီမငယ်၏အသံကြောင့် အောင်လှ၏အိပ်ခန်းရှိရာ အိမ်အပေါ်ထပ်သို့ ဒရောသောပါး ပြေးတက်ခဲ့ကြသည်။ ညီဖြစ်သူ အောင်ခက အခန်းထောင့်တွင် ထောင်ထားသည့် ဓားမတစ်လက်ယူ၍ ထုပ်တန်းတွင် ချည်နှောင်ထားသောကြိုးအား ဖြတ်ချလိုက်ရသည်။ အောင်လှသည် မည်သို့သော စိတ်ပျက်စရာများ ကြုံတွေ့ခဲ့ရသနည်းမပြောတတ်ပါချေ။ အောင်လှသည် ခေါင်းငိုက်စိုက်ချ၍ နေလေ၏။ အဖေရော အမေပါ တုန် လှုပ်ချောက်ချားနေကြ၏။ အဖေက မချိတင်ကဲဖြင့်.....

"အောင်လှ ငါ့သား၊ ဘာဖြစ်လို့ မလုပ်ကောင်းတာတွေ လုပ်ရတာလဲကွာ၊ အဖေ့ကို ဖြစ်ကြောင်းကုန်စင် ပြောပြပါဦး၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်းဟာ အဖန်ငါးရာ ငါးကမ္ဘာ ဝဋ်ခံရတတ်တယ်ကွ၊ ဒါကို မင်းမသိလို့ ကြံစည်တလား၊ မင်းရဲ့အလုပ်နဲ့ပတ်သက်ပြီး ကုန်ကျခဲ့ရတဲ့ ငွေကြေးအတွက် စိတ်ညစ်ပြီးကြံတာလာ ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပါ၊ ပိုက်ဆံ နဲ့ပတ်သက်ပြီး မင်း စိတ်ညစ်စရာ မလိုပါဘူး၊ မင်းဟာ ယောကျ်ားတစ် ယောက်ပါ၊ ဘာကြောင့် စိတ်နွံ့နေ ရတာလဲ၊ အဖေနားလည်အောင် ရှင်းပြစမ်းပါဦး"

အောင်လှက ခြောက်ကပ်ကပ် လေသံဖြင့်.....

"ကျွန်တော် မပြောပါရစေနဲ့ အဖေ၊ ကျွန်တော် မှားသွားတဲ့ကိစ္စ ကိုလည်း နောင်တရလို့ မဆုံးဘူး အဖေ၊ အဖေတို့၊ အစ်ကိုကြီးတို့ရဲ့ စကားကို နားမထောင်မိတာကိုက ကျွန်တော့်ရဲ့အမှားပါ၊ ကျွန်တော့်ရဲ့ အကြောင်းကို စဉ်းစားမိလေလေ ကျွန်တော့်ကိုယ်ကျွန်တော် ယူကျုံး မရဖြစ်ပြီး ကိုယ့်ဘဝကိုယ် ဇာတ် သိမ်းပစ်ချင်စိတ် ပေါ်နေရပါတယ်"

ကျွန်တော်ကလည်း ညီဖြစ်သူ အောင်လှအား.....

"ညီလေး ပြောစမ်းကွာ၊ မင်း ဟိုမှာ ဘာဖြစ်ခဲ့တာလဲ ..၊ မင်း အကြောင်းကို ငါတို့ကိုမှမပြောရင် ဘယ်သူ့ကို မင်းသွားပြောမှာလဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်ချင်လောက်အောင် ဖြစ်ရတဲ့ကိစ္စကိုကြည့်ရင် မင်းအနေနဲ့ ဟိုမှာ ကြီးကြီးမားမား ပြဿနာဖြစ်ခဲ့လို့ပဲဆိုတာ ငါတို့ သဘောပေါက်တယ်ကွ"

"ကျွန်တော် သေချင်လောက်အောင် စိတ်ညစ်နေပါတယ် အစ်ကိုကြီးရာ၊ ဒါပေမဲ့ ကျွန်တော် မပြောပါရစေနဲ့၊ နောက်ပြီး အဖေပြောခဲ့တဲ့ ကိုယ့်နိုင်ငံမှာ ကိုယ်ဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com


သဘောပေါက်ပါပြီ၊ ကျွန်တော် ငွေကြေးမက်မောပြီး တခြားနိုင်ငံတွေကို အထင်ကြီးမိတာ သိပ်မှားပါတယ်၊ ဒါလောက်ပဲ ပြောချင်ပါတယ်ဗျာ''

မေးမရတော့ ကျွန်တော်သက်ပြင်းချရသည်။ အောင်လှကား ခေါင်းကိုငုံ့လျက် ထွက်လာသောမျက်ရည်များအား သုတ်နေလေတော့သည်။

အမေသည်လည်း သားဖြစ်သူအောင်လှဘေးတွင်ထိုင်လျက်.....

''ဘာပဲဖြစ်ဖြစ် အမေတို့တရားနဲ့ဖြေမှာပါ သား၊ ငွေကိစ္စကိုလည်း သားခေါင်းထဲ ထည့်မထားပါနဲ့၊ စိတ်ညစ်စရာ၊ စိတ်ပျက်စရာတွေ ကြုံလာခဲ့ရင်လည်း ကိုယ့်နိုင်ငံရောက်နေပြီပဲသားရယ်၊ စိတ်ပျော်စရာလေးတွေတွေးပေါ့၊ စိတ်ညစ်စရာတွေ ပျောက်သွားအောင် သားရွှေတိဂုံဘုရားကြီးကို သွားဖူးပါလား၊ အမေတို့ လိုက်ခဲ့မယ်၊ ဒါပေမဲ့ သားရယ် သားမှာဖြစ်လာခဲ့တဲ့ စိတ်ဓာတ်ကျစရာတွေကြောင့် အမေတို့ရဲ့ရင်တွေ အကွဲမခံပါရစေနဲ့ သားရယ်''

အောင်လှသည် မည်သို့မျှ မပြော။ အမေ၏ရင်ခွင်သို့ဝင်၍ ကျုံ့ကျုံ့ပါအောင် ငိုချလိုက်လေတော့သည်။ အောင်လှ၏စိတ်ခံစားချက်ကို ကျွန်တော် မတွေးတတ်ပါ။ သူ့အတွက် မိဘများ စိတ်ညစ်ရသည်။ သူ့အခြေအနေအား ကျွန်တော်နှင့် အောင်ခ စောင့်ကြည့်နေရသည်။

မည်သို့ဆိုစေ အောင်လှသည် မိဘများနှင့် မောင်နှမများအား စိတ်ချမ်းသာစေချင်၍လားမသိ။ ဘုရားဖူးရန် ရွှေတိဂုံဘုရားသာမက မဟာဝိဇယဘုရား၊ ကမ္ဘာအေးနှင့် ကျောက်တော်ကြီးဘုရားများသို့ မိသားစုများနှင့်အတူ အောင်လှလိုက်ပါလာ၏။ သည်တစ်ကြိမ်တွင်တော့ အောင်လှသည် ရယ်ရယ်မောမော ရှိနေသည်။ သူ့အပြုံးအပျော်များကြောင့် အဖေရောအမေပါ စိတ်ချမ်းသာနေသည်ကို ကျွန်တော် တွေ့လိုက်ရသည့်အခါ ကျွန်တော်ပါ ရင်ထဲအေးမြသွားရသည်။

\+ + +

ထိုနေ့တစ်နေ့တွင် ကျွန်တော်တို့မိသားစု ကံဆိုးမိုးမှောင်ကျခဲ့ရသည်။ အဖေ ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်ရန် သွားနေသကဲ့သို့ ညီမငယ် မိုးချယ်ရီမှာလည်း ကျူရှင်တက်ရန် သွားနေ၏။ ညီငယ် အောင်ခမှာ သူ၏လုပ်ငန်းများလုပ်ကိုင်ရန် ထွက်သွားသည့်နည်းတူ ကျွန်တော်သည်လည်းမြို့နယ်ပညာရေးမှူးမှခေါ်သဖြင့် ပညာရေးမှူးရုံးသို့ သွားရသည်။ အမေနှင့်အောင်လှသာ အိမ်မှာကျန်ခဲ့သည်။

အမေသည်လည်း မိသားစုအဆင်သင့် စားသောက်နိုင်ရန် မီးဖိုချောင်ထဲတွင် ထမင်းဟင်းချက်ပြုတ်နေသည်။ အိမ်ပေါ်တွင် အောင်လှတစ်ယောက်တည်းရှိနေ၏။

အောင်လှ၏ ကြိုးဆွဲချတန်းလန်းနှင့် အသက်ပျောက်နေသော အလောင်းအား ကျွန်တော်နှင့်တကွ အမေ၊ အဖေတို့ အိမ်အပေါ်ထပ်တွင် တွေ့လိုက်ရသည်။ အမေသည် သူ့ရှိလျက်နှင့် ဖြစ်ရကောင်းလားဟု မြည်တွန်လျက် ရင်ဘတ်စည်တီးဖြစ်ပြီး အော်ဟစ်ငိုကြွေးနေသည်။ ကျွန်တော်က ရဲစခန်းသို့ အကြောင်းကြားလိုက်ပြီး ရပ်ကွက်လူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာသည့်အခါ ဆေးစစ်ချက်မှတ်တမ်းများ ရယူပြီးနောက် ဆေးရုံသို့ အလောင်းအား တင်ပို့လိုက်ရသည်။ ညီမငယ်နှင့်ညီငယ်အောင်ခမှာလည်း အောင်လှအတွက် ငို၍မဆုံးကြတော့ပေ။ အောင်လှ၏ စာကြည့်စားပွဲပေါ်တွင် မသေခင် အောင်လှရေးထားခဲ့ဟန်တူသောစာအား ကျွန်တော်တို့မိသားစု ဖတ်လိုက်ရသည့်အခါ ညီငယ် အောင်လှအတွက် ယူကျုံးမရဖြင့် စိတ်မကောင်းခြင်းကြီးစွာ ခံစားလိုက်ရသည်။

**အဖေ၊ အမေနှင့် အစ်ကိုကြီးတို့....**

**ဒီစာနဲ့ ဟိုမှာ ကျွန်တော် ဘာဖြစ်ခဲ့တယ်ဆိုတာ ဖွင့်ပြောခဲ့ပါမယ်။ ကျွန်တော် ပြည်ပနိုင်ငံရောက်တော့ အေးဂျင်စီကလည်း လှည့်မကြည့်တော့ပါဘူး။ ကိုယ့် မြန်မာနိုင်ငံသားအချင်းချင်း မျက်နှာလွှဲခဲပစ်သလောက် မလုပ်သင့်ပါဘူး။ ဒါပေမဲ့ သူတို့လုပ်ခဲ့တယ်။ ဟိုရောက်တော့ ဘဝတူနိုင်ငံသားအချင်းချင်း စည်းရုံးပြီး အလုပ်ရှာခဲ့တာ ကျွန်တော် ဟာလာစက်မှာ အလုပ်ရပါတယ်။ ဟာလာစက်ပိုင်ရှင်က ဘာသာခြား [illegible] မျိုးခြားဖြစ်တာကြောင့် ပြောဆိုဆက်ဆံရတာ အဆင် မပြေလှပါဘူး။ လုပ်ခငွေကြေးကလည်း [illegible] ကိုပေးတဲ့လခနဲ့ ကျွန်တော်တို့ [illegible] ပြားလွန်းပါတယ်။ ကျွန်တော်တို့ [illegible]**

www.burmeseclassic.com

www.burmeseclassic.com

လွန်းတယ်လေ။ ပင်ပန်းတာနဲ့ မကာမိပါဘူး။ ဒီနေရာမှာ ကျွန်တော်ထင်ထားတာနဲ့ တလွဲဖြစ်နေတာ တွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငွေတန်ဖိုးကွာပေမယ့် ကိုယ့်နိုင်ငံမှာလည်း ဒီလိုလုပ်ငန်းမျိုးတွေ ဒုနဲ့ဒေးပဲ မဟုတ်လား။

သည်နောက်မှာတော့ ကျွန်တော် အရဲစွန့်ပြီး ဟာလာစက်လုပ်ငန်းကနေထွက်ပြီး တခြားအလုပ်ရှာခဲ့တယ်။ သည်မှာပဲ ပြည်ဝင်ခွင့်ဗီဇာသက်တမ်းကုန်နေတော့ လဝကနဲ့ရဲတွေ စစ်ဆေးတိုင်း သူတို့နဲ့မတွေ့အောင် ရှောင်နေရတော့တာပဲ။ သူများနိုင်ငံမှာ ဒိုးကြောင်ခိုးဝှက်နဲ့ နေရတဲ့ဘဝကို ကျွန်တော် စိတ်ဓာတ်ကျလာခဲ့ပါတယ်။ အဖေအမေတို့ ရှာပေးတဲ့ငွေကိုလည်း မရအရ ရှာချင်သေးတာကြောင့် ဟိုမှာနေရင်း လူတစ်စုနဲ့ တွေ့ခဲ့ရတယ်။ အဲဒီလူတွေထဲမှာ မြန်မာစကား ထမင်းစားရေသောက် နားလည်သူတစ်ဦးပါတာကလွဲပြီး ကျန်လူတွေက သူတို့နိုင်ငံသားတွေ။ ကျွန်တော့်ကို အလုပ်ရမယ်လို့ ခေါ်သွားပြီး တိုက်ခန်းပျက်တစ်ခုထဲမှာ ကျွန်တော့်ကို မူးယစ်ဆေးတစ်မျိုး ထိုးပေးပါတယ်။ ကျွန်တော် ငြင်းဆန်နေပေမယ့် သူတို့က လူအင်အားများလေတော့ ကျွန်တော် အားလျှော့လိုက်ရတယ်။ ကျွန်တော် သတိလစ်သွားပြီး နာရီဝက်၊ တစ်နာရီလောက်အကြာမှာ သတိပြန်လည်လာခဲ့တယ်။ ကျွန်တော့်တစ်ကိုယ်လုံး နာကျင်နေပါတယ်။ အထူးနာကျင်နေတာက ခါးရဲ့ပတ်ဝန်းကျင်ဖြစ်နေတော့ ခါးကိုကြည့်လိုက်တော့ ခါးမှာ ဒဏ်ရာအနာတစ်ခုကို တွေ့လိုက်ရတယ်။ မယုံကြည်နိုင်လောက်အောင် ကျွန်တော် အံ့ဩထိတ်လန့်သွားရတယ်။ နောက်ဆုံး သဘောပေါက်လိုက်ရတာက ကျွန်တော့်ရဲ့ ကျောက်ကပ်ကို ခွဲထုတ်ယူငင်လိုက်ခြင်းပဲဖြစ်ပါတယ်။ သူတို့ရဲ့ တရားမဝင် ကျူးလွန်သွားတဲ့ ဖြစ်ရပ်ကို ရဲကိုတိုင်တန်းခဲ့ပါတယ်။ သူတို့က ဒီကိစ္စ ဆောင်ရွက်ပေးပါ့မယ်ပြောပြီး မှတ်တမ်းတွေ ရေးမှတ်ယူခဲ့တယ်။ ဒါပေမဲ့ သူတို့နိုင်ငံမှာ ကျွန်တော်က တရားမဝင်လာရောက်နေထိုင်တဲ့သူဖြစ်တာမို့ ပထမဆုံး အရေးယူဖမ်းဆီးခံရတာက ကျွန်တော်ကိုယ်တိုင်ပါပဲ။ နောက်ပိုင်း သူတို့နိုင်ငံနယ်စပ်ကတစ်ဆင့် မောင်းထုတ်လိုက်တာကြောင့် ကိုယ့်နိုင်ငံကို ပြန်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်မသိအောင် အစမ္မနည်းနဲ့ ကျွန်တော့်ကျောက်ကပ်တစ်ခုကို ခွဲထုတ်ခံရတဲ့ ကျွန်တော် ဘယ်လိုခံစားနေရမယ်ဆိုတာ အဖေတို့၊ အစ်ကိုကြီးတို့ ကိုယ်ချင်းစာပေးပါတော့ခင်ဗျာ။ ကျွန်တော့်ရဲ့ ခွဲထုတ်ခံရတဲ့ဒဏ်ရာထက် ရင်ထဲက မခံချိမခံသာ ဖြစ်နေရတဲ့ခံစားမှုကို ဘယ်သူမှ ကုစားလို့မရနိုင်ပါဘူး အဖေရာ။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါတော့ အဖေ၊ အမေနဲ့ အစ်ကိုကြီးရယ်။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါတော့ဗျာ။


အောင်လှအတွက် ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ကြရသည်က ကျွန်တော်တို့မိသားစုပါခင်ဗျာ။

ထို့ကြောင့်ပင် ကျွန်တော်သည် ကျွန်တော့်ညီ အောင်လှနှင့်ပတ်သက်၍ သင်ခန်းစာများ ရရှိသည့်နည်းတူ နောင်ကာလများတွင် အောင်လှများ ထပ်မံမပေါ်ပေါက်စေရန် အမျိုး၊ ဘာသာ၊ သာသနာကို ချစ်ရန်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန် မျိုးဆက်သစ်များအား လေ့ကျင့်သင်ကြားပေးရဦးမည်ဟု စဉ်းစား၍သာ နေခဲ့ပေတော့သည်။

မောင်သာမန် (ဇီးကုန်း)



www.burmeseclassic.com


# မောင်သိန်းနိုင်

## မေ့ဘဝ
## ခဏ ဘယ်သူယူပါ့မယ်

မန္တလေး–ရန်ကုန် အမှတ်(၆) အစုန်ရထား ရန်ကုန်ဘူတာကြီးဝင်ပါမှ ကျန်ခဲ့သည့်အညာကို ပိုလို့ လွမ်းမိသည်ကို ထူးဆန်းစွာ ခံစားရပြန်သည်။ အညာကိုရောက်နေတုန်းက ရန်ကုန်ကိုလွမ်းသည်။ ရန်ကုန်ကိုရောက်ပြန်တော့ အညာကို လွမ်းပြန်သည်။

စိတ်ခံစားမှုများ၏ ဆန်းကြယ်ပုံပဲ ဖြစ်မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အညာရောက်တော့လည်း မိဘမောင်ဖွား၊ ဆွေမျိုးသားချင်းများနှင့်တွေ့ရ၍ ကြည်နူးသည်။ ရန်ကုန်ရောက်ပြန်တော့လည်း မျှော်နေရှာမည့် ချစ်ဇနီးနှင့် သားသမီးများကို တွေ့လိုဇောနှင့် ကြည်နူးမိသည်။ ခရီးဆောင်အိတ်လေးဆွဲပြီး ဘူတာမှ အငှားယာဉ်တစ်စီးဖြင့် အင်းစိန်ဘက်သို့ ပြန်လာခဲ့သည်။ ညလယ်အချိန်ဖြစ်သဖြင့် အငှားယာဉ်မောင်းက ပဋိသန္ဓာရစကားများ ပြောပြီးနောက် သီချင်းဖွင့်ရင်း ကားကို ညင်ညင်သာသာမောင်းနေသည်။ ယာဉ်မောင်းက ရယ်ရယ်မောမောဖြင့်...

"အာစရိ ကြိုက်၊ မကြိုက်တော့ မသိဘူး၊ ကျွန်တော်က မြန်မာသံစဉ်ကိုပဲ ခံစားလို့ရတာ"

"ကောင်းပါတယ် ဆရာရယ်၊ ကျွန်တော်လည်း အသက်ကြီးပိုင်းအရွယ်ပဲကိုး၊ မြန်မာသံစဉ်ကို မကြိုက်ဘဲရှိပါ့မလား၊ နားလည်းနားလည်တယ်၊ အနှစ်သာရလည်းရှိတယ်၊ သီချင်းတစ်ပုဒ်ဟာ ဘဝတစ်ခုလိုကို ရေးဖွဲ့သီဆိုနိုင်ကြတယ်"

ကျွန်တော်က ထိုသို့ အလိုက်သင့် ပြောလိုက်သောအခါ စိတ်တူကိုယ်တူ ဖြစ်သွားကြတော့သည်။ ခင်ညွန့်ရည် သီဆိုထားသည့် မေ့ဘဝခဏ ဘယ်သူယူပါ့မယ်ဟု အမည်ရသည့် သီချင်းဖြစ်သည်။ ထိုသီချင်းတွင် စီးမျောရင်း မရမ်းကုန်းမြို့နယ်၊ ဇမိုင်လမ်းဆုံအရောက်တွင် ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များကို တွေ့မြင်ရသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကြသည်။ ၎င်းတို့က ကားကိုလမ်းဘေးချရပ်ရန် မီးနီချောင်းဖြင့် အချက်ပြ၍တားသည်။ ကျွန်တော်တို့ရှေ့တွင်လည်း ကားသုံးလေးစီးကို တား၍စစ်နေသဖြင့် အစစ်ဆေးခံရန် အလှည့်မကျသေးသရွေ့ အသာရပ်ကြည့်နေရသည်။

အရပ်မြင့်မြင့်၊ အသားဖြူဖြူ ကတုံးဆံပင်၊ တီရှပ်၊ ဂျင်းဘောင်းဘီ ဝတ်ထားသူလူတစ်ယောက်နှင့် ထိုလူထက် အရပ်ပုသူတစ်ယောက်တို့က ယာဉ်စစ်ဆေးရေးအဖွဲ့ကို အော်ကြီးဟစ်ကျယ်နှင့် ခင်ဗျားတို့ချင်း ထွေးနေအောင်ပြောနေသဖြင့် စိတ်ဝင်တစားငေးကြည့်နေမိသည်။ အစောပိုင်း မည်သို့ဖြစ်သည်ကိုမသိသော်လည်း တစ်ပိုင်းတစ်စစကားများက နားမခံသာအောင် ကြားနေရသည်။ ၎င်းတို့နှစ်ယောက်သည် ရှေ့ဆုံးကားက ပုဂ္ဂိုလ်များဖြစ်မည်ထင်သည်။ ဒါကြောင့် နောက်ကားများ အစစ်ဆေးမခံရသေးဘဲ ရပ်စောင့်နေကြရခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးကို အကဲခတ်ကြည့်ရာ အရက်မူးနေသလား၊ ဘီယာမူးနေသလားတော့မသိ။ သာမန်အနေအထားမဟုတ်သည်ကတော့သေချာသည်။

အရပ်မြင့်မြင့်လူက စစ်ဆေးသူ ရဲတပ်ဖွဲ့ဝင်များရှေ့တွင် လူးလာခေါက်ပြန်လျှောက်ရင်း.....

"ခင်ဗျားတို့နားလေးကတင်ဂငယ်ကွေ့ကွေ့ပြီး ပြန်မောင်းပြေးတဲ့ကားကို ခင်ဗျားတို့ ဘာဖြစ်လို့မဖမ်းကြတာလဲ၊ အဲဒါကိုရှင်း၊ ကျုပ်ကား အဲဒီလိုကွေ့သွားမယ်ဆိုရင်ရော ခင်ဗျားတို့ ဘယ်လိုလုပ်မလဲ၊ ဖမ်းမလား၊ ဒီကားက တစ်လမ်းလုံးအပြည့်မောင်းတယ်၊ တွေ့တဲ့ကားလိုက်တိုက်တယ်၊ ကျွန်တော့်ကားကိုလည်း လိုက်တိုက်တယ်၊ ကျုပ်ကျွမ်းကျင်လို့ အတိုက်မခံလိုက်ရတာ၊ အဲဒါရော ခင်ဗျားတို့ သိကြလား၊ ဟိုဘက်လမ်းနဲ့ ဒီဘက်လမ်းကို ခင်ဗျားတို့ ဝါယာလက်စက်နဲ့လှမ်းပြော၊ မိအောင်ဖမ်း၊ ကိုယ့်အလုပ်ကိုယ် ပီပြင်အောင်လုပ်ကြ"

ရဲတပ်ဖွဲ့ဝင်များမှ ပြန်ပြောသည့်အသံကို သဲကွဲစွာမကြားရ။ ရှေ့ကား သုံးလေးစီးရှိနေ၍ဖြစ်၏။ သို့သော် ထိုအရပ်မြင့်မြင့်လူ ပြောဆိုနေသည့်စကားများကိုမူ ပီပီပြင်ပြင် ကြားနေရသည်။ စစ်ဆေးသူများကို တစ်ဦးချင်း အမည်လိုက်လံမေးမြန်းနေပုံရသည်။ လူကုန်မေးပြီးမှ ကားကို ဝေါခနဲ မောင်းထွက်သွားသည်။

သူ့နောက်က နိုင်ငံခြားသားနှစ်ဦးပါသည့်ကားဖြစ်သည်။ မည်သည့်နိုင်ငံကမှန်းတော့မသိ။ ကားပေါ်က နှစ်ယောက်လုံး ဆင်းလာသည်။ ကားနောက်ဖုံးဖွင့်ပြီး ခရီးဆောင်အိတ်အတွင်းမှ စာရွက်စာတမ်းများကို တာဝန်ရှိသူများကိုပေး၍ အစစ်ဆေးခံသည်။ တာဝန်ရှိသူက စစ်ဆေးမှုပြီးဆုံး၍ ထိုနိုင်ငံခြားသားများကို စာရွက်စာတမ်းများ ပြန်လည်ပေးအပ်သောအခါ နိုင်ငံခြားသားက

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူး...အများကြီး...တင်ပါ
တယ်"

မြန်မာလို မပီမသပြောသွား
သည်။

ထိုအခါမှ ကျွန်တော်တို့ကား
အစစ်ဆေးခံရန် အလှည့်ကျတော့
သည်။

ကျွန်တော်တို့ကားကို အစစ်
ဆေးခံပြီးနောက် ဆက်လက်ထွက်
ခွာလာစဉ် ယာဉ်မောင်းက မခံမရပ်
နိုင်သည့် အသံမျိုးဖြင့်.....

"ကျွန်တော်လည်း ဝန်ထမ်း
ဘဝက ပင်စင်ယူပြီး တစ်နေ့ငါး
ထောင်ရရ၊ တစ်သောင်းရရဆိုပြီး
တက္ကစီမောင်းနေတာ၊ ဒါပေမဲ့ ဝန်
ထမ်းစိတ်ကမပျောက်တော့ဝန်ထမ်း
ဆိုရင် မခံနိုင်ဘူးဖြစ်ဖြစ်နေတယ်၊
မခံနိုင်တာသာရှိတာ၊ ဘာမှလည်း
မလုပ်နိုင်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်
ပဲ အပြစ်ပြောရမလား၊ ခေတ်ကိုပဲ
အပြစ်ပြောရမလား၊ မြင်ရ၊ ကြားရ
တာတွေက စိတ်နဲ့ကိုမတွေ့ဘူး"

ကျွန်တော်က သာမန်အရပ်
သားဖြစ်သည်။ သို့သော် ယာဉ်
မောင်းပြောသည့် ရည်ရွယ်ချက်ကို
သဘောပေါက်လိုက်သည်။စောစော
က မူးယစ်နေသူနှစ်ဦးက စစ်ဆေး
သူ၊ တာဝန်ရှိသူများကို ခင်ဗျားချင်း
ထွေးပြီး နားထောင်၍မကောင်း
သည့် မြန်မာစကားစစ်စစ်များပြော
ဆိုသွားသည်ကို ရည်ညွှန်းပြောဆို
နေခြင်းဖြစ်သည်။ ယာဉ်မောင်းက
လည်း ဝန်ထမ်းအငြိမ်းစားဆိုပဲ။ ဝန်
ထမ်းထိရင် မခံနိုင်ဘူးဟု ဆိုလာ
သည်။ ဒါကိုတော့ သိပ်နားမလည်။
ထိုသူနှစ်ဦး ပြောဆိုသွားသည့်
စကားများတွင် ပီယဝါစာ မပါမှန်း
တော့သိသည်။ ဝန်ထမ်းကို ဘာမှ
တော့ထိမသွား။ ကျွန်တော်က.....

"အေးဗျ၊ ဒီလူငယ်တွေပြော
သွားတဲ့ မြန်မာစကားတွေက နား
ထောင်လို့မကောင်းဘူး၊ ဂုဏဝမို
ဝယဝုမိုလည်း မရှိဘူး၊ စစ်ဆေးနေ
တဲ့လူတွေက သူ့ထက်အသက်ကြီး
တဲ့သူလည်းပါတယ်၊ အသက်ငယ်
တဲ့သူလည်းပါတယ်၊ နောက်ပြီး
တာဝန်ထမ်းဆောင်နေကြတာ၊ သူ
ကျတော့ မူးနေတယ်၊ ဘယ်လို
အဆင်မပြေမှုနဲ့ စတင်လိုက်သလဲမ
သိဘူးဗျ၊ ဒါနဲ့ သူပြောတဲ့ ဂငယ်ကွေ့
ကွေ့သွားတဲ့ကားလည်း မတွေ့မိ
လိုက်ပါဘူး"

"အို .....အာဂရိကလည်း
ရန်ကုန်မှာနေပြီး မသိဘူးလား"

"ကျွန်တော်က၊ ရန်ကုန်မှာ
သာနေတာဗျ၊ မြို့ထဲအရောက်
အပေါက်က နည်းတယ်ဗျ၊ အထူး
သဖြင့် ညဘက် ကားစီးဖူးတာဆိုလို့
ဒီတစ်ခါနဲ့ဆို သုံးခါလားရှိသေး
တယ်"

ယာဉ်မောင်းက ကားကို အရှိန်
ဖြည်းဖြည်းဖြင့်မောင်းရင်း ရယ်လေ
သည်။ ၎င်းက.....

"ဖြစ်နိုင်တယ်၊ အညာသံ
မပျောက်သေးဘူး၊ ဒါနဲ့ ဘာလုပ်လဲ၊
အလုပ်အကိုင်ကိုမေးတာပါ"

"အရောင်းအဝယ်ပါ"

"သြော်.....ဒါကြောင့်ကိုး"

ကျွန်တော် နားမရှင်းဖြစ်သွား
သည်။ အညာသံမပျောက်ခြင်း၊
အရောင်းအဝယ်လုပ်ခြင်းနှင့်
သြော်.. ဒါကြောင့်ကိုးကို နားမရှင်း
ဖြစ်သွားသည်။ သူညွှန်လိုက်စမျိုး
မသိခြင်းနှင့် ဆက်စပ်ပိုင်ပေလိမ့်
မည်။ ကျွန်တော်က.....

"ကိုယ့်ဆရာ ဘာဒါကြောင့်
ကိုးတုန်းဗျ၊ ရှင်းအောင်ပြောပါဦး"

ယာဉ်မောင်းက ရယ်သည်။

"သတင်းယူနေတာတော့
မဟုတ်ပါဘူးနော်"

"ဟာဗျာ.....ကျုပ်ကသတင်း
ယူပြီး ဘာလုပ်ရမှာတုံးဗျ"

ကျွန်တော်၏မေးသံကြောင့်
ယာဉ်မောင်းက ဟက်ဟက်ပက်
ပက်ရယ်သည်။

"ဒီလိုဗျ၊ ရန်ကုန်မှာ မြင်နေ
တာက တစ်နေ့တစ်နေ့ ဆန်း



www.burmeseclassic.com

www.burmeseclassic.com



ချည့်ပဲ၊ အခု ရန်ကုန်–ပြည်ကား လမ်းကြီးကို ညလယ်လောက်ကျရင် ကားပြိုင်မောင်းကြတယ်ဗျ''

''ဘာကြေးလဲဗျ''

''နေပါဦး၊ အာစရိကလည်း စီးပွားတွက်တွက်နေပြန်ပြီ၊ လောင်းဦးမလို့လားမသိဘူး''

နှစ်ဦးသား ရယ်ကြပြန်သည်။

''တချို့လည်း ဘယ်ကညှိလာကြတယ်မသိဘူး၊ ကားတစ်စီးနဲ့တစ်စီး လမ်းပေါ်မှာ လိုက်တိုက်ပြန်ရော၊ အများအားဖြင့်တော့ဗျာ ကာရာအို ကေတို့ နိုက်ကလပ်တို့ကအပြန် မူးပြီးဖြစ်ကြတာများတယ်၊ အစော တုန်းက လူနှစ်ယောက်ကလည်း ဒီလိုလူတွေဖြစ်မယ်''

''ဟုတ်တယ်၊ ဖြစ်နိုင်တယ်ဗျ''

ကားဆရာက ဆက်ပြော၏။

''သူတို့က တာဝန်ရှိသူတွေကို တွေ့ရင် မထီမဲ့မြင်လုပ်မယ်၊ ရစ်မယ်၊ တာဝန်ရှိသူတွေကလည်း အကြောင်းကြောင်းတွေကြောင့် သဘောထားကြီးတဲ့အပေါ်မှာ ပျော့ကွက်လိုသဘောထားပြီး နိုင်လိုမင်းထက် လုပ်ချင်ကြတာဗျ၊ တစ်ခါက ဆိုဗျာ ကယ်ရီဆွဲစားတဲ့ ဆိုင်ကယ်သမားလေးတစ်ယောက်ကို နောက်ကနေ ကားနဲ့လိုက်တိုက်နေလို့ နီးရာရဲစခန်းထဲ မောင်းပြေးရဆိုပဲ''

''ဘာဖြစ်လို့ ကားနဲ့လိုက်တိုက်တာလဲမသိဘူး၊ သေသွားရင် ပြစ်ဒဏ်က အများကြီးနော်၊ မသေလို့ ကျိုးပဲ့သွားရင်တောင် သူ့ဘဝ၊ သူ့မိသားစုဘဝက မတွေးဝံ့စရာဗျာ၊ ဆက်ပြောပါဦးဗျ၊ ရဲစခန်းထဲ ဝင်

သူက ကားနဲ့လိုက်တိုက်တယ်ဆိုကတည်းက
လူသတ်ရန်ကြံစည်မှု မဖြစ်ဘူးလား၊
နောက်ပြီး သူ့ကားကို ဆိုင်ကယ်က ဝင်တိုက်တယ်ထား၊
ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့မလိုဘူးလား၊
ဆိုင်ကယ်က ကားကိုတိုက်သွားတယ်ဆိုတာကရော
ယုတ္တိတန်ရဲ့လား ...

ပြေးတော့ ဘယ်လိုတွေဆက်ဖြစ်ကြသလဲ''

''ကားကလည်း ရဲစခန်းထဲထိ လိုက်မောင်းဝင်သွားတာပေါ့''

''ဘုရားရေ.....''

''ကားပေါ်ကလူက စခန်းမှူး လာစမ်း၊ မင်းတို့လာဘ်ယူပြီး ခွင့်ပြုထားတဲ့ ဆိုင်ကယ်ကယ်ရီက ငါ့ကားကိုတိုက်ပြီး မောင်းပြေးသွားလို့ ငါ နောက်ကနေ ဒီကောင့်ကို ပြန်လိုက်တိုက်နေတာ၊ လွတ်သွားတယ်၊ သေအောင်ကိုတိုက်တာ၊ အခု မင်းတို့ရဲစခန်းထဲ ဝင်ပြေးသွားတယ်၊ အခုဖမ်းပြီး အရေးယူ၊ ဘာညာပေါ့ဗျာ''

''ဘာညာဆိုတာ ဘာလဲဗျ''

''ဘာညာဆိုတာ ဘာညာပေါ့ဗျာ၊ အဲဒီတုန်းက ကျွန်တော်မှမရှိတာ''

''နို့.....ကိုယ့်ဆရာက ဘယ်လိုလုပ်သိလဲ''

''ကားသမားဆိုတာ လူစုံတွေ့တယ်လေဗျာ၊ သတင်းစုံကြားရတယ်၊ မကြားချင်မှအဆုံး''

''ဟုတ်ပါပြီ၊ ဆက်ပါဦး၊ ရဲစခန်းထဲထိ ခုလိုဝင်အော်ရဲတယ်ဆိုတော့ အာဂသတ္တိတော့ မဟုတ်တန်ဘူးနော်''

ယာဉ်မောင်းက ရယ်သည်။ ကျွန်တော့်ကိုလည်း တစ်ချက်စောင်းငဲ့ကြည့်သည်။ ဖော်လိုလိုက်ပြီး သတင်းယူသူဟု ထင်သလားတော့ မသိ။ ကျွန်တော့်အမူအရာကို တစ်ချက်ကြည့်ပြီး စိတ်ချရသည့်အဆင့် ရောက်မှ

''အာဂသတ္တိရှိမှတော့ အာဂလူတွေပေါ့ဗျာ၊ သူက ကားနဲ့လိုက်တိုက်တယ်ဆိုကတည်းက လူသတ်ရန်ကြံစည်မှု မဖြစ်ဘူးလား၊ နောက်ပြီး သူ့ကားကို ဆိုင်ကယ်က ဝင်တိုက်တယ်ထား၊ ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့မလိုဘူးလား၊ ဆိုင်ကယ်က ကားကိုတိုက်သွားတယ်ဆိုတာကရော ယုတ္တိတန်ရဲ့လား၊ သူ့ကားမှာလည်း ဘာဒဏ်ရာမှမရှိဘဲ တိုက်သွားတယ်ချည့် လုပ်နေတာ၊ အမှန်က ဒီလိုဗျ၊ ကားက စလိုးဒေါင်းကျော်နေတို့ ဆိုင်ကယ်က

www.burmeseclassic.com




သူ့ကားကို ကျော်တက်မောင်းသွားလို့ ကျော်ရပါ့မလားဆိုပြီး နောက်ကနေ တရကြမ်း လိုက်တိုက်တော့တာပဲလို့ သိရတယ်''

''ဪ.....ဖြစ်မှဖြစ်ရလေ၊ ကိုယ့်လိုကားမစီးနိုင်လို့၊ ကိုယ့်ထက် အဆင့်နိမ့်လို့ ဆိုင်ကယ်စီးတာပေါ့၊ စာနာမှုရှိသင့်တာပေါ့၊ တစ်ဦးချင်းဝင်ငွေချင်းလည်းမတူဘူး၊ ဘဝချင်းလည်းမတူဘူး၊ တစ်နည်းဆိုရရင် ကြီးနိုင်ငယ်ညှဉ်းမဖြစ်ပေဘူးလား''

''အဲဒါပြောတာပေါ့၊ နောက်ပြီး တာဝန်ရှိသူတွေကိုလည်း နင်ပဲငဆ သွားအော်တယ်ဗျာ၊ တာဝန်ထမ်းဆောင်ချိန်ဆိုရင် ဝတ္တရားနှောင့်ယှက်မှုကအကျုံးဝင်နေပြီ၊ သူကိုယ်တိုင်က မူးနေပြန်တယ်ဆိုတော့ မူးယစ်သူက စိတ်ငြိုငြင်အောင်ပြုလုပ်ရင်လည်း တရားစွဲနိုင်တယ်၊ မူးယစ်ရမ်းကားပြီဆိုကတည်းက သူ့ကို အရေးယူလို့ရတဲ့ ပုဒ်မတွေရှိနေပြီ မဟုတ်ဘူးလား''

ယာဉ်မောင်းက ကျွန်တော့်ကို မဟုတ်ဘူးလားဟုပြောသဖြင့် ဟုတ်တာပေါ့ဟု တရားထောက်လုပ်လိုက်ရသည်။ အမှန်တကယ်တော့ ကျွန်တော့်အနေဖြင့် ဘာမှမသိ။ သို့သော် တာဝန်ထမ်းဆောင်နေသူများကို ထိုသို့လုပ်ရဲ၊ ကိုင်ရဲ၊ ပြောရဲ၊ ဆိုရဲဖြင့် လက်ရဲဇက်ရဲလုပ်သူကိုတော့ ကျွန်တော် မနှစ်သက်။ တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်လည်း သူတို့ဘဝရပ်တည်နိုင်ရေး၊ မိသားစုဥမကွဲသိုက်မပျက် ရပ်တည်နိုင်ရေး စသည့်အကြောင်းများကြောင့်သာ သဘောထားကြီးကြီးထားပြီး ကြံ့ကြံ့ခံနေသည်ဟုထင်သည်။ လူလူချင်းအနေဖြင့်တော့ ဤသို့ တင်စီးပြောဆို ဆက်ဆံခြင်းကို မည်သူမျှသည်းခံနိုင်မည်မဟုတ်။ အသက်အရွယ်ကြီးပြီဖြစ်သည့် ကျွန်တော်ပင်လျှင် ရွယ်တူလျှင် ငယ်မူပြန်လိုက်ချင်သေးသည်။ တစ်ခဏတာကြုံလိုက်ရသည့်ဘဝတစ်ခုက ခင်ညွန့်ရီ သီဆိုထားသည့် မေ့ဘဝ ခဏဘယ်သူယူပါ့မယ်ဆိုသည့်သီချင်းလို ဘဝတစ်ခုမှ အခြားဘဝတစ်ခုထဲသို့ ခဏဖြစ်ဖြစ် ဝင်ခံစားကြည့်စေချင်သည်။ အိမ်ပြန်ရောက်၍ မိသားစုနှင့်တွေ့ဆုံပြီး ပင်ပန်းလာသမျှတစ်ဝကြီး အိပ်စက်လိုက်မည်ဟု ကြုံးဝါးထားသော်လည်း မျက်စိကြောင်ကာ အတွေးခေါင်နေမိတော့သည်။

လေးစားစွာဖြင့်

မောင်[illegible]နိုင်

www.burmeseclassic.com

www.burmeseclassic.com

ဗိုးနီတာ လူသားထဲက
လူတစ်ယောက်ပါ။
လူတွေထဲမှာ အဆိပ်သုံးမျိုး
အဆိပ်ခံနေရတဲ့ လူတွေလည်း ပါပါတယ်။
လောဘဆိုတဲ့ အဆိပ်၊
ဒေါသဆိုတဲ့ အဆိပ်၊
မောဟဆိုတဲ့ အဆိပ်၊
ဒါတွေသာ လွှမ်းမိုးခံရပြီဆိုရင်
လူ့ဘဝရဲ့အဓိပ္ပာယ်နဲ့ ရည်မှန်းချက်၊
မျှော်လင့်ယုံကြည်မှုတွေဟာ
ပျက်ပြယ်သွားကြမှာပါပဲ...



# အောင်ကျော်ပြုံး

## ကံကြမ္မာရဲ့ပစ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ကြားဘူးပြီးသားဖြစ်တဲ့စကားကိုပဲ ပြောပါမယ်။ ပြဿနာတွေကို အပေါ်စီးကနေ အမြဲကြည့်ပါ၊ ပြဿနာတစ်ခုကို နောက်ကနေရှင်းဖို့ ဘယ်တော့မှ မကြိုးစားပါနဲ့ဆိုတာလေ။ လူမှန်ခဲ့ရင်တော့ပြဿနာတစ်ခုခုကတော့ ရှိစမြဲပါပဲ။

ရှိခဲ့ဘူးတဲ့ ပြဿနာကို မှန်မှန်ကန်ကန်၊ ရိုးရိုးသားသားနဲ့ ဖော်ထုတ်နိုင်ခဲ့ရင် အဲသည်ပြဿနာရဲ့ တစ်ဝက်ကို ဖြေရှင်းပြီးပြီလို့ပဲ ယူဆရလိမ့်မယ်။ ပြီးတော့လည်း အဲသည်ပြဿနာကို မြန်မြန်ဆန်ဆန် ကျော်လွှားသွားနိုင်ပြီလို့ ယုံကြည်ထားရမယ်။

အလုပ်လွန်ခဲ့ရင် ကျွန်ဖြစ်ရတာ များသတဲ့။ ကျွန်ဖြစ်ကာမှဖြစ်ပစေပေါ့လေ။ လုပ်စရာရှိတာကိုတော့ ကိုယ့်အသိတရားနဲ့အတူ လုပ်ရမှာကတော့ အမှန်ပါပဲ။ ဖိုးနီနေရတာက သူတစ်ယောက်တည်းမှ မဟုတ်တာ။ သူ့အပေါ်မှာ မှီခိုအားထားနေတဲ့ ဇနီးမယားနဲ့ သမီးသားတွေကလည်း ရှိသေးတာမဟုတ်လား။ သည်တော့လည်း သူတို့သူတို့အရေးတွေကို ထောက်ထားလို့ ဖိုးနီအနေနဲ့ လုပ်စရာရှိတာကိုတော့ လုပ်ရမှာပေါ့။

ဖိုးနီက လူသားထဲက လူတစ်ယောက်ပါ။ လူတွေထဲမှာ အဆိပ်သုံးမျိုး အမိခံနေရတဲ့ လူတွေလည်း ပါပါတယ်။ လောဘဆိုတဲ့အဆိပ်၊ ဒေါသဆိုတဲ့အဆိပ်၊ မောဟဆိုတဲ့ အဆိပ်၊ ဒါတွေသာ လွှမ်းမိုးခံရပြီဆိုရင် လူ့ဘဝရဲ့အဓိပ္ပာယ်နဲ့ ရည်မှန်းချက်၊ မျှော်လင့်ယုံကြည်မှုတွေဟာ ပျက်ပြယ်သွားကြမှာပါပဲ။

သည့်ထက်ပိုဆိုးတဲ့ အဆိပ်ကတော့ ကိုယ့်ကိုယ်ကိုယ် မဆင်မခြင် မတွေးတောတတ်ခြင်းပါပဲ။ ဟုတ်ပါတယ်။ ဖိုးနီက အငှားယာဉ်မောင်းရတဲ့ဒရိုင်ဘာတစ်ယောက်ပါ။ သည်ပညာကိုလည်း သူ့အဖေ မကွယ်လွန်မီက သင်ပေးထားခဲ့လို့ သူ့အနေနဲ့ အခုလို တတ်မြောက်ခဲ့ရခြင်းပါ။

ယာဉ်မောင်းဆိုပေမယ့် ဟိုင်းဝေးကားကြီးတွေကိုမောင်းတဲ့ ဒရိုင်ဘာမျိုးလိုတော့ မဟုတ်ပါဘူး။ သူနေတဲ့မြို့တွင်းထဲမှာပဲ တစ်နေကုန်မောင်းရတဲ့သူပါ။ မောင်းရတဲ့နေရာကလည်း ဈေးကြီးနဲ့ မြို့သစ်၊ မြို့သစ်နဲ့ ဈေးကြီး ဒါပါပဲ။

ဈေးကြီးနဲ့မြို့သစ်က ပြောတော့သာလွယ်တာ။ မိုင်အားဖြင့် ၃ မိုင် ၄ မိုင်လောက်ရှိပါတယ်။ နံနက်စောစော ၅ နာရီလောက်ဆိုရင် အိမ်ကနေထွက်၊ မြို့သစ်သွားဂိတ်ထိုး။ အဲသည်ကမှ ဈေးကြီးသွားမယ့် ခရီးသည်တွေကို ကိုယ့်အလှည့်နဲ့ ကားပေါ်တင်ခေါ်ပြီး ပြီးတာနဲ့ ကားကိုစထွက်။ ဒါက ဖိုးနီ နေ့စဉ်နေ့တိုင်း လုပ်နေကျအလုပ်ပါ။

ဟုတ်တယ်။ ဖိုးနီရဲ့ကားမှာ ဘယ်တော့မှ နောက်လိုက်စပယ်ယာ ထားလေ့မရှိပါဘူး။ ကားကို သူတစ်ယောက်တည်းမောင်းတာ။ ကားခကျတော့လည်း ခရီးသည်နဲ့ ဖိုးနီ နှစ်ယောက်ချင်းပဲ ရှင်းကြတာ။

စပယ်ယာဆိုတာသိတဲ့အတိုင်းပဲ။ ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူတွေလည်းရှိပါတယ်။ ဖိုးနီတို့ ဒရိုင်ဘာတွေအဖို့ ကောင်းတဲ့လူနဲ့ တွေ့ခဲ့ရင် မထောင်းသာလှပေမယ့် မကောင်းတဲ့လူနဲ့များတွေ့ခဲ့ရင် အိတ်ထဲကနေစိုက်ဖို့ ပြင်လိုက်ပေတော့။ ဒါကြောင့်မို့ စပယ်ယာဆိုရင် ဖိုးနီ မထားခဲ့တာပါ။

ဖိုးနီ အခုမောင်းနေတဲ့ကားကလည်း သူ့အပိုင်ကားမဟုတ်ပါဘူး။ ဖိုးနီယောက္ခမရဲ့ကားဖြစ်တယ်။ အဘိုးကြီးက ပင်စင်စားဆိုတော့ ငွေရေးကြေးရေး ကုန်ကုန်မပြောနိုင် စည်းကမ်းပိုင်းကအစ အင်္ဂါနှိုက်ကိုမှ တိကျတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့သမီးယူထားလို့ သမီးမျက်နှာနဲ့ ဖိုးနီကိုပေးပြီး ကားမောင်းခိုင်းထားတာပါ။ အချိန်တန်လို့ ကားမောင်းပြီး ပြန်လာခဲ့ရင် ကားကနေ တစ်နေ့လုံးရတဲ့ ဝင်ငွေတွေကို ယောက္ခမကြီးကို အကုန်ပြန်အပ်ရတယ်။ မအပ်လို့လည်း ဘယ်ရပ့်မလဲ။ ဖိုးနီတို့က ယောက္ခမနဲ့အတူ တစ်အိမ်တည်းမှာ အတူနေကြတာ မဟုတ်လား။ ပြီးတော့ တစ်အိုးတည်းစားကြတဲ့သူတွေလည်းဖြစ်တယ်။

ဖိုးနီတို့ကားလောကမှာဆောင်ပုဒ်တစ်ခုရှိလေရဲ့။ မူးရင်မမောင်းနဲ့၊ မောင်းရင် မမူးနဲ့တဲ့။ ဖိုးနီကတော့ အရက်သေစာ သောက်စားတတ်တဲ့သူ မဟုတ်လေတော့ သည့်ဆောင်ပုဒ်တွေနဲ့တော့ အနည်းနဲ့အများဆိုသလို ကင်းဝေးပါတယ်။ ဒါပေမဲ့လို့ သူစိတ်တွေ မူးဝေလာခဲ့ရင်၊ ဆိုလိုတာက ပြဿနာတစ်ခုခုကိုကြုံတွေ့ပြီဟေ့ဆိုရင် စိတ်ကိုငြိမ်အောင် မထားတတ်တာကိုက ဖိုးနီရဲ့အကျင့်ပါ။

ကားမောင်းတဲ့သူဟာ သတိအတော်ကြီးထားရတယ်။ ကားမောင်းနေလို့ အိမ်ကိုပြန်မရောက်မချင်း အချုပ်ထောင်ထဲမှာ နေရသလိုပါပဲ။ ဒါကလည်း ကားမောင်းတဲ့သူတွေ စည်းမဲ့ကမ်းမဲ့ မမောင်းရအောင် ပြုလုပ်ထားတဲ့သဘောပါ။

စည်းကမ်းကို လိုက်နာခဲ့ရင် ဘာအန္တရာယ်မှလည်း မကြုံတွေ့ရပါဘူး။ ကားမောင်းတဲ့အလုပ်ကလည်း အပြောသာလွယ်တာ၊ အလုပ်ကျတော့ တကယ့်ကိုခက်တာ။ ကိုယ်ကိုယ်တိုင် မောင်းကြည့်မှ သိရမှာပါ။ ဖိုးနီကတော့ ဘယ်တော့မှ သူ့ကားကို လက်လွှတ်စပယ် မမောင်းခဲ့ပါဘူး။ ယောက္ခမပစ္စည်းဖြစ်ပေမယ့်လို့ ကိုယ့်ပစ္စည်း၊ ကိုယ့်ကားလိုပဲ သဘောထားတယ်။

ဖိုးနီရဲ့ဘဝမှာယာဉ်နဲ့ပတ်သက်လို့ ဘယ်တော့မှ အမှုကြီး၊ အမှုငယ် မဖြစ်လိုပါဘူး။ ပြဿနာကို ကြိုပြီးကြောက်လေ၊ ကောင်းလေပဲဥစ္စာ။ ဖိုးနီတို့ရဲ့ကားလောကမှာ မဖြစ်တန်တာတွေကို မဖြစ်ရအောင် ကြိုတင်စီစဉ်ထားရတဲ့ အရာတွေရှိတယ်။ ဒါတွေကလည်း အမြဲတမ်းလိုလို အသိ၊ သတိတွေနဲ့အတူ ဆင်ခြင်နေမှကောင်းတာ။

တစ်ခါတစ်ရံမှာတော့ ကံကြမ္မာကလည်း အသိရခက်သား လား။ ကိုယ်ထင်တာကတစ်မျိုး၊ သူလုပ်တာက တစ်မျိုး။ ဘယ်လိုနည်းနဲ့မှ တွက်ဆလို့ရတာမဟုတ်ဘူး။

အဲသည်ကံကြမ္မာကြီးကို ဘာတွေနဲ့ စောင့်ကြည့်နေမလဲ။ အသိ၊ သတိကလွဲလို့ ဘာမှမရှိပါဘူး။

ပြဿနာဆိုတာ မဖြစ်ခင်မှာသာ ကောင်းတာ၊ ဖြစ်လာပြီဟေ့ဆိုရင်တော့ သူ့အတွက်နဲ့ ပေးဆပ်လိုက်ရမယ့် အရင်းအနှီးတွေ နည်းသလားလို့။

ဖိုးနီတို့ ကားလောကမှာလည်း ပြဿနာတွေ ရှိတတ်ပါတယ်။ အထူးသဖြင့်တော့ ယာဉ်တိုက်မှုမျိုးပေါ့။ ယာဉ်တိုက်မှုဖြစ်တဲ့နေရာမှာ အကြောင်းငါးချက်ရှိတယ်။



၁။ ကားကိုမဆင်မခြင်မောင်းနှင်မှု
၂။ ပေါ့ပေါ့ဆဆမောင်းနှင်မှု
၃။ စက်ချွတ်ယွင်းမှု
၄။ မတော်တဆမှု
၅။ ခရီးသည်တို့ရဲ့ မဆင်မခြင်ပြောဆိုမှု

ဘယ်လိုအကြောင်းတွေနဲ့ပဲ ဖြစ်ပါစေ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရင်တော့ နာပြီလို့သာမှတ်။ အဲသည်ပြဿနာကြီးကို ဖြေရှင်းမှုမပြီးမချင်း ယာဉ်မောင်းတဲ့သူခမျာမှာ ဒုက္ခရောက်ရတော့တာပါပဲ။

ဖိုးနီကတော့ ယာဉ်တိုက်မှု မဖြစ်ရအောင် အစစအရာရာ ဆင်ဆင်ခြင်ခြင်နဲ့ မောင်းခဲ့တယ်။ ဖိုးနီဘဝမှာ ယာဉ်တိုက်မှု ဘယ်တော့မှ မဖြစ်စေရဘူးလို့လည်း မောင်းတင်ထားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကံကြမ္မာ၊ ဖိုးနီရဲ့ ကံကြမ္မာပေါ့။ ဖိုးနီကိုယ်တိုင်က အသိသတိတွေ အားနည်းနေလို့နဲ့တူပါတယ်။ တစ်နေ့တော့ ဖိုးနီ မဖိတ်မခေါ်ရပါဘဲနဲ့ ကံကြမ္မာဆိုတဲ့ သတ္တဝါကြီးက သူ့နောက်ပါတွေနဲ့အတူ ရောက်ချလာတယ်။

လူ့စိတ်ဆိုတာ ထိန်းချုပ်နိုင်မှ တော်ရုံကျတာ။ မထိန်းချုပ်နိုင်ခဲ့ရင်တော့ အဲသည်စိတ်ကပဲ လူတစ်ကိုယ်လုံးကို စိုးမိုးခြယ်လှယ်သွားတာပါပဲ။ မကောင်းခဲ့ရင်သာပြောတာပါ။ ကောင်းနေခဲ့ရင်တော့ ဘာပြောဖို့လိုသေးလဲ။

လူရယ်လို့ဖြစ်လာခဲ့ရင် အမှားနဲ့အမှန်၊ အမှန်နဲ့အမှားကိုတော့ သိမြင်နားလည်ရမယ်။ သည်လို သိမြင် နားလည်ခြင်းဟာ ခိုင်မြဲတဲ့စိတ်ဓာတ်ရဲ့ အခြေခံပါ။

ဖိုးနီကိုယ်ဖိုးနီ မိမိရဲ့အတွင်းစိတ်တွေကို သေသေချာချာ ဂရုပြုစစ်ဆေးဖို့ လိုအပ်တာကတော့ အမှန်ပါ။ အဲသည်လို စစ်ဆေးလိုက်လို့ ဘာမှအမှားအယွင်းတွေ မတွေ့ခဲ့ဘူးဆိုရင် ဘာတွေကိုတွေးပြီး စိုးရိမ်ရမှာလဲ၊ ပူပန်နေရမှာလဲ၊ ကြောက်ရွံ့နေရမှာလဲပေါ့။

ဒါပေမဲ့လို့ ဖိုးနီကိုယ်တိုင်က သည်အတွေးတွေ အားနည်းခဲ့လို့ သည်လိုမျိုးတွေ ဖြစ်ခဲ့ရတယ်လို့ပဲ ဆိုချင်တယ်။

အဲသည်နေ့က နေ့လယ် ၁၂ နာရီ အချိန်ကြီးမှာပေါ့။ ခရီးသည်တွေကို ဈေးကြီးပို့ဖို့ရာအတွက် မပို့သေးဘဲ ခရီးသည်တွေနဲ့အတူ သူ့ကားနဲ့ အိမ်ရှိရာကို တန်းပြီးမောင်းချလာခဲ့တယ်။ အကြောင်းကတော့ တခြားမဟုတ်ပါဘူး။

သူတို့ကားတွေကို တာဝန်ယူပေးတဲ့ ဂိတ်မှူးက ကားလိုင်စင်တွေကို စစ်ဆေးချင်တယ်ဆိုတာနဲ့ လိုင်စင်ကလည်း အသင့်ပါမလာလေတော့ လမ်းကြုံတုန်းမှာ အိမ်ဝင်ယူရခြင်းပဲဖြစ်တယ်။

**လူရယ်လို့ ဖြစ်လာခဲ့ရင် အမှားနဲ့အမှန်၊ အမှန်နဲ့အမှားကိုတော့ သိမြင်နားလည်ရမယ်။ သည်လို သိမြင် နားလည်ခြင်းဟာ ခိုင်မြဲတဲ့စိတ်ဓာတ်ရဲ့ အခြေခံပါ**

...

အိမ်ကိုရောက်တော့ ကားပေါ်မှာပါလာတဲ့ ခရီးသည်တွေကို တောင်းပန်ပြီးတော့ အိမ်ထဲကိုဝင်လို့ မိန်းမဖြစ်တဲ့သူ့ထံမှာ ဖိုးနီက ကားလိုင်စင်ကို တောင်းလိုက်တယ်။

သည်လိုတောင်းလိုက်ကာမှ မိန်းမကလည်း ဒေါကြီးမောကြီးလုပ်ပြီး.....

"ရှင့်ပစ္စည်း ရှင်ဘယ်မှာထားတယ်ဆိုတာ မသိဘူးလား၊ ကျုပ်နဲ့ရှင့်ကားလိုင်စင်ကလည်း ဘာမှပတ်သက်စရာအကြောင်းမရှိပါဘူး"

ကားမောင်းလို့ မောနေရတာကတစ်ကြောင်း၊ သူ့ပြောပေါက်ဆိုပေါက်တွေက ခွင်မကျတာကလည်း တစ်ကြောင်း၊ အရေးထဲကျမှ ကားလိုင်စင်ကလည်း ရှာမတွေ့တာကတစ်ကြောင်းကြောင့် ဒေါသဖြစ်ဖြစ်နဲ့အတူ ဖြစ်ချင်ရာဖြစ်သဘောမျိုးပိုက်ပြီး ကားပေါ်ကိုပြန်တက်လို့ ခရီးသည်တွေနဲ့အတူ ဈေးကြီးရှိရာဘက်ကို မိုင်ကုန်မောင်းပြီး ထွက်ချလာခဲ့တယ်။

အဲသည်အချိန်မှာ သူ့စိတ်ကို ဘယ်လိုမှ ထိန်းလို့မရတော့ပါဘူး။ စိတ်တွေကလည်း ယိမ်းယိုင်ပြီး မူးလဲမတတ် ဖြစ်နေပါပြီ။

မိန်းမအပေါ်မှာ ဒေါသထွက်နေတာကလည်း ပါပါတယ်။ ဒေါသလွှမ်းမိုးခြင်း ခံခဲ့ရရင် မျက်စိကို စုံ မှိတ်ပြီး ပါးစပ်ကိုဖွင့်ဟထားတဲ့။ ကောင်းလိုက်တဲ့စကား။ တကယ်တမ်းကျတော့ မျက်စိလည်း စုံမှိတ်ခဲ့ပါဘူး။ ပါးစပ်လည်း ဖွင့်မထားခဲ့ပါဘူး။ ဖိုးနီကိုယ်တိုင်က ကားမောင်း

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ဥစ္စာ။ မျက်စိစုံမှိတ်လိုက်ရင် ကားဒုက္ခဖြစ်သွားမှာပေါ့။ ပါးစပ်ကိုလည်း ဖွင့်မထားဘဲနဲ့ ဒေါသတွေပြေအောင် မနည်းအံကြိတ်ထားလိုက်ရတယ်။

အမျက်ဒေါသဆိုတာတစ်ခဏမျှ ရူးသွပ်ခြင်းပဲမဟုတ်လား။ အဲသည်တော့ ဖိုးနီမောင်းလာတဲ့ကားက ဘယ်လောက်များ အရှိန်ပြင်းသလဲတော့ မပြောတတ်။ လမ်းရဲ့တစ်နေရာရောက်တော့လမ်းပြောင်းပြန်စီးချလာတဲ့ ကောင်မလေးတစ်ယောက်ရဲ့ဆိုင်ကယ်နဲ့ သွားတိုက်မိလိုက်တယ်။

ကောင်မလေးကတော့သူ့ဆိုင်ကယ်နဲ့အတူ လမ်းမပေါ်မှာ မှောက်လျက်ကြီး လဲကျနေတယ်။ သတိမေ့နေဟန်တူပါရဲ့။ ကားပေါ်ပါလာ တဲ့ ခရီးသည်တွေဆိုတာ တကယ့်ကိုမှ မြင်လို့မကောင်းတော့ပါဘူး။

ကွဲသူကွဲ၊ ပြဲသူပြဲ၊နာတဲ့သူနာ၊ သည်အထဲမှာ ဖိုးနီလည်းပါတယ်။ ကားလက်ကိုင်နဲ့ သူ့နဖူးခိုက်မိလို့ နဖူးတောင်မှ ကွဲသွားသေးတယ်။ မွန်းတည့်နေရဲ့ အပူရှိန်နဲ့အတူ ထွက်လာလိုက်တဲ့သွေးတွေ။ မမြင်ရက်စရာပါ။

ဖိုးနီတို့ကို လာကြည့်ကြတဲ့သူတွေကလည်း အများကြီးပါပဲ။ ဖိုးနီခမျာ သူ့နဖူးက ဒဏ်ရာကိုတောင်မှ ဂရုမစိုက်တော့ဘဲ လဲကျနေတဲ့ ကောင်မလေးဆီ အရောက်သွားကြည့်လိုက်တယ်။ ဆိုင်ကယ်တစ်ခုလုံး ရစရာမရှိပါဘူး။ တစ်စီးလုံးစုတ်ပြတ်သွားလိုက်တာ။

ဒါတွေကိုကြည့်ပြီး ဖိုးနီတစ်ယောက် ကြောက်လာမိတယ်။ သည်လိုကြောက်လာမိတာနဲ့တစ်ပြိုင်နက် သူကြားဘူးခဲ့တဲ့ စကားလေးတစ်ခွန်းကို ပြန်အမှတ်ရလိုက်မိတယ်။

“အကြောင်းခြင်းရာကို မသိနားမလည်ခြင်းအား ခွင့်လွှတ်နိုင်ပေမယ့် တရားဥပဒေကို မသိနားမလည်ခြင်းအပေါ်မှာ ခွင့်မလွှတ်နိုင်ဘူး”ဆိုတာကိုပါပဲ။

တရားဥပဒေဟာ လူသားတွေကို ထာဝစဉ် ဘဝလုံခြုံမှုတွေပေးပါတယ်။ တရားဥပဒေကို ဆန့်ကျင်လာခဲ့ရင်တော့ ဆန့်ကျင်တဲ့သူရဲ့ ပြစ်မှုကြွေးတွေကို ချွေးနဲ့ပြန်ဆပ်ရအောင် တရားဥပဒေက ချုပ်ကိုင်ထားလိုက်တာပါပဲ။



လူတစ်ယောက်ရဲ့ ကံကြမ္မာဟာ သူ့ရဲ့စိတ်ထားပါ။ စိတ်ထားတွေ နုံချာနေခဲ့ရင်တော့ ကံကြမ္မာကလည်း ဝင်ရောက်လာပြီး မရောက်သင့်တဲ့နေရာရောက်တော့မှာပေါ့လေ။ နောက်ဆုံးမှာတော့ သက်ဆိုင်ရာ ရဲစခန်းမှူးရဲ့ မေးလာတဲ့ မေးခွန်းတွေကိုပဲ အဖြေပေးလိုက်ရတယ်။ အမည် – ဖိုးနီ၊ အသက် ၃၀၊ အဖ – ဦးကျားကြီး၊ နေရပ်လိပ်စာအမှတ် –ဖက်တန်းလမ်း၊ ရွာတဲရပ်ကွက်ဆိုတာကိုပါပဲ။

(ဖြစ်ရပ်မှန်တစ်ခုကို ခံစားရေးဖွဲ့ပါသည်။)

အောင်ကျော်ပြုံး

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ရွှေအဖို့ သည်နေ့နံနက် ကြားသိခဲ့ရသော မင်္ဂလာသတင်းကြောင့် သူ့ရင်ထဲမှာ ဝမ်းသာမှု၊ ပျော်ရွှင်ကြည်နူးမှုတို့ ပြည့်နှက်နေခဲ့တော့သည်။ အထူးသဖြင့် သူ့ဘဝတစ်လျှောက် အပျော်ရွှင်ဆုံးနေ့ကို ပြသပါဆိုလျှင် သည်နေ့ကိုပင် ပြသမိမှာ အမှန်ဖြစ်သည်။ သူကဲ့သို့သော သာမန်လယ်သမားတစ်ဦးအတွက် သိန်းငါးရာဆိုသော အသပြာကို အိပ်မက်ထဲမှာတောင် တွေ့ခွင့်မရနိုင်ခဲ့ပေမယ့် အဲဒီသိန်းငါးရာဆိုသည့်ငွေတွေကို နာရီပိုင်းအတွင်းမှာ ပိုင်ဆိုင်ခွင့်ရတော့မည်မို့ အိမ်နီးနားချင်းက သည်သတင်းကြားသူတွေ သူ့အိမ်ပေါ်မှာသတင်းလာမေးနေကြလေရဲ့။ အချို့က ပြော ကြသေးသည်။ "စိုင်ကော်လို့ ချုံပေါ်ရောက်ပြီ"တဲ့လေ။

သူ့အတွက် ကြားဖူးနားဝရှိခဲ့သော မြန်မာဆိုရိုးစကားတစ်ခုကို ပြေး၍သတိရမိလိုက်သေးသည်။

"လုံ့ထမ်းလာတာကို မြင်နိုင်ပေမယ့် ကံထမ်းလာတာကို မမြင်နိုင်ဘူး" ဆိုတဲ့ ဆိုရိုးစကားပင်ဖြစ်သည်။ အခု သူ့ရဲ့ဖြစ်ရပ်က လူတွေမမြင်နိုင်တဲ့ ကံထမ်းလာသည့်အဖြစ်ကို လက်တွေ့ကြုံခဲ့ရပြီဖြစ်သည်။

သည်နံနက် ၁၀ နာရီလောက်တုန်းက သူ့ရဲ့လက်ကိုင်ဖုန်းထဲကို မင်္ဂလာသတင်းရောက်လာလို့ သူကိုယ်တိုင် နားထောင်ခွင့်ရလိုက်တယ်လေ။ ဖုန်းပြောလာသူက ရန်ကုန်မြို့၊ CDMA ဖုန်း ရုံးချုပ်တာဝန်ခံ ဗိုလ်ကြီးဟောင်း မျိုးထွန်းဆိုသူဖြစ်၏။

သူတို့ရုံးချုပ်မှာ CDMA ဖုန်း (၁၀) နှစ်မြောက်အခမ်းအနားကျင်းပခဲ့ရာမှ သည်နေ့ထိ ဖုန်းဝယ်ယူထားသောလူများအတွက် ဖုန်းကံစမ်းမဲ ဖောက်ပေးခဲ့ကြောင်း၊ အဆိုပါကံစမ်းမဲကို သူ့ရဲ့အမည်နှင့် ပေါက်ခဲ့သဖြင့် ကံထူးရှင် သူ့ထံသို့ ဆင်းမ်ကတ်တစ်ခုနှင့် ဟန်းဆက်တစ်လုံး လက်ဆောင်ပို့ပေးမည်ဖြစ်ကြောင်းနှင့် ကံစမ်းမဲမှာ ကျပ်သိန်းငါးရာဖြစ်ကြောင်းတို့ပဲဖြစ်တယ်။ သည်သတင်းဟာ သူ့ဘဝရဲ့မင်္ဂလာသတင်းအစစ်ဖြစ်တာမို့ မိသားစုအားလုံး ပျော်မဆုံးနိုင်အောင် ဖြစ်နေခဲ့ရသည်။

ရုံးချုပ်တာဝန်ခံ ဗိုလ်ကြီးဟောင်း မျိုးထွန်းဆိုသူက နောက်ဆက်တွဲ ထပ်ပြောလာတာကတော့ ယခု ထုတ်ယူရန်ရှိတဲ့ သိန်းငါးရာအား ငွေဖြူအဖြစ် လဲလှယ်ရန် အခွန်ငွေပေးသွင်းရန်လိုကြောင်း၊ ငွေကျပ်တစ်ရာလျှင်လေးကျပ်နှုန်းနှင့်ဆိုတော့ ကျပ်သိန်းငါးရာအတွက် ကျပ်သိန်းနှစ်ဆယ် ပို့ပေးရမည်ဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ဒါလောက်ကတော့ အသေးအဖွဲပါ၊ ထောင်မြင်လျှင် ရာစွန့်ရမယ်မဟုတ်လား။ သူ့ဆီက သိန်းနှစ်ဆယ်ကို ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကမ္ဘောဇဘဏ်သို့ သူတို့ပေးထားတဲ့ အမည်၊ မှတ်ပုံတင်နံပါတ်အတိုင်း ပို့ပေးရမှာဖြစ်ပြီး အဲဒီငွေရောက်သွားတာနဲ့ သူ့အတွက် ငွေကျပ်သိန်းငါးရာကို သနပ်ပင်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်မှာ အသင့်ထုတ်ယူရန်သာဖြစ်သည်မို့ ကိုယ်သွင်းရမယ့် သိန်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်အတွက် မိသားစု တိုင်ပင်ဆွေးနွေးဖြစ်ကြ၏။

"မိန်းမရေ မင်းဆွဲကြိုးလေး ခဏပေါင်ရမယ်နော်"

ကိုကျော်ရွှေထံမှ ဆွဲကြိုးပေါင်ဖို့စကားကြားတော့ ဇနီးဖြစ်သူ မရင်မေက အပြုံးမျက်နှာဖြင့် ပြန်ဖြေခဲ့သည်မှာ.....

"ရပါတယ်တော်၊ နာရီပိုင်းအတွင်း ပြန်ရွေးရမှာပဲလေ၊ ဒါပေမဲ့ ကျွန်မဆွဲကြိုးတစ်ကုံးတည်းနဲ့တော့ မရဘူး၊ သမီးဆီက လက်ကောက်နဲ့ဆွဲကြိုးပါ ခဏငှားမှပြည့်မယ်"

"ဒါလေးများအမေရယ်၊ အခုပဲ ချွတ်ပေးလိုက်ပါ့မယ်"

မိဘနှစ်ပါး၏အနီးတွင်ထိုင်ရင်း အနာဂတ်မိသားစုဘဝအတွက် ပီတိအဟုန်ခံစား၍ နားဆင်နေသူ သမီးသီတာကျော်က သွက်လက်မြန်ဆန်လှစွာ သူမ၏လည်တိုင်မှ ဆွဲကြိုးနှင့် လက်ကောက်နှစ်ရံအား ဖြုတ်ယူပြီး ကိုကျော်ရွှေလက်ထဲသို့ ပေးအပ်ခဲ့သည်။

"ကျေးဇူးပဲ သမီးရေ၊ ပိုက်ဆံထုတ်ပြီးရင် ဒီ့ထက်ကောင်းတဲ့သမီးစိတ်ကြိုက်လေးတွေ ထပ်ဝယ်ပေးဦးမယ်နော်"

ကိုကျော်ရွှေက သမီးထံမှ လက်ဝတ်ရတနာများအား လှမ်းယူရင်း သမီးဖြစ်သူ စိတ်အားငယ်မှာစိုး၍ နှစ်သိမ့်စကားဆိုလိုက်သည်။ သူတို့မိသားစုအားလုံး အနာဂတ်လူနေမှုဘဝကိုတွေးပြီး ပျော်ရွှင်ခြင်းများစွာဖြင့် လူစုခွဲလိုက်ကြလေ၏။

+ + +



သူတို့နေတဲ့ အောင်ဘောဂရွာမှ ပွဲထောင်ရေယာဉ်ဖြင့် ကိုကျော်ရွှေတို့ ဇနီးမောင်နှံ ထွက်ခဲ့ကြပြီး သနပ်ပင်မြို့ရောက်တော့ ပဲခူးမြို့သို့ ထွက်မည့် သနပ်ပင်ကားကို တစ်ဆင့်ပြောင်းစီးခဲ့ကာ ရွှေမော်ဓောဘုရားလမ်းမှာရှိတဲ့ ကမ္ဘောဇဘဏ်သို့ အသော့နှင်ခဲ့ကြသည်။

ဗိုလ်ကြီးဟောင်း မျိုးထွန်းဆိုသူ ပေးထားသော မှတ်ပုံတင်အမှတ် ၁၄/ဇလန (နိုင်) ၁၁--- ရဲ့ပိုင်ရှင် ဦးနေခြည်စိုးဆိုသူထံ ငွေကျပ် သိန်းနှစ်ဆယ်အား ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကမ္ဘောဇဘဏ်သို့ ငွေလွှဲပို့ခဲ့လေသည်။

သူတို့ဘက်ကဆောင်ရွက်စရာပြီးသွားပြီမို့ သနပ်ပင် မြန်မာ့စီးပွားရေးဘဏ်သို့ အချိန်မီပြန်ပြေးရဦးမှာဖြစ်တာကြောင့် သနပ်ပင်ကားဂိတ်သို့ ထွက်ခဲ့ကြ၏။ မကြာမီ ငွေကျပ်သိန်းငါးရာ ရတော့မှာဖြစ်တာကြောင့် ဘဏ်မပိတ်မီရောက်နိုင်ဖို့ အရေးကြီးတယ်မဟုတ်ပါလား။

ကားပေါ်တက်ရန်ပြင်တုန်း ဇနီးသည် မရင်မေရဲ့ပြောစကားကြောင့် ကိုကျော်ရွှေ ခြေလှမ်းများရပ်တန့်သွားမိသည်။

"ကိုကျော်ရေ သနပ်ပင်ဘဏ်ကငွေဆိုတာ နောက်နေ့မှထုတ်ရင်လည်း ရတယ်နော်၊ လောလောဆယ် ရန်ကုန်က ငွေပြန်ပို့၊ မပို့ ဖုန်းဆက်ကြည့်ပါဦးလား"

ဇနီးမရင်မေကို ကျေးဇူးတင်မိသည်။ သူမ ပြောသကဲ့သို့ ရန်ကုန်မှ ငွေပြန်ပို့ထားသလားဆိုသည်က အဓိကမဟုတ်လား။ ကိုကျော်ရွှေက သူ့အိတ်ကပ်ထဲမှ လက်ကိုင်ဖုန်း

**တိတ်ဆိတ်ငြိမ်သက်နေသည့် အောင်ဘောဂရွာလေးက**
**သူတို့ဇနီးမောင်နှံအား လှောင်ပြောင်နေကြပေလိမ့်မည်။**
**လောဘကြီးသူတွေ ခံကြပေဦးဟုများဆိုလေမလား...**

www.burmeseclassic.com



လေးဖွင့်ပြီး သူ့ထံဆက်သွယ်လာသော CDMA ရှုံးချုပ်က ဗိုလ်ကြီးဟောင်း မျိုးထွန်းဆိုသူထံ ခေါ်လိုက်သည်။ တစ်ဖက်က ဖုန်းပိတ်ထားကြောင်း သိရ၏။ သည်လောက်အရေးကြီးနေချိန် ဘာကြောင့်ဖုန်းပိတ်ထားရပြန်တာလဲ။ နံပါတ်များလွဲနိုပ်နေမိသလား ပြန်စစ်ကြည့်၏။

သေချာသည်မှ တစ်လုံးမှမလွဲ။ ယခင်သူခေါ်ခဲ့သည့် ၀၉၄၂၀--။ ခက်ချေပြီ။ တစ်ကြိမ်မရ တစ်ကြိမ်နှင့် ဆယ်ကြိမ်ထိ ခေါ်ပြန်သော်လည်း အဖြေက ဖုန်းပိတ်ထားသည်သာဖြစ်သည်။ လမ်းဘေးဖုန်းဖြင့်ခေါ်ကြည့်သည်။ ထိုနည်းလည်းကောင်းပင်။ ကိုကျော်ရွှေအဖို့ ရင်ထဲမှာ ဗလောင်ဆူနေခဲ့ပြီဖြစ်ပေမယ့် ဇနီးသည် မရင်မေတစ်ယောက် စိတ်ထိခိုက်မှာစိုးရိမ်၍ ဘာစကားမှ မပြောဖြစ်ခဲ့။

သူ့ရင်ထဲမှာ သိနေတာကတော့ လူလိမ်ခံလိုက်ရပြီဆိုတာပဲဖြစ်သည်။ သူ့အတွက် အားကိုးတကြီး ဆောင်ရွက်ရမှာ တစ်ခုပဲရှိသည်။ ကမ္ဘောဇဘဏ်သို့ အမြန်သွား၍ ငွေထုတ်ပြီး၊ မပြီး ရန်ကုန်ဘဏ်ကို လှမ်းမေးခိုင်းရမှာပဲဖြစ်သည်။ သူတို့လင်မယား ကမ္ဘောဇဘဏ်သို့ရောက်ပြီး တာဝန်ရှိသူထံ စုံစမ်းကြည့်တော့ ကြားရ၊ ကြားရနားဝမသက်သာ ဖြစ်ကြရလေပြီ။

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကမ္ဘောဇဘဏ်မှ သူပို့လိုက်သော ငွေကျပ်သိန်းနှစ်ဆယ်ကို လာရောက်ထုတ်ယူသွားပြီဆိုတဲ့အကြောင်း သတင်းစကားဖြစ်သည်။ လင်မယားနှစ်ယောက်လုံး မျက်နှာပေါ်တွင် ချွေးများစီးကျနေကြပြီး ရှက်စိတ်၊ ဒေါသစိတ်တို့က သူတို့ရဲ့ရင်အစုံသို့ လွှမ်းမိုးသွားခဲ့ကြပြီဖြစ်သည်။ သူတို့လင်မယား သိန်းငါးရာပိုက်ပြီး ပြန်လာမယ့်သတင်းကို စောင့်မျှော်နေကြမည့် သမီးသီတာကျော်နှင့် အိမ်နီးနားချင်း ရွာသားများအား ဘယ်သို့ဘယ်ပုံ ပြန်ပြောပြရတော့မည်နည်း။

+++

ညမှောင်မှပဲ အိမ်ပြန်ဝင်ရန်ဆုံးဖြတ်ကြသည်။

သူတို့အဖို့ အားကိုးစရာတစ်ခုဖြစ်သော ကူညီပါရစေဆိုသည့် သနပ်ပင်မြို့မရဲစခန်းသို့ဝင်၍ဖြစ်စဉ်ပြောပြပြီး အမှုဖွင့်တိုင်တန်းခဲ့လေသည်။

ပွဲထောင်ရေယာဉ်ဂိတ်တွင် ပွဲထောင်များမရှိတော့ပေ။ အချိန်က ည (၁၀)နာရီကျော်ခန့်ဖြစ်သည်။ သူတို့အကြောင်း လုံးဝမသိသေးသော စက်ကုန်းပိုင်းအသိတစ်ယောက်၏ ပွဲထောင်အကူအညီဖြင့် ရွာသို့ပြန်ခဲ့ပြီး ရွာထိပ်တွင် အသာဆင်း၍ တုန်ယင်နေသော ခြေလှမ်းများဖြင့် နေအိမ်သို့ လှမ်းဖြစ်ခဲ့ကြ၏။

တိတ်ဆိတ်ငြိမ်သက်နေသည့် အောင်ဘောဂရွာလေးက သူတို့ဇနီးမောင်နှံအား လှောင်ပြောင်နေကြပေလိမ့်မည်။ လောဘကြီးသူတွေ ခံကြပေဦးဟုများဆိုလေမလား။ ကိုကျော်ရွှေရဲ့အတွေးကမ္ဘာထဲမှာတော့ သမီးသီတာကျော်၏လည်တိုင်နှင့် လက်ကောက်ဝတ်ပေါ်မှာ လိုအပ်နေသည့် ဆွဲကြိုးနှင့် လက်ကောက်များအတွက် ခိုင်းနွားတစ်ရှဉ်းနဲ့ လယ်မြေအချို့ ရောင်းချရမည့်အရေးကို တစိမ့်စိမ့်တွေးမိရင်း ကြေကွဲဝမ်းနည်းစွာ ခံစားနေမိပါတော့သည်။

**ဝန်ခံချက်။ ။ သနပ်ပင်မြို့မရဲစခန်း၊ (ပ) ၁၁၉/၂၀၁၃၊ ပြစ်မှုပုဒ်မ ၄၂၀ အမှု အား ကာယကံရှင်များနှင့် နေရပ်လိပ် စာအမည်ပြောင်းပြီး မှုရင်းအတိုင်း ခံစား ရေးဖွဲ့ပါသည်။**

အောင်ရဲကျော်(မှုခင်း)

www.burmeseclassic.com

www.burmeseclassic.com





# မောင်ဝွန်းညွန့်

(ကွမ်းခြံကုန်း)

# ရုပ်ကိုခေါ်ဆောင်သွားသောစိတ်

www.burmeseclassic.com

www.burmeseclassic.com



"စိတ်နယ်လွန်"ဆိုသောစကားလုံးကို ယခုနှစ်ပိုင်းတွင် အသုံးများလာသည်ကို တွေ့ရသည်။ ထိုစိတ်နယ်လွန်နှင့်ပတ်သက်သည့် ဖြစ်ရပ်ဆန်းတို့ကိုလည်း နိုင်ငံတကာ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ရုပ်ရှင်များ၊ ရုပ်မြင်သံကြားများမှ ကောင်းနိုးရာရာ ရွေးချယ် ရေးသားကြသည်ကိုလည်း စိတ်ဝင်စားဖွယ်ရာ တွေ့လာရ၏။ စိတ်ဝင်စားစရာ ကောင်းဘိသကဲ့သို့ အံ့ဩမိရင်း ဗဟုသုတလည်း ရမိသဖြင့် ရေးသားသူတို့ကို ကျေးဇူးတင်မိပါ၏။

အနောက်နိုင်ငံသားတို့သည် ဒြပ်မရှိသောစိတ်ကို လွန်စွာအရေးမထားဘဲ လက်တွေ့ရုပ်ဝတ္ထု၏ သက်ရှိ၊ သက်မဲ့ အခြေအနေတို့ကိုသာ ပိုမိုတိုးတက် ကြီးပွားထွန်းကားရန် အားထုတ်လာကြသည်။ ရုပ်ဝတ္ထုလောကနှင့် သတ္တလောကကြီး၏ ရှေ့သို့ချီနေသော တိုးတက်ထွန်းကားမှု အရှိန်အဟုန်ကို ပိုမိုမြင့်မားလာရန် အမြဲတစေလည်းအားထုတ်ကြ၏၊ ကြိုးစားကြ၏၊ လှုံ့လပြုကြ၏။ သင်းတို့ကား အာဂလူသားများပါပေ။

သို့တစေ သူတို့ဆီက 'ဖရွိုက်' သည် ဆိုက်ကိုလော်ဂျီခေါ် စိတ်ပညာကို ကမ္ဘာတည်မည့် ပညာတစ်ရပ်အဖြစ် အခိုင်အမာ ပြုစုခဲ့ပြီးဖြစ်သည်။ ကားလ်မတ်စ်နှင့်အိန်ဂျယ်လ်တို့က (Materialism)ခေါ် ရုပ်ဝါဒကို ပြုစုဘိကြသကဲ့သို့ ဖရွိုက်သည်စိတ်ပညာကို ကမ္ဘာသို့ ပျံ့နှံ့စေခဲ့သည်မှာ အထင်အရှားဖြစ်၏။

ယခု တစ်ဖန် Psychology ဆိုက်ကိုလော်ဂျီခေါ် စိတ်ပညာမှလည်း တစ်ဆင့်တက်၍ Parapsychology ပါရာဆိုက်ကိုလော်ဂျီခေါ် စိတ်နယ်လွန်ဟု မြန်မာမှုပြုသော စကားလုံးတစ်လုံးသည် သူတို့ထံမှ ကျွန်ုပ်တို့ထံသို့ ရေတစ်တန်၊ ကုန်းတစ်တန်ဖြင့်ရောက်လာခဲ့ပြန်သည်။ ထိုစိတ်နယ်လွန်နှင့်ပတ်သက်ယှက်နွယ်သည့် အဖြစ်ဆန်းတို့ပါ အေဘီစီမှ မြန်မာဗျည်း (၃၃)လုံးသို့ သရသံနှင့်ရော၍ စာဖတ်သူကို အံ့ဩစေခဲ့ပြန်ပြီဖြစ်၏။

ကျွန်ုပ်တို့ မြန်မာလူမျိုးသည် စိတ်ကိုများစွာအဓိကထားသည့် လူမျိုးဖြစ်သည်။ ဘာသာတရားကလည်း စိတ်ကိုပင် အားပြု၍ဟောသည်။ စိတ်၏အစွမ်း၊ စိတ်၏သတ္တိ၊ စိတ်၏နယ်ပယ်၊ စိတ်ကျင်လည်ရာ အဆိုးနယ်၊ အကောင်းနယ် စသည် စသည်ဖြင့် စိတ်ကိုသီးသီးသန့်သန့်၊ ခွံ့ခွံ့ညားညား နေရာပေးထား၏။ စာရေးသူတို့ ဘာသာတရားတွင် စိတ်၏အခန်းကဏ္ဍသည် များစွာပင်ကြီးမားချေ၏။ ထိုသို့ ခွံ့ထည်ကြီးမားနေရာယူထားရလောက်အောင်ကို စိတ်ကလည်း အစွမ်းသတ္တိ၊ တန်ခိုးအပြည့်နှင့်ဖြစ်နေသည်။ စိတ်၏တန်ခိုးသတ္တိနှင့် အာနိသင်သည် အချို့နေရာများ၌ ကာယဝတ္ထု ရုပ်အစုကိုပင် လွှမ်းမိုးကျော်လွှားသွားတတ်သည်မှာလည်း သာဓကများစွာရှိချေ၏။

စိတ်သည် လူအပါအဝင်သက်ရှိတို့ကို ကိုင်လှုပ်ကစား မွှေ့ယမ်းသွားတတ်သည်မှာလည်းသက်သေတစ်ပုံတစ်ပင်ရှိသည်။ အလင်းစိတ်နှင့် အမှောင်စိတ်၊ ကောင်းစိတ်နှင့် မကောင်းစိတ်တို့၏ အားအနည်းအများကိုလိုက်၍ လူတို့ပြောင်းလဲတတ်ကြသည်မှာလည်းဓမ္မတာတစ်ခု၊ နိယာမတစ်ရပ်ကဲ့သို့ ဖြစ်နေပြီဖြစ်၏။

ထို့ကြောင့် ဓမ္မပဒ ပါဠိတော်၌ စိတ်ကောင်းသည် မြင့်မြတ်သည်ထက် မြင့်မြတ်အောင် ပြုလုပ်တတ်၏။ မိဘဆွေမျိုးများကသော်လည်း ဤကဲ့သို့ ပြုလုပ်နိုင်ကြသည်မဟုတ်ပေ။

စိတ်ယုတ်မာသည် ယုတ်ညံ့သည်ထက် ယုတ်ညံ့အောင် ပြုလုပ်တတ်၏။ ခိုးသူ၊ ရန်သူတို့ အချင်း

www.burmeseclassic.com



ချင်းသော်လည်း ထိုကဲ့သို့ ပြုလုပ်နိုင်ကြသည်မဟုတ်ပေဟု အထင်အရှား ပြဆိုခဲ့ခြင်းဖြစ်သည်။

စိတ်၏ပင်ကိုသဘောသည် ကိုယ်တွင်းရှိ ကိလေသာတို့၏ စိတ်၏ ဇာတိသဘောဖြစ်သည်။ ပြုပြင်ကြံစည်မှုကြောင့်သော်လည်းကောင်း၊ မနောဝိညာဉ်တွင် သိလင်းကြံစည်မှု ထင်ဟပ်လာသောကြောင့်လည်းကောင်း သုစရိုက်၌ တစ်ခါတစ်ရံ ရစ်ဝဲစွဲထင်မှုသည် စိတ်၏ အာဂန္တုသဘောဖြစ်သည်။ အများအားဖြင့်မူ စိတ်သည် **"ပါပသ္မိံ ရမတိ မနော"** ဟူဘိသကဲ့သို့ မကောင်းမှု၌သာ ဇာတိသဘောအရ မွေ့လျော်တတ်ချေ၏။

မည်သို့ပင် ဆိုစေကာမူ စိတ်သည် ထာဝရဆိုသလို တန်ခိုးစွမ်းအင်ကြီးစွာဖြင့် ရုပ်ကို ရှေ့ဆောင်သည်မှာ သံသယဖြစ်စရာ မရှိပေ။

**"မနောပုဗ္ဗင်္ဂမာ ဓမ္မာ"**ဟု ဟောတော်မူသည့်အတိုင်းခန္ဓာကိုယ်တစ်ခုလုံးတွင် ခေါင်းဆောင်ဦးစီး အကြီးအမှူးကား စိတ်သာလျှင်ဖြစ်သည်။ စိတ်သည် ရုပ်၏ရှေ့ပြေး၊ ရုပ်သည် စိတ်၏နောက်လိုက်ဟု ဆိုလျှင် ရမည်သာဖြစ်သည်။

ယခုအသုံးများ ကျယ်ပြန့်လာသည့် စိတ်နယ်လွန်ဆိုသည်မှာ စိတ်စွမ်းအင်၊ စိတ်တန်ခိုး၊ စိတ်၏အာနိသင် ကြီးမားလွန်ကဲပြီး သာမန်စိတ်မှသည် တစ်ဆင့်တိုးအဆင့်မြင့်စိတ်ဖြစ်သွားကာ ထိုစိတ်၏ စေပါးရာနောက်သို့ ရုပ်ခန္ဓာက လိုက်ပါသွားရပြီး မှားမှန်း၊ မှန်မှန်းမသိ လှုပ်ရှားမိသည့် သာမန်မဟုတ်သော အဖြစ်အပျက်မျိုးကိုပင် ဆိုလိုခြင်းဖြစ်တန်ရာသည်ဟု ပြောရမည်ထင်၏။

စိတ်စွမ်းအင်ကြီးမားလွန်းသောကြောင့် စိတ်နောက်ကိုယ်ပါ ဖြစ်သွားရသော အဖြစ်ဆန်းမျိုးကိုပင် စိတ်နယ်လွန်ဖြစ်ရပ်ဆန်းဟု **နာမကာရထာ** ပြုရလျှင် ရမည်ထင်၏။

ထို့အတူ စိတ်စွမ်းအင် ကြီးမားလွန်းသောကြောင့်စိတ်နောက်ကိုယ်ပါဖြစ်ခဲ့ကာ သေလုဆဲဆဲ၊ သေအံ့မူးမူးမှ အသက်ချမ်းသာရာရခဲ့ရသူတစ်ယောက်၏စိတ်နယ်လွန်ဖြစ်ရပ်ဆန်းတစ်ခုကိုပါ ဖော်ပြလိုပါ၏။

**စိတ်သည် ဒြပ်မရှိပါ။**
**ဝတ္ထု အကောင်အထည်**
**ကင်းပါသည်။**
**စိတ်တွင်**
**အရောင်လည်းမရှိပါ။**
**သို့သော် ဤစိတ်နယ်လွန်**
**အဖြစ်ဆန်းသည်**
**စိတ်၏တန်ခိုးစွမ်းအင်**
**ကြီးမားပုံကို**
**ထင်ရှားစေသည်**
**. . .**



www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်အပျက်ကို ဖတ်မှတ်ခဲ့ဖူးသည်မှာ ကြာမြင့်လှပြီဖြစ်သောကြောင့် အမည်နာမတို့ကို အစဖော်မရတော့ပါ။ အဖြစ်အပျက်မျှကိုသာ ဖော်ပြပါမည်။

နနန

သင်္ဘောကြီးတစ်စင်းသည် ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် ခုတ်မောင်းနေသည်။ ထိုသင်္ဘောသည် ရေနက်ပိုင်းတွင်ခုတ်မောင်းနေသည် ဖြစ်သောကြောင့် သူနှင့်အနီးဆုံး ကမ်းခြေမြို့သည် အနည်းဆုံး မိုင် (၆၀၀)ကျော်တွင်ရှိသည်။

သင်္ဘောကပ္ပတိန်ကို မစ္စတာရောဘတ်ဟု မှတ်ကြပါစို့။

မစ္စတာရောဘတ်သည် သူ၏သင်္ဘောပေါ်မှ သင်္ဘောသားမှအစ ထမင်းချက်အဆုံး လူ (၂၀၀)နီးပါး၏ ရုပ်ကိုမှတ်မိသည်၊ အမည်ကို အလွတ်ရသည်။ အသီးသီး၏စာရိတ္တနှင့် မိဘတို့ကိုပါ သိသူဖြစ်သည်။ မစ္စတာရောဘတ်သည် ဤမျှတော်သူဖြစ်သည်။

သူသည် ည ၇ နာရီမှစ၍ အရက်သောက်သည်။ ဆေးပြင်းလိပ်ကိုလည်းသောက်သည်။ ည ၇ နာရီ မထိုးမချင်း အရက်နှင့် ဆေးပြင်းလိပ်ကို သူ တို့ပင်မတို့။ ဤမျှ စည်းကမ်းကြီးသည်။ ည ၇ နာရီတွင် အရက်နှင့်ဆေးပြင်းလိပ်သောက်သည်။ ည ၉ နာရီတွင် ညစာသုံးဆောင်ပြီး အိပ်သည်။ နံနက် ၅ နာရီ တွင် အိပ်ရာမှထသည်။ တာဝန်စတင်ထမ်းဆောင်သည်။

တစ်ည.....

ည ၇ နာရီခွဲခန့်တွင် မစ္စတာရောဘတ်သည်အရက်သောက်ရင်း၊ ဆေးပြင်းလိပ်ရှူရင်း ပင်လယ်ရေကြောင်းပြမြေပုံကြီးကို ကြည့်နေစဉ် လူတစ်ယောက် သူ့အခန်းရှေ့မှ ဖြတ်လျှောက်သွားသည်ကို သူတွေ့လိုက်သည်။ သူ ချက်ချင်းထွက်ကြည့်သည်။ ထိုလူမရှိတော့။

သူ သိပ်အံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် စောစောက ဖြတ်လျှောက်သွားသောသူသည် သူ့သင်္ဘောပေါ်မှလူ လုံးဝမဟုတ်သောကြောင့်ဖြစ်သည်။ မှန်သည်။ ရောဘတ်သည် သူ့သင်္ဘောသားများ၏ အမည်နာမ၊ စာရိတ္တကိုသာမက အသားအရောင်နှင့် ပုံပန်းသဏ္ဌာန်ကိုပါ သိထားသူဖြစ်သည်။ အားလုံးကို မစ္စတာရောဘတ်က အလွတ်ရထားသည်။ သို့သော် စောစောက ဖြတ်လျှောက်သွားသူသည် သူ့သင်္ဘောပေါ်ကလူ လုံးဝမဟုတ်။

သို့ဆိုလျှင် ကမ်းခြေနှင့် အနီးဆုံး မိုင် (၆၀၀)ကျော်မှ ခုတ်နေသော သူ့သင်္ဘောပေါ်သို့ မည်သူသည် မိုးပေါ်က ကျလာပါသနည်း။

"ငါ အရက်နဲ့ဆေးလိပ်တွေ သောက်တာများလို့ ကယောင်ကတမ်းဖြစ်တာများလားသိရအောင် မနက်ဖြန်ည အရက်နဲ့ဆေးလိပ် မသောက်ဘဲ စောင့်မယ်"

ထိုသို့ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်သည့်အတိုင်း နောက်နေ့ညတွင် အရက်မသောက်၊ ဆေးပြင်းလိပ် မရှူဘဲ သတိကြီးစွာထား၍ စောင့်သည်။ အချိန်မှန် ခြေသံကြားရသည်။ ရောဘတ် တုတ်တုတ်မျှ မလှုပ်။

လူတစ်ယောက် သူ့အခန်းဝတွင် ဘေးတိုက်လာရပ်သည်။

မှန်သည်။ ထိုသူသည်သင်္ဘောပေါ်ကလူ လုံးဝမဟုတ်ပါ။ မစ္စတာရောဘတ်ကြီး အံ့သြချွေးပြန်နေဆဲတွင် အခန်းဝ၌ လာရပ်နေသူသည် သူ့ဘက်ကိုလှည့်သည်။ နောက် အခန်းထဲဝင်လာပြီး ရောဘတ်ကို အသနားခံသောအကြည့်ဖြင့်ကြည့်သည်။ ရောဘတ်ကလန့်သွားသည်မှာ ထိုသူ၏မျက်နှာကိုဖြစ်သည်။ ထိုသူ၏မျက်နှာသည်အသက်ထွက်လု ဆဲဆဲ မျက်နှာအတိုင်း ဟောက်ပက်ခွက်ဝင် ဖြူရော်ပိန်ချုံးနေသည်။ အသက်ထွက်ရန် တစ်စက္ကန့်အလို ဝေဒနာပြင်းပြစွာ ခံစားနေရသည့် မျက်နှာထားမျိုးဖြစ်သည်။

"မင်း.....မင်း ဘယ်သူလဲ"

ရောဘတ်က မေးနေဆဲမှာပင် ထိုသေခါနီးမျက်နှာပိုင်ရှင်သည် စားပွဲပေါ်မှ ခဲတံနီပြာကို ကောက်ယူလိုက်ပြီးပစိဖိတ်သမုဒ္ဒရာတစ်နေရာကို ပင်လယ်ရေကြောင်းပြမြေပုံကြီးပေါ်တွင် မင်နီဖြင့် ထောက်ပြလိုက်သည်။ ရောဘတ် ကြည့်နေဆဲ၊ အံ့သြနေဆဲမှာပင် ထိုသူသည် လေတိုက်ခံရသည့် မီးခိုးများလို တဖြည်းဖြည်း ပျောက်သွားတော့သည်။

မစ္စတာရောဘတ် ပျာယာခတ်သွားသည်။ သင်္ဘောသားတွေကိုနှိုး

www.burmeseclassic.com




သည်။ သင်္ဘောမောင်းသည့် မာလိန်မှူးကို ထိုသေခါနီးမျက်နှာပိုင်ရှင် ထောက်ပြသွားသည့် နေရာသို့ အမြန် ဆုံးမောင်းခိုင်းသည်။ မိုင် (၂၀၀)နီးပါးခရီးဖြစ်သည်။ ထိုနေရာသို့ နောက်နေ့နံနက် ရောဘတ်တို့၏ သင်္ဘော ရောက်သွားသည်။ ထိုနေရာတွင် ငြိမ်သက်နေသော သင်္ဘောတစ်စင်းကို တွေ့ရသည်။ ပကတိ ငြိမ်သက်နေသော သင်္ဘောတစ်စင်းပါပေ။

ရောဘတ်တို့ ထိုသင်္ဘောပေါ်သို့ တက်လိုက်ကြသည်။ ရောဘတ်တို့ မြင်လိုက်ရသည့် ထိုသင်္ဘောပေါ်ကမြင်ကွင်းမှာ ဘုရားတံ လောက်ပါသည်။

သင်္ဘောတစ်စင်းလုံး ရှိရှိသမျှ လူအားလုံးသေနေကြပြီး ပုပ်စော်ပင် နံနေပြီ။ ရောဘတ်နှင့် သူ့တပည့်များက အလောင်းများကို ရေထဲ ပစ်ချပြီး သင်္ဘောကိုဆေးကြောဆေးဖျန်းကာ သင်္ဘောအနှံ့ လျှောက်ကြည့်ကြသည်။

အတွင်းမှပိတ်ထားသော ထိုသင်္ဘောကပ္ပတိန်၏အခန်းကို သူတို့ တွေ့ကြရသည်။ အားနှင့်တွန်းဖွင့်ကြသည်။ ပွင့်သွားပြီး အထဲမှလူတစ်ယောက် ခုတင်ပေါ်လဲနေသည်ကို တွေ့ကြရသည်။ ထိုသူ မသေသေးပါ။ ထိုသင်္ဘောပေါ်တွင် တစ်ဦးတည်းသော အသက်ရှင်ကျန်ရစ်သူဖြစ်သည်။

ထိုသူသည်ကား မစ္စတာ ရောဘတ်ထံ လာရောက်အကူအညီတောင်းကာ ဤသင်္ဘောတည်ရှိရာကို မင်နီဖြင့် ခြစ်ပြသွားသည့် သေခါနီးမျက်နှာပိုင်ရှင်ဖြစ်သတည်း။

ယခုမြင်ရသည့်မျက်နှာသည် ရောဘတ်တို့သင်္ဘောပေါ် လာပြသွားသည့် မျက်နှာအတိုင်းပါတည်း။

ဆေးရုံတင်ကာ ကုသလိုက်သဖြင့် နေပြန်ကောင်းလာသောအခါ ထိုသူက မစ္စတာရောဘတ်တို့ကို ပြောပြခဲ့သည်။

"သင်္ဘောတစ်စင်းလုံး ဝမ်းရောဂါဖြစ်ပြီး တစ်ဖြုတ်ဖြုတ်သေကုန်ကြတယ်၊ ကျွန်တော်ကတော့ အခန်းထဲဝင်ပြီး အလုံပိတ်နေလိုက်တယ်၊ ငါမသေရဘူး၊ ငါမသေရဘူး၊ ငါ့ကိုကယ်မယ့်လူ ရောက်လာရမယ်၊ ငါ့ကိုကယ်မယ့်လူကို ငါရှာမယ်၊ ငါ ရှာမယ်ဆိုပြီး သတိလစ်သွားတာပဲ၊ သတိလစ်သွားပေမယ့် ကယ်မယ့်သူကို စိတ်နဲ့အပြင်းအထန်ရှာနေမိတယ်၊ ဒီမှာတင်စိတ်က သိပ်ဆန္ဒပြင်းလွန်းတော့ ကျွန်တော့်စိတ်နောက်မှာ ကျွန်တော့်ကိုယ်ပွားရုပ်သဏ္ဍာန်ပါသွားပြီး အနီးဆုံးဖြစ်တဲ့ မစ္စတာရောဘတ်တို့ သင်္ဘောပေါ်ကို ကျွန်တော့်စိတ်က ကျွန်တော့်ကိုယ်ပွားကို ခေါ်သွားတာပါပဲ၊ စိတ်က တိုက်တွန်းလို့ ကိုယ်ပွားက သင်္ဘောရှိတဲ့နေရာကို ပြခဲ့တာပါ၊ ကျေးဇူးတင်ပါတယ်ဗျာ"

အဖြစ်အပျက်က ဤမျှသာ ဖြစ်ပါသည်။

စိတ်သည် ဒြပ်မရှိပါ။ ဝတ္ထု အကောင်အထည်ကင်းပါသည်။ စိတ်တွင် အရောင်လည်းမရှိပါ။

သို့သော် ဤစိတ်နယ်လွန် အဖြစ်ဆန်းသည် စိတ်၏တန်ခိုးစွမ်းအင်ကြီးမားပုံကို ထင်ရှားစေသည်။ သာဓကပြသော အဖြစ်ဆန်းတစ်ခု ဖြစ်သည်ဟု စာရေးသူ ဆိုလိုက်ချင်ပါတော့သတည်း။

မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


■

"မိုးမခ"

နာမည်က ဆန်းသလိုလို။

လူက သန်မာကျစ်လျစ်သည်။ သွက်လက်သည်၊ ဖျတ်လတ်သည်။

အသက် ၃၀ ခန့်ဖြစ်၍ သွက်လက် တက်ကြွသူ။

ယနေ့.....

ည ၁၁ နာရီအချိန်။ အဖော်မပါ တစ်ဦးတည်းလျှောက်နေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းလမ်းမ အတိုင်း အနောက်မှအရှေ့သို့ လျှောက်နေခဲ့သည်။ သူက အဖော်မပါ၊ အဖော်မလိုသူဖြစ်သည်။

ဗိုလ်ချုပ်ဈေးဘက်ခြမ်းပလက်ဖောင်းအတိုင်း ခပ်မှန်မှန်ခြေလှမ်းဖြင့် လျှောက်နေခဲ့ခြင်းဖြစ်သည်။

ညဥ့်နက်ချိန်ဖြစ်၍ ကား အသွားအလာရှင်းသည်။

ခြေကျင်လျှောက်သူလည်းမရှိ သလောက်ပင်။

မိုးမခက ရှေ့သို့လှမ်းကြည့်ရင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သည်။

ထိုအချိန်.....

"မိုးမခ"

သူ့နာမည်ကို အော်ခေါ်သံ ကြားလိုက်ရသည်။ အသံလာရာသို့ လှည့်ကြည့်လိုက်သည်။ အသံရှင်က ရွှေဘုံသာလမ်းထောင့်ရှိ သစ်ပင်ရိပ်အောက်မှာဖြစ်သည်။

မိုးမခက မျက်လုံးဝေ့ကြည့်ရှုကြည့်သည်။

အော်ခေါ်သူနှင့်အတူ အဖော် တစ်ဦးပါရှိသည်ကို တွေ့နေရ၏။

သူတို့ မည်သူဆိုသည်ကိုမသိ။ အမှောင်ရိပ်အောက်တွင်ဖြစ်၍ လူ လုံးမကွဲ။ ဝတ်ထားသော အဝတ် အစားကြောင့် လူကိုခန့်မှန်းမိရုံသာ ရှိသည်။

မိုးမခက လှမ်းကြည့်ရုံကြည့် ပြီးနောက် ရှေ့သို့ဆက်လျှောက်ခဲ့ သည်။ အမှောင်အောက်က လူနှစ် ဦးက ထပ်ခေါ်သည်။

"မိုးမခ၊ ခဏနေဦး"

အသံကကျယ်သည်၊ အမိန့်သံ ပါလာသည်။

မိုးမခက ချက်ချင်းသဘော ပေါက်လိုက်သည်။

"မြတ်ကျော်ပဲဖြစ်မယ်"

မြတ်ကျော်ကို မိုးမခလည်းဖြို သည်။ မြတ်ကျော်က သာမန် သူ လိုငါလို လူမိုက်ဖြစ်သည်။ နောက် ပါအင်အားတောင့်သည့်အတွက် မြတ်ကျော်က နယ်စား၊ အပိုင်စား လူမိုက်ဖြစ်နေသည်။

ယနေ့ည မြတ်ကျော်နှင့် ဆုံရ ခြင်းမှာ သူ့အတွက် စိတ်အနှောင့် အယှက်ဖြစ်ရသည်။

"ဟေ့လူ ခဏနေဦး"

မိုးမခနှင့် မလှမ်းမကမ်း နောက်ဘက်မှ အမိန့်ပေးသံ ထွက် လာသည်။

မိုးမခက လှည့်ကြည့်သည်။

"ဟင်...ရဲလှည့်ကင်းပါလား"

မိုးမခက ရှေ့သို့ခပ်သွက်သွက် လှမ်းသည်။ ရဲလှည့်ကင်းအဖွဲ့က ထပ်မံ၍ သတိပေးသံ ပေါ်လာပြန် သည်။

"ဟေ့လူ ခဏနေဦး"

ရဲလှည့်ကင်းအဖွဲ့တွင် ရပ် ကွက်လူကြီးတွေပါ အတူပါလာ သည်။

မိုးမခအတွက် စိတ်အနှောင့် အယှက်ဖြစ်စရာ ဖြစ်ရပြန်သည်။ ရဲလှည့်ကင်းအဖွဲ့နှင့် ရင်ဆိုင်၍ မဖြစ်။ သူ့ထံတွင် အတူပါလာသော ပစ္စည်းများကြောင့် အစစ်အဆေး ခံစရာဖြစ်လာမည်။

အနည်းဆုံး ရဲစခန်းသို့ ခေါ် ဆောင်ပြီး မသင်္ကာမှုဖြင့် အရေးယူ ခြင်းခံရနိုင်သည်။ မသင်္ကာမှုမဟုတ် သည့်တိုင် လက်နက်မှုဖြင့် အရေး ယူခံရဖွယ်ရှိသည်။

မိုးမခက အစစ်အဆေးမခံနိုင် ၍ ရုတ်တရက် ထွက်ပြေးသည်။ မိုးမခက အပြေးသန်သူဖြစ်သည်။

www.burmeseclassic.com

ရဲ လုညွှ်ကင်းအဖွဲ့က စက်ဘီးကိုယ်စီနှင့်မို့ ထွက်ပြေးသူ သူ့နောက်သို့ စက်ဘီးကို အရှိန်မြှင့်နင်း၍ လိုက်ကြသည်။

မိုးမခအနေဖြင့် ရှေ့တည့်တည့်သို့ ပြေးနေလျှင် မလွတ်နိုင်။

သို့ဖြစ်၍ လမ်းလယ်အတားအဆီး သံဆန်ခါချပ်များကို တွယ်တက်ရင်း တစ်ဖက်လမ်းပေါ်သို့ ခုန်ချလိုက်သည်။

စက်ဘီးစီး ရဲလုညွှ်ကင်းအဖွဲ့ကလည်း စက်ဘီးများကိုရပ်သည်။ လမ်းဘေးတွင်ပစ်ချပြီး နောက်မှ ပြေးလိုက်သည်။

မိုးမခက ရွှေဘုံသာလမ်းထဲသို့ ပြေးဝင်လိုက်သည်။ စောစောက သူ့ကိုလှမ်းခေါ်ခဲ့ကြသည့် မြတ်ကျော်နှင့်အဖော်မှာလည်း ကြက်ပျောက်ငှက်ပျောက် ကိုယ်ယောင်ဖျောက်ပြီး ထွက်ပြေးသွားကြသည်။

"မောင်လေး ကားပေါ်တက်"

လမ်းထဲတွင်မောင်းလာသည့် ဆလွန်းကားတစ်စီးကို တွေ့ရသည်။ မောင်းလာသောကားက ရှေ့မီးကြီးကိုဖွင့်ထား၍ လမ်းတစ်ခုလုံး မြင်ကွင်းက အထင်းသား။

မောင်းလာသောကားက အရှိန်လျှော့ပေးသည်။

ရှေ့ခန်းတံခါးကိုဖွင့်ပေးသည်။

မိုးမခက စဉ်းစားမနေတော့။ ကယ်တင်ရှင်ကားထဲသို့ ပြေးဝင်လိုက်သည်။

ကားမောင်းလာသူက လူလတ်ပိုင်း။

ကားနောက်ခန်းတွင် ထိုင်လိုက်လာသူက မိန်းမချောလေးတစ်ဦး။ ခေတ်သုံးရေမွှေးနံ့က ကားထဲတွင် လှိုင်နေသည်။

"ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်"

ယာဉ်မောင်းက ကားကိုတစ်ရှိန်ထိုးမောင်းပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်းမောင်းသည်။ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်သို့ ရောက်သောအခါ ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။

သမ္မတရုပ်ရှင်ရုံရှေ့သို့ရောက်မှ မိုးမခက ကျေးဇူးတင်စကားပြောလိုက်နိုင်သည်။

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ရမှာပေါ့"

"ဟုတ်ပါပြီ၊ ဘယ်လိုကျေးဇူးဆပ်ရမှာလဲ"

"မောင်လေးကို မမက ကောင်းကောင်းသိပါတယ်၊ မမတို့နဲ့ လိုက်ခဲ့ပါ၊ အိမ်ရောက်မှပြောတာပေါ့"

"အစ်မပြောတဲ့အိမ်က ဘယ်မှာလဲ"

"ဆင်ခြေဖုံးမြို့နယ်က ဆိတ်ငြိမ်ရပ်ကွက်ထဲမှာပါ"

"ဪ.....သိပါပြီ၊ သီးခြားခြံဝင်း၊ သီးခြားအိမ်ပေါ့"

"ဟုတ်တယ်"

"မမက ကျွန်တော့်ကိုကောင်းကောင်းသိနေတယ်ဆိုတော့ ကျွန်တော်နဲ့ ဆုံခဲ့ဖူးတဲ့ ရင်းနှီးသူထဲကလား"

"ဆိုပါတော့"

"အံ့သြစရာပဲ"

"ဘာ့ကြောင့်လဲ"

"ကျွန်တော့်မိတ်ဆွေထဲမှာ မမ လို ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်မှ မရှိဘူး"

အမျိုးသမီးထံမှ သဘောကျသည့် ရယ်သံထွက်လာသည်။

ယာဉ်မောင်းကပါ ရောယောင်ပြီး ရယ်လိုက်သေးသည်။

လမ်းတွင် စကားမပြောဖြစ်တော့။ မိုးမခက မျက်လုံးမှေးထားရင်း လိုက်လာသည်။ ထိုင်လျက်အိပ်တတ်သောအကျင့်ရှိသဖြင့် မိုးမခမှာခဏအနားယူနိုင်ခဲ့သည်။

သို့သော်.....

မျက်လုံးမှိတ်၍ အိပ်နေသော်လည်း သူ့ဦးနှောက်နှင့်နားက ပတ်ဝန်းကျင်နှင့် ထိစပ်နေခဲ့သည်။ အိပ်ရင်း သတိရှိတတ်သူဖြစ်သည်။

"ရောက်ပြီ မောင်လေး"

ကားက ခြံဝင်းကျယ်ကြီးတစ်ခုထဲသို့ ချိုးကွေ့မောင်းဝင်လိုက်၏။

ကားရပ်သည်နှင့် မိုးမခက အိမ်ကြီးကို ဝေ့ဝိုက်ရင်း အကဲခတ်လိုက်သည်။

အိမ်က ခေတ်မီသည်၊ အလှအပတွေ မွမ်းမံထားသည်။ နေအိမ်ပန်းခြံနှင့် ရေကန်ငယ်တစ်ခုရှိသည်။ ပန်းခြံအနီးတွင် မြက်ခင်းခုံတစ်ခုရှိသည်။

မြက်ခင်းခုံ ကုန်းမြင့်ပေါ်တွင် ဆက်တီစားပွဲများ ခင်းထားသည်။ ရာသီဥတုဒဏ်ခံနိုင်ရန် ပတ်တစတစ်အကြည်ဖြင့် အမိုးမိုးပုပ်ထားသည်။

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် မိုးမခအတွက် တစ်ညတာ လွယ်လွယ်ကူကူတည်း ခိုနိုင်မည့်နေရာတော့ ရရှိလေပြီဟု တွေးရင်း ပြုံးလိုက်မိ၏။

"ဒီည ဒီအိမ်မှာပဲ အိပ်ပေါ့၊ မနက်ကျမှ စကားပြောကြစို့"

မိန်းမလှလေးက မိုးမခကို နှုတ်ဆက်စကားဆိုပြီး အိမ်ထဲဝင်သွားသည်။ အိမ်ထဲတွင် အစောင့်ခြောက်ယောက်ခန့်ရှိနေကြ၏။

လူအစောင့်အပြင် နိုင်ငံခြားခွေးမျိုး သုံးကောင်ကိုလည်း တွေ့ရသည်။ ခွေးများက အကောင်ထွားသည်။ ခြေတံရှည်သည်။

လူအစောင့်များက ကြိုးနှင့်ထိန်းထားကြရသည်။

လူစိမ်းဖြစ်သော မိုးမခကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေကြသည်။ လူအစောင့်များက အော်ဟစ်ပြီး အမိန့်ပေးနေ၍ ငြိမ်နေခဲ့ကြခြင်းဖြစ်သည်။

အိမ်၏အနေအထားက လူအစောင့်နှင့် အစောင့်ခွေးတို့ဖြင့် လုံခြုံရေးကို တင်းကျပ်ထားသဖြင့် လူစိမ်းများအတွက် အိမ်ထဲဝင်ရန် မလွယ်ကူသော အိမ်မျိုးဖြစ်သည်။

နံနက်ပိုင်း မိုးလင်းသည်နှင့် လုံခြုံရေးအစောင့်က မိုးမခကို လာခေါ်သည်။ ရေချိုးခန်းထဲအထိ အတူ လိုက်ပါရင်း ပို့ပေးသည်။

မိုးမခက မျက်နှာသစ်ပြီးသည်နှင့် ကိုယ်လက်သန့်စင်သည်။ ကိုယ်လက်သန့်စင်ပြီးသည်နှင့် ရေချိုး လိုက်၏။

ရေချိုး၊ အဝတ်အစားပြန်ဝတ်ပြီးချိန်တွင် အစောင့်က ထမင်းစားခန်းထဲသို့ ခေါ်သွားခဲ့သည်။

ထမင်းစားခန်း စားပွဲပေါ်တွင် နံနက်အဆာပြေစားစရာတွေက အပြည့်စီမံထားသည်။

လက်ဖက်ရည်၊ ကော်ဖီ နှစ်မျိုးစလုံး ဓာတ်ဘူးနှင့်အသင့်။

အသားညှပ်ပေါင်မုန့်နှင့် မုန့်ဟင်းခါးစားလိုသူအတွက် မုန့်ဟင်းခါးပွဲများ အသင့်ပြင်ထားပြီးဖြစ်သည်။

စားစရာတွေက စားပွဲနှင့်အပြည့်။ လူဆယ်ယောက်စာခန့်အတွက် ပြင်ဆင်ထားဟန်ရှိသည်။

စားပွဲထိပ်ဆုံး ကုလားထိုင်မှာ လက်တင်ထိုင်ခုံဖြစ်သည်။ ကျန်ထိုင်ခုံများမှာ လက်တင်မဲ့ထိုင်ခုံများဖြစ်သည်။

သြဇာတိက္ကမ ကြီးသူတစ်ဦးရှိနေသည်မှာအမှန်။

မိုးမခကို အစောင့်က ဝင်ထိုင်ခိုင်းသည်။

"အဲဒီမှာထိုင်၊ ဆရာနဲ့ ဆရာကတော်တို့ ရောက်လာလိမ့်မယ်၊ သူ တို့ရောက်လာမှ အစားအစာကို စားရမယ်နော်"

မိုးမခက သိရှိကြောင်း ခေါင်းညိတ်ပြသည်။

ဆယ်မိနစ်ခန့်အကြာတွင် အသက် ၅၀ နီးပါးရှိလူတစ်ဦး ရောက်လာသည်။ သူနှင့်အတူ အမျိုးသမီးတစ်ဦးလည်း ပါလာသည်။

အတူပါလာသူအမျိုးသမီးက ချောသည်၊ လှသည်၊ အသားက ဖြူဝင်းသည်။ တိုင်းရင်းသူရုပ်ရည်မျိုးဖြစ်သည်။

"ထိုင်ပါ မိုးမခ"

အိမ်ရှင်ဖြစ်သူရောက်လာ၍ မိုးမခက အရိုအသေပေးသည့်အနေဖြင့် ထိုင်ရာမှရပ်ရင်း ဂါရဝပြုသည်။

အိမ်ရှင်အမျိုးသားက တောင့်တောင့်ကျစ်ကျစ်၊ ရုပ်မချောသော်လည်း ခံ့ညားသူဖြစ်သည်။

အိမ်ရှင်အမျိုးသားနှင့် အမျိုးသမီးတို့ တူယှဉ်တွဲပြီးထိုင်သည်။ မရှေးမနှောင်းမှာပင် အမျိုးသမီးတစ်ဦး ရောက်လာသည်။

မိုးမခက ကောင်းစွာမှတ်မိသည်။

ညက သူ့ကိုကယ်တင်၍ ကားနှင့်ခေါ်ဆောင်ခဲ့သူ မိန်းမလှတစ်ဦးဖြစ်နေသည်။ မိန်းမချောနှစ်ဦးမှာ ညီအစ်မဟု ထင်မြင်စရာရှိသည်။ ရုပ်ရည်က ဆင်တူသလိုပင်။

သို့သော် မျက်နှာကျမတူ။ အသက်ကြီးသူအမျိုးသမီးက ဖြူဝင်း၍ မျက်နှာပေါက်မှာ တိုင်းရင်းသူမှန်း သိသာလှသည်။

မိုးမခကို ကယ်တင်ခေါ်ဆောင်လာသူ အမျိုးသမီးက အသားဖြူသည်ဆိုရုံမျှသာ။ မျက်နှာပေါက်က အညာသူဆန်သည်။ နှာတံချွန်ပြီး နှုတ်ခမ်းလွှာပါးခြင်းနှင့် တောက်ပသော မျက်လုံးအစုံက သူမ၏အလှကို ပိုမိုပြီး ပေါ်လွင်စေခဲ့သည်။

ထိုအမျိုးသမီးက ပထမဆုံး အခန်းထဲဝင်လာသူ အမျိုးသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဧါန်ဘေးတွင် ဝင်ထိုင်သည်။ မိုးမခနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

"ငါ့တူနာမည်က မိုးမခနော်"

"ဟုတ်ပါတယ်"

"ဖောက်ထွင်းမှုနဲ့ ထောင်ကျနေရာက လွတ်လာတာ ဆယ်ရက်လောက်ပဲရှိသေးတယ်နော်"

"ဟုတ်ပါတယ်"

"ငါ့တူက တစ်ကိုယ်ရေသမား၊ ကြုံရာမှာနေပြီး ဖြစ်သလိုလုပ်စားတတ်သူ၊ အထူးသဖြင့် ဖောက်ထွင်းမှုမှာ ကျွမ်းကျင်သူလို့ သိထားတယ်"

"အဲဒီလောက်အထိ ဂုဏ်ပြုမခံထိုက်သေးပါဘူး"

မိုးမခ၏အပြောကို အိမ်ရှင်အမျိုးသားက ယဲ့ယဲ့မျှကျေနပ်ခြင်းအပြည့်ဖြင့် ပြုံးပြသည်။ သူ့အကြောင်းကို အသေးစိတ်သိနေ၍ မိုးမခက တအံ့တသြဖြစ်နေမိသည်။

"ငါ့တူက သော့မျိုးစုံကိုစက္ကန့်ပိုင်းနဲ့ ဖွင့်နိုင်သူဖြစ်တယ်၊ ပိုင်းဝန်းဖမ်းဆီးပြီး ရိုက်နှက်သူရှိရင်တောင် သွေးထွက်သံယိုမဖြစ်ဘူး၊ တုတ်ပြီးဓားပြီးဆေး ထိုးထားသူလို့ သိရတယ်"

"ပိုင်းရိုက်လို့ ဒဏ်ရာမရတာတော့ အမှန်ပါပဲ၊ အဲဒါကလည်း ငယ်ငယ်တုန်းက အဖေက အစီအမံပွဲတွေနဲ့ ထိုးပေးခဲ့လို့ပါ"

"ငါ့တူရဲ့အဖေက ဆရာကြီးလား"

"မဟုတ်ပါဘူး၊ သာမန်ကုန်ရောင်းကုန်ဝယ်သမားပါ၊ ကျေးလက်တောရွာတွေမှာ နေတဲ့သူတွေက အဲဒီဆေးမျိုး ထိုးကြပါတယ်"

"ဘာကြောင့်လဲ"

"တောတောင်ထဲမှာ တစ်ဦးတည်းသွားလာရတဲ့အခါ လူဆိုး၊ သူခိုးတွေနဲ့တွေ့လို့ ရန်ပြုတဲ့အခါ တုံ့ပြန်နိုင်အောင်ပါ"

"ဖောက်ထွင်းအတတ်ပညာကို ဘယ်မှာသင်တာလဲ"

"ကျွန်တော်နဲ့ ခင်မင်တဲ့ ထောင်ထွက်တစ်ဦးက သင်ပေးတာပါ၊ သင်ပေးတဲ့ဆရာနဲ့လိုက်ပြီး လက်တွေ့ စမ်းသပ် လုပ်ကိုင်ရပါတယ်"

"အဲဒီဆရာ ရှိသေးသလား"

"ဆရာကွယ်လွန်သွားတာ ငါးနှစ်လောက်ရှိပါပြီ"

"ဒီလောက်တော်တဲ့ ဖောက်ထွင်းသမားကို ရဲကဘာကြောင့်ဖမ်းဆီးနိုင်ခဲ့တာလဲ"

"ဒီလိုပါ၊ ရွှေထည်တွေဖောက်ထွင်းခိုးယူရရှိတော့ ပြင်ပရွှေမဝယ်ပါဘူးလို့ ဆိုင်းဘုတ်ထိုးထားတဲ့ဆိုင်တွေမှာ ရောင်းချခဲ့ပါတယ်၊ ရောင်းတဲ့ပစ္စည်းကြောင့် ရဲက ခိုးရာပါပစ္စည်းမှန်းသိပြီး ဖမ်းတာနဲ့ အရေးယူခံရတာပါ"

"အာမခံသော့တို့၊ မီးခံသေတ္တာသော့တို့ဆိုရင်ကော ဖွင့်နိုင်တာပဲလား"

"ဘယ်သော့ကိုမဆို စက္ကန့်သုံးဆယ်အတွင်း ဖွင့်နိုင်ပါတယ်"

"ကောင်းပြီ၊ တို့ လူရွေးချယ်တာ မှန်သွားပြီ၊ ဦးရဲ့နာမည်က နိုင်ဝင်းကျော်ပါ"

"ဟုတ်ကဲ့၊ မှတ်သားမိပါပြီ"

"ကဲ.....ကြိုက်တာယူစားပါ၊ စားရင်းစကားပြောကြတာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်က မုန့်ဟင်းခါးကို ပိုကြိုက်ပါတယ်"

"ကြိုက်သလိုစားပါ၊ မင်းကို ငါ့ ရဲ့သွေးသားလို လက်ခံလိုက်ပြီ၊ မင်းရဲ့နေထိုင်ရေး အားလုံးတာဝန်ယူတယ်၊ ငါခိုင်းတဲ့အလုပ်အောင်မြင်တိုင်း မင်းကို ၃၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပေးမယ်၊ မင်းရဲ့ဝေစုငွေကို ဘဏ်စာရင်းဖွင့်ပြီး စုဆောင်းပေးထားမယ်"

မိုးမခမှာ မည်သည့်အလုပ်မှန်း မသိရဘဲ အလုပ်လက်ခံသူဖြစ်သွားခဲ့သည်။

မိုးမခ လိုက်ပါလာသောကားမှာ မန္တလေးသို့ ရောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲတွင် မိုးမခနှင့်အတူ လူ နှစ်ယောက် လိုက်ပါလာသည်။ ယာဉ်မောင်းနှင့်ဆိုပါက အမျိုးသား သုံးယောက်ဖြစ်သည်။ မိုးမခကိုပါ ရေတွက်လျှင် အမျိုးသားချည်း လေး ယောက်ဖြစ်သည်။

မိုးမခ လိုက်ပါလာသောကား က ယောကျ်ားသားချည်း သီးသန့် ဖြစ်၏။

မိုးမခတို့ကားနှင့် ဆယ့်ငါးမိနစ် အချိန်ခွာ၍ လိုက်လာသောကားတွင် ဦးနိုင်ဝင်းကျော်ပါရှိသည်။ ဦးနိုင်ဝင်း ကျော်နှင့်အတူ မိုးမခကို ညအချိန် ခေါ်ဆောင်ခဲ့သော ဆင်းသွဲ့ကြည် ဟူသည့် မိန်းမလှကလေး လိုက်ပါ လာခဲ့သည်။ ဦးနိုင်ဝင်းကျော်နှင့် အတူ ကိုယ်ရံတော်အစောင့် သုံးဦး လိုက်ပါခဲ့သည်။

နှစ်ဦးက ဦးနိုင်ဝင်းကျော်နှင့် အတူ အမြဲမကွာ လိုက်ပါရမည့်သူ များဖြစ်သည်။ တစ်ဦးက ယာဉ် မောင်းဖြစ်၍ အခြားတစ်ဦးမှာ ဆင်း သွဲ့ကြည်ဖြစ်သည်။

ကားနှစ်စီးစလုံး ရန်ကုန်မှ မွန်းလွဲ ၂ နာရီတွင် ရွေ့ဆင့်နောက် ဆင့် မောင်းခဲ့ကြသည်။ လမ်းတစ် လျှောက် ဖြည်းဖြည်းမှန်မှန် မောင်း ခဲ့ကြ၏။

လမ်းတစ်လျှောက် အစား အသောက်ကောင်းသော ၁၁၅ မိုင် လိုနေရာမျိုးတွင် အချိန်ကြာကြာရပ် နားသည်။

မိုးမခအတွက်ငါးခြောက်ပုံပေါ် နားမိသော ကြိုးကန်းကဲ့သို့ ဖြစ်နေ သည်။ မိုးမခ စားချင်သောက်ချင် သမျှကို လိုလေသေးမရှိစေရ။ လမ်း တွင် ကြိုက်သလိုသုံးစွဲနိုင်ရန် ကျပ် ငါးထောင်တန် ကျပ်ငါးသိန်းကို ပေး ထားသည်။

ထိုသို့ စိတ်ကြိုက်စီစဉ်ပေးခြင်း အတွက် မိုးမခဘက်မှ ကြိုးပမ်းလုပ် ဆောင်ပေးရမည့်အလုပ်ကလည်း ကျပ်သိန်းပေါင်း သုံးသောင်းကျော် တန်ဖိုးရှိသည့် အလုပ်ဖြစ်သည်။

သူတို့အဖွဲ့ နားနားနေနေဖြင့် သွားခဲ့ကြရာ နောက်တစ်နေ့နံနက် ၆ နာရီကျမှ မန္တလေးမြို့သို့ရောက် သည်။

မန္တလေးမြို့သို့ ရောက်သော အခါ ဦးနိုင်ဝင်းကျော်က အကောင်း ဆုံးနှင့် ဝန်ဆောင်မှုအကောင်းဆုံး ဖြစ်သော မြို့လယ်မှဟိုတယ်တွင် တည်းခိုသည်။

အထူးခြားဆုံးက ဦးနိုင်ဝင်း ကျော်နှင့် ဆင်းသွဲ့ကြည်က အခန်း တစ်ခန်းတည်းတွင် အတူတည်းခို ခြင်းဖြစ်သည်။ သူ့ကိုယ်ရံတော်အဖွဲ့ က ထိုဟိုတယ်မှာပင် တည်းခိုရ သည်။

မိုးမခနှင့်အဖွဲ့က မနီးမဝေးရှိ ဟိုတယ်တွင် တည်းခိုရသည်။ မန္တလေးသို့ရောက်သည့်အချိန်မှစ၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မလိုအပ်ဘဲ မဆက် သွယ်ရ။

ဦးနိုင်ဝင်းကျော်က မိုးမခနှင့် အတူရှိနေသူ လူယုံတော်နှင့်သာ တိုက်ရိုက်ဆက်သွယ်သည်။ လူ တိုင်းကို လက်ကိုင်ဖုန်းတစ်လုံးစီ ပေးထားသည်။

မိုးမခနှင့် တိုက်ရိုက်ဆက် သွယ်ရမည့်သူမှာ ဆင်းသွဲ့ကြည်ဖြစ် ကြောင်း ကြိုတင်သတ်မှတ်ထား သည်။

နံနက်စာ စားသောက်ပြီးသည် နှင့် ဆင်းသွဲ့ကြည်က လူယုံတော် နှစ်ဦးနှင့်အတူ မိုးမခနှင့်တွေ့ဆုံရန် အကြောင်းကြားသည်။

မိုးမခနှင့်အတူ ဦးနိုင်ဝင်းကျော် ၏ လူယုံနှစ်ဦး လိုက်ပါခဲ့သည်။

ညနေ ၅ နာရီတွင် သူတို့နှစ် ဖွဲ့ မန္တလေးမြို့ ကျုံးနံဘေးတွင်တွေ့ ကြရသည်။ မင်္ဂလာရှိစေရန် နိမိတ် ယူသည်ဆိုပြီး မင်္ဂလာတံတားအနီး တွင် တွေ့ရသည်။

"အခု ဒီနေရာကနေပြီး ကား နဲ့သွားမယ်၊ သွားရမယ့်နေရာက တော့ ပုသိမ်ကြီးမြို့နယ်ဘက်ပဲ၊ သီးခြားနေထိုင်တဲ့ အိမ်တစ်အိမ်ကို လေ့လာရမယ်"

"အဲဒီအိမ်မှာ လူများလား"

"မူလအနေအထားအရဆိုရင် တော့ မိသားစုအပါအဝင် (၂၅) ယောက်ရှိတယ်"

"များလှချည်လား"

"ဟုတ်တယ်၊ အယောင်ပြ လုပ်ငန်းကတော့ ကုန်တင်ကားနဲ့ သယ်ယူပို့ဆောင်ရေးပဲ"

"သူတို့ကားတွေက ဘယ်ကို သွားတာလဲ"

"ကားက နှစ်ပိုင်းရှိတယ်၊ ကား သုံးစီးက ရှမ်းပြည်နယ် အရှေ့ မြောက်ပိုင်းက နယ်စပ်မြို့အထိပဲ၊ ကျန်သုံးစီးက မန္တလေး-ရန်ကုန်ပဲ စဉ်ပဲ"

"ဟုတ်လား၊ ကားတွေက

www.burmeseclassic.com

တိုက်ရိုက်သွားလာတာလား''

''မဟုတ်ဘူး၊ နယ်စပ်ကိုသွားတဲ့ ကားတွေက မန္တလေးမှာ ဂိတ်ဆုံးတယ်၊ ပါလာတဲ့ကုန်တွေကို မန္တလေးမှာ ကားချင်းဖလှယ်ပြီးတင်တယ်''

''သြော်..သိပြီ၊ လမ်းကြောင်းနှစ်ခုထွက်တဲ့အချိန်မှာ အခြေစိုက်အိမ်မှာ လူနည်းတာပေါ့နော်၊ အိမ်စောင့်မိသားစုပဲရှိမှာပေါ့''

''ဟုတ်တယ်''

''ကျွန်တော်လုပ်ရမယ့်အလုပ်က ဘာလဲ''

''မောင်လေးကို မမက လုပ်ရမယ့်အချိန်ထက် သုံးနာရီခွာပြီး ပြော ပြမယ်၊ အခုလောလောဆယ် အဲဒီ အိမ်ကို သွားကြည့်မယ်၊ အဝင်အထွက်အတွက် လေ့လာဖို့ပေါ့''

''ကားနဲ့ဖြတ်သွားရုံနဲ့ မလုံလောက်ဘူးထင်တယ်''

''အဲဒီအတွက် စီစဉ်ပြီးသားပါ၊ အခု မောင်လေးနဲ့အတူ ပစ်မှတ်အိမ်ရှိရာကိုသွားမယ်၊ မနီးမဝေးမှာ ကား ရပ်ပေးမယ်''

''အဲဒီကနေပြီး လေ့လာရမှာလား''

''မဟုတ်ဘူး၊ မောင်လေးနဲ့ မမ တို့က စုံတွဲအဖြစ် အသွင်ယူပြီး အဲဒီအိမ်အနီးကိုသွားမယ်၊ အိမ်နဲ့ အနီးကပ်ဆုံးနေရာမှာ ချိန်းတွေ့တဲ့ပုံစံနဲ့ စကားပြောရင်း အိမ်ကို လေ့လာမယ်''

''သဏ္ဌာန်လုပ် သရုပ်တူပဲလား''

မိုးမခက ရယ်ကျဲကျဲဖြင့်မေးလိုက်သည်။

ဆင်းသွဲ့ကြည်က မျက်စောင်းထိုးရင်း အပြုံးလှလှကိုပစ်ပေးလိုက်၏။ ထိုအပြုံးကို မိုးမခက ညို့မျက်လုံးကို အသုံးချ၍ တုံ့ပြန်လိုက်၏။

''သဏ္ဌာန်လုပ် သရုပ်တူမှ တစ်ဖက်က သံသယကင်းမှာပေါ့''

''အဲဒီလို သရုပ်ပြပွဲတွေ နေ့တိုင်းဖြစ်ချင်လိုက်တာ''

မိုးမခက ဘာကိုရည်ရွယ်မှန်း ဆင်းသွဲ့ကြည်က သိနေခဲ့သည်။ သိခဲ့၍လည်း ဆင်းသွဲ့ကြည်၏ရင်မှာ နှလုံးခုန်နှုန်း မြင့်တက်သွားခဲ့သည်။

ဆင်းသွဲ့ကြည်၏ ကျေနပ်ပြုံးက မိုးမခ၏ရင်ကို ချမ်းမြေ့သွားစေခဲ့သည်ကတော့ အမှန်ပင်။

ဆင်းသွဲ့ကြည်မှာ မိုးမခ၏ ညို့မျက်ဝန်းထဲ၌ ရုန်းထွက်မရသော ဆွဲငင်အားဖြင့် တုတ်နှောင်ခြင်းကို ခံနေရလေသည်။

''ကဲ.....သွားကြစို့''

ဆင်းသွဲ့ကြည်နှင့်အတူ ကားတစ်စီးအတွင်း အတူစီး၍ ခရီးဆက်ခဲ့ရသော မိုးမခမှာ ဦးနိုင်ဝင်းကျော်၏ လူယုံတော်တပည့်များက အကဲမခတ်မိစေရန် သူ့ကိုယ်သူကြိုးစားပြီး ထိန်းခဲ့ရသည်။

ပစ်မှတ်နေအိမ်အနီးသို့ရောက်သောအခါ မိုးမခနှင့် ဆင်းသွဲ့ကြည်တို့ ကားအတွင်းမှ ဆင်းခဲ့ကြသည်။ ပစ်မှတ်အိမ်ရှိရာသို့ ခြေလျင်လျှောက်ကြသည်။

စုံတွဲအဖြစ်ဖန်တီးရင်း တစ်ဦး၏လက်ကို တစ်ဦးကတွဲ၍ တူယှဉ်လျှောက်ကြရသည်။ မိုးမခ၏ရင်ထဲတွင် မုန်တိုင်းဝင်ရောက်သလို အသိတရားများက ကြေမွပျက်စီးကုန်၏။

ရင်ခုန်နှုန်းက မြင့်တက်ခဲ့သည်။ တစ်ဦး၏ရင်ခုန်သံကို တစ်ဦးက ကြားရသည်အထိ အတွဲအဖြစ် အသွင်ယူခဲ့ကြသည်။

''ခြံဝမှာညလုံးပေါက်အစောင့်နှစ်ယောက်ရှိတယ်၊ မောင်လေးဝင်ရမယ့်နေရာက ခြံအနောက်ထောင့်က ညောင်ပင်အကွယ်ကပဲ''

''အိမ်က နောက်ဖေးမှာ အဆောင်တွဲရှိတယ်နော်''

''ဟုတ်တယ်၊ အဆောင်တွဲအတွင်းမှာ နံရံကပ် သစ်သားဗီရိုတစ်လုံးရှိတယ်၊ အဲဒီဗီရိုကို အာမခံသော့နဲ့ နံရံမှာရှိတဲ့သံကွင်းနဲ့ တွဲခတ်ထားတယ်၊ သော့ကိုဖွင့်ပြီး နံရံကို တွန်းလိုက်ရင် မြေအောက်ခန်းအပေါက်ကို တွေ့ရမယ်''

''အိုကေ.....အလွယ်ဆုံးအလုပ်ပါပဲ''

''ဒါကြောင့် မောင်လေးကို အားကိုးခဲ့တာပေါ့''

''မမက မောင်လေးကို တစ်သက်လုံးအားကိုးမှာလား''

''မမကိုယ်တိုင် အကျဉ်းသားပါ မောင်လေး၊ ဒီကိစ္စအောင်မြင်ပြီးရင် မမနဲ့မောင်လေးတို့ ထပ်ပြီးဆွေးနွေးကြတာပေါ့''

''ကြိုးရှည်ရှည်နဲ့လှန်ပြီး သိမ်းသွင်းတာတော့ မဟုတ်လောက်ပါဘူးနော် မမ''

''မမ လွတ်လပ်စွာနေချင်ပြီ၊ ပြီးတော့ မောင်လေးနဲ့ပေါ့''

သူတို့နှစ်ဦး၏ ရင်ဖွင့်ပြသည့်

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ဖလှယ်မှုက မြန်ဆန်လွန်းလှသည်။

သူတို့နှစ်ဦးအနီးမှ သူတို့ကိုတင်ဆောင်လာသောကားက ဖြတ်မောင်းသွားရင်း သတိပေးသလို ပြုလုပ်သွားခဲ့သည်။

သူတို့နှစ်ဦး အချိန်မီ ခံစားချက်ကိုယ်စီကိုထိန်းသိမ်း၍ မောင်းနှင်သွားသောကားနောက်သို့ ပတ်ဝန်းကျင်က သံသယမဖြစ်စေရန် လိုက်သွားခဲ့ကြသည်။ ပစ်မှတ်အိမ်နှင့် အလှမ်းဝေးသည့် မမြင်ကွယ်ရာရောက်မှ ကားပေါ်တက်စီးခဲ့ကြသည်။

သူတို့စီးနင်းလိုက်ပါလာသောကားက ဦးနိုင်ဝင်းကျော် တည်းခိုရာဟိုတယ်အနီးသို့ ရောက်သွားခဲ့ကြသည်။ ဟိုတယ်အနီးမှ စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် တွေ့ဆုံခဲ့ကြသည်။

သီးသန့်စားသောက်ခန်းကိုကြို တင်ငှားထားသည်။

အခန်းထဲတွင် ဦးနိုင်ဝင်းကျော်နှင့် ကိုယ်ရံတော်တပည့်တစ်ဦးတို့ကြိုတင်ရောက်ရှိ နေရာယူထားကြသည်။

သူတို့တစ်တွေ အစားအစာများ မှာယူကြသည်။

ဦးနိုင်ဝင်းကျော်နှင့် မိုးမခတို့အတူတွဲ၍ထိုင်သည်။

ဦးနိုင်ဝင်းကျော်က မြေပုံကားချပ်တစ်ခုကိုထုတ်ယူသည်။ နေအိမ်၏ ခြံဝင်းအတွင်းမှ အတားအဆီးများကို တစ်ခုချင်းရှင်းပြသည်။

ပြီးတော့ မြေအောက်ခန်းထဲမှ ယူပေးရမည့်ပစ္စည်းများအကြောင်း ရှင်းပြသည်။

“မင်းယူပေးရမှာက စိတ်ကြွရူးသွပ်ဆေးပြားတွေ ထည့်ထားတဲ့ အိတ်ပဲ၊ ကာလတန်ဖိုး ကျပ်သိန်းပေါင်း သုံးသောင်းကျော်ဖိုးရှိတယ်”

“ဖောက်ထွင်းခိုးယူပေးရမယ့် အလုပ်ပေါ့”

“ဟုတ်တယ်၊ ဒါပေမဲ့ သူများပစ္စည်းကို ခိုးတာမဟုတ်ဘူး၊ ကိုယ့်ပစ္စည်းကိုယ်ပြန်ယူတာ”

“ဟင်...ထူးဆန်းလှချည်လား”

“သူနဲ့ငါက စပ်တူအလုပ်လုပ်တာကွ၊ ပစ္စည်းတွေသယ်လာတော့ သူတို့ဘက်က သစ္စာဖောက်ပြီး ရဲကိုသတင်းပေးလိုက်တယ်၊ ရဲကဖမ်းမိသွားတယ်”

“ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ”

“ရည်ရွယ်ချက်ကရှင်းပါတယ်၊ ပစ္စည်းအနည်းငယ်သာပါတဲ့ ဆိုင်ကယ်ကယ်ရီနဲ့သယ်ယူပြီး သတင်းပေးလိုက်တယ်၊ သတင်းအတိအကျမို့ အဖမ်းခံရတယ်”

“-----”

“အဲဒီလို အဖမ်းခံရတော့ ပစ္စည်းအားလုံး အဖမ်းခံရတယ်လို့ ပြောပြီး ငါ့အပေါ် သစ္စာဖောက်တယ်၊ အဲဒီသတင်းကို သက်ဆိုင်ရာက သတင်းထုတ်ပြန်ပေးတယ်၊ ဂျာနယ်တွေကလည်း ဖော်ပြပေးတော့ အရေအတွက်တန်ဖိုးကိုသိလိုက်ရတယ်”

“အချင်းချင်း ခေါင်းပုံဖြတ်ဖို့ ကလိမ်ကျ အကွက်ဆင်မှုပေါ့”



“ဟုတ်တယ်၊ အဲဒီပစ္စည်းတွေကို သူ့အိမ်ထဲမှာ သိုလှောင်ထားတယ်၊ သူတို့က ဝယ်လက်ရှာနေတယ်၊ မကြာမီ နိုင်ငံပြင်ပကို တင်ပို့ပေးဖို့ လုပ်နေတယ်လို့ သတင်းရထားတယ်”

“ဪ...သိပြီ၊ ကျွန်တော်က ပြန်ယူပေးရုံပေါ့”

“ဟုတ်တယ်”

လုပ်ရမည့်အစီအစဉ်ကို ဆွေးနွေးသည်။ ဦးနိုင်ဝင်းကျော်၏ လူယုံတော်တစ်ဦးက မိုးမခနှင့် ဆင်းသွဲ့ကြည်အပေါ် သက်သာမကင်းသည့်အကြောင်း ပြောပြခဲ့သည်ကို မိုးမခနှင့် ဆင်းသွဲ့ကြည်တို့က လုံးဝမသိခဲ့ကြပေ။

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်သည့်အချိန်တွင် သတ်မှတ်သည့်အစီအစဉ်အတိုင်း မိုး မခက အောင်အောင်မြင်မြင်လုပ်ဆောင်ခဲ့နိုင်သည်။

ဆင်းသွဲ့ကြည်က မိုးမခ ခိုးယူခဲ့သော စိတ်ကြွရူးသွပ်ဆေးပြားအိတ်ကို ကားဖြင့်သယ်ယူခဲ့သည်။

အောင်မြင်မှုသတင်းကိုစောင့်နေသည့် ဦးနိုင်ဝင်းကျော်က ဟိုတယ်ခန်းကိုပြန်အပ်ပြီး လမ်းမှစောင့်နေခဲ့သည်။ သူတို့ချင်းတွေ့ဆုံချိန်တွင် ရန်ကုန်သို့ပြန်ရန် အလျင်စလို စီစဉ်ခဲ့ကြသည်။

လူယုံတပည့်များက မိုးမခ ခိုးယူရရှိလာသော စိတ်ကြွရူးသွပ်ဆေးများကို အိတ်ငယ်များနှင့်ခွဲထည့်၍ ကားအတွင်း နေရာခွဲပြီး ဝှက်လိုက်ကြ၏။ ကြိုတင်စီစဉ်လာခြင်းဖြစ်၍ ထားရှိဝှက်သိမ်းရမည့်နေရာက အသင့်။



သူတို့ ရှေ့ဆင့်နောက်ဆင့် ရန်ကုန်ဘက်သို့ ထွက်ခဲ့ကြသည်။

မန္တလေးမြို့မှအထွက်တွင် ဦးနိုင်ဝင်းကျော်လိုက်ပါမည့်ကားက ရှေ့ဆုံးမှ စတင်ထွက်ခွာသည်။ သူ့ကားနှင့်အတူ ဆင်းသွဲ့ကြည်ကိုတင် ခေါ်ခြင်းမပြုခဲ့ပေ။

နောက်ကားတွင် မိုးမခနှင့် ဆင်းသွဲ့ကြည်ကို အတူစီးစေခဲ့၏။ ယာဉ်မောင်းတစ်ဦးကိုသာ ထည့်ပေးသည်။

စိတ်ကြွရူးသွပ်ဆေးပြားအားလုံးကို ဦးနိုင်ဝင်းကျော်စီးသည့်ကားအတွင်း ဝှက်သိမ်း၍ သယ်ယူခဲ့သည်။

"ငါတို့ ရှေ့ကသွားမယ်၊ မင်းတို့ကားက နောက်ကကပ်လိုက်ခဲ့"

မိုးမခကို ဦးနိုင်ဝင်းကျော်က မှာကြားပြီး ဦးနိုင်ဝင်းကျော်လိုက်ပါသည့်ကားက ရှေ့ဆုံးမှ စတင်ထွက်ခွာခဲ့သည်။

မန္တလေးမြို့ပြင်သို့ ရောက်သည်နှင့် ရဲကားသုံးစီးက ဉသြသံပေးပြီး နောက်မှလိုက်လာသည်။

ဦးနိုင်ဝင်းကျော်က တိုက်ဆိုင်မှုဟုသဘောထားပြီး သူစီးလာသည့်ကားကို လမ်းဘေးချ၍ မောင်းစေခဲ့သည်။

ရဲကားက ရှေ့သို့ကြိုမောင်းပြီး လမ်းပိတ်ရပ်လိုက်သည်။

နောက်ကားတစ်စီးက ဦးနိုင်ဝင်းကျော်ကား၏ နောက်မှပိတ်၍ ရပ်လိုက်၏။

နောက်တစ်စီးက မိုးမခစီးလာသောကားနှင့် ဘေးချင်းယှဉ်၍ရပ်သည်။

ရဲကားပေါ်မှ ရဲတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုက အံ့အားသင့်ဖွယ်ကောင်းလှသည်။ အချိန်တိုအတွင်း ကားနှစ်စီးစလုံးထဲရှိ လူများကို ဖမ်းဆီးလိုက်နိုင်ကြသည်။

ဦးနိုင်ဝင်းကျော်မှာ တစ်စုံတစ်ရာ တုံ့ပြန်ချိန်မရလိုက်ဘဲ အဖမ်းခံလိုက်ရ၏။

ကားအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများကို ကြိုတင်သတင်းရရှိထားပြီးဖြစ်၍ အလွယ်တကူပင် ရှာဖွေ သိမ်းဆည်းလိုက်နိုင်ကြသည်။

မိုးမခစီးနင်းလိုက်ပါလာသောကားကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေဖမ်းဆီးရာတွင် ဆင်းသွဲ့ကြည်၏ ဆလင်းဘက်အိတ်ထဲမှ ခလုတ်ဓားမြှောင်တစ်ချောင်းကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့သည်။

ဦးနိုင်ဝင်းကျော်မှာ အငိုက်မိသလိုဖြစ်သွား၍ ကြိတ်မနိုင်ခဲမရဖြစ်နေခဲ့၏။

ရဲက ကြိုတင်သတင်းရရှိခဲ့၍သာ ကွက်တိဖမ်းနိုင်ခဲ့ခြင်းဟု ယုံကြည်ခဲ့သည်။

ဖမ်းဆီးသူရဲတပ်ဖွဲ့ဝင်များတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးတစ်ဦးက ခေါင်းဆောင်အဖြစ်ပါဝင်သည်။ မူးယစ်အထူးအဖွဲ့ကလည်း ပါရှိသည်။

"ဆရာတို့ကို ဘာကိုခီးကျူးပါတယ်ဗျာ"

"ဘာကိုခိုးကျူးတာလဲဗျ"

"ကျွန်တော်တို့ ခရီးရာဖျောက်

www.burmeseclassic.com



ပြီး ချက်ချင်းထွက်ခွာခဲ့တာကို ဖမ်းနိုင်လို့ပါ''

''ကျွန်တော့်နာမည် ရဲမှူး ခင်ဦးပါ၊ ခင်ဗျားတို့ကို ဖမ်းဆီးရမိအောင် ကူညီခဲ့တာက ခင်ဗျားတို့အယုံကြည်ရဆုံး မိုးမခကြောင့်ပါပဲ''

''ခင်ဗျာ.....မိုးမခကြောင့်''

''ဟုတ်ပါတယ်၊ မိုးမခဟာ ဘစ်ချိန်က ဖောက်ထွင်းဝိဇ္ဇာပါပဲ၊ ခင်ဗျားတို့ သူ့အကြောင်းကို စတင်စုံစမ်းနေကတည်းက ကျုပ်တို့ဘက်က သတင်းရရှိပြီး စောင့်ကြည့်နေခဲ့ကြတာပါ''

''သူက သတင်းပေးလား''

''သူက မူးယစ်ဆေးဝါး ဆန့်ကျင်သူပါ၊ သူကျူးလွန်ခဲ့မိတဲ့အမှားအတွက် နိုင်ငံတော်ကို ကျေးဇူးဆပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကူညီခဲ့တာပါ''

''သူက ကြိုတင်သိနေလို့သား''

''ခင်ဗျားတို့က သူ့ကိုအသုံးချချင်လို့ စုံစမ်းနေတာ ကျုပ်တို့ဘက်က သတင်းရပြီးသားပါ၊ ဒါကြောင့် ခင်ဗျားတို့ သူ့ကို စတင်ခေါ်ဖို့ကြံစည်တဲ့နေ့ ညပိုင်းမှာ ရဲလှည့်ကင်းက လိုက်ဖမ်းသူအဖြစ် ဖန်တီးပြီး ခင်ဗျားတို့လက်ထဲ အရောက်ပို့လိုက်တာပဲ''

''ဒါဖြင့် သူက အမြဲဆက်သွယ် သတင်းပေးနေတာပေါ့''

''ဟုတ်တယ်၊ ခင်ဗျားက လူသိမခံဝံ့တဲ့ ခင်ဗျားရဲ့ဒုတိယဇနီးနဲ့ သူ့ကို မငြိငြိအောင် ဆွဲဆောင်စေခဲ့တယ်၊ မိုးမခက ခင်ဗျားတို့ထွင်လုံးကိုသိလို့ အယုံသွင်းပြီး တုံ့ပြန်လိုက်တယ်''

''ဒါဖြင့် မူးယစ်ဆေးဝါးယူဖို့ ဖောက်ထွင်းတဲ့ကိစ္စကကော''

''အဲဒီလူနဲ့ သူ့တပည့်တွေက သတင်းအရ မူးယစ်ဆေးဝါးဖြန့်ဖြူးဖို့ သယ်ယူချိန်မှာ ဖမ်းမိပြီးသားပါ၊ ကျန်တဲ့မူးယစ်ဆေးဝါးတွေခိုးမယ့် ခင်ဗျားတို့ရဲ့အကြံကိုသိလို့ မိုးမခကို အနီးကပ်စည်းရုံးစေခဲ့တာပဲ''

ဦးနိုင်ဝင်းကျော်က မိုးမခနှင့် ရဲတပ်ဖွဲ့အပေါ် လျှော့တွက်မိခဲ့သည့် သူ့အမှားကို ကောင်းစွာနောင်တရမိခဲ့တော့၏။

''ခင်ဗျားက ဆင်းသွဲ့ကြည်နဲ့ မိုးမခကို မှားထားခဲ့တယ်၊ အပြန်မှာ ဆင်းသွဲ့ကြည်က မိုးမခကို အလစ်အငိုက်မှာ ဓားနဲ့ထိုးသတ်ပေးဖို့ ခင်ဗျားက စီစဉ်ခဲ့တယ်၊ ပြီးတော့ ကားကို ချောက်ထဲထိုးချပြီး ကားမှောက်သလိုဖန်တီးမယ်ဆိုတာလည်း မိုးမခက ကြိုတင်သတင်းရခဲ့ပြီးသားပဲ''

''သူ့ကို ဘယ်သူကပြောတာလဲ''

''ခင်ဗျားကစေခိုင်းတဲ့ ဆင်းသွဲ့ကြည်ကပဲပေါ့၊ သူ့ကို ခင်ဗျားက မတရားသိမ်းပိုက်ပြီး မူးယစ်ဆေးဝါးကိစ္စမှာ ခိုင်းစားခဲ့တယ်၊ သူက မိုးမခကို ချစ်မိတော့ မိုးမခနဲ့ ထွက်ပြေးဖို့ ကြံစည်ခဲ့တယ်''

''ဘာ.....မိုက်ရိုင်းလိုက်တဲ့ မိန်းမပဲ''

''သူက မိုက်ရိုင်းတာမဟုတ်ဘူး၊ ခင်ဗျားက မိုက်ရိုင်းခဲ့တာ၊ ခင်ဗျားက မိုးမခကို သတ်ပေးဖို့ပြောတော့ မိုးမခကို ဆင်းသွဲ့ကြည်က ပြန်ပြောတယ်၊ မိုးမခက ကျုပ်တို့ဆီ သတင်းပေးတယ်၊ အားလုံးကွက်တိဖြစ်အောင် စီစဉ်ပြီး ဖမ်းခဲ့တာပဲ''

ဦးနိုင်ဝင်းကျော်မှာ သူ၏စီမံကိန်း ပျက်သွား၍ ဆင်းသွဲ့ကြည်ကို သစ္စာဖောက်အဖြစ် စွပ်စွဲပြီး ဒေါသမျက်လုံးဖြင့် လှမ်းကြည့်လိုက်၏။

''ဆင်းသွဲ့ကြည်ကို ခွင့်လွှတ်ပါ၊ ဆင်းသွဲ့ကြည်ရဲ့ဘဝမှာ မိုးမခလိုလူကိုပဲ အားကိုးတယ်၊ တန်ဖိုးထားတယ်၊ ဦးနိုင်ဝင်းကျော်ရဲ့ ရက်စက်ယုတ်မာမှုကြောင့် ကျွန်မဟာ အပျိုရည်ဘဝပျက်ခဲ့ရတယ်၊ မူးယစ်သားကောင်အဖြစ် အသုံးချခံခဲ့ရတယ်၊ ဒါကြောင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ဖို့ မူးယစ်ရာဇာကြီးကို မိုးမခရဲ့မေတ္တာနဲ့ ထိုက်သင့်တဲ့နေရာကို ပို့ပေးခဲ့ရတာပါ''

ဆင်းသွဲ့ကြည်ကအချိန်ကာလကြာမြင့်စွာ ခံစားခဲ့ရသည့် ခံစားချက်ကို ရင်ဖွင့်ပြီး မိုးမခကို လှမ်းကြည့်လိုက်၏။

ဦးနိုင်ဝင်းကျော် ခေါင်းငိုက်စိုက်ကျသွားချိန်ဝယ် မိုးမခနှင့် ဆင်းသွဲ့ကြည်တို့မှာ ခေါင်းများမော့၍ အကြည့်ချင်းငြိုင်ကာ ရင်ထဲမှ မေတ္တာတရားများကို အပြန်အလှန် ထုတ်ပြနေခဲ့မိကြတော့၏။

**စာပေသ[illegible]ဖြင့်**

**အောင်[illegible]စော**

www.burmeseclassic.com

www.burmeseclassic.com


ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

# ကုံလုံတိုင်းရင်းဆေးကုခန်း

**ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု**

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဉ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြှောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထိုး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ချွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နှလုံးရောဂါအမျိုးမျိုး။ ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာ အမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျီးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်-ဝှပ်-လွှန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်. . . . .

ကုံလုံဆရာကြီး (တဆ-၀၁၂၀၄)က သိပ္ပံ-ဝိဇ္ဇာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

**အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။**

**ဆေးခန်းဖွင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၇း၀၀]နာရီထိ**

တိုက်အမှတ်-၁၆၊ စက်မှုရိပ်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး
(ဘာတာကားမှတ်တိုင်ဆင်း၍ ဝင်းသုဇာအရောင်းဆိုင်ဘေးက လမ်းမှ ဝင်ခဲ့ပါ)။
ဖုန်း ၇၃၀၁၀၃၄၄


www.burmeseclassic.com

www.burmeseclassic.com


ကျော်သိန်း စာပေ မှ ကြိုဆိုပါ၏

Welcome to Kyaw Thein




(၁) အမှတ် (၂၀၄/၂၀၈) (၂) အမှတ် (၁၉၇)၊ မြေညီထပ်၊
(၃) အမှတ် (၁၈၃)၊ မြေညီထပ်၊ (၃၂)လမ်း၊ ရန်ကုန်၊ ဖုန်း ၃၇[illegible]၉၆



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း

## မတော်တဆသေဆုံးတဲ့ လူသေမှုဖြစ်ကြောင်း တောင်ကိုရီးယားတရားရုံးက ဆုံးဖြတ်ခဲ့



တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော ရေဘဝဲစားသုံးပြီး သေဆုံးခဲ့ရသည့် အမျိုးသမီးတစ်ဦး၏အမှုကို မတော်တဆမှု (သို့) လူသတ်မှုဖြစ်ကြောင်းကို အတည်ပြုနိုင်ရန် တာဝန်ရှိသူများက သုံးနှစ်ကြာ စုံစမ်းမှုများပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယားတရားရုံးချုပ်က မတော်တဆမှုဖြစ်ကြောင်း အတည်ပြုပေးခဲ့သည်။

ဖြစ်စဉ်မှာ သေဆုံးသူ ယွန်းနှင့် ၎င်း၏ချစ်သူ မစ္စတာ ကင်မ်တို့နှစ်ဦးသည် ၂၀၁၀၊ ဧပြီလတွင် ဆိုးလ်မြို့အနီးရှိ အင်ချီယွန်မြို့၊ မိုတယ်တစ်ခုသို့ သွားရောက်ခဲ့ပြီး ဒေသတွင်း စားသောက်ဆိုင်တစ်ဆိုင်မှ ရေဘဝဲအရှင်နှစ်ကောင်ကို ဝယ်ယူကာ စားသုံးခဲ့သည်။

ယွန်းမှာ ရေဘဝဲတစ်ကောင်စားအပြီး မူးမေ့လဲသွားကာအသက်ရှူရပ်၍ ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ပြီး ဆယ်ရက်အကြာ ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ ပထမတွင် ၎င်းအမှုကို မတော်တဆမှုတစ်ခုအဖြစ်ရဲများက ဆုံးဖြတ်ကာ အမှုကို ရုပ်သိမ်းခဲ့သည်။ ငါးလကြာမြင့်ပြီးနောက် ယွန်း၏ဖခင်က ၎င်း၏သမီးဖြစ်သူမှာ မသေခင် အသက်အာမခံကြေးထားရှိခဲ့သဖြင့် ၎င်း၏ချစ်သူက သတ်ခဲ့ကြောင်း တရားစွဲဆိုခဲ့သည်။

၎င်းအမှုကို ပြန်လည်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး မစ္စတာကင်မ်ကို ၂၀၁၂ ခု၊ အောက်တိုဘာလတွင် တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်ခဲ့သည်။ မစ္စတာကင်မ်က အယူခံဝင်ခဲ့ရာ အမှုမှာ တရားရုံးချုပ်သို့ ရောက်ရှိခဲ့ပြီး စစ်ဆေးမှုအဆင့်ဆင့် ထပ်မံပြုလုပ်ခဲ့ပြီးနောက် ယွန်း၏သေဆုံးမှုမှာ မတော်တဆမှုတစ်ခုဖြစ်ကြောင်း စက်တင်ဘာလက အတည်ပြုခဲ့ပြီး မစ္စတာကင်မ်အား တစ်သက်တစ်ကျွန်းမှ တရားသေ လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့ခြင်းဖြစ်သည်။

Ref:International News

14.9.2013

www.burmeseclassic.com

www.burmeseclassic.com



# အမေရိကန် မော်ဒယ်လ်သရုပ်ဆောင် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုဖြစ်ပွား



အမေရိကန်လူမျိုး ရုပ်ရှင်သရုပ်ဆောင်နှင့် မော်ဒယ်လ်တစ်ဦးဖြစ်သူ Gia Allemand သည် နယူးအော်လင်းရှိ University Hospital ၌သေဆုံးသွားသည်။ အသက် ၂၉ နှစ်အရွယ် Gia Allemand သည် သူမကိုယ်ကို ကြိုးဆွဲချသတ်သေခဲ့ခြင်းဖြစ်သည်။

သူမ၏ ယောကျ်ားလေးအဖော် National Basketball Association တွင် ကစားသမား Ryan Anderson သည် သူမအား သူမ၏နေအိမ်တွင် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိကာ အရေးပေါ်ဌာနသို့ ဖုန်းခေါ်ဆိုခဲ့သည်။ ၎င်းတို့နှစ်ဦးအကြားတွင် ပြဿနာများရှိနေပြီး သူတို့သည် Allemand သေဆုံးသည့်အချိန်အထိ အတူတကွ နေထိုင်ခဲ့ကြောင်း သိရသည်။

Ref:International News 16.9.2013

# ဆေးကုသမှုများယွင်းလို့ သေဆုံးရသူကလေးငယ်နဲ့ ဝိညာဉ်လောက အမြင်မသဲကွဲမှုများ




၁၉၈၂ ခုနှစ်တွင် အလွန်ကြောက်စရာကောင်းသော Poltergeist အမည်ရှိသရဲကားတွင် သရုပ်ဆောင်ခဲ့သည့် ကလေးငယ်မှာ အသက် ၁၂ နှစ်အရွယ်တွင် အဖျားရောဂါ ခံစားခဲ့ရသည်။

အဖျားမှာ မကြီးသော်လည်း ဆေးပညာများယွင်းချက်ကြောင့် ကလေးငယ်မှာ မသေသင့်ဘဲ သေသွားခဲ့ရသည်။ ရုပ်ရှင်ထဲတွင်ခြောက်လှန့်သရုပ်ဆောင်ရသောကလေးငယ်သည် အပြင်တွင် အမှန်တကယ် အသေစောသွားခဲ့သည်။ ယနေ့အထိ ကလေးငယ်မှာ စုန်းကဝေလောကနှင့်ဆက်စပ်၍ သေဆုံးသွားသည်ဟု ယုံကြည်နေသူများလည်း ရှိနေကြောင်း သိရသည်။

Ref: International News 28/9/2013

# အမျိုးသမီးရာပေါင်းများစွာ၏ စကတ်အပေါ်ပိုင်းကို ဗီဒီယိုမှတ်တမ်းရိုက်ခဲ့သူ



စင်ကာပူနိုင်ငံရှိ ကုန်းလမ်းပို့ဆောင်ရေးမှ အင်ဂျင်နီယာတစ်ဦးသည် အမျိုးသမီး ရာပေါင်းများစွာ၏ စကတ်အပေါ်ပိုင်းကို ဗီဒီယိုရိုက်ခဲ့သောကြောင့် အမှုပေါင်း ၄၂၃ မှ တွင်အပြစ်ရှိကြောင်း တရားရုံး (၁၁) ခုက ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိ ရသည်။

အသက် ၃၁ နှစ်အရွယ် အမျိုးသားသည် Kew Guozhi (Camera Pen) အမျိုးအစား အသေးစား ကင်မရာကို သူ၏ဘွတ်ဖိနပ် ကြိုးချည်သည့်နေရာတွင် တပ်ဆင်ကာ ရာပေါင်းများစွာသော အမျိုးသမီးများ၏ စကတ်အပေါ်ပိုင်းကို ဗီဒီယိုဖြင့် ခိုးရိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသူကို ကုန်တိုက်တစ်ခု၏ စတိုးဆိုင်တစ်ခုတွင် စကတ်တိုဝတ်ထားသော အမျိုးသမီးများနောက် မသင်္ကာဖွယ်လိုက်နေသောကြောင့် လုံခြုံရေးကလက်ထောက်မန်နေဂျာကို သတိပေးခဲ့ရာမှ ယခုကဲ့သို့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: International News 7-9-13


www.burmeseclassic.com

www.burmeseclassic.com



# ကလေးများအား သတ်ဖြတ်စားသောက်ရန် ကြံစည်သူအား ထောင်ဒဏ်ချမှတ်

ဗြိတိန်နိုင်ငံမှ အမျိုးသားတစ်ဦးသည် အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်ရှိ ၎င်း၏ နေအိမ်၌ တည်ဆောက်ထားသော အသံလုံ မြေအောက်ခန်းတစ်ခုတွင် ကလေးများအား ပြန်ပေးဆွဲကာ နှိပ်စက်၍ စားသောက်ရန်ကြံစည်မှု ဖြစ်ပွားခဲ့သည်။



အသက် ၄၀ အရွယ် ဂျက်ဖရီပေါ့တ်ဝေးအမည်ရှိ ၎င်းအမျိုးသားသည် ကာမရာဂစိတ်ဖြင့် ကလေးများအား ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်းအပါအဝင် အကြမ်းဖက်မှုများကို လုပ်ဆောင်ရန် ကြံစည်ခဲ့သည်ဟု ဝန်ခံပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ဂျက်ဖရီ၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ အသံလုံမြေအောက်ခန်းတစ်ခု၊ ကလေးငယ်များ၏ ရုပ်အလောင်းများ၊ စတီးလ်လှောင်ချိုင့်များနှင့် သားသတ်သမားတို့ အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိခဲ့ရသည်။ ထို့အပြင် ၎င်း၏ အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် ကလေးငယ် ၄၅၀၀ ကျော်အား မြှူဆွယ်သည့် သက်သေအထောက်အထားများကို တွေ့ရှိခဲ့သည်။



ထိုသို့လုပ်ဆောင်မှုများကြောင့် ဂျက်ဖရီသည် အမေရိကန်အကျဉ်းထောင်တွင် ထောင်ဒဏ် ၂၇ နှစ် ကျခံရမည်ဖြစ်ပြီး ထောင်မှလွတ်လာလျှင် ဗြိတိန်နိုင်ငံသို့ နယ်နှင်ဒဏ်ပေးခံရမည်ဖြစ်သည်။

Ref: International News

19.9.13

# ၁၇ လ တစ်ကြိမ်နဲ့ ၂၃ နှစ်တိုင် ကလေးမွေးခဲ့မှုကြောင့် (၁၇)ယောက်မြောက်ကလေးရရှိပြီဟုသိရ



ဗြိတိန်နိုင်ငံတွင် လန်ကတ်ရှိုင်းယားပြည်နယ်၊ မော်ကွန်းမြို့မှ Rad Ford အမည်ရှိ မိသားစုတစ်ခုသည် ၎င်းတို့၏ ၁၇ ယောက်မြောက် ကလေးငယ်ကို မွေးဖွားရန် ပြင်ဆင်လိုက်ရှိသည်။

ကိုယ်ပိုင်ပေါင်မုန့်ဖုတ်လုပ်ငန်းကို လုပ်ကိုင်သော ထိုဇနီးမောင်နှံသည် (၁၇)လလျှင် တစ်ကြိမ်နှုန်းဖြင့် ၂၃ နှစ်တိုင်တိုင် ကလေးများ မွေးဖွားခဲ့ကြသည်။

၎င်းတို့မိသားစုနေအိမ်တွင် အိပ်ခန်းကိုးခန်းပါရှိပြီး မိသားစု သွားလာရေးအတွက် မီနီဘတ်စ်ကားတစ်စီးကို အသုံးပြုရကြောင်း သိရသည်။

Ref: International News

19.9.2013

www.burmeseclassic.com

www.burmeseclassic.com



# မှုခင်းသတင်း

## လမ်းသွားနေသူထံမှ ပိုက်ဆံပါအိတ်တစ်လုံးနှင့် SIM ကတ်ပါ ဟန်းဖုန်းတစ်လုံးအား လုယူထွက်ပြေးခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် သူနာပြုဆရာမတစ်ဦးသည် ညောင်ကုန်းရပ်ကွက်သို့ဆေးကုသရန် လမ်းလျှောက်လာစဉ် နောက်မှလူငယ်တစ်ဦးက ပိုက်ဆံအိတ်နှင့်လက်ကိုင်ဖုန်းအား လုယူကာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၈-၁၀-၂၀၁၃ ရက်နေ့၊ ည ၈ နာရီ ၁၅ မိနစ်အချိန်ခန့်က သူနာပြုဆရာမ ဒေါ်သင်းသင်းခိုင် (၄၃ နှစ်)၊ ဗိုလ်အောင်ကျော်လမ်း၊ မြို့မ (၄)ရပ်ကွက်၊ ဒလမြို့နယ်နေသူသည် ညောင်ကုန်းရပ်ကွက်သို့ ဆေးကုသရန်အတွက် တစ်ဦးတည်း လမ်းလျှောက်သွားခဲ့သည်ဆို၏။

ထိုသို့လျှောက်လာစဉ် ဒလမြို့နယ်၊ မြို့မ (၄)ရပ်ကွက်၊ ကနောင်လမ်းမကြီး၊ ပြည့်ပေဖြိုးလက်ဖက်ရည်ဆိုင်အလွန်တွင် နောက်မှလူငယ်တစ်ဦး လမ်းလျှောက်လိုက်လာခဲ့ပြီး ဒေါ်သင်းသင်းခိုင်၏ ယာဘက်လက်တွင် ကိုင်ထားသော ငွေစက္ကူရောရာ ကျပ် ၃၇၆၀၀ ပါ အညိုရောင် မိန်းမလက်ကိုင်အိတ်တစ်လုံးနှင့် SIM ကတ်ပါ နိုကီရာလက်ကိုင်ဖုန်း အပြာရောင်တစ်လုံးတို့ကို လုယူထွက်ပြေးသွားခဲ့သည်။

ထို့နောက် ရှေ့ ၁၅ ကိုက်ခန့်အကွာတွင် ဆိုင်ကယ်ဖြင့်ရပ်စောင့်နေသည့်သူနှင့်အတူ အဲမွန်ဒရာလမ်းဘက်သို့ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြသည်။ ၁၇-၁၀-၂၀၁၃ ရက်နေ့၊ နေ့လယ် ၁ နာရီခွဲအချိန်တွင် ဒေါ်သင်းသင်းခိုင်က ၎င်း၏ဖုန်းသို့ ဆက်သွယ်ကြည့်ခဲ့ရာ ဘိုဘိုမောင်ဆိုသည့် လူတစ်ဦးက ကိုင်ဆောင်ထားကြောင်း သိရှိခဲ့ရ၍ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်သို့ ညနေ ၅ နာရီခွဲတွင် ချိန်းဆိုကာ ဖုန်းအားပြန်လည်ရယူခဲ့သည်။

ဖုန်းကိစ္စနှင့်ပတ်သက်ပြီး ဘိုဘိုမောင်အား မေးမြန်းခဲ့ရာ အဆိုပါဖုန်းအား ဆိုင်ကယ် ကယ်ရီမောင်းနှင်သည့် အငယ်လေး (ခ) လင်းကျော် (၁၉ နှစ်)၊ ဦးအောင်ဖေယျ (၄)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်နေသူထံမှ ရရှိခဲ့ကြောင်း ပြောပြ၍ သိရှိခဲ့ရသည်။

ဒေါ်သင်းသင်းခိုင်က တရားလိုပြုလုပ်တိုင်ကြားခဲ့သဖြင့် ဒလမြို့မ ရဲစခန်းက (ပ) ၄၇၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ် ကျော်စိုးဟန်က အငယ်လေး (ခ) လင်းကျော်အား ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ မင်းချစ်ဦး (၂၂ နှစ်)၊ ကယ်ရီမောင်း၊ ခမွေစေတီလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်နေသူနှင့် ကျော်နိုင်ဝင်း (ခ) ဗီဂျေး (၂၄ နှစ်)တို့မှာလည်း ပြစ်မှုကို အတူတကွ ကျူးလွန်ခဲ့ကြောင်း ထွက်ဆိုခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရည်းစားဖြစ်သူအား ဟိုတယ်သို့ခေါ်ဆောင်ခဲ့ပြီး အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တွင် လွန်ခဲ့သော နှစ်လခန့်က ချစ်သူရည်းစားဖြစ်ခဲ့ဖူးသူမှ အေးဆေးစွာ စကားပြောချင်သည်ဟုဆိုကာ ဟိုတယ်သို့ခေါ်ဆောင်သွားပြီး အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်ခံခဲ့ရမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၅-၁၀-၂၀၁၃ ရက်နေ့၊ ညနေ ၅ နာရီခွဲအချိန်ခန့်က မ---(၂၁ နှစ်)၊ တာမွေမြို့နယ်နေသူသည် လွန်ခဲ့သော နှစ်လခန့်က ရည်းစားဖြစ်ခဲ့ဖူးသူ စိုးသူရဝင်း (၂၄ နှစ်)၊ သာကေတမြို့နယ်နေသူမှ အေးချမ်းစွာ စကားပြောချင်သည်ဟုဆိုကာ ကမာရွတ်မြို့နယ်ရှိ ဟိုတယ်တစ်ခုသို့ မ---အား ခေါ်ဆောင်သွားခဲ့သည်ဆို၏။

စိုးသူရဝင်းမှာ ဟိုတယ်တွင် မ---အား အလိုမတူဘဲ သားမယား အဖြစ်ပြုကျင့်ခဲ့ပြီး ချော့မော့နှစ်သိမ့်နေစဉ် မ---၏ မိဘများရောက်ရှိလာကာ နှစ်ဦးစလုံးအား ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်ဆို၏။

မ---မှ တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခဲ့သဖြင့် ကမာရွတ်မြို့မရဲစခန်းက (ပ) ၄၅၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် စခန်းမှူး ဒုရဲမှူး မောင်မောင်ဦးက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

## တာဝန်မဲ့ထွက်ပြေးတိမ်းရှောင်သွားတဲ့ ယာဉ်နှစ်စီးတိုက်မိခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အတွင်း ဟီးနိုး ခြောက်ဘီးယာဉ်နှင့် အထည်ချုပ်ကြို/ပို့ယာဉ် ကင်တာတို့ တိုက်မိခဲ့မှုကြောင့် ကင်တာယာဉ်ပေါ်လိုက်ပါလာသည့်လူ (၁၄)ဦး ဒဏ်ရာများရရှိကာ လှည်းကူးဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၇-၁၀-၂၀၁၃ ရက်နေ့၊ နံနက် ၆ နာရီခွဲအချိန်တွင် လှည်းကူးမြို့နယ်၊ လှည်းကူး-ဖောင်ကြီးလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်းသန်းထိုက်မောင်းနှင်လာသော ၉ခ/---- ဟီးနိုးအစိမ်းနုရောင် ခြောက်ဘီးယာဉ်သည် ဖားအောက်တောရဘုန်းကြီးကျောင်းလမ်းထိပ်အရောက်တွင် လမ်းချော်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ယာဉ်မောင်းကို မောင်မောင် (၂၈ နှစ်) မောင်းနှင်သည့် ၄က/----ကင်တာအဖြူရောင် ကိုယ်ပိုင်ယာဉ် (အထည်ချုပ်ကြို/ပို့)၏ ဦးခေါင်းပိုင်းယာဘက်ထိပ်နှင့် ဟီးနိုးယာဉ်၏ ယာဘက်ဘော်ဒီ၊ ယာဘက်နောက်ဘီးတို့နှင့် တိုက်မိခဲ့သည်ဆို၏။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးစလုံး ပျက်စီးခဲ့ပြီး ကင်တာယာဉ်ပေါ်မှ အထည်ချုပ်စက်ရုံမှ မခင်ဝင်းခိုင် (၁) မိအိဖြိုး (၂၁ နှစ်)၊ ကဒစ်ကျေးရွာ၊ လှည်းကူးမြို့နယ်နေသူပါ ကိုးဦးနှင့် ကိုမောင်မောင် (၂၈ နှစ်)၊ ယာဉ်မောင်း၊ လှော်ကား၊ ရွှေပြည်သာမြို့နယ်နေသူပါ ငါးဦးတို့တွင် ပွန်းပဲ့နာကျင်ဒဏ်ရာများ ရရှိခဲ့၍ လှည်းကူးဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။

ဟီးနိုးယာဉ်၏ယာဉ်မောင်း သန်းထိုက်မှာ ယာဉ်အားထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ရဲအုပ် အောင်သန်းဝင်း (ယာဉ်ထိန်းတပ်ဖွဲ့စု-၅၀၊ လှည်းကူးမြို့နယ်)က တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် လှည်းကူးမြို့မရဲစခန်းက (ပ) ၅၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈/ ၂၀၂ ဖြင့် အမှုဖွင့်ပြီး အမှုစစ် / တရားလိုက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

## တာဝန်ဝတ္တရားထမ်းဆောင်သူအား ဟန့်တားနှောင့်ယှက်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းဆုံမီးပွိုင့်တွင် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးအား ယာဉ်မောင်းတစ်ဦးက သံပိုက်လုံးနှင့်ရိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၇-၁၀-၂၀၁၃ ရက်နေ့ နံနက် ၉ နာရီ ၂၅ မိနစ်အချိန်ခန့်က လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းဆုံ စံပြဈေးမီးပွိုင့်တွင် ရဲဒုတပ်ကြပ်ပြည့်ဖြိုးအောင်နှင့် ရဲတပ်သား အောင်နိုင်ကြီးတို့သည် တာဝန်ထမ်းဆောင်နေခဲ့ကြသည်ဆို၏။

ထိုအချိန် လေးထောင့်ကန်လမ်းအတိုင်း ပြည်ထောင်စုခုံးတံတားဘက်မှ စံပြဈေးဘက်သို့ ယာဉ်မောင်း စိုးပိုင် (၃၈ နှစ်)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေသူ မောင်းနှင်လာသော မထသ ၃၉ ယာဉ်လိုင်းမှ ၄ခ/-----၊ အီစူဇူး ဘတ်စ် မှန်လုံယာဉ်(စိမ်းပြာရောင်)အား ယာဉ်ကြောပိတ်ဆို့နေသဖြင့် ယာဘက်ဘေးမှ ချမောင်းပေးရန် ပြောဆိုစဉ် ယာဉ်မောင်းစိုးပိုင်က လိုက်နာမှုမရှိဘဲ အပြန်အလှန်ပြောဆိုကြရာမှ စကားများခဲ့ကြသည်ဆို၏။

ထိုသို့ စကားများရာမှ ယာဉ်မောင်း စိုးပိုင်က အရှည် ၂ ပေ၊ ၃ လက်မရှိ သုံးမတ်သံပိုက်လုံးကို ကိုင်၍ ယာဉ်ပေါ်မှဆင်းလာကာ ရဲဒုတပ်ကြပ် ပြည့်ဖြိုးအောင်အား ရိုက်ခဲ့သဖြင့် ဝဲဘက်တံတောင်ဆစ်တွင် ပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိပြီး သင်္ဃန်းကျွန်းစံပြဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။

ရဲတပ်သား အောင်နိုင်ကြီးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် သင်္ဃန်းကျွန်းမြို့မရဲစခန်းက (ပ) ၄၃၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၃/၃၅၃ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ် ဟံသာအေးက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

## နွားစာကျွေးနေစဉ် မိုးကြိုးပစ်ခံရလို့သေဆုံးမှု ပျော်ဘွယ်ကြီးမြို့နယ်မှာဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ ပျော်ဘွယ်ကြီးမြို့နယ်တွင် မိုးကြိုးပစ်ခံရ၍ ဒလမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ အမျိုးသားတစ်ဦးသေဆုံးရောက်ရှိလာကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၇-၁၀-၂၀၁၃ ရက်နေ့ နေ့လယ် ၂ နာရီအချိန်ခန့်က ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် မြစိုးသည် တာဝန်များဆောင်ရွက်နေစဉ် ဒလမြို့နယ်ဆေးရုံသို့ မိုးကြိုးပစ်ခံရ၍ အမျိုးသားတစ်ဦး သေဆုံးရောက်ရှိလာကြောင်း သတင်းရရှိခဲ့သည်ဆို၏။

သတင်းရလျှင်ရချင်း သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကိုဝင်းမောင် (၅၁ နှစ်)၊ လယ်လုပ်၊ ဗင်းစုကွင်း၊ ရဲချောင်းကြီးကျေးရွာ၊ ဒလမြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်းသည် နံနက် ၁၁ နာရီခွဲ အချိန်ခန့်က ၎င်း၏နေအိမ်နှင့်တွဲလျက်ရှိသော ၈ ပေပတ်လည်၊ အမြင့် ၁၅ ပေရှိ ဓနိမိုး၊ ထရံကာ နွားတင်းကုပ်အတွင်း နွားစာကျွေးနေစဉ် နွားတင်းကုပ်ခေါင်မိုးအား မိုးကြိုးပစ်၍ ကိုဝင်းမောင်အား မိုးကြိုးထိမှန်ကာ ၎င်း၏ဝဲ/ယာ လက်ချောင်းများ ညိုမည်းဒဏ်ရာ၊ ဝဲဘက်ညှပ်ရိုးအောက်တွင် အနီစင်းဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိခဲ့ရပြီး အလောင်းအား ဒလဆေးရုံမှ ပီအာရ် ၃၄ ဖြင့် လက်ခံထားရှိခဲ့သည်။

စခန်းမှူး ရဲအုပ်မြစိုးက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၂/၂၀၁၃ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ်/တရားလိုက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အားနွဲ့သူအား ကိုယ်လုံးနှင့်တိုက်ပြီး ဆွဲကြိုးနှင့် လော့ကက်သီးဖြုတ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင် စျေးဝယ်၍ နေအိမ်တိုက်ခန်းသို့ပြန်လာသည့် အမျိုးသမီးတစ်ဦးအား တိုက်ခန်းသုံးလွှာ၏ လှေကားအရောက်တွင် အပေါ်ထပ်မှ လှေကားအတိုင်းဆင်းလာသူ အမျိုးသားတစ်ဦးက လူကိုတိုက်ပြီး လည်ပင်းတွင်ဝတ်ဆင်ထားသော ဆွဲကြိုးနှင့် လော့ကက်သီးအား ဖြုတ်ယူထွက်ပြေးသွားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၇-၁၀-၂၀၁၃ ရက်နေ့၊ နေ့လယ် ၁၂ နာရီခွဲအချိန်ခန့်က ဦးအောင်ကျော်မျိုး (၃၉ နှစ်)၊ မ/၁၅၃ (ဗလွှာ/ဘီ)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်နေသူ၏ ညီမဖြစ်သူ မအိရွှေစင် (၃၅ နှစ်)သည် အသောကစျေးမှ စျေးဝယ်ပြီး နေအိမ်တိုက်ခန်းသို့ ပြန်လာခဲ့သည်ဆို၏။

ထိုသို့ပြန်အလာတွင် တိုက်ခန်း၏ သုံးလွှာလှေကားအရောက်တွင် အပေါ်ထပ်မှ လှေကားအတိုင်း အသက် ၂၀ ဝန်းကျင်ခန့်ရှိ အမျိုးသားတစ်ဦးဆင်းလာပြီး မအိရွှေစင်အား ကိုယ်လုံးချင်းဝင်တိုက်ခဲ့၍ မအိ ရွှေစင်မှာ လဲကျခဲ့သည်ဆို၏။ လဲကျ စဉ် မအိရွှေစင်၏လည်ပင်း၌ ဝတ်ဆင်ထားသော ခရားပုံရွှေဆွဲကြိုးတစ်ကုံးနှင့် စိန်ပုံဆန်းလော့ကက်သီးတို့အား အဆိုပါအမျိုးသားက လုယူထွက်ပြေးသွားခဲ့သည်။

ဦးအောင်ကျော်မျိုးက တရားလိုပြုလုပ်တိုင်ကြားသဖြင့် တာမွေမြို့မရဲစခန်း (ပ) ၄၅၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ် ခင်ဝင်းက ပြစ်မှုကျူးလွန်သူအား လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ နေ့လယ် ၂ နာရီ ၄၀ မိနစ်တွင် တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်းနှင့် ဘယသုဒ္ဓိလမ်းထောင့်တွင် အောင်စိုး(ခ)အငယ်ကောင် (၁၇ နှစ်)၊ ကျပန်း၊ ဒေါနလမ်း၊ ပုဗ္ဗသီရိမြို့နယ်နေသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

BURMESE CLASSIC .com

## အရက်အတူသောက်ရင်းစကားများရာမှ ဓားထိုးမှု ကွမ်းခြံကုန်းမြို့နယ်တွင်ဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်တွင် အရက်အတူသောက်ခဲ့ကြသူနှစ်ဦး စကားနိုင်လုရာမှ စကားများရန်ဖြစ်စဉ် တစ်ဦးက ဓားဖြင့်ထိုး၍ ထွက်ပြေးသွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၇-၁၀-၂၀၁၃ ရက်နေ့၊ နံနက် ၁၁ နာရီခွဲအချိန်ခန့်က ဒေါ်အမီနာ (၃၈ နှစ်)၊ တော်ခရမ်းလေးကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်နေသူသည် နေအိမ်၌ တစ်ဦးတည်းရှိနေစဉ် တစ်ရွာတည်းနေ အာရှစ်ဆိုသူ ရောက်ရှိလာပြီး အမီနာနှင့်အတူနေသားဖြစ်သူ လှမြင့်မှာ ဓားထိုးခံရကြောင်း ပြောပြ၍ သိရှိခဲ့ရသည်ဆို၏။

သိလျှင်သိချင်း သားဖြစ်သူထံ သွားရောက်ကြည့်ရှုခဲ့ရာ ဝဲဘက်လက်ဖျံ၌ ထိုးသွင်းဒဏ်ရာတစ်ချက် တွေ့ရှိခဲ့ပြီး မေးမြန်းခဲ့ရာ နေလင်း (၂၈ နှစ်)၊ တော်ခရမ်းလေးကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်နေသူနှင့်အရက်အတူသောက်ပြီး စကားနိုင်လုရာမှ စကားများရန်ဖြစ်ကာ နေလင်းက အသင့်ပါလာသော ဓားဖြင့်ထိုး၍ ထွက်ပြေးသွားကြောင်း သိရှိခဲ့ရ၍ သားဖြစ်သူအား ကွမ်းခြံကုန်းဆေးရုံတွင်ဆေးကုသမှုခံယူစေခဲ့သည်ဆို၏။

ဒေါ်အမီနာက တရားလိုပြုလုပ်တိုင်ကြားခဲ့သဖြင့် ကွမ်းခြံကုန်းမြို့မရဲစခန်း (ပ) ၂၁၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၂၄ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် ဒုရဲအုပ် ကျော်မျိုးဝင်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းသိရသည်။

www.burmeseclassic.com

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ်ကြန့်ကြာတတ်သည်။ အနှောင့်အယှက်၊ ပဋိပက္ခများစွာတို့နှင့် ရင်ဆိုင်ပြီးမှအောင်မြင်ရတတ်သည်။ စီးပွားရေးသင့်တင့်မည်။ လူမှုရေး ရှုပ်ထွေးတတ်ပြီး အဖျက်အဆီး၊ အနှောင့်အယှက်တို့ ကြောင့် ပြဿနာတက်တတ်သည်။ သတိအထူးရှိပါ။ ဝန်ထမ်းများအတွက် ရာထူးတိုးတက်မှုရှိမည်။

**ကံကောင်းအရောင်။** ။ နီ၊ ဝါ၊ ပြာ၊ စိမ်း ရောယှက်ရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ အညို၊ အနက်ထဲမှာ အဝါမျဉ်းဖြောင့် ရှောင်ပါ။
**အချစ်ရေး။** ။ အချစ်ကံစန်းပွင့်ပြီး ချစ်သူတွေပတ်လည်ဝိုင်းနေမည်။
**ထီထိုးရန်။** ။ (က) ၆–၉၊ (ခ) ၆–၄၊ (ဂ) ၆–၁။
**ယတြာ။** ။ မွေးနံ့ထောင့်မှာ လမုန့် ငါးခုလှူပါ။ ရေသက်စေ့ကပ်ပါ။

BURMESE CLASSIC .com

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အားကစားလုပ်ငန်း၊ မယ်စကြဝဠာအလှမယ်ရွေးပွဲတို့တွင် ပထမအောင်ပန်းဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ဆောင်ပြီး ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရွှေတံဆိပ်ဆုတို့ ရရှိတတ်သည်။ ရုပ်ရှင်၊ ဗွီဒီယို၊ သရုပ်ဆောင်မင်းသား၊ မင်းသမီးတို့ဖြစ်ပါက အကယ်ဒမီဆုရရှိနိုင်သည်။ စာပေ၊ စာအုပ်စာတမ်း၊ စာရေးဆရာဖြစ်ပါက ငွေကြေးပြဿနာတက်နိုင်သည်။ အမှုအခင်းဖြစ်ပြီး တရားစွဲဆိုခြင်း ခံရတတ်သည်။ သတိရှိပါလေ။

**ကံကောင်းအရောင်။** ။ အဖြူထဲမှာ လိမ္မော်ရောင်ပန်းပွင့်ပါအရောင်
**ကံညံ့အရောင်။** ။ စတော်ဘယ်ရီရောင်၊ နံ့သာရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ဟိုလိုလို၊ ဒီလိုလိုနှင့် မသေချာ၊ မရေရာသေးပါ။
**ထီထိုးရန်။** ။ (ဃ) ၂–၄၊ (င) ၂–၆၊ (စ) ၂–၈။
**ယတြာ။** ။ အိမ်ဘုရားတွင် သစ်ဆိမ့်သီး ကိုးလုံး ကပ်လှူပေးပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ခရီးသွားလာရခြင်း၊ သူတစ်ပါးအမှုအခင်းကိစ္စ ကူညီရခြင်းတို့ကြောင့် မိမိအား ဂုဏ်ပြုခြင်းခံရမည်။ ရာထူး၊ နေရာ၊ ဌာနတိုးတက်မှုရှိမည်။ အိမ်ထောင်ရေးသာယာမည်။ ကျန်းမာရေးတွင် နှလုံး၊ သွေးတိုးရောဂါတို့ကြောင့် ခေတ္တဆေးရုံတက်ရမည်။ အန္တရာယ်မရှိပါ။ လူမှုရေးညံ့ပြီး စီးပွားရေးအထူးကံကောင်းမည့် လတစ်လဖြစ်ပါသည်။

**ကံကောင်းအရောင်။** ။ အဖြူ၊ အနီ၊ အပြာနု ရောယှက်ရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ ရွှေရောင်၊ ဘဲဥခေါင်းစိမ်းရောင် ရှောင်ပါ။
**အချစ်ရေး။** ။ နှလုံးသားရေးရာပြဿနာပေါ်မည်။ အချစ်ကြောင့် ဘေးရောက်မည်။
**ထီထိုးရန်။** ။ (ဆ) ၅–၄၊ (ဇ) ၅–၈၊ (ဉ) ၅–၁။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းတွေ ဖယ်ဆက်သလို လုပ်ကိုင်ရတတ်သည်။ အတွင်းလူ သစ္စာဖောက်တတ်သည်။ ရွှေ၊ ငွေ၊ ရတနာ တန်ဖိုးကြီးပစ္စည်းတို့ လူခိုးခံရတတ်သည်။ သတိရှိပါ။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းတွင်း ရန်ဘက်၊ ပြိုင်ဘက် ပေါ်တတ်သည်။ နေရာ၊ ဌာန၊ ရာထူး တိုးတက်မှုမရှိသေးပါ။ အထက်လူကြီးတို့ အထင်လွဲခြင်း ခံရတတ်သည်။ အိမ်၊ ခြံ၊ မြေ ရွှေ့ပြောင်းပါက ကံအထူးကောင်းမည်မှတ်ပါ။

**ကံကောင်းအရောင်။** ။ မိုးစက်ပွင့်ရောင်၊ နံ့သာရောင် ဝမ်းဆက်

**ကံညံ့အရောင်။** ။ နီနီရဲရဲထဲမှာ အနက်ကွက်ကျဲ ရှောင်ပါ။

**အချစ်ရေး။** ။ သင့်အချစ်က ပစ်သွားတတ်သည်။ ကြားလူအနှောင့်အယှက်ရှိမည်။

**ထီထိုးရန်။** ။ (ဠ) ၄–၂၊ (ဌ) ၄–၅၊ (ဍ) ၄–၆။

**ယတြာ။** ။ အိမ်ဘုရားမှာ စံပယ်ကိုးကုံး၊ ဒန်းညွှန့်ကိုးညွှန့်လှူဒါန်းပေးပါ။

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း မိသားစုအရေး သောကမအေးဖြစ်ရတတ်သည်။ သားကတစ်ဖုံ၊ သမီးကတစ်မျိုးဖြင့် ဒုက္ခ ပေးတတ်သည်။ အရှက်သိက္ခာ ဂုဏ်ကျဆင်းတတ်သည်။ သတိထားပါ။ အိမ်ထောင်ရှင်များ မိန်းမနှင့် ကွဲကွာ ခွဲ ခွာနေရတတ်သည်။ စီးပွားရေး အထူးကောင်းနေပါသည်။ ရွှေ၊ ငွေ၊ စိန်၊ ကျောက် ထိန်ထိန်တောက်ကာ ဝင်လာ မဆဲ တသဲသဲဖြစ်တတ်ပါသည်။

**ကံကောင်းအရောင်။** ။ စကားဝါရောင်၊ နီနီရဲရဲ ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ သနပ်ခါး၊ စိမ်းပြာရောင် ရှောင်ပါ။

**အချစ်ရေး။** ။ ဖွင့်ပြောလိုက်ပါ။ သင်ရည်ရွယ်သူက လက်ခံလိမ့်မည်။

**ထီထိုးရန်။** ။ (တ) ၁–၈၊ (ထ) ၆–၃၊ (ဒ) ၆–၉။

**ယတြာ။** ။ မွေးနံထောင့်တွင် ရှားမီးသက်စေ့၊ နံ့သာအမွှေးတိုင် ၂၇ တိုင် လှူပါ။

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရပ်ဝေးပြည်ပခရီး၊ နိုင်ငံခြားသို့ လေ့လာရေးခရီးထွက်ရတတ်သည်။ အုပ်စုနှင့်ဖြစ်နိုင်သည်။ လူမှုရေးကိစ္စ ပြဿနာတက်မည်။ အမှုအခင်းဖြစ်နိုင်သည်။ သတိထားပါ။ ရှောင်ပါ။ ပညာရေးကောင်းပြီး ကျန်းမာ ရေး ညံ့တတ်သည်။ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်တတ်သည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကြားစကား မယုံသင့်ပါ။ ဘာပဲလုပ်လုပ် အောင်မြင်မှုရတတ်ပါသည်။

**ကံကောင်းအရောင်။** ။ နက်ပြာထဲမှာ အဖြူရောင်ပန်းပွင့်များစွာ

**ကံညံ့အရောင်။** ။ ကြက်သွေးရောင်၊ ကြည်ပြာရောင် ရှောင်ပါ။

**အချစ်ရေး။** ။ စေ့စပ်ကြောင်းလမ်း တောင်းရမ်းလာလျှင် လက်ခံလိုက်ပါ။

**ထီထိုးရန်။** ။ (ဓ) ၄–၃၊ (ဒ) ၄–၆၊ (န) ၄–၉။


**ယတြာ။** ။ အိမ်ဘုရားတွင်ထောပတ်ဆွမ်း၊ ဆွမ်းကိုပျားရည်ဆမ်း၍ကပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမတို့အတွက် သောကကြုံတတ်သည်။ မိဘနှစ်ပါး၏ကျန်းမာ ရေး သတိထားပါ။ ဆေးရုံတက်ရခြင်း၊ ခွဲစိတ်ကုသရမည့်ရောဂါ ရတတ်သည်။ နေအိမ်၊ ခြံ၊ မြေ၊ အရပ်ဒေသ ရွှေ့ပြောင်းရကိန်း ကြုံတတ်သည်။ အုပ်စုနှင့်အတူ အဖမ်းအဆီး၊ အချုပ်အနှောင်ခံရကိန်းမြင်သည်။ သတိထားပါ။ ဘာပဲလုပ်လုပ် ဒီတစ်လ သောကဗျာပါရ ကြုံတွေ့ရတတ်သောလဖြစ်ပါသည်။

**ကံကောင်းအရောင်။** ။ နီ၊ ဝါ၊ ပြာထဲမှာ အနက်မျဉ်းဖြောင့် ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ စိမ်းပြာ၊ ရေညှိရောင် လုံးဝရှောင်ပါ။


**အချစ်ရေး။** ။ အမှတ်တမဲ့မှ အမှတ်တရဖြစ်ပြီး ချစ်သွားနိုင်သည်။

**ထီထိုးရန်။** ။ (ပ) ၇-၂၊ (ဖ) ၇-၄၊ (ဗ) ၇-၆။

**ယတြာ။** ။ မွေးနံ့ထောင့်မှာ နှင်းဆီအဖြူရောင် ငါးပွင့်၊ အဝါရောင် ငါးပွင့် လှူပါ။

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ကျောက်မျက်ရတနာ၊ ရှေးဟောင်းပစ္စည်း၊ စားသောက်ကုန်လုပ်ငန်းတို့ အောင်မြင်မှုရပြီး သိန်းသန်းမနက်ဝင်လာတတ်သည်။ စပ်တူ၊ ရှယ်ယာလုပ်ငန်း အားလုံးရှောင်ပါ။ မရှောင်က ပြဿနာတက်ပြီး စိတ်ဆင်းရဲရမည်။ ဘာပဲလုပ်လုပ် မေတ္တာပွား၊ သစ္စာထား၊ ပရိတ်ရွတ်၊ ဘုရားရှိခိုးပြီးမှလုပ်ပါ။ အိမ်ထောင်ရေးတွင် သံသယစိတ်ကြောင့် ကွဲသွားတတ်သည်။ သတိအထူးထားပါ။

**ကံကောင်းအရောင်။** ။ ဇင်ပြာ၊ နက်ပြာ ဝမ်းဆက်ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ အနက်ထဲမှာ အစိမ်းရင့်ကွက်ကျဲ ရှောင်ပါ။

**အချစ်ရေး။** ။ စေ့စပ်ကြောင်းလမ်း တောင်းရမ်းလက်ထပ်ကိန်းမြင်သည်။

**ထီထိုးရန်။** ။ (က) ၄-၈၊ (ဈ) ၄-၅၊ (ည) ၄-၂။

**ယတြာ။** ။ အိမ်ဘုရားတွင် ထီးနီ၊ ထီးဝါ၊ ထီးပြာ ငါးလက်စီလှူဒါန်းပါ။

BURMESE CLASSIC .com

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် ကံကောင်းနေမည်မှတ်ပါ။ လုပ်ငန်းခွင်စာမေးပွဲ ပညာရေးစာမေးပွဲတို့ကို ကြိုးစားပြီး လုံ့လ၊ ဝီရိယစိုက်ကာဖြေပါ။ ဂုဏ်ထူးဖြင့်အောင်မြင်မှုရတတ်သည်။ လူမှုရေးညံ့ပြီး အိမ်ထောင်ရေးသင့် ၍ စီးပွားရေး အထူးကံကောင်းတတ်ပါသည်။

**ကံကောင်းအရောင်။** ။ ဖက်ဖူးရောင်၊ လိမ္မော်ရောင် ဝမ်းဆက်

**ကံညံ့အရောင်။** ။ အနက်ထဲမှာ အပြာကွက်စိပ် ရှောင်ပါ။

**အချစ်ရေး။** ။ နောက်ဆုတ်လိုက်ပါ။

**ထီထိုးရန်။** ။ (က) ၄-၅၊ (ဃ) ၆-၃၊ (င) ၇-၂။

**ယတြာ။** ။ မွေးနံ့ထောင့်တွင် သမ္ဗုဒ္ဓေဂါထာကိုးခေါက်ရွတ်ဖတ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း မချစ်မနှစ်သက်သူက တစ်ဖက်၊ ချစ်ခင်နှစ်သက် မေတ္တာစစ် မေတ္တာမှန်နှင့် ချစ်သူတို့ကတစ်ဖက် ဖြစ်နေတတ်သည်။ ဘာပဲလုပ်လုပ် အထူးသတိ ထားပါ။ မိဘဆွေမျိုး သဘောမတူသူတို့နှင့် စကားများရန်ဖြစ်တတ်သည်။ ပြဿနာတက် အပြစ်ရှာသူများနေ၍ သောကကြုံတတ်သော လအခါဖြစ်ပါသည်။ သတိရှိပါ။

**ကံကောင်းအရောင်။** ။ စိမ်း၊ ဝါ၊ ပြာ ရောယှက်ရောင်များ

**ကံညံ့အရောင်။** ။ အဖြူ၊ အနီထဲမှာ မျဉ်းကွက်စိပ် ရှောင်ပါ။

**အချစ်ရေး။** ။ လိုက်လေ ဝေးလေ၊ ချစ်သူက ပြေးလေဖြစ်နေမည်။

**ထီထိုးရန်။** ။ (က) ၅-၉၊ (ည) ၅-၈၊ (ဓ) ၅-၄။

**ယတြာ။** ။ အိမ်ဘုရားတွင် ဒန်းပန်း၊ သပြေပန်း ကိုးညွန့်စီကပ်လှူပါ

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ခနဉ်စွာ လာဘ်ကောင်းများဝင်တတ်သည်။ အပူပျောက်ကင်းပြ ဂုဏ်သတင်းနာမည်ကျော် ကြား ရေပန်းစားမည်။ စာရေးဆရာများ၊ ကျောင်းဆရာများ စာရေးဝန်ထမ်းများ ရာထူးတိုးတက်၊ နာမည်ကျော်ကိန်းမြင်သည်။ ငွေများများရကိန်း ရှိသည်။ အိမ်ထောင်ရေးတွင် နှစ်ကိုယ်တူ အလှူကြီးပေးလှူရတတ်သည်။ အနောက် စူးစူးအရပ်သို့ ခရီးသွားခြင်းရှောင်ပါ။ အန္တရာယ်ရှိသည်။

**ကံကောင်းအရောင်။** ။ ဖြူ၊ နီ၊ ညို၊ ပြာ ဝမ်းဆက်

**ကံညံ့အရောင်။** ။ အနီရဲရဲ၊ မရမ်းစေ့ရောင် ရှောင်ပါ။

**အချစ်ရေး။** ။ အားလုံးအဆင်ပြေပြီး အချစ်ကံကောင်းနေမည်။

**ထီထိုးရန်။** ။ (ယ) ၅-၉၊ (ရ) ၅-၈၊ (လ) ၅-၇။

**ယတြာ။** ။ မွေးနံ့ထောင့်မှာ ဖယောင်းတိုင် နီ၊ စိမ်း၊ ဝါ ကိုးတိုင်စီလှူဒါန်းပါ။

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ကံဇာတာတိုးတက်ပြီး တန်ခိုးထက်မည့်အချိန်အခါဖြစ်သည် မင်းစိုးရာဇာများ၏ မ,စခြင်း ခံရမည်။ *ထီပေါက်ကိန်းရှိသည်။ ထီထိုးပေးပါ။ စီးပွားရေး* လူမှုရေး အထူးကောင်းပြီး ကျန်းမာရေး ညံ့တတ် သည်။ အိမ်ထောင်ရေး သင့်ပါသည်။ ပြိုင်ဘက်၊ ရန်ဘက်ကို အနိုင်ရမည့် အခါသမယဖြစ်ပါသည်။ မင်္ဂလာသုတ်၊ ရတနသုတ် အမြဲတမ်း ရွတ်ဖတ်ပေးပါ။

**ကံကောင်းအရောင်။** ။ အစိမ်းနုထဲတွင် အနီပန်းပွင့်ပါအရောင်

**ကံညံ့အရောင်။** ။ အညို၊ အနက်၊ အပြာရင့် ရှောင်ပါ။

**အချစ်ရေး။** ။ အဆင်မပြေနိုင်သေးပါ။ပညာရေးကိုသာဆက်လက်ကြိုးစားပါ

**ထီထိုးရန်။** ။ (က) ၆-၉၊ (ဈ) ၆-၄၊ (စ) ၆-၉။

**ယတြာ။** ။ အိမ်ဘုရားတွင်စတုမဓုနှစ်ပုလင်း၊ရေသက်စေ့ကပ်လှူပေးပါ

စမ်းလိုသူအား၍ ပန်းလိုမွှေးပါစေ

သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ် ဗေဒင်၊ လက္ခဏာပညာရှင်

www.burmeseclassic.com